
မင်းစာပေ

လုံးချင်းဝတ္ထုသစ်

# ပြဿနာ

## အနက်ရောင်မိုးရေ



ပန်းချီ သိန်းရွှေကြည်

စာမူခွင့်ပြုချက်အမှတ် ၇၁၂/ ၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက် ၇၉၆/၂၀၀၃ (၇)

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ ၅၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ပုလဲမြို့ ၃၊ ရွှေနံ့သာကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်။

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

ကွန်ပျူတာ
**Dream City**

## မြသန္တာ

# "အနက်ရောင်မိုးရေ"

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်
သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံမျ
အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတ
အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသာ
ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား
လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## အနက်ရောင်မိုးရေ..

အိမ်ထောင်ရေးတွင် သံသယစိတ်တစ်ခုကြောင့် ဖခင်တစ်ယောက်၏ လွဲမှားသော ချစ်ခြင်းမေတ္တာတရားကို သရုပ်ဖော်ပြထားသည့် "အစိမ်းရောင်မိုးရေ" ဟူသော လုံးချင်းစာအုပ်ကို (၄၇) အုပ်မြောက်တွင် ရေးသားခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မိခင်တစ်ဦး၏ မွန်းကျပ်သောဘဝအတွက် လွတ်မြောက်လို၍ အသုံးချခံရသော သမီးတစ်ယောက်၏ ခံစားချက်ကို "အနက်ရောင်မိုးရေ" ဟု ရေးသားခံစားလိုက်ပါသည်။

မိခင်၏ မေတ္တာတရားကို စော်ကားခြင်းမဟုတ်ရပါကြောင်း သစ္စာဆိုပါသည်။

သို့ရာတွင် တစ်ခါတစ်ရံတွင် ဖြစ်လေ့ရှိသော တကယ့်ဖြစ်ရပ်နှစ်ခုအား ဇာတ်လမ်းဖွဲ့ကာ တင်ပြရခြင်းသာဖြစ်ပါသည်။

အနန္တငါးပါးအား အစဉ်အမြဲ ဦးထိပ်ထားလျက်. . .

မြသန္တာ

## အခန်း (၁)

အလွန်လျင်မြန်သော ခြေလှမ်းများဖြင့် အပြေးတစ်ပိုင်း လျှောက်လာလိုက်သည်၊ ရင်တုန်မောဟိုက်လွန်း၍ ပါးစပ်ဟ၍ပင် အသက်ရှူနေရ၏၊

မလုံမလဲနှင့်နောက်သို့ လှည့်ကြည့်လှည့်ကြည့်ဖြင့် အိမ်ဘက်ဆီသို့ အပြေးအလွှားလာလိုက်သည်၊

"ဟဲ့. . သမီးရယ်၊ ဘာလို့ပြေးလာရတာလဲ၊ လဲပြိုနေပါဦးမယ်ကွယ်"

အိမ်တံခါးဝမှ လည်ပင်းရှည်နေသော မေမေကြည်က လှမ်းအော်လိုက်သဖြင့် အားကိုးတွေ့ကာ ခြံတံခါးကိုဖွင့်၍ မေမေကြည့်ရင်ခွင်ထဲသို့ ပြေးဝင်လိုက်၏၊

"ဟဲ့. . ဟဲ့ ဘာဖြစ်တာလဲ. . ပိုင်လေးရော"

အထိတ်တလန့်နှင့်မေးလိုက်သောအသံကြောင့် မမကြီးက စက်ချုပ်နေရာမှ ကပျာကယာပြေးထွက်လာပြီး. .

"ညလေး. . ညလေးဘာဖြစ်လာတာလဲ. . အို မောနေလိုက်တာ. . တက်. . တက် အပေါ်တက်ပါဦး"





"ဟဲ့. . ကလေးမောလာတယ်၊ ရေတစ်ခွက်ပေးစမ်းမြန်မြန်"

မမကြီးစံပယ်က ရေမခပ်မီတွင် လမ်းမဘက်သို့ မျှော်ကြည့်လိုက်သေး၏။

ကားတစ်စီး ဖြည်းဖြည်းသွားရုံ ကားထဲမှလူရွယ်က ရုတ်ရှတ်သဲသဲဖြစ်နေသော သူတို့မိသားစုကို လှည့်ကြည့်သွားရုံသာ တွေ့လိုက်ရသည်။

ဇလပ်ထိတ်လန့်စေမည့် အန္တရာယ်မျိုး မတွေ့မိလိုက်ပေ။

"သမီးရယ်. . ဘာလို့ပြေးလာရတာလဲ. . ကဲ စိတ်အေးအေးထားနော်. . အိမ်ရောက်နေပြီ. . ဘာမှမကြောက်နဲ့. . "

"ရော့. . ရော့. . ရေသောက်ဦး"

ရေခွက်ပေးပြီး မေကြီးက ရေတိုက်နေစဉ် မမကြီးက သက်သာရှင်းစေရန် လမ်းမဘက်သို့ ကဲကြည့်လိုက်သေးသည်။

ယုန်လေးတစ်ကောင်လို နူးညံ့အပြစ်ကင်းပြီး ကြောက်တတ်သော ကောင်မလေးတစ်ယောက် ဘာတွေများ ထိတ်လန့်လာရတာလဲ။

သူ့အနားမှာ အစဉ်အမြဲကပ်ပါလျက်ရှိသော ကိုယ်ရံတော်ကောင်ကလေးပိုင် ဘယ်နားကျန်ရစ်သွားတာလဲ။

"စံပယ်. . ကလေးက သိပ်မောနေတာ၊ ဘာကြောင်ကြည့်နေတာလဲ. . သံပရာရည်နဲ့သွေးဆေးနဲ့ မြန်မြန်ဖျော်စမ်း. . "

"ဟုတ်"

ခုမှပင် သတိဝင်လာပြီး မီးဖိုထဲသို့ လျင်မြန်စွာ ပြေးဝင်သွားလိုက်သည်။

"တဲ့. . သမီးလေး မေကြည်နှားကိုရောက်နေပြီပဲ. . ဘာမှ အန္တရာယ်မရှိတော့ဘူးနော်. . စိတ်အေးအေးထား"

ကျောလေးပွတ်ကာ ပြောလိုက်မှ မေမေကြည့်ရင်ခွင်ထဲမှနေ လမ်းမ ာက်သို့ မဝံ့မရဲလေး ချောင်းကြည့်လိုက်သည်။

ဘာမှမတွေ့ရမှ မောဟိုက်ပင်ပန်းစွာ သက်ပြင်းရှည်ကြီးချမိလိုက်တော့သည်။

"ကေန္တ လမ်းမှာ အတောင်ရှည်တွေ့ခဲ့လို့လား"

ရုတ်တရက် စကားမပြောနိုင်သေးသော သမီးထွေးအား အကြောက်ပြေစေရန် ကျောလေးပွတ်ပေး၍ ထင်မြင်ချက်ပေးပြီး နှစ်သိမ့်လိုက်၏။

မြွေကြောက်တတ်သော သမီးငယ်က မြွေတွေ့လျှင် ငယ်သံပါအောင်အော်သည်အထိ ကြောက်လန့်တတ်သောကြောင့် မေးလိုက်ခြင်းပင်ဖြစ်သည်။

"ဟင့်အင်း"

"တဲ့. . ဒါဖြင့်ဘာလဲ. . ပိုင်လေးလဲ ဘယ်မှာကျန်ရစ်တာလဲ. . နောက်တစ်ခါဆို ပိုင်လေးမပါဘဲ မလာခဲ့နဲ့ သမီးရယ်. . တစ်ခါ ပိုင်လေးမပါရင် တစ်ခါပြဿနာဖြစ်ပြီ. : မေမေကြည်ရင်ထိတ်လိုက်တာ သမီးရယ်"





"သူ မအားဘူး"

မောဟိုက်နေ၍ ပြတ်တောက်တောက်ဖြေလိုက်သဖြင့် မေမေကြည်က ခုမှ သတိရသွားဟန်ဖြင့် သမီးငယ်အား ဖေးမကာ အိမ်ပေါ်သို့ တွဲခေါ်လာပြီး ဆက်တီခုံမှာ ထိုင်စေကာ ပန်ကာလေလေးကို ဖွင့်လိုက်၏။

ဘာမျှမမေးသေးဘဲ မောဟိုက်နေသည့် ဇလပ်ဖြူ၏ ရင်စို့ကို လက်နှင့်အသာဖိထောက်ထားရင်းက. .

"ဘာမှ ကြောက်စရာမရှိပါဘူး သမီးရယ်. . စိတ်ကို အေးအေးပဲထားနော် သမီး"

"အိမ်ထဲရောက်လာပြီပဲ ညလေးရယ်. . အားလုံး လုံခြုံစိတ်ချသွားပြီမဟုတ်လား. . စိတ်အေးလက်အေးနေတော့ နောက်မှ ဖြည်းဖြည်းပြောနော်"

မမကြီး စံစပယ်က သွေးဆေးနှင့် ဖျော်လာသော သံပရာရည်ခွက်ကို ယူလာကာ အနားမှာ လာထိုင်ရင်းက နှစ်သိမ့်လိုက်ပြန်၏။

အေးမြသောအိမ်၏ အရိပ်နှင့် ဂရုစိုက်၍ ကြင်နာတတ်သော မိသားစုကြောင့် ဇလပ်ဖြူသည် မောဟိုက်ပင်ပန်းမှုများ တဖြည်းဖြည်း လွင့်ပျောက်သွားပြီး သံပရာရည်ကို တစ်ငုံချင်းသောက်ချလိုက်လေသည်။

အသားအရေမှာ ညိုမလို ဖြူမလိုနှင့် ညက်ညက်ကလေး နူးညံ့၍ ပါးပေါ်တွင် သွေးကြောစိမ်းလေးတို့ ယှက်သန်းနေသလို ရေ

သောက်လိုက်သည့်အခါတွင် အကြောစိမ်းလေးများ လှုပ်ရှားသွားသည့် လည်တိုင်ကြော့ကြော့လေးကို မကြီးစံပယ်ငေးကြည့်မိသည်။

"ရေကြည်သောက်လျှင်××××မြင်ရမလောက်ပင်"

ဟူသော ရွှေမင်းဂံသီချင်းလေးမှ ကိုအံ့ကြီးအသံကိုကြားယောင်မိသည်။

အမှန်တကယ်ပင် ဇလပ်ဖြူ၏ လည်တိုင်ကြော့နှင့် အသားအရေလေးမှာ ကြည်လင်လင်လေးဖြစ်ပြီး ပါးလွှာသော အရေပြားအောက်မှ အကြောစိမ်းလေးများ၏ လှုပ်ရှားပုံကိုပင် မြင်နေရသည်။

"မေမေကြည်. . မေမေကြည်. . ဇလပ်ပြန်ရောက်ပြီလား"

ခြံဝမှ လှမ်းမေးသော ပိုင်ဦးမောင်အသံကြောင့် မမကြီးကလက်လေးအသာကာပြကာ ကပျာကယာအိမ်တံခါးဝသို့ ပြေးထွက်၍. .

"မရောက်သေးပါလား"

"ဟင်. . ကျွန်တော့်ကို စိတ်ကောက်ပြီး ထွက်သွားတာ ကျွန်တော်က ငွေတွေမသိမ်းရသေးလို့ ခဏနေဦးလို့ ပြောတာ မ. . ရ. . ဟင် မမကြီး ညာပြန်ပြီ. ၊ ဟိုမှာ ဖိနပ်တွေ့တယ်"

စကားပြောရင်းရှာ သူ့မျက်လုံးများက ဖိနပ်ချွတ်ကိုရောက်သွားပြီး မျက်နှာလေးဝင်းထိန်သွားကာ အိမ်ပေါ်သို့ ပြေးတက်လာ၏။

"ဒီကောင်လေးဟာ ညလေးနဲ့ ပတ်သက်ပြီး အသေးစိတ်မှတ်မိနေတာပဲ. . ဘယ်တော့မှ ညာလို့မရပါလား"





စံပယ်၏စိတ်ထဲမှာ မှတ်ချက်ချလိုက်ပြီး စောစောက ဇလပ်ကပျာအယာချွတ်ထားသော ဖိနပ်ကလေးကို ကောက်ယူ၍ စင်ပေါ်တင်လိုက်၏။

ကြိုးနက်၊ ကြိုးနီ၊ ကြိုးအညို ကတ္တီပါဖိနပ်လေးများကိုသာ ပါးပါးလျလျစီးတတ်သော ဇလပ်၏ ဖိနပ်အရောင်နှင့် ဒီနေ့ဘာစီးသွားသည်ကအစ မှတ်ထားတတ်သော ပိုင်ဦးမောင်ကို မချီးကျူးဘဲ မနေနိုင်။

"တကယ့်ကို ကိုယ်ရံတော်ပီသတာပဲ"

"ကဲ. . ငါ မပါတာနဲ့ အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ ဖြစ်ရပြီမဟုတ်လား"

"ပိုင်က ကြာတာကိုး. . သူများက ထမင်းဆာလားတာကိုး"

"ဟဲ့. . ငယ်လေးထမင်းဆာတယ်တဲ့ မကြီးစံရေ. . နောက်မှ စကားပြောကြတော့လေ. . ငယ်လေးတို့ကို ထမင်းကျွေးလိုက်ဦး. . ကလေးနှစ်ယောက်စလုံးမောလာတယ်တဲ့"

မေမေကြည် ပျာယာခတ်သွား၏။ မေမေကြည့်အသံမဆုံးမီတွင် စံပယ်က ထမင်းစားခန်းထဲရောက်သွားပြီး အုပ်ဆောင်းကို ဖွင့်လိုက်၏။

"ဘာဝိုင်းလုပ်ပေးရဦးမလဲ မကြီးစံ"

"ရတယ်. . ဟင်းချိုပူလေးနွေးလိုက်ရုံပဲ၊ ဂက်(စ်)ဖွင့်ပြီး နွှေးလိုက်မယ်လေ. . ရပြီ. . ရပြီ"

မကြီးစံစပယ်၏လက်ချုပ်အကူကောင်မလေးက ပေါ့ပါးစွာ ထလာပြီး မေးလိုက်သည်ကို မကြီးက လက်မခံပေ။

အလုပ်သမားကို အိမ်အလုပ်များနှင့် မရောဘဲ စက်ချုပ်သတ်သတ် လက်ချုပ်သတ်သတ်ထားကာ သူ့တာဝန်နှင့်သူ ခွဲဝေ၍ အလုပ်လုပ်စေ၏။

အိမ်အလုပ်ကိုမူ မေမေကြည်နှင့်အတူ ဝိုင်းကူ၍ ကိုယ်တိုင် လုပ်ပေးသည်။

မကြီးစံ၏ ဝဖိုင့်လာသော ကိုယ်လုံးနှင့် မလိုက်ဖက်အောင်ပင် သွက်လက်လျင်မြန်လှ၏။

"နောက်တစ်ခါ ပိုင်မပါဘဲ လမ်းမသွားတော့ဘူး. . ကြောက်လိုက်တာ အသက်တောင် ဘယ်နားက ထွက်ရမှန်းမသိဘူး"

"နင့်ဖင်ကထွက်. . အသက်ထွက်တာကို နင်က သိလို့လား"

"အဲဒါကြောင့် နင့်ကို ငါ အမြင်ကတ်တာ. . သူ့အားကိုးနဲ့ လိုက်နေတဲ့သူကို အမြဲအနိုင်ကျင့်နေတာပဲ"

ပြောပြောဆိုဆိုနှင့် အလွန်စနောက်တတ်သော ပိုင်ဦးမောင်နှင့် အထိမခံနိုင်အောင် နူးညံ့သော ဇလပ်ဖြူတို့ ထရန်ဖြစ်ကြသည်။

ဇလပ်ဖြူက ငိုသံပါပါနှင့်. .

"ကဲ ကလေးနှစ်ယောက်၊ ထကိုက်ကြပြန်ပြီ. . လာကြ. . ထမင်းလာစား. . "

မကြီးစံစပယ်က ဖျန်ဖြေသလိုဝင်ပြောလိုက်သည်ကို ဇလပ်ဖြူက နှုတ်ခမ်းစူ၍. .





"ည မစားသေးဘူး"

"ဟာ. . မလုပ်ပါနဲ့ ညလေးရယ်. . ပိုင်က အလကားစတာပါ. . ညလေးမစားရင် ပိုင်လဲ ဘယ်လိုလုပ်စားလို့ဝင်မှာလဲ. . လာလာ. . ညလေးနဲ့စားမှ ပိုင်လဲ ထမင်းစားလို့မြိန်တာဗျ. . "

ချက်ချင်းပင် ပြုံးဖြီးဖြီးလုပ်၍ အောက်ကျို့သောအသံနှင့် ချော့လိုက်၏။

မေမေကြည်နှင့် စံစပယ်တို့က လူငယ်နှစ်ယောက်၏ မြင်နေကျအတိုင်း စိတ်ကောက်သံ ချော့သံတို့ကို ဥပေက္ခာပြုလိုက်၏။

"မမြိန်လဲ ကောင်းတာပေါ့. . ဆန်ကုန်သက်သာတယ်. . နို့မဟုတ်ရင် အများကြီးစားနေမှာ"

"ညလေးရယ်. . ပိုင်လေးကို အဲဒီလိုမပြောရဘူး. . လာ ကလေးနှစ်ယောက်စလုံးလာ. . ညလေးကို မမကြီးနယ်ကျွေးမယ်. . "

မကြီးစံပယ်မှာ ပိုင်ဦးမောင်ကို အားနာလာ၍ ညီမအား ချော့ခေါ် လိုက်၏။

နှစ်ခါမချော့လိုက်ရပေ။ သူတို့နှစ်ဦး ချက်ချင်းတည့်သွားပြီး ထမင်းထစားကြ၏။

အနှစ်နှင့် ထမင်းကို နယ်ဖတ်ပေးပြီး ငါးမြွေထိုး ငါးအရိုးကို ထွင်ပေးနေသော စံစပယ်က ပိုင်ဦးမောင်ကိုပင် အရိုးထွင်ပေးလိုက်၏။

"ကျွန်တော့်မှာ ဒီလိုအစ်မမျိုးရှိတာ သိပ်တံကောင်းတာပဲနော်"

တစ်ကောင်ကြွက်သမား ပိုင်ဦးမောင်က ကြည်ကြည်နူးနူးလေးပြောလိုက်သောအခါ ဇလပ်ဖြူက မျက်စောင်းထိုးကာ. .

"အံ့မယ်. . သူ့အစ်မလဲမဟုတ်ဘဲနဲ့၊ သူများအစ်မကိုများ"

"ဩော်. . လပ်အစ်မက ပိုင့်အစ်မပေါ့နော်. . မကြီးစံဒါကြောင့် မကြီးစံက ပိုင့်ကိုလဲ ချစ်လို့ အရိုးထွင်ပေးတာပေါ့. . နော် မကြီးစံ"

"အံ့မယ်. . မဆိုင်ဘူး. . မဆိုင်ဘူး. . ညလေးသူငယ်ချင်းမို့ မကြီးက ဂရုစိုက်တာပါ. . နော်မကြီးစံ သူ့အစ်မလဲဟုတ်ဘဲနဲ့. . "

ငယ်စဉ်ကတည်းက အချစ်မှာ ဝန်တိုတတ်သော ဇလပ်ဖြူက ဆတ်ဆတ်ထိမခံတော့ဘဲ ပိုင်ဦးမောင်ကို ရန်ထောင်လိုက်၏။

ကတ်သီးကတ်သတ်နှင့် သူတစ်ပါးမခံချင်အောင် စတတ်သော ပိုင်ဦးမောင်ကလည်း မလျှော့၊

"တော်. . လပ်နဲ့ပိုင်က မောင်နှမဆို"

"မဟုတ်ဘူး. . ဒါ သူများအစ်မတွေ"

"ကဲပါ ညလေးရယ်. . ငြင်းခုန်နေကြတာနဲ့ ထမင်းစားလို့မဝင်တော့ဘူး. . မကြီးက ပိုင့်ကိုလဲ ဂရုစိုက်ရမှာပဲ. . နောက်တစ်ခါဆို ပိုင်မပါဘဲနဲ့ ညလေးတစ်ယောက်တည်း မလာရဘူးနော်၊ ကဲ စား. . စား"

မကြီးစံစပယ်က ထမင်းမစားဘဲ စကားများနေသော ညီမငယ်၏ပါးစပ်ထဲသို့ ထမင်းတစ်လုတ်ခွံ့လိုက်ကာ ဝင်၍ ဖျန်ဖြေလိုက်မှပင် ဇလပ်ဖြူမျက်လုံးလေးပြူးသွားပြီး. .





"အင်း. . အဲဒီလူကြီးကို တစ်ခါမှလဲ မမြင်ဖူးဘူး. . ကြောက်ရောကောင်းလိုက်တာ. . ညလေးကို မျက်လုံးပြူးပြီး လိုက်ကြည့်နေတာ. . "

"ဘယ်သူလဲကွ"

"ထမင်းစားပြီးမှပြောကွယ်. . ရော့ အရွက်ပါစားလိုက် ညလေး. . ထမင်းစားရင်း စကားပြောတာ နင်သွားမှာပေါ့ကွယ်"

ထမင်းလုတ်နှင့် စကားပြောသည်ကို မကြီးစံက မကြိုက်၍ ဟန့်တားလိုက်သော်လည်း ပိုင်ဦးမောင်ကမူ မကျေမနပ်နှင့် ရန်လိုစွာမေးလိုက်၏။

မကြီးစံက ငါးမြွေထိုးဟင်းနှင့် ဘူးသီးပြုတ်တို့စရာ. . ဟင်းနုနွယ်ရွက်ကြော်တို့ကို ညီမငယ်ဇလပ်ဖြူစားမြိန်စေရန်အတွက် နယ်ဖတ်ကျွေးသည်မှာ ထမင်းမစားတတ်သော ကလေးငယ်တစ်ယောက်ကို ကျွေးသလိုပင်ကျွေးနေ၏။

"စောစောကတည်းက ခွံ့ကျွေးမယ်လို့ပြောရောပေါ့. . လက်မပေတော့ဘူးလေ"

"ကဲ. . အခုလဲ လက်သွားဆေးပြီး သုတ်လိုက်ပါကွယ်. . ဘာမှ မပင်ပန်းပါဘူး. . ရော့. . ရော့ တစ်လုတ်စားပြီး လက်သွားဆေး"

"အင်း"

ဇလပ်ဖြူက ကျေနပ်ဝမ်းသာစွာဖြင့် ထမင်းတစ်လုတ်စားပြီး လက်ဆေးရန်ထသွားသည်။

"ဘယ်ကကောင်လဲ"

"ငါလဲ မသိဘူးလေဟာ. . နောက်မှမေးပါ. . ညလေးပြောပြ
မှာပေါ့"

"ပိုင်တစ်ခါမပါတာ တစ်ခါပြဿနာဖြစ်ရတယ်လို့ကွာ"

ပိုင်ဦးမောင်က မကျေမနပ်နှင့် ရေရွတ်လိုက်သောအခါ မကြီး
စံက ထမင်းစားမှာသာ စားပါဟု လက်ဟန်ခြေဟန်ပြ၍ ဟန့်တား
လိုက်၏။

ငယ်စဉ်ကတည်းက မျက်စိရှေ့တွင် အရွယ်ရောက်လာသော
ပိုင်ဦးမောင်သည်လည်း မကြီးစံစပယ်၏ မောင်လေးအရင်းလိုပင်
အလွန်တွယ်တာမိသည်။

ပိုင်ဦးမောင်ကလည်း သူတို့မိသားစုအား မိဘမောင်နှမအ
ရင်းကဲ့သို့ ဆက်ဆံကာ ချစ်ခင်တွယ်တာလျက်ရှိသည်။

လက်ချောင်းနုနုလေးများကို လက်သုတ်ပဝါနှင့် သေသေချာ
ချာသုတ်ပြီး အနားရောက်လာသော ဇလပ်ဖြူအား ပိုင်ဦးမောင်လှမ်း
ကြည့်မိ၏။ ပီဘိကလေးစိတ်ကလေးပဲ. .

သို့ရာတွင် လှပသော မျက်လုံးရွဲကြီးနှင့် မျက်ခုံးကောင်း
ကောင်း၊ နှာတံချွန်ချွန်. . ပိပြားသော နှုတ်ခမ်းပါးလေးများက ပွင့်အာ
ခါစ နှင်းဆီငုံလေးလို နုပျိုသော အပျိုဖော်ဝင်စအရွယ်ကို ဖုံးဖိ၍
မရနိုင်။

ဩော်. . ပျားပိတုန်းတွေ ဝဲပျံကြတော့မှာပေါ့. .





သက်ပြင်းရှည်ကြီး ခိုးချလိုက်မိသည်။

အာသာဝတီနွယ်နီနတ်ပန်းကို စောင့်ရသော ယက္ခဘီလူးအဖို့
နွယ်နီနတ်ပန်း၏ အလှကို ငေးမော၍ ကြည့်ရုံသက်သက်ပေပဲလား။

"ပိုင်. . စားလေ ဘာငိုင်နေတာလဲ"

သို့ရာတွင် ဇလပ်၏အရိပ်သည်လည်း ပိုင်ပါပဲ။

"စားပါတယ်"

"ခါတိုင်းလို အားပါးတရမရှိဘူးနော်. . မကြီးစံ"

"အေးလေ. . စား. . စား ပိုင်ကြိုက်တယ်မဟုတ်လား. .
အရိုးထွင်ပြီးသားကို ယူစားဦးလေ. . ဒီမှာ မကြီး ပန်းကန်ဘေးပုံထား
တာ အရိုးသိပ်မပါပါဘူး. . မောင်လေးက အရိုးကြောက်တတ်လို့ပါ"

မောင်လေးအရင်းကဲ့သို့ အကြင်နာလေသံလေးဖြင့် ဂရုစိုက်
ရှာသည်။

ဇလပ်ဖြူက ဘူးသီးပြုတ်လေးကိုကိုက်ရင်း လှပသော မျက်
လုံးလေးဝေ့လျက်. .

"သူ့မှာ ငိုင်စရာ တွေးစရာရှိပြီလေ"

"ဘာလဲ. . ဘာရှိလို့လဲ"

"အံမယ်. . ကောင်မလေးတွေက ကျူရှင်လခပေးတာ ရိုးရိုး
မပေးဘူး. . လက်ကိုဆွဲပြီးပေးတယ်. . ပြီးတော့ ညလေးကိုလဲ
ယောက်မလို့ခေါ်တယ်သိလား"

"ဩော်. . ဒါ့ကြောင့်ကိုး"

ပိုင်ဦးမောင်ရင်ထဲမှာ ဇလပ်ဖြူဝန်တိုမှုအတွက် ပီတိဖြစ်သွားပြီး ရွှန်းလက်သော မျက်လုံးနှင့် လှမ်းကြည့်လိုက်၏။

"မကြီးစံရေ၊ အကျီရွေးမလို့တဲ့"

"ဩော် လာပြီ. . လာပြီ၊ မေကြည်ကဲ. . မကြီးနယ်ပြီးပြီနော် ငွှန်းနဲ့စား. . အရိုးထွင်ပြီးသားလေးတွေရှိတယ်. . ထမင်းကို ကုန်အောင်စား. . စကားမများနဲ့"

ကပျာကယာမှာပြီး ထသွား၏။

"လုပ်ပြီ"

ဇလပ်ဖြူက မကျေမနပ်နှင့် ရေရွှတ်လိုက်စဉ် ပိုင်ဦးမောင်ကအ[illegible]ားကပ်ကာ. .

"ငါ ခွံ့ပေးမယ်လေ"

"အံမယ်. . မခွံ့နဲ့၊ နင့်လက်က မသန့်ဘူး"

"ဘာလို့မသန့်ရမှာလဲ. . ခုနက ဆပ်ပြာနဲ့ သေသေချာချာ ဆေးထားပြီးပြီ"

"ဟင့်အင်း. . ကောင်မလေးတွေကိုင်ထားတယ်"

"ဆပ်ပြာနဲ့ ဆေးပြီးပါပြီဆို"

"နင် သိပ်သဘောကျနေတာပဲနော်၊ သွားကြီးကို ဖြီးနေတာပဲ"

"မဲ့ပြလို့ရမလား. . တော်ကြာ ကျူရှင်မတက်တော့ရင် လခ န[illegible]ွားမှာပေါ့"

ပြုံးစိစိနှင့် ပြန်စလိုက်သည်။





ဒီကောင်မလေးရင်ထဲမှာ ပြောင်းလဲမှုကို ပိုင်ဦးမောင်မထုံရဲဘူဖြင့် လိုက်နိုက်ကြည့်နေ၏။

"ရော့ပါဟာ. . ငါ မုန့်ခွံ့ပေးတာကို နင်စားနေကျပါ"

"အလုတ်ကြီးကြီး မခွံ့နဲ့. . ငါ မစားတတ်ပါဘူး"

"အေးပါ. . ပြီတ္တာပါးစပ်လေးက"

"လုပ်ပြီ"

"ဟော. . ဟော. . တောင်းပန်ပါတယ်ဟ. . ပြီတ္တာပါးစပ်က ထမင်းတစ်စေ့ကို နှစ်ရက်လောက်စားရတာဟဲ့"

"နင့်ကို ဘယ်သူပြောလဲ"

"စာအုပ်ထဲမှာလေ၊ ဖတ်ဖူးတာ. . ရော့ စား"

ပါးစပ်ကို ဟပေးရင်း မျက်ဲတောင်လေးမှာ ဖျတ်ခနဲပြုတ်ကျလျက် ပါးပြင်မှာ နီစွေးစွေးသွေးရောင်လွှမ်းလာလေတော့သည်။

"ကောင်မလေး. . ရှက်တတ်လာပြီ"

✤✤

တဖြည်းဖြည်းချင်း ဘီးလှိမ့်ကာ ဘေးမှ ကပ်လိုက်လာသောကြောင့် ပိုင်ဦးမောင်ခြေလှမ်းတန့်သွား၏။

"ညီလေး. . ဒီရွှေယင်းမာလမ်းထဲကို ကားဝင်လို့ရသလား"

"ဝင်ချင်ရင်ဝင်လေ. . ရေကတော့ တစ်ထွာလောက်ပဲ ရှိ
တယ်"

"ညီလေးတို့ရော ဝင်မလို့လား"

"ဟုတ်ကဲ့"

"ဒါဆို. . အစ်ကို့ကားနဲ့လိုက်ခဲ့ပါလား. . တစ်ခါတည်းခေါ်
သွားမယ်. . ရေမစိုအောင်ပေါ့"

"အာ. . ရ. . ရပါတယ်ဗျာ"

ပိုင်ဦးမောင်က ငြင်းလိုက်ပြီး ဇလပ်ဖြူကိုလှည့်ကြည့်သော
အခါ ဇလပ်ဖြူက ထီးလေးကွယ်ကာ သူ့နောက်မှာပုနေပြီး ကျောက်
ကုတ်နေ၏။

"လာပါ. . မိုးသိပ်ရွာနေရင် အအေးမိနေဦးမယ်၊ ညီမလေး
ရော. . "

"ရ. . ရပါတယ်ဗျာ. . ကျွန်တော်တို့က ဟိုဘက်လမ်းကလှည့်
လာလို့ရပါတယ်. . အိမ်အပြန်မှာ တမင်ရေဆော့ချင်လို့ပါ၊ သွားပါ
အစ်ကို. . ဒီလမ်းက ရေစီးနေပေမဲ့ ရွံ့စရာမရှိပါဘူး. . သဲချည်းပါပဲ
ကားမနစ်ပါဘူး"

"ကျေးဇူးပဲညီ. . သွားမယ်နော်"

နှုတ်ဆက်ပြီး တဖြည်းဖြည်းချင်း မောင်းထွက်သွားသော ကား
ကို မဝံ့မရဲကြည့်၍ ဇလပ်ဖြူနှုတ်ခမ်းစူမိ၏။





"အဲဒါ ငါ့နောက်ကိုလိုက်လာတဲ့လူပေါ့"

"ဟုတ်လား. . စောစောကပြောရောပေါ့. . ငါ ဆွဲထိုးမှာပေါ့"

"နင့်ကျောကိုကုတ်နေတာတောင် လျှာရှည်နေသေးတယ်"

"ဩော်. . ဒါလေးများကွာ. . ဒီလိုပဲ လိုက်လျောညီထွေပြော
ရတာပေါ့"

"ပြော. . ပြော. . သွားလိုက်ပြီးပြော"

"ဟဲ့. . ဟဲ့. . "

စကားပြောရင်း စိတ်တိုလာသဖြင့် သူ့ကို တွန်းလွှတ်လိုက်ရာ
အရှိန်နှင့်ရေထဲမှာ တဗွမ်းဗွမ်းနှင့် အပြေးတစ်ပိုင်းလဲကျမည်ကို ထိန်း
လိုက်ရင်း. .

"ဟာ. . ရေစိုကုန်ပါ့မယ်"

"အိမ်ရောက်ရင် ရေချိုးမှာပဲ. . စိုစိုပေါ့"

ပြောပြောဆိုဆိုနှင့် တဗွမ်းဗွမ်းလုပ်ကာ သူ့အနားသို့ပြေးလာ
လေသည်။

မိုးတဖွဲဖွဲမှာ နှစ်ယောက်လုံး ပျော်ရွှင်စွာဖြင့် ရေဆော့၍ ပြန်
လာကြသည်။

သူတို့ငယ်စဉ်ကတည်းက မိုးတွင်းဆိုလျှင် ရွှေယင်းမာလမ်းတ
စမ်းချောင်းလေးကို ရေစိုစိုဖြတ်ပြီး မိုးရွာလျှင် ရေစီးတတ်သည်။

ငယ်စဉ်ကတည်းက သူတို့ကလေးများ ဆော့တစားနေကျဖြစ်
၏။

"ဒီလမ်းကို မိုးကုန်ရင် ကတ္တရာခင်းတော့မှာဆိုတော့ နှမြေ
စရာကြီးနော်"

"အင်း . . ရေမဆော့ရတော့ဘူးပေါ့"

"လမ်းခင်းတာ သဘောမတူဘူး . . ငွေမထည့်ရင် သူတို့မခင်
နိုင်တော့ဘူးပေါ့ . . နင့်အဖေကို မထည့်ခိုင်းနဲ့ . . ငါလဲ မေကြည့်ကို
မထည့်ခိုင်းဘူး . . တခြားအိမ်တွေကိုလဲ မထည့်နဲ့လို့ လိုက်ပြောမယ်"

"အရူးမ"

သေသေချာချာထီးကိုတည့်မတ်ပေးလိုက်ရင်း ချစ်စနိုးစလိုက်
၏။

"ဟင် . . ငါ့ကို အရူးမလို့ပြောပြန်ပြီ သွား"

ဇလပ်က သူမ၏ ခေါက်ထီးကို ရေထဲပစ်ချလိုက်ရာ ထီးမှာ
ပွင့်လျက်အနေအထားနှင့် ပက်လက်ကလေးစီးမျောသွားလေသည်။

"ဟဲ့ . . ဟဲ့ . . အာ . . ဒီကောင်မလေး"

ပိုင်ဦးမောင်က ထီးနောက်ပြေးလိုက်မည်ပြုပြီးမှ ဇလပ်ဖြူ မိုးထဲ
မှာစိုး၍ ပြန်လှည့်လာပြီး သူ့ထီးကို လှမ်းပေးကာ . .

"နင် တော်တော်ဆိုးတယ် . . ရော့ . . ရော့ ငါ့ထီးကို ယူ . .
တော်ကြာ နှာစေးနေရင် မေမေကြည့်ဆူလိမ့်မယ်"

သူ့ထီးကို လှမ်းပေးပြီး ဇလပ်ဖြူထီးနောက်သို့ ပြေးလိုက်သွား
၏။

ထီးလေးမှာ ရေစီးအတိုင်းမျော၍ အတော်ဝေးဝေးကို ရောက်





သွားသဖြင့် အပြေးအလွှားလိုက်ဆယ်နေရသည်။

ခပ်လှမ်းလှမ်းတွင် ရေထဲမှာဆော့ကစားနေကြသော ကလေး
များက တပျော်တပါးနှင့် ထီးကလေးကို ဖမ်းပေးကြသည်။

ပိုင်ဦးမောင်လက်ထဲ ထီးရောက်သွားသောအခါ ပိုင်ဦးမောင်
က ထီးကိုယူကာ ဆောင်း၍ ဇလပ်ဖြူထံသို့ ပြန်လှည့်လာနေစဉ် . .

ဇလပ်ဖြူက ရယ်မောလျက် ပိုင်ဦးမောင်၏ထီးနက်ကိုပင်
တော်လက်လှန်၍ မျှောချလိုက်လေတော့သည်။

"ပိုင်ရေ . . ဒီတစ်လက်လဲ ဆယ်လိုက်ဦး"

"ဟာ . . ဒီကောင်မလေးကတွာ . . မိုးစိုကုန်ပြီ . . ငါ မေမေ
ကြည်နဲ့ တိုင်ပြောမယ်"

"တိုင် . . တိုင် တိုင်တွေအများကြီးရှိတယ်၊ သွားတိုင် . . မေမေ
ကြည်က မဆူသေးဘူး"

"အေး . . ဖျားလို့ကျောင်းပျက်ရင် ဒီနှစ်လဲ ထိုင်နေရဦးမယ်"

ထိုစကားက ဇလပ်ဖြူ၏ နှလုံးသားကို ထိမှန်သွားဟန်ဖြင့်
ငေးငိုင်သွား၏။

မနှစ်က နေမကောင်း၍ စာမေးပွဲမဖြေနိုင်ဘဲ ကျကျန်ရစ်ခဲ့
သည်။

"အလကားပါ လပ်ရယ် . . နင်ဖျားရင် စာမကျက်နိုင်မှာစိုးလို့
ငါက ပြောတာပါ . . ခုကတည်းက စာကို များများကျက်ထားရမယ် . .
ဒါမှ စာမေးပွဲနီးတော့ စာတွေကျေပြီး မကြည့်ဘဲနေလို့ရတာပေါ့ . .

ဒီနှစ်မှာ စာမေးပွဲဖြေခါနီးကို ပြည့်ပြည့်ဝဝ အနားယူပြီး အေးအေး
ဆေးဆေးဖြေပေါ့"

အရိပ်လိုကြည့်နေသောကြောင့် မျက်နှာလေး ညှိုးကျသွား
သည်နှင့် ချက်ချင်းအားပေးလိုက်၏။

"နင်နဲ့အတူတူ ငါ စာလိုက်ကျက်ပေးမယ်နော်. . ဘာမှ မစိုး
ရိမ်နဲ့. . နင်နေကောင်းအောင်သာနေ. . နင့်ကျန်းမာရေးကို ဂရု
စိုက်. . စာအတွက်ကတော့ ငါ့တာဝန်ထားလိုက်"

ထီးလေးကိုမိုးပေးပြီး တယုတယစကားနှင့် နှစ်သိမ့်လိုက်၏။
သူ့ထီးကို မဆောင်းတော့ဘဲ ပိတ်ကာချိုင်းကြားညှပ်ပြီး ဇလပ်ဖြူကို
သာ ထီးမိုးပေးလိုက်၏။

ဇလပ်ဖြူ၏ အပျော်စိတ်များလွင့်စဉ်ပျောက်ကွယ်သွားပြီး ငေ
ငိုင်ငိုင်ဖြစ်သွားသည်ကိုကြည့်ကာ ပြောမိသည့် သူ့ပါးစပ်ကို အပြစ်
တင်ရင်း ဘယ်လိုပြန်ချော့ရမည်မသိဖြစ်နေ၏။

"လပ်"

မထူးဘဲ ခေါင်းငုံ့နေ၏။

"နင် အဲဒီလိုနေနေတာ ငါမနေတတ်ဘူး. . နင် ငါ့ကို စိတ်
ဆိုးသွားလား"

အိမ်နားရောက်ခါနီးပြီမို့ ဇလပ်ဖြူနှင့် ပိုင်ဦးမောင်တို့၏ ခြေ
လှမ်းများ တဖြည်းဖြည်းလေးလံ၍သွား၏။

"နင် အိမ်ရောက်ရင် မိုးရေမတွကုန်အောင် ခေါင်းကနေ





လောင်းချိုးလိုက်နော်. . နင် စိတ်ဆိုးသွားရင် ငါ ထမင်းလိုက်မစား
တော့ပါဘူး"

အညာကိုကိုင်လှုပ်လိုက်သောအခါမှ ဆတ်ခနဲဖြစ်သွား
ပြီး. .

"ပြန်လာနော်. . ပြန်မလာရင် အသိပဲ"

"နင်စကားပြောပြီလား"

"ငါ ထမင်းစားစောင့်နေမှာ"

"ငါ မစားချင်တော့ဘူးဟာ"

"အဲဒါဆို ငါကိုတစ်သက်လုံးမခေါ်နဲ့တော့"

ခြံဝင်းတံခါးကိုတွန်းဖွင့်ဝင်သွားသော ဇလပ်ဖြူ၏နောက်
ကျောကိုကြည့်ကာ သက်ပြင်းမောကြီးချလိုက်မိသည်။

ထို့နောက် မျက်စောင်းထိုးမှ သူ့အိမ်ဆီသို့ ပြန်လာရင်း. .

အက်စ်အီးကားအဖြူလေးပေါ်မှ လူအကြောင်းတို ဦးနှောက်
ပျက်အောင် စဉ်းစားမိလိုက်သည်။

သူ၏မျက်လုံးများက ဇလပ်ဖြူအား ရင်းနှီးကျွမ်းဝင်နေချင်
သည့်မျက်လုံး၊ ညွှန်းလက်တောက်ပလျက် တစိမ့်စိမ့်စိုက်ကြည့်နေ
သည်။

သူ ဘယ်သူလဲ. . အနီးအနားပတ်ဝန်းကျင်ကလား၊ မဖြစ်
နိုင်။ မနေ့ကလည်း ကားနဲ့လိုက်လာခဲ့တာပဲ။

ဒီနေ့လည်း ဒီနားမှာတရစ်ဝဲဝဲနဲ့. .

မောလိုက်တဲ့ ပန်းငုံလေးရယ်. .

ကိုယ်တောင် မခူးရက်လို့ အရိပ်တကြည့်ကြည့်လုပ်နေတာ. .. အခုတော့ ချူချင်သူတွေ ဝိုင်းနေပြီလား. .

❖❖

"အခုတလော ငါ့ရဲ့အောက်မျက်ခမ်းတွေ လှုပ်လှုပ်နေတာကို ငါမနေတတ်ဘူး. . အဲဒီလူက ငါ့နောက်ကို တကောက်ကောက်လိုက်နေတယ်. . နင်နဲ့လဲ ခဏခဏ စကားများတယ်ဟာ. . မကောင်းဘူး"

ပါးစပ်မှ တတွတ်တွတ်ရေရွတ်ရင်းက ခြေထောက်ကိုတဒုံးဒုံးဆောင့်ကာ. .

"ဖွ. . ဖွ. . ဖွ လွဲပါစေ ဖယ်ပါစေ. . "

"ဘာလုပ်တာလဲဟ"

"နိမိတ်ဆိုးတွေပျောက်အောင်ပေါ့ဟာ. . ပြီးတော့ မျက်ရည်မကျရအောင်လို့လေ"

"ဒါဆို နင့်ကိုငါရိုက်မယ်. . နင် ငိုလိုက်ပေါ့ဟာ"

"နင် တကယ်စိတ်ဆိုးပြီး ရိုက်မှာလား"

"အေးပေါ့"





"ငါ့မှာ ဘာအပြစ်မှမရှိဘဲ စိတ်ဆိုးဟန်ဆောင်ပြီး ရိုက်ရင်ငါကလဲ ဟန်ဆောင်ပြီး ငိုရင် ဘယ်လိုလုပ်ကြမလဲဟာ. . ငါ စိတ်ဆင်းရဲပြီး ငိုမှ. . "

"ဒါလဲ ဟုတ်သားပဲ"

ဇလပ်ဖြူ၏ အယူသည်းမှုကြောင့် ပိုင်ဦးမောင် မကြာခဏဦးနှောက်ခြောက်ရသည်။

အသားလှုပ်သည်ကို သွေးသားကြောင့်လှုပ်တာပါဟာ ဟုနှစ်သိမ့်၍ မရပေ။

"ကဲ. . နင့်ပြဿနာကိုနောက်မှ စဉ်းစားပေးမယ်သိလား. . အခုလောလောဆယ်. . ငါဒီကကျောင်းလခတွေကို ပြီးအောင်စာရင်းချုပ်လိုက်ဦးမယ်. . နင် ငြိမ်ငြိမ်နေပေးဦး. . "

ခါတိုင်းလို "ဗိုက်ဆာတယ် အိမ်ပြန်ချင်ပြီ မြန်မြန်လုပ်" ဟုပင် ဂျီမကျတော့ဘဲ သူ့စကားကို ငြိမ်သက်စွာနားထောင်ပြီး ပဲ့လိုလိုဒီလိုလိုနှင့် သူ့အနားမှ ဖယ်ခွာလိုက်၏။

ဇလပ်ဖြူက ပြတင်းပေါက်ဘက်သို့ လျှောက်သွားသဖြင့် သူရင်ထိတ်သွား၏။

သုံးရက်ဆက်လာနေသော ကားပိုင်ရှင်ကို မျှော်နေတာလား. .

သို့ရာတွင် သူထင်သလိုမဟုတ်ဘဲ ပြတင်းတံခါးကိုသာ ပိတ်လိုက်၏။

သက်ပြင်းလေး တိုးတိုးချလိုက်မိသည်။ စိတ်ဖြောင့်ဖြောင့် ဂဏန်းပေါင်းစက်ကိုနှိပ်ကာ ပေါင်းပြီး ငွေများကိုရေတွက်နေ၏။

ဇလပ်ဖြူက ပြတင်းတံခါးသုံးချပ်ကိုပိတ်ပြီး ကျောင်းခန်းကို တံမြက်စည်းလှည်းပေးနေသည်။

အံလွန်သိမ်မွေ့၍ လိမ္မာရေးခြားရှိသော မိန်းစာလေးဖြစ်၏။ ခေတ်မိန်းကလေးများနှင့်မတူဘဲ အေးအေးချမ်းချမ်းနှင့် သိမ်သိမ်မွေ့မွေ့ပင်နေတတ်သူဖြစ်သည်။

ထို့အပြင် အိမ်မှာ အလိုလိုက်ခြင်းခံရသော်လည်း ဆိုးနွဲ့၍ မနေဘဲ သူနိုင်သည့်ဝန်ကို တူညီလုပ်ကိုင်ပေးတတ်သဖြင့် အစ်မကြီးနှစ်ယောက်နှင့် မိခင်မှာ ငုံထားမတတ်ချစ်ကြသည်။

ပိုင်ဦးမောင်ကလည်း ဒီကောင်မလေးကို သိပ်ချစ်သည်။

"ဖြူဖြူလေး၊ ဖုန်တွေ နှာခေါင်းထဲဝင်ကုန်မယ်၊ မလှည်းပါနဲ့ကွာ"

"ဒီအတိုင်းထိုင်နေရမှာ ပျင်းလို့ပါ ရပါတယ်၊ အုပ်ပြီးလှည်းမှာပေါ့"

"ဒါဆို တံခါးတွေဖွင့်ပြီး လှည်းရောပေါ့"

"မိုးတွေအုံ့လာလို့ မိုးပက်မှာစိုးလို့"

"တစ်ပေါက်တော့ဖွင့်ထားလိုက်ညလေး. . ဖုန်တွေသိပ်များနေမယ်"

"ဟုတ်"

တစ်ခါတစ်ရံ သူ့စကားအား နားထောင်တတ်၏။ တံခါးပေါက်နှစ်ပေါက် ပြန်ဖွင့်လိုက်သည်။





ပြီးတော့ တံမြက်စည်းထပ်လှည်း၏။

"နေကြာစေ့အခွံတွေ၊ ဆီးထုပ်အခွံတွေချထားတာကလေးတွေ ကျနေတာပဲ. . ပွနေတာပဲ. . အမှိုက်ပုံးပေးထားတာ ဘယ်သူမှ မထည့်ကြဘူးကွာ"

ပါးစပ်က ပွစိပွစိအပြစ်တင်ကာ တံမြက်စည်းလှည်းနေ၏။

ပိုင်ဦးမောင်မပြောတော့။ ပြောရင်လည်း ရမှာမဟုတ်သဖြင့် စာရင်းသာ မြန်မြန်ပေါင်းနေသည်။ ပြီးတော့ ဇလပ်ဖြူစေချင်တာကို အမြန်ပြီးအောင် ဝိုင်းလုပ်ပေးမည်။

လေ့ကားထစ်များပေါ်တက်လာသော တိုးဖွဖွခြေလှမ်းကြားလိုက်ရ၏။

ပြတင်းပေါက်တံခါးထပ်ဖွင့်ခိုင်းလိုက်ခြင်းကို သူမှားမှန်းသိသွား၏။

"ကျူရှင်အပ်ချင်လို့ပါ"

ရုတ်တရက်စကားကြောင့် ပိုင်ဦးမောင်လန့်သွား၏။ ဇလပ်ဖြူက လှမ်းကြည့်ပြီး မျက်နှာလေးဖွေးသွားကာ ကျောခိုင်း၍ မသိဟန်ဆောင်လိုက်သည်။

"ထိုင်လေအစ်ကို"

ပိုင်ဦးမောင်ကလည်း ယိုသူကိုသိလျက်နှင့် မသိဟန်ဆောင်လိုက်၏။

မသိဘဲနေမလား. . နှစ်ရက်ရှိပြီ. . သူတို့နောက်ကို ကားနှင့်လိုက်နေသူ. .

ထိုင်ခုံမှာ ငေးသာထိုင်လိုက်သည်။ မျက်လုံးများက ဇလပ်ထံမှ မခွာ။

သိပ်တိုလွန်းလွန်းနေ၏။

"ဘယ်သူ့ကိုအပ်မှာလဲအစ်ကို"

အမေးကို မကြားဘဲ ဇလပ်ကိုသာငေးကြည့်နေသဖြင့် အသည်းယားစွာဖြင့် မျက်နှာကြီးကို လက်သီးဖြင့်ထိုးလိုက်ချင်သည်။

"အစ်ကို. . ဘယ်သူ့ကို အပ်မှာလဲ"

ထပ်မေးလိုက်မှ လှုပ်ရှားသွား၏။

"ဩော်. . အစ်ကို အစ်ကို့ညီမလေးကိုပါ"

အထစ်ထစ် အငေါ့ငေါ့နှင့် ပါးစပ်ထဲတွေ့ရာကိုပြောလိုက်ဟန်တူသည်။

ကျောင်းသားလက်ခံစာအုပ်ကိုဖွင့်ကာ မြန်မြန်စာရင်းရှင်းရန်အတွက်. .

"နာမည်ဘယ်လိုခေါ်လဲ"

"ဟင်"

"နာမည်လေ. . ကျောင်းသားအပ်မလို့ဆို၊ ဝင်ကြေးက နှစ်ထောင်. . ကျောင်းလခက တစ်ဘာသာကို တစ်ထောင်. . ဘာသာစုံယူရင် ငါးထောင်ပါ"

"ဘာသာစုံယူမယ်. . ဒါနဲ့ ညီလေးက ဒီမှာကျောင်းသားလား စာရေးလား"

မလိုအပ်သောအကြောင်းကိုမေးလိုက်၏။





"ကျောင်းသားစာရေးပေါ့"

"ဩော်. . ဟိုညီမလေးနဲ့ မောင်နှမလား"

"ဘဂ်လားမောင်နှမ"

တမင်ရွဲ့ပြောလိုက်သဖြင့် ထိုလူ့မျက်နှာအနည်းငယ်ရဲသွား၏။

"ဩော်. . အဲဒီညီမလေးက ကိုယ့်ညီမလေးနဲ့သိပ်တူတာပဲကွာ. . ဒါကြောင့် စိတ်ဝင်စားလို့ပါ. . ဒီကညီမလေးနာမည်က ဘယ်လိုခေါ်လဲ"

"နာမည်တူ လူတူမရှားပေါ့. . အစ်ကို့ညီမနာမည် ဘယ်လိုခေါ်လဲ"

"ဇလပ်ဖြူ"

"ဟင်"

ရုတ်တရက် အံ့အားသင့်သွား၏။ ပုံပြင်ဆန်ဆန်ဖန်တီးလိုက်တာပဲလား. . ဇလပ်နာမည်ဘယ်လိုလုပ်သိသွားလဲ။

နာမည်ရောလူရောတူတဲ့ညီမ. . သူ့ထံမှာ တကယ်ပဲရှိတာလား. .

မရှိနိုင်. . ဒီလောက်ကြီး မတိုက်ဆိုင်နိုင်။

"အံ့ဩသွားသလား. . အစ်ကို့မှာ ဓာတ်ပုံပါတယ်. . ညီလေးသုံးအောင်ပြမယ်နော်. . ဩော်. . အစ်ကိုငွေသွင်းလိုက်မယ်နော်"

အံ့အားသင့်၍ ကြက်သေသေသွားသော သူ့ရှေ့မှာ ငွေခုနစ်

ထောင်ချပြီး သူ့တို ပို၍ အံ့အားသင့်သွားအောင် မာတ်ပုံလေးပြလိုက်၏။

"ဒီမှာလေ၊ ညီလေး မယုံရင်ကြည့်"

သေချာစွာ ပလတ်စတစ်အကြည်လောင်းထားသော ဓာတ်ပုံကိုကြည့်ကာ သူပို၍ အံ့အားသင့်သွား၏။

"ဒါ. . လပ်ရှစ်တန်းအောင်တုန်းက ကျွန်တော်ကိုယ်တိုင်ရိုက်ပေးတဲ့ ဓာတ်ပုံပဲဗျ . . ခင်ဗျားဘယ်တရလဲ"

သူ ဒေါသထွက်သွား၍ အော်မေးလိုက်၏။ ရင်ထဲမှာ စိုးထိတ်ပူလောင်သွားသည်။

"ညီ၊ ဘယ်လိုပဲရရ. . ကိုယ့်ကို မမေးပါနဲ့. . ကိုယ့်အသက်နှစ်ဆယ့်ငါးနှစ်ရှိပါပြီ. . ကိုယ် နိုင်ငံခြားသင်္ဘောကပြန်လာတာ တစ်လကျော်ပဲရှိပါသေးတယ်. . ဇလပ်ဖြူကို မြင်မြင်ချင်းစွဲလမ်းစိတ်ဖြစ်မိပါတယ်. . သူ့လို အေးချမ်းပြီး ဖြူစင်တဲ့မိန်းကလေးကို ဒီတစ်ခါပဲမြင်ဖူးပြီး မြတ်နိုးလွန်းလို့ပါ. . ကိုယ့်ကို ကူညီပါကွာ. . "

သူက တိုးတိတ်စွာ ပြောလိုက်၏။

"ခင်ဗျား. . ခင်ဗျား ဘာတွေပြောနေတာလဲဗျ. . ဒီကောင်မလေးက ကလေးပဲရှိသေးတာ"

ဒေါသသံနှင့် ပြန်ပြောလိုက်သောအခါ သူရောကိုယ်ပါ ဇလပ်ဖြူကို လှမ်းကြည့်မိသည်။

ဇလပ်ဖြူက မျက်လုံးအဝိုင်းသားနှင့် သူတို့နှစ်ဦးအား လှမ်းကြည့်နေ၏။





ရုတ်တရက် ဘာစကားမျှမဆိုကြဘဲ ဇလပ်ကို ငေးကြည့်နေကြသည်။ ပြီးမှ သူက သက်ပြင်းချကာ. .

"ညီ. . ကိုယ်က ဒီအသက်အရွယ်အထိ ဘယ်မိန်းကလေးမှ စိတ်မဝင်စားခဲ့ဘူး. . ဇလပ်ဖြူကိုတွေ့မှ ကိုယ့်ဘဝပြီးပြည့်စုံသွားသလိုပဲ. . "

"မဖြစ်နိုင်ဘူး. . လုံးဝမဖြစ်နိုင်ဘူး"

မြတ်နိုးသောပစ္စည်းကို ဧတာင်းရမ်းခြင်းခံလိုက်ရသဖြင့် အလွန်စိတ်တိုသွားပြီး တရှူးရှူး တရှဲရှဲဖြစ်သွား၏။

ဇလပ်ဖြူက သူတို့နှစ်ဦးကိုကြည့်ကာ ထိတ်လန့်နေဟန်ဖြင့် ရှေ့ဆုံးတန်းသို့ရောက်အောင် တိုးသွားနေသည်ကိုတွေ့ရသောအခါ သတိဝင်သွားပြီး. .

"ကျေးဇူးပြုပြီး ခင်ဗျားပြန်ပါတော့ဗျာ. . သူ့မှာ မိဘရှိတယ် ခင်ဗျားသွားတွေ့ပါ. . အခုတော့ ဇလပ်က ငယ်လွန်းပါတယ်. . အသက်ဆယ့်ရှစ်နှစ်တောင်မပြည့်သေးတဲ့ ကလေးသာသာမိန်းကလေး တစ်ယောက်ကို မသမာတဲ့စိတ်နဲ့ မနှောင့်ယှက်သင့်ပါဘူး"

"သူ့အသက်က ဇူလိုင်လက ဆယ့်ရှစ်နှစ်ပြည့်သွားပြီပဲလေ"

"ဟင်"

ပို၍ အံ့အားသင့်သွားပြီး ဘာစကားမျှမပြောနိုင်ဘဲ ငေးကြောင်သွားမိသည်။

သူက အောင်သောဟန်ဖြင့် ပြုံးလိုက်ရင်း. . .

"ဆယ်တန်းကို ဒုတိယအကြိမ်ဖြေမလို့ကြိုးစားနေတယ် မဟုတ်လား. . မင်းက သူ့ရဲ့ငယ်သူငယ်ချင်းဆိုတာကိုလဲ ကိုယ် စုံစမ်း ပြီးပါပြီ"

ပိုင်ဦးမောင်ဘာပြောရမှန်းမသိ၊ တုန်လှုပ်သွားသေသည်၊

သူက လက်ဖျောက်တစ်ချက်တီး၍ ထရပ်ရင်း. .

"ညီလေးမှတ်ထားဖို့က ကိုယ့်ဘဝမှာ ကိုယ်လိုချင်တာကို ရ အောင်ယူတတ်တဲ့ဗွဲနဲ့ စိတ်ဓာတ်က သိပ်ပြင်းထန်တယ်ဆိုတာကိုပေါ့ မရရအောင် ကိုယ်ယူတတ်တယ်လေ. . သဘောပေါက်တယ်နော်. . အဲဒါကို မှတ်ထားလိုက်ပေါ့"

❖❖❖





## အခန်း (၂)

ဆီးစေ့ကလေးတစ်စေ့ကို လက်ညှိုးနှင့်လက်မထိပ်ကြားညှပ် ထားကာ ပါးစပ်နားကပ်၍ ရေရွတ်လိုက်၏။

'ဒီနှစ်စာမေးပွဲနှစ်ချင်းပေါက်အောင်ပါလျှင် ဒီဆီးစေ့လေး သည် သံဆန်ခါကွက်ကျားမှဝင်ပြီး အပြင်သို့ရောက်ပါစေသား"

အဓိဋ္ဌာန်ဆုတောင်းပြီးသုံးတောင်သာသာဝေးသော သံဆန် ခါ ကွက်ကျားသို့ ဆီးစေ့ကို အသေအချာချိန်ရွယ်၍ ပစ်လိုက်၏။

"ဒေါက်"

သေးငယ်သော သံချောင်းကိုထိမှန်၍ ကြမ်းပြင်ပေါ်သို့ကျ သွား၏။

စိတ်ဓာတ်ကျသွားသည်။

အတိတ်ကောက်နိမိတ်ကောက်တတ်သော ဇလပ်ဖြူအဖို့ ...မ်းနည်းစွာ ငေးငိုင်တွေဝေသွားတော့သည်။

ရင်ထဲမှာ ငိုချင်သလိုလိုပင်ဖြစ်လာပြီး. . မျက်ရည်များရစ်ဝဲ ...ပာလေ၏။

"ဘာလုပ်ရမှာလဲ. . ဒီနှစ်မှာမှ မအောင်တော့ရင် ငါဘာလု ရမှာလဲ. . မကြီးစံလိုပဲ စက်ချုပ်ရမှာလား. . ဟင့်အင်း. . မချုပ်ချင် ဘူး. . မမလေးနှင်းလိုပဲ တက္ကသိုလ်တက်. . ဘွဲ့ယူပြီး ကွန်ပျူတာရို ချင်တယ်. ၊. ဒီနှစ်မှမအောင်ရင်လဲသာသေလိုက်ချင်တော့တယ်"

အောက်နှုတ်ခမ်းလေးကိုဖိကိုက်ထားပြီး မျက်ရည်ရစ်ဝိုင်း သော မျက်လုံးများနှင့် သံဆန်ခါကွက်များကို ငေးကြည့်နေမိသည်

စာမေးပွဲဖြေဖို့လေးလသာလိုတော့သည်။

တစ်ရက်တစ်ရက်ကုန်သွားတိုင်း ရင်မှာ စိုးထိတ်နေရသည် စာမေးပွဲနှင့် တစ်စတစ်စနီးကပ်လာပြီပဲ။

"ဇလပ်ရေ. . ရှိ. . "

အိမ်အောက်ထပ်မှ အချက်ပေးလက်ခေါက်မှုတ်သံနှင့် ပို ခေါ်သံကြောင့် လှုပ်ရှားသွားသည်။

ပိုင်. . မနှစ်က စာမေးပွဲအောင်သွားလို့ သိပ်ကိုရွှင်လန်းတ ကြွနေတာပဲ။

အောင်မြင်သူက စကားကျယ်ကျယ်ပြောနိုင်ပြီး ကျရှုံးသူ တော့ အသံမထွက်နိုင်။ စကားကိုလည်း ကျယ်ကျယ်မပြောရဲ။

ဒါတောင် ဒီနှစ်က သိပ်မသေချာဘူး. . ပိုင်နဲ့မိမိက သူငယ် တန်းကတည်းက အတန်းတူ၊ အဆင့်က အတူတူပဲယှဉ်ပြိုင်တက်သွ ပြီး လူတော်စာရင်းတွေထဲမှာ ပါဝင်သူ။ အဆင့်တစ်ဆယ်အတွင်းမှ ရှိနေပါလျက်နှင့် စာမေးပွဲဖြေခါနီး စာကျက်ရင်း မူးလဲသွားသဖြ





ဆေးရုံမှာ နှစ်ပတ်နေရပြီးနောက် စာမေးပွဲသွားဖြေလည်း မောဟိုက် ပင်ပန်းနေ၍ မဖြေနိုင်ခဲ့ပေ။

"ဒီနှစ်လဲ"

"ညလေး. . ပိုင်ရောက်နေပြီလေ"

"ဩော်. . ဟုတ်ကဲ့"

မျက်ရည်များကို မကြီးစံမြင်မှာစိုး၍ မျက်တောင်နှင့်ပုတ်ခတ် ၍ ဖျောက်ဖျက်လိုက်သော်လည်း မကြီးစံက မြင်ဖြစ်အောင်မြင်လိုက် သည်။

မည်းနက်သော မျက်တောင်ကော့ကြီးများပေါ်တွင် မျက်ရည် စက်လေးများတင်နေ၏။

နှာသံလည်း အနည်းငယ်ပါနေသည်။

"ညလေး ဘာဖြစ်လဲ. . နေကောင်းရဲ့လား"

"ကောင်းပါတယ်မကြီးစံ. . ပိုင်ရေ ခဏနော်"

ချက်ချင်းအပြုံးကို ဖန်တီးကာ ပြတင်းပေါက်မှတစ်ဆင့် ပိုင်ဦး မောင်ကို လှမ်း၍အော်ပြောလိုက်လေသည်။

မကြီးစံစိတ်မကောင်းမှာစိုး၍ ကပျာကယာမျက်နှာကို တို့ဖတ် ချက်၍ ခေါင်းဖြီးလိုက်ရင်း. .

"မကြီးစံ ညလေးကို အင်္ကျီထုတ်ပေးနော်. . ညလေးနာရီမ ကြည့်မိလိုက်ဘူး"

"အေး. . အေး"

မကြီးချက်ချင်းပင် ဗီရိုဖွင့်၍ အကျီထုတ်ပေးရန်ရွေးလိုက်သည်။

"မကြီးနော်. . အေးမယ့်အကျီပဲလိုချင်တယ်"

"ညလေးအကျီတွေက အကုန်အေးတာပဲ. . အပြင်မှာ အေးနေသေးတယ်. . ဒီရှပ်ကွက်လက်ရှည်လေးဝတ်သွားနော်"

"ဟုတ်"

သူတစ်ပါး၏ အလိုကိုလိုက်လျောတတ်သော ဇလပ်ဖြူက မကြီးစံချုပ်ပေးသော အကျီတိုင်းကို ချေးမများဘဲ ဝတ်တတ်သည်။

ယခုလည်း မကြီးစံထုတ်ပေးသော အဝတ်ကို ချေးမများဘဲ လျင်မြန်စွာ ဝတ်လိုက်၏။

"ရော့. . ညလေးသွေးဆေးသောက်လိုက်ဦး"

မကြီးစံက အလိုက်တသိပင် စိတ်လှုပ်ရှားစရာတွေ့၍ ရင်တုန်မောဟိုက်မှာစိုး၍ သွေးဆေးနှင့်ရေတစ်ခွက်ယူပေးလိုက်၏။

"မပြီးသေးဘူးလားဗျို့. . နောက်ကျရင် အတန်းမှူးဆူမယ်နော်"

"အံမယ်. . အန်ကယ်က မဆူသေး"

ပိုင်ဦးမောင်၏ ဖခင်ဦးစီးထားသဖြင့် ပိုင်ဦးမောင်နှင့် ဇလပ်ဖြူက အတန်းမှူးကြီးဟု မကြာခဏနောက်ပြောင်၍ ကွယ်ရာမှာခေါ်ကြသည်။

ပိုင်ဦးမောင်၏ ဖခင်မှာ သမီးမရှိ၍ ငယ်စဉ်ကတည်းက ဇလပ်ကို အလွန်ချစ်သည်။





"ညလေး. . ခေါင်းဖြီးလိုက်ဦး"

ခေါင်းဖြီးလိုက်ဦးပြောပြီး မကြီးစံကိုယ်တိုင်ခေါင်းဖြီးပေးလိုက်သည်။

"မကြီးစံရယ် ညလေးဒီနှစ်စာမေးပွဲအောင်ပါ့မလားဟင်"

"ဟင်. . ဘာလို့မအောင်ရမှာလဲ. . ဒီတွေအများကြီးနဲ့အောင်မှာပေါ့. . ညလေးက စာကျေပြီးသားပဲ. . မနှစ်ကနေမကောင်းလို့ကျတာ. . ဒီနှစ်မှာ ညလေးကျန်းမာရေးလဲကောင်းနေသားပဲ. . စာမေးပွဲမြေခါနီးကို အေးအေးဆေးဆေးအနားယူပြီး ဖြေတော့ အသာလေးပဲပေါ့ ညလေးရာ"

မကြီးစံစကားများက အားအင်သစ်များကို မွေးဖွားပေးလိုက်သဖြင့် ဇလပ်ဖြူစိတ်ထဲမှာ အနည်းငယ်အေးမြသွားပြီး. .

မကြီးစံပါးပြင်ကို ရွှတ်ခနဲနမ်းလိုက်ပြီး. .

"ဟုတ်တယ်. . ညလေးအောင်မှာပါပဲနော်. . သွားပြီနော်"

လှေကားပေါ်မှ အပြေးတစ်ပိုင်းဆင်းသွား၏။

မကြီးစံက ပြတင်းပေါက်မှနေ ညီမငယ်လေးကျောင်းသွားတာကို မျက်စိတစ်ဆုံးငေးကြည့်လိုက်၏။

"ကြာလိုက်တာ. . အလှပြင်နေတာလား. . ထွက်လာတော့လဲ ဒီအတိုင်းပဲ"

"ငါက အလှမပြင်ဘဲ လှနေတာပဲလို့. . မကြီးစံက ပြောတာ. . ပြင်ဖို့မလိုပါဘူးအကျီပဲလဲတာ"

"ဟင်း. . ကိုယ့်ကိုယ်ကို သိပ်အထင်မကြီးနဲ့၊ ရွက်ကြမ်းေ ကျိုအဆင့်ပဲ"

"အေး. . နင်က အဲဒီလိုသတ်မှတ်ထားလား. . ငါက ဂရုမ စိုက်ပါဘူး. . နင့်မျက်စိထဲမှာ လှတဲ့သူတွေအများကြီးတွေ့ထားတာ ကိုး"

နွတ်ခမ်းလေးချွန်ကာ ပြောလိုက်သောစကားကြောင့် ပိုင်ဦး မောင် ရယ်မောလျက် ဇလပ်ဖြူလက်ဖဝါးပါးပါးလေးကို ဆုပ်ကိုင်လိုက် ရင်. . .

"အလကားစတာပါ မြမြလေးရယ်. . နင်လှဖို့မလိုပါဘူး. . ငါ့အနားမှာရှိနေဖို့ပဲလိုတာ"

ပိုင်ဦးမောင်က ဇလပ်ဖြူအား ချစ်စနိုးနှင့် ဇလပ်ခေါ်လိုက် ဖြူဖြူလေးဟုခေါ်လိုက်. . လပ်ဟုခေါ်လိုက်နှင့် ပါးစပ်ထဲမှာတွေ့ရာ ခေါ်ချင်သလိုခေါ် သော်လည်း မျက်လုံးများကမူ မပြောင်းလဲသော ချစ်ရည်ရွှန်းလဲ့သည့် မျက်လုံးများနှင့်သာ အမြဲကြည့်နေတတ်သည်။

"ပိုင်. . အပြန်ကျရင် လမ်းလျှောက်ပြန်ကြရအောင်နော်. . ဆောင်းတွင်းဆိုတော့ လမ်းသာတာပေါ့"

ပိုင်ဦးမောင်ရင်ထဲထိတ်သွား၏။

မိုးဦးကျက ဇလပ်ဖြူနောက်ကို သဲသဲမဲမဲလိုက်ပြီး မရရအောင် ယူတတ်သော ဆန္ဒအား ကြီးမားသည့်လူတစ်ယောက်ကြောင့် အသွာ အပြန်တွင် ပိုင်ဦးမောင်ဖခင်ကားနှင့်ဂိုက်သွားရသည်။





ပိုင်ဦးမောင်၏ ဖခင်ကလည်း ဇလပ်ဖြူအတွက်ဆိုလျှင် သမီး ာစ်ယောက်လိုစိတ်ရှည်လက်ရှည်လိုက်ပို့ပေးပြီးမှ နောက်ထပ်သင် ာန်းတစ်ခုကိုသွားလေ့ရှိသည်။

ပိုင်ဦးမောင်က တစ်ခါတစ်ရံတွင် ကားနှင့်ပြန်လိုက်ပြီး တစ် ါတစ်ရံနောက်မှ သူ့ဘာသာသူပြန်လာတတ်သည်။

"နင် ပင်ပန်းမှာပေါ့ဟာ"

"ဟင့်အင်း. . ပိုင်နဲ့အတူတူလမ်းလျှောက်ချင်တာယ်"

"နောက်လဆိုရင် ဒို့သားအဖက ပြေးလွှားနေရတော့မှာ ား:လပြဖ်သင်တန်းဖွင့်တော့မှာလေ. . အဲဒီအခါ လပ်ကိုစိတ်မချ ား. . တကယ်လို့ အညောင်းပြေလျှောက်ချင်ရင် ညနေကျရင် မိုး ာောင်းဘုရားဘက်ကို ပို့ပို့ပေးမယ်လေ. . ပုတီးလဲစိပ်. . လမ်းလဲ လျှောက်ပေါ့နော်"

စိတ်ကောက်မှာစိုး၍ ချော့၍ပြောလိုက်သည်။ ဇလပ်ဖြူက တွေတွေလေးစဉ်းစားပြီးမှ ခေါင်းညိတ်လိုက်၏။

"အင်းလေ. . ပိုင့်လဲ ပင်ပန်းပါတယ်. . ပြီးတော့ ဇလပ်ဒီနှစ် မှာ အောင်ပါ့မလား"

"ဟာ. . ဘာလို့ အဲဒီအတွေးဝင်ရတာလဲကွာ"

"မသိဘူး. . အဲဒီလိုတွေးလိုက်တိုင်း ငါ့ရင်ထဲမှာ တထိတ် ထိတ်နဲ့စိုးရိမ်ပူလောင်နေတာပဲ"

"အဲဒါကြောင့်ဟာ. . ငကြောင်မလေးရာ၊ အလကားနေရင်း မစိုးရိမ်ရဘူး. . ရောဂါရတတ်တယ်. . ဖြူဖြူလေးက တော်ပြီးသား

ပဲ. . စာကို နွှေးလိုက်ရုံနဲ့ရတယ်. . အခန်းထဲမှာ အစမ်းလေ့ကျင့်ပြီ
စာမေးပွဲဖြေဖြေနေတာပဲ. . ဖြူလေး အမှတ်ကောင်းကောင်းရတာပဲ
မထုတ်လား"

လက်ဝါးလေးများဆုပ်ကိုင်ကာ နှစ်သိမ့်အားပေးလိုက်သော
အခါမှ ဇလပ်ဖြူ၏မျက်နှာမှာ သွေးရောင်လွှမ်းသွားပြီး မျက်တောင်
လေးပုတ်ခတ်ပုတ်ခတ်နှင့် ပြုံး၍ကြည့်ကာ ခေါင်းညိတ်လိုက်၏။

ဒါကြောင့်လည်း ပိုင့်ကိုယုံကြည်အားကိုးရတာပဲပေါ့. .

ပိုင်ဟာ ဇလပ်ရဲ့ အားအင်တစ်ခုပဲလေ. .

"နင်နဲ့ငါနဲ့ ကျောင်းအတူတူတက်မယ်. . နင့်ကို ကွန်ပျူတာ
သင်ပေးမယ်. . နောင်နှစ်ကျရင် ကွန်ပျူတာတစ်လုံးကို တို့နှစ်ယောက်
စပ်တူဝယ်ပြီး လေ့ကျင့်ကြမယ်လေ"

"တကယ်လား ပိုင်. . ငါလေ ကွန်ပျူတာနှိပ်ချင်နေတယ်
သိလား. . မမလေးနှင်းတို့ရုံးကိုလိုက်သွားရင် ကွန်ပျူတာနှိပ်တာကို
ကြည့်ပြီး ငါသိပ်အားကျတာပဲ. . ငါ တကယ်စာမေးပွဲအောင်မှာနော်"

"အောင်မှာမဟုတ်ဘူး. . အောင်ကိုအောင်မှာ သိလား"

"အင်း. . အင်း"

အားကိုးဖွယ်ရာ လက်မောင်းကိုခေါင်းလေးနဲ့ နွဲ့မှီကာ စိတ်
ကူးယဉ်လျက် မျက်လုံးလေးစုံမှိတ်ထားလိုက်မိသည်။

ပိုင်ဦးမောင်က ဇလပ်ဖြူ၏ ဆံစလေးများကို တိတ်တိတ်
ကလေး ခိုးနမ်းလိုက်၏။

❖❖





"ငါ အိမ်မပြန်ချင်ဘူး ပိုင်. . နင်တို့သွားတာကို လိုက်မယ်
နော်"

"ဟ. . ဘာဖြစ်လို့လဲ"

ထိုကဲ့သို့ အိမ်မပြန်ချင်ဘူး စကားကို တစ်ခါမှမပြောဖူးပေ။

ဇလပ်ဖြူတို့အိမ်လေးမှာ ကြင်နာသော မေတ္တာဝေဟာလေး
ဖြစ်သောကြောင့် ဇလပ်ဖြူရော ပိုင်ဦးမောင်ပါ ငယ်စဉ်ကတည်းက
အလွန်ပျော်ရွှင်နှစ်ခြိုက်ခဲ့သော အိမ်ကလေးပင်ဖြစ်၏။

ဇလပ်ဖြူ၏ ရှင်းသန့်ဖြူစင်သော မျက်လုံးထဲတွင် ရှုပ်ထွေး
သော မျက်ရည်ရိပ်များ ယှက်သမ်းလျက်. .

"ဟင်. . ဘာဖြစ်လဲ"

"ဒီနေ့ တောင်ငူက ငါ့အမေရင်းဆိုတာ ရောက်လာလိမ့်မယ်"

"ဩော်"

ဇလပ်ဖြူစကားကြောင့် သူ့ရင်ထဲမှာလည်း တုန်လှုပ်သွား
လေသည်။

"ဘာလာလုပ်ပြန်ပြီလဲ. . အဲဒီမိန်းမကြီးက"

"မသိဘူး. . မနက်က မကြီးစံနဲ့ မေမေကြည်ပြောသံကြား
တယ်. . မနက်ခုနစ်နာရီရောက်မယ်တဲ့. . ဖုန်းဆက်တယ်"

"ဒါဆို. . အခုရောက်နေရောပေါ့"

"အင်းလေ"

ပိုင်ဦးမောင်သက်ပြင်းသဲ့သဲ့ချလိုက်၏။

ကြမ်းတမ်းသော ရုပ်ရည်ရှိသော၊ စကားပြောလျှင် ကျယ်လောင်စွာပြောတတ်သော ဇလပ်ဖြူ၏ အမေရင်းဆိုသူကို ပိုင်ဦးမောင်လည်း မယုံကြည်နိုင်ပေ။

"နော်. . ပိုင်. . ဟိုမှာ နင့်ဖေဖေသွားတော့မယ်. . ငါတို့လိုက်မယ်ပြောလိုက်မယ်နော်"

"အေး အေး. . ဖေဖေ ခဏ. . ခဏ"

ပိုင်ဦးမောင်က စာအုပ်များသယ်၍ မြို့ထဲမှ တန်းခွဲသို့ကူးရန် ဟန်ပြင်နေသော ဖခင်ကိုလှမ်းခေါ်လိုက်၏။

"ဖေဖေ. . သားတို့ပါ မြို့ထဲလိုက်မလို့"

"ဟေ. . အေး လိုက်လေ. . ဖြူလေးရောလား"

"ဟုတ်တယ်. . ခေါင်းဆေးမလို့တဲ့"

"အေး. . အေး လိုက်ခဲ့. . လိုက်ခဲ့၊ ကားထဲမှာ စောင့်နေမယ်နော် သမီး. ."

တပြုံးပြုံးနှင့်စာအုပ်များ ပွေ့ပိုက်ကာ ဆင်းသွားသောကြောင့် သူတို့နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ပြုံးကြည့်ပြီး ပြတင်းပေါက်တံခါးများကို ကပျာကယာပြေးပိတ်ကြ၏။

ထို့နောက် လျှင်မြန်စွာပင်အောက်သို့ပြေးဆင်းကြသည်။ ပိုင်ဦးမောင်ရင်ထဲတွင် ဇလပ်ဖြူအတွက် ရင်တထိတ်ထိတ်နှင့် ပူပန်နေရသည်။

ဇလပ်ဖြူနှစ်သက်သော မေမေကြည်၏ မေတ္တာစံအိမ်လေး





ထဲမှ ဆွဲထုတ်ချင်သူ ဇလပ်ဖြူ၏ အမေရင်းနှင့် ဇလပ်ဖြူအားကိုးတကြီး ပျော့ရွှင်စွာလက်တွဲလျက်ရှိသော ပိုင်ဦးမောင်၏လက်ကိုဆွဲဖြုတ်ရန်တား ဖြူနှင့်လူတစ်ယောက်. .

သူတို့နှစ်ဦးသည် ဇလပ်ဖြူအား ဆွဲထုတ်ရန် ကြိုးစားနေကြသည်ကို ပိုင်ဦးမောင်အလိုလိုသိထား၏။

"ဆွေနီးမျိုးစပ်ဆိုတော့ ဘာစာချုပ်စာတမ်းမှ မရှိဘဲနဲ့ သုံးလသမီးလေးမှာခေါ် မွေးခဲ့တယ်. . သူ့မှာ သားသမီးခြောက်ယောက်တောင်ရှိနေတော့ ဒီကလေးမကို အလေးမထားနိုင်ဘူးလေဆိုပြီး မေကြည်ကလဲ ပေါ့သွားတယ်လေ. . အခု ဘာရည်ရွယ်ချက်နဲ့များ ဒီကိုပြန်လာပြီး ဆွေမျိုးစပ်နေရပါလိမ့်"

မေမေကြည်က ပိုင်ဦးမောင်အား ရင်ဖွင့်ကာ စိုးရိမ်နေမိကြောင်းပြောခဲ့ဖူးသည်။

"သူတို့က ဆွေမျိုးတွေကိုပြချင်လို့ ခေါ်ခေါ်နေတာ၊ မေမေကြည်မထည့်ချင်ဘူးကွယ်. . သူတို့ရဲ့ အကျင့်စရိုက်ကို မေကြည်မကြိုက်လို့ တမင်ဝေးဝေးနေပြီး ဒီမှာ အေးအေးဆေးဆေးနေနေခါမှ သမီးလေးက သူ့အမေရင်းဆိုတာကို မယုံဘူး. . သိပ်စိတ်မကောင်းဖြစ်နေရှာတယ်"

သက်ပြင်းရှည်ကြီးချလိုက်ရင်းက ဇလပ်ဖြူအား မသိမသာလှမ်းကြည့်လိုက်သည်။

"မြို့ထဲရောက်ရင် မေမေကြည့်ဆီကို ဖုန်းဆက်လိုက်မယ်

နော်. . တော်ကြာ မေကြည်စိတ်ပူနေဦးမယ်. . အယ်လိုဆက်ရရင် ကောင်းမလဲ"

ဇလပ်ဖြူက မွေးစားမိခင်ကို သံယောဇဉ်ကြီးစွာဖြင့် ပူပန်နေမြန်သည်။

"သမီးလာတာ၊ မေကြည်မသိဘူးလား"

"မသိဘူး. . သမီးသွားချင်လို့ပါ. . ခုမှ စိတ်ကူးရသွားတာ"

"ဪ. . ဪ ဒီလိုပဲပြောလိုက်ပေါ့ကွာ. . မြို့ထဲက သင်တန်းကိုလိုက်လေ့လာတာလို့လေ"

ပိုင်ဦးမောင်က ရှေ့မှာ ကားမောင်းရင်းက ရယ်မောရင်း ဇလပ်ဖြူအားစလိုက်သည်။

"ဒါဆို သင်တန်းမပြီးခင် သမီးလေးသွားချင်တာကိုသွား. . ဖေဖေတို့ သင်တန်းက ဆယ့်နှစ်နာရီပြီးမယ်. . အဲဒီကျမှ သမီးလေးကို ဆိုင်ကောင်းကောင်းလေးမှာကျွေးမယ်. . သမီးလေးစားချင်တာကို စဉ်းစားထားလိုက်နော်"

"ဟုတ်ကဲ့"

ဇလပ်ဖြူအား အလွန်ချစ်သဖြင့် တစ်ခါတစ်ရံလိုက်လာသော ကြောင့်ကျေနပ်ပျော်ရွှင်နေပုံရသည်။

သူတို့သားအဖ၏ အလိုလိုက်မှုကြောင့် ဇလပ်ဖြူမျက်နှာလေး ဝင်းလက်သွားပြီး သူ့အား ကျေနပ်သော မျက်လုံးများဖြင့် လှမ်းကြည့်တာ. .





"မီးက ညနေမှပြန်မှာနော်. . ဖေကြီးတို့အိမ်မှာပဲ ညအိပ်မှာ"

"ဟာ. . လုပ်လိုက်လေ. . ဒီကောင်ကညကျရင်ယောင်ပြီး တန်ကျောက်တတ်တယ်. . ကြောက်စရာကြီး သမီးရဲ့"

ယောကျ်ားလေးနှစ်ယောက်တည်းနေသော အိမ်မှာ လိုက်အိပ်၍ မသင့်တော်ဘူးဟု မပြောရက်ပေ။ ရွှတ်နောက်နောက်နှင့်သာ ပြောလိုက်ပြီးသားဖြစ်သူကို မှန်ထဲမှ လှမ်းကြည့်၏။

"သားက ခိုးပြေးချင်လို့လား. . ခိုးပြေးစရာမလိုပါဘူးကွာ. . ဖေဖေက သဘောတူပြီးသားပါ. . သားကျောင်းပြီးရင် လက်ထပ်ပေးမယ်"

"အာ. . ဖေဖေကလဲ၊ သားတို့က ရိုးရိုးပါပဲ"

"အေး. . ရိုးရိုးလုပ်နေ. . တော်ကြာ သူများနောက်ပါသွားလိမ့်မယ်နော်. . ဖေဖေကတော့ ဒီချွေးမလေးကို လက်မလွှတ်ချင်ပါဘူးကွာ"

ချွေးမလေးဟု မကြာခဏ မထိတထိစတတ်သော ဖေဖေ့ကို အပြစ်မယူ. . ပြုံးစိစိလေးနှင့်သာ နှုတ်ဆိတ်နေရင်း စပ်ဖြီးဖြီးလုပ်နေသော သူ့အား မျက်စောင်းလေးဝေ့လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့မှာတော့ စိတ်ထဲတွင် ကျေနပ်ပျော်ရွှင်နေသလို လွတ်လပ်မှုလည်း ရနေသလိုလိုခံစားလိုက်ရ၏။

မကြီးစံဖြစ်ဖြစ်၊ မလေးနှင်းဖြစ်ဖြစ်ပါမှ အပြင်ထွက်လေ့ရှိသော ဇလပ်ဖြူသည် ပိုင်ဦးမောင်နှင့် နှစ်ယောက်တည်းအတူလျှောက်

လည်ရခြင်းအတွက် ကသိမ့်သိမ့်ရင်မှာ လှိုက်ဖိုကြည်နူးမိသည်။

ပျော်ရွှင်ခြင်းထက် ကြည်နူးမှု ရင်ခုန်နွေးထွေးမှုတို့က ထပ်တို လာသည်မို့ တအံ့တဩဖြစ်ကာ ပွင့်လင်းစွာ မွှင့်ဟမိသည်။

"ပိုင်. . ငါလေ. ဒီနေ့ နင်နဲ့သွားရတာ သိပ်ပျော်တာပဲ. . မကြီးစံတို့ မလေးနှင်းတို့နဲ့သွားရတာနဲ့မတူဘူး. . ရင်ထဲမှာ တသိ သိမ့်ခုန်လို့ တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးပဲလဲ"

"ဟင့်အင်း. . မပြောတတ်ဘူး"

သင်တန်းချိန် သုံးနာရီအချိန်လေးမှာ ဇလပ်ဖြူမရောက်ဖူ သော ဗိုလ်တထောင်ဘုရားသို့ ပို့ပေးပြီး ဆိပ်ကမ်းဘေးနားထိုင်က မြစ်ပြင်ကျယ်မှ သင်္ဘောများကိုကြည့်ရင်း သမ္မာန်လေးများကို ငေးမေ ရင်း အချိန်ကုန်ခဲ့၏။

ဖခင်သင်တန်းပြီးသောအချိန်မှာ ရွှေဘဲမှာထမင်းစားပြီး ဖခ အား မြို့ထဲက စာအုပ်တန်းမှာ ချထားခဲ့ရသည်။

ညနေသင်တန်းသွားရန် နေ့လယ်စာစာနေ့လုံး စာအုပ်တန်းမှ ပင် ဖခင်က အချိန်ဖြုန်းနေမည်မို့ ပိုင်ဦးမောင်တို့သွားချင်သည့်နေရာ ကိုသွားရန် အားပေးလိုက်သည်။

ညအချိန် ခုနစ်နာရီမှ ဖခင်အား ပြန်လာကြိုရမည်ဖြစ်သည်

ကန်တော်ကြီးမှာ ကစားလိုက်. . လမ်းလျှောက်လိုက်. . စပ်မှာ ထိုင်လိုက်နှင့် ယော်ချစ်ကလေးများမို့ လက်တွဲရုံအပြင် တခြ စုံတွဲများလို မဟုတ်ကြပေ။





"ဖြူဖြူလေးမပြောတတ်ရင် ပိုင်ပြောပြရမှာလား"

စကားပြောဖို့ကို ဝန်လေးနေ၏။ ရင်တွေလည်း ခုန်နေပြီး အပြစ်ကင်း၍ ဘာမှနားမလည်သေးသော ကောင်မလေးလက်ကို မချင့်မရဲလေးကိုင်ညှစ်ကာ မေးလိုက်သည်။

"အင်း. . ပိုင်ရော သိပ်ပျော်လားဟင်"

"ရင်တွေသိပ်ခုန်တယ်. . စမ်းကြည့်စမ်း"

လက်နုနုသွယ်သွယ်လေးကို သူ့ရင်မှာ ကပ်ပေးရင်းက တိုးဖွ ဖွလေးပြောလိုက်ပြီး ဇလပ်ဖြူ၏လက်လေးကို ကြာကြာလေး တယု တယနှင့် ရင်မှာ ဖိကပ်ထားလျက်. .

"သူသိပ်ခုန်နေတာကြားလား. . လက်နဲ့စမ်းမိတယ်လား"

"အင်း. . ဇလပ်လဲ ရင်ခုန်တယ်"

"စမ်းရမလား"

"ဟင့်အင်း. . ကိုယ့်ရင်ကိုယ်စမ်းကြည့် အတူတူပဲလေ. ."

"မိညာလေး. . အပါးမလေး"

နှာခေါင်းလုံးလုံးလေးကို ဆွဲညှစ်လိုက်၏။

"အ. . နာတယ်"

"ဖွ. . ဖွ. . ဖွ အသည်းယားလို့ဟ. . ငါက ကိုက်တောင်စား ချင်တာ"

"နှပ်ချေးတွေ နင့်ပါးစပ်ထဲဝင်ကုန်မှာပေါ့"

"မျိုချမှာပဲ"

"ရွှံ့စရာကြီးကွာ. . ပိုင်နှပ်ချေးကြိုက်တယ်ဆိုတာ အခုမှ သိတယ်"

"ချွေးမ. . သူများနှပ်ချေးကိုကြိုက်ရမှာလား. . နင့်တစ်ကိုယ်လုံးပါ ဝါးစားချင်တယ်လို့ ပြောတာဟ"

"ကြောက်စရာကြီး. . ပိုင်လူသားစားတတ်မှန်း မသိဘူး"

"ဟုတ်တယ်. . နင့်ကို ကိုက်စားမှာ"

ပြောပြောဆိုဆိုနှင့် ဇလပ်ဖြူ၏လက်ဖမိုးလေးများကို ဖွဖွလေးကိုက်ကာ ဇလပ်ဖြူမျက်နှာလေးကို ခိုးကြည့်လိုက်၏။

နာကျင်တန်မပြသေး၍ နည်းနည်းဖိတိုး၍ ကိုက်ကြည့်လိုက်သည်။

"အ. . နာပြီလွှတ်"

"နင့်အသားကိုစားရမယ်ဆို. . စောစောကတည်းက ဘာလို့မယုံတာလဲ"

"ပိုင်က သွားယားနေသလားလို့"

"ကြည့်စမ်း ကောင်မလေး. . ငါ ထပ်ကိုက်လိုက်ရလို့ လက်ချောင်းတွေ ကျိုးကျိုးကျွတ်ကျွတ်မြည်ကုန်တော့မှာပဲ"

"တော်ပါပြီကွာ. . ဒီမှာ အကွင်းရာကြီးတောင်ရှိနေတာပဲ. . တွေ့လား"

"မနာသလိုလိုနဲ့ဆိုတော့ တိုးကိုက်ကြည့်တာပေါ့ ဖွ. . ဖွ သိနာသွားလား"





ဇလပ်ဖြူလက်နုလေးများကို ဆုပ်ခြေပေးရင်းက သူ့ရင်ထဲမှာ ဖြောင်းဆန်အောင် လှုပ်ရှားနေမိသည်။

ဖြစ်နိုင်ရင် ဒီကောင်မလေးကို ရင်ခွင်ထဲပျောက်သွားအောင်အထိ ထွေးပွေ့ထားချင်သည်။

"ဇလပ်ပျော်နေလို့ အိပ်မက်လား. . တကယ်လားလို့ ပိုင့်ကို ကိုက်ခိုင်းကြည့်တာလေ"

"အိပ်မက်မဟုတ်ဘူးလေ. . ပိုင်အနားမှာရှိနေတာပဲ"

"အံမယ်. . တစ်ခါတလေ ပိုင့်ကို အိပ်မက်မက်သေးတယ်"

"ဟင်. . ဘယ်တုန်းကလဲ"

"ခဏ ခဏပဲ. . မေကြည်ရော၊ မကြီးစံရော၊ မလေးနှင်းရောတိုပဲ. . ပြီးတော့ ကိုကြီးမိုးကောင်းကိုရောပေါ့"

နိုင်ငံခြားမှာသွားအလုပ်လုပ်နေသော အစ်ကိုအကြီးဆုံးကို သတိရစွာဖြင့် တမ်းတလိုက်၏။

ပိုင်ဦးမော့င်ရင်ထဲ ထိတ်သွားသည်။

မနှစ်က စာမေးပွဲဖြေခါနီးမှာ ဇလပ်ဖြူအား မွေးစားမှန်းသိသည့်အချိန်မှစ၍ သူ့ရင်ထဲတွင် ကိုကြီးမိုးကောင်း၏ ကြွင်နာယုယမှုများကို မကျေမနပ်နှင့် ဝန်တိုမိလာသည်။

ကိုကြီးမိုးကောင်းသည် မမကြီးစံစပယ်၏ အထက်မှ အစ်ကိုအကြီးဆုံးဖြစ်ပြီး အငယ်ဆုံးမလေး ဇလပ်ဖြူအား အလွန်ချစ်သည်။ အရိပ်တကြည့်ကြည့်နှင့် ပိုင်ဦးမောင်ပါနေလျက်ကပင် ကိုယ်တိုင်ကျောင်းပို့ ကျောင်းကြိုလုပ်၏။

ကိုကြီးမိုးကောင်း၏အဖြစ်သည်းမှုကို အစက သံသယမဝ
သော်လည်း မွေးစားသမီးမှန်းသိသွားချိန်မှစ၍ သံသယဝင်လာပြီး
ဝန်တိုမှုကိုပါ ဖြစ်မိလာသည်။

"ညလေး. . မောလားဟင်. . ကိုကြီးဆိုင်ကယ်နဲ့ ပို့ပေးမယ်
လေ"

"ဟင့်အင်း. . ကိုကြီးဆိုင်ကယ်ကို စီးရတာ ညလေးကြောက်
တယ်. . ရင်ထဲမှာမောနေတာပဲ"

"ကိုရွှေ့က သစ်ပင်အောက်မှာ ခဏနားနော်. . ကိုကြီးနိုင်ငံ
ခြားသွားရင် ညလေးကားစီးရမှာပါ"

"ညလေးကားမစီးချင်ပါဘူးကိုကြီးရာ. . ညလေး ကိုကြီးကို
မခွဲချင်ပါဘူး"

"ဩော်. . ကိုကြီးကလဲ မခွဲချင်ပါဘူး ညလေးရယ်. . ဒါပေ
မဲ့ ခဏလေးပါပဲ. . ကိုကြီးအရင်းအနှီးရရင်ဒီမှာပဲ လုပ်ကိုင်စားတော့
မယ်နော်. . သုံးနှစ်တည်းနော်. . ကိုကြီးပြန်လာတော့ ညလေး
တက္ကသိုလ်ရောက်ပြီး အပျိုကြီးဖားဖားဖြစ်ပြီပေါ့"

"ဟင့်အင်း. . ဟင့်အင်း. . ညလေးအပျိုကြီးမဖြစ်ချင်ပါ
ဘူး. . ကလေးအရွယ်ပဲဖြစ်ချင်တယ်"

"ဟင်. . ဘာလို့လဲ. . အပျိုကြီးဖြစ်ရင် အလှတွေပြင်ပြီး အိုက်
တင်ထုတ်လို့ရတာပေါ့ကွာ"

"မပြင်ချင်ပါဘူး. . ကလေးတုန်းကမှ ကိုကြီးပခုံးပေါ်မှာ ထိုင်





ရသေးတယ်. . လူကြီးလာမှ မထိုင်ရဘူး. . ညလေးကို မချီနိုင်ကြ
တော့ဘူးလေ"

"ဩော်. . ပိုင်လေးရေ. . ကြည့်စမ်းကွာ. . ညလေးက
ကလေးလုပ်ချင်နေတာကိုး. . ကဲ ကဲ ရွှေလမ်းထဲမှာ ရေတွေစိုမှာစိုးလို့
ကိုကြီးချီသွားမယ်ဆိုတာ ညလေးမှ လက်မခံတာကို၊ ကိုကြီးညီမလေး
က ကလေးလေးဖြစ်လဲ ကိုကြီးနိုင်တယ်. . အပျိုကြီးဖြစ်လဲ နိုင်တယ်
ချီသွားမယ်နော်"

"ကိုကြီးနိုင်ရင်ပြီးရော. . ညလေးက ရေဆော့ချင်လို့ မိုးတွင်း
ပဲရောက်ပါစေလို့ ဆုတောင်းရတာ"

"ဒီကောင်မလေး"

ကိုကြီးမိုးကောင်းရှိစဉ်က ပိုင်ဦးမောင်သည် အလိုလိုဘေး
ရောက်နေပြီး မောင်နှမနှစ်ယောက်အချစ်သည်းပုံကို ကျေနပ်စွာကြည့်
နေခဲ့ရသည်။

ဇလပ်ဖြူအား အစ်ကိုအစ်မများက အလွန်ချစ်ကြသော
ကြောင့် ညီမလေးဟုပင် မခေါ်ကြဘဲ "ညလေး. . ညလေး" ဟူ၍
ပါးစပ်ဖျားက မချနိုင်အောင် သည်းကြသည်။

မွေးစားမှန်းကို ပိုင်ဦးမောင်နှင့် ဇလပ်ဖြူက မသိသေးပေ။
သို့ရာတွင် ဇလပ်ဖြူသိသော မတ်လဆန်း၌ ကိုကြီးနိုင်ငံခြားသွား၍
ဇလပ်ဖြူလွမ်းနေချိန်၊ ဇလပ်ဖြူ၏ မိခင်ဆိုတာလည်း မိုးပေါ်ကကျလာ
သလို ပြုန်းခနဲရောက်ချိန်မှာ ဇလပ်ဖြူ၏ နှလုံးနုနုမှာ မခံမရပ်နိုင်
အောင်ဖြစ်ပြီး စာမေးပွဲအတွက် စိတ်ပန်းလူပန်းနှင့် အိပ်ရာထဲလဲခဲ့ရ
သည်။

"ဒီမိသားစုနဲ့ ငါ ဘယ်တော့မှမခွဲမခွာဘဲ နေချင်တယ်ပိုင်ရယ်. . တစ်ယောက်ယောက်က ခွဲသွားမှာကို ငါမခံစားနိုင်ဘူး. . ပြီးတော့ ငါက သားသမီးအရင်းမဟုတ်ဘဲ မွေးစားသမီးဆိုတော့ ငါ ပိုခံစားရတယ်သိလား. . ငါ မေမေကြည့်ကို သိပ်ချစ်တာ၊ အဲဒီငါ့အမေဆိုတာကြီးကို ငါမချစ်ဘူး. . စကားပြောရင် အကျယ်ကြီးနဲ့ အသံစူးစူးကြီး. . ရယ်ရင်လဲ အကျယ်ကြီး၊ ငါသိပ်ကြောက်တာပဲ"

"ပိုင်. . ပိုင်"

"ဟင်"

ရုတ်တရက် လန့်သွားပြီး ဇလပ်ဖြူကိုကြည့်မိရာ ဇလပ်ဖြူကသူ့အား ကြည့်၍ တခစ်ခစ်ရယ်နေသည်။

"ပိုင်. . အိပ်ငိုက်နေလား. . ဇလပ်လက်ကို ဆုပ်ကိုင်ထားတာနာလိုက်တာ"

"ဩော်"

ထိုအခါမှ သူ့လက်ဖဝါးများနှင့် ဆုတ်ခြေပေးနေသော ဇလပ်ဖြူ၏ လက်ဖဝါးနုနုလေးများကို ကပျာကယာငုံ့ကြည့်မိသည်။

"ဟုတ်ပါရဲ့ ယက်ကလေးတွေတောင်ရဲသွားတယ်. . ပိုင်ကလဲ ဇလပ်လိုပဲ အိပ်မက်မက်မလားလို့ ငိုက်ကြည့်မလို့"

"သွား"

ရှက်သွေးဖြာကာ လက်ကို ရုန်းသော်လည်း မလွှတ်ရက်နိုင်။

"ဥုဖွ. . ဖွ. . ဖွ. . ဖွ"

ပါးစပ်နှင့် လက်ဖဝါးများကို ဖွဖွလုပ်ကာ ခိုး၍ နမ်းရှိုက်လိုက်၏။





"ပိုင်. . နင်နဲ့ ညလေးကို ကြီးလာရင် ပေးစားမယ်. . ဒါပေမဲ့ စာသင်နေတုန်းမှာ စိတ်တွေကိုထိန်းရမယ်. . ဇလပ်ကို ညီမလေးလိုပဲ စောင့်ရှောက်ရမယ်နော်. . တကယ်လို့များ ညလေးကိုချစ်စကားပြောလို့ နင်တို့နှစ်ယောက်ချစ်သူဖြစ်တယ်လို့သိရင် လွတ်လပ်ခွင့်တွေပိတ်ပြီသာ မှတ်ပေတော့"

မကြီးစံ၏ သတိပေးစကားကြောင့် ဇလပ်ဖြူအပေါ်မှာ ဖြစ်ပေါ်နေသော ချစ်စိတ်များကို မျိုသိပ်ထားလျက် သူငယ်ချင်းမက ရည်းစားမကျသဘောနှင့် သက်ပြင်းချလျက် ရင်ထဲမှာ အော်မြည်လျက်. .

"ချစ်တယ်. . သိပ်ချစ်တယ် ဖြူလေးရယ်"

❖❖

"မမကြည်က သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ တစ်နေ့လုံး လည်ခွင့်ပေးတာ အံ့ရောပဲ"

"ပိုင်လေးက သူစိမ်းမဟုတ်ပါဘူးကွယ်. . မမကြည်တို့မျက်စိရှေ့မှာ ကြီးလာကြတဲ့ ကလေးပါ. . မိကောင်းဖခင်သားသမီးပါ"

တစ်ဖက်က ဒေါ်သသံပါပါနှင့် အော်ဟစ်ပြောနေသော်

●

လည်း မေမေကြည်ကတော့ လေသံအေးလေးနှင့် ပြန်ပြောရင်းက နှစ်သိမ့်လိုက်သည်။

မိုးနှင်းဆီက ဆက်၍ မကြားလိုသောကြောင့် ခြေဆောင့်ပြီး ထထွက်သွားသည်ကို မေမေကြည် ဥပေက္ခာပြု၍ သက်ပြင်းခိုးချလိုက်သည်။

ဇလပ်ဖြူကမူ ရှစ်နာရီကျော်မှ ပြန်လာပြီး ထမင်းစားပြီးပြီ. . အိပ်ချင်တယ်ဟု အကြောင်းပြကာ မကြီးစံပယ်ဘေးနား တိုးခွေ့အိပ်လိုက်၏။

တစ်နေ့လုံး ပင်ပန်းထားသောကြောင့် မကြီးစံကိုဖက်အိပ်လိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။

"ဒီကောင်လေးက ဘာလုပ်လဲမမကြည်"

"သူ့အဖေကျူရှင်မှာ စာရေးလုပ်ရင်းက ကွန်ပျူတာသင်တန်းတက်နေတယ်လေ"

"အို. . အခြေအမြစ်မရှိလိုက်တာ မမကြည်ရယ်"

"မဟုတ်ပါဘူး. . သူတို့က အိမ်ပိုင်နဲ့ပါ"

ရိုးရိုးလေးဖြေလိုက်သော မေမေကြည့်စကားကြောင့် ဒေါ်နွယ်မာက နှုတ်ခမ်းလေးတွန့်ကာ မဲ့လိုက်ရင်း. .

"အိမ်ပိုင်ကိုပြောတာမဟုတ်ဘူး မမကြည်ရဲ့. . သမီးလေးရုပ်ရေက မမကြည်ရဲ့သမီးတွေနဲ့တောင်မတူဘူး. . ကော်ပတ်ရုပ်လေးလိုပဲ သိပ်လှတာ. . သူ့ကို လိုချင်သူတွေဝိုင်းနေမှာပဲ. . စစ်ဗိုလ်တို့





ဆရာဝန်တို့၊ အင်ဂျင်နီယာတို့လို၊ သဘော်သားတို့လို လူမျိုးကိုပြောတာ မမကြည်ရဲ့. . သမီးက ကတော်ဇာတာပါတာပဲ"

ဒေါ်နွယ်မာက တက်ကြွစွာပြောနေသော်လည်း မေမေကြည်က ထပ်မံ၍ မပြောချင်သဖြင့် ငြိမ်နေလိုက်သည်။

"သမီးလေးကို ချမ်းချမ်းသာသာနဲ့ နေနိုင်အောင်လို့ပါ မမကြည်ရယ်"

"အခုလဲ တို့များသမီးလေး ဆင်းရဲနေလို့လား"

"ဩော်. . တိုက်နဲ့ကားနဲ့နေနိုင်အောင်လေ. . အဲဒါကိုပြောတာ"

"စိတ်ချမ်းသာဖို့အဓိကပါ နွယ်မာရယ်. . ပြီးတော့ သမီးအသက်က ငယ်ငယ်ပဲရှိသေးတာပဲ. . သမီးကလွတ်လွတ်လပ်လပ်စာကျက်တဲ့ကလေးပဲ. . မကြည်တို့က သတ်မှတ်ထားတာလေ"

"စာချည်းပဲကျက်နေရင် သမီးက ပင်ပန်းမှာပေါ့. . ပြီးတော့ ပညာတတ်ဖြစ်လို့ရော ဘာထူးမှာလဲ. . တစ်နေ့ကျရင် လင်ယူသားမွေးလုပ်ရမှာပဲ. . အဲဒီဘွဲ့တွေက မိန်းကလေးအတွက် အသုံးမှမဝင်တာ အလှပြပဲရှိမှာပေါ့. . အချိန်တန်ရင် ယောကျ်ားယူရမှာဆိုတော့ လင်ကောင်းသားကောင်းရဖို့ပဲအရေးကြီးတာပေါ့"

"နွယ်မာ. . အဲဒါက အရွယ်ရောက်တဲ့ကလေးတွေကို ပြောရမယ့်စကားလေ. . ညည်းက ညည်းသမီးတွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ ယောကျ်ားပေးစားပြီး အညွန့်တလူလူကလေးတွေကို အညွန့်ချိုးပစ်ကြတာ၊ ငါမကြိုက်ဘူး. . ငါ့သမီးတွေကို ငါ ပညာသင်ပေးပြီး ပညာပြည့်

စုံမှ သူတို့စိတ်ကြိုက်ရွေးချယ်ပြီး ယူချင်ယူ မယူချင်နေနိုင်တယ်. သူတို့အသိပညာနဲ့ သူတို့ရွေးချယ်ဆုံးဖြတ်ကြပါစေ. . အခု သမီး ဘာမှ မစဉ်းစားစေရဘူး"

မေမေကြည်က တစ်ခါမျှ ဒေါ်သသံနှင့် စကားမပြော သော်လည်း ဒီတစ်ခါ တော်တော်လေးစိတ်ဆိုး၍ ပြောမိလိုက်သည်

ထိုအခါ ဒေါ်နွယ်မာ၏မျက်နှာမှာ တစ်မျိုးပြောင်းသွားပြ လေသံပျော့သွားကာ. .

"မဟုတ်ပါဘူး မမကြည်. . ကျွန်မက ဟိုကောင်ကလေး ကြိုက်နေကြလားလို့ပါ"

မေမေကြည်က သက်ပြင်းခိုးချရင်းက ရုတ်တရက်ဖြစ်ပေါ် လာသော ဒေါသများကို ပြန်၍ မျိုသိပ်လိုက်ရသည်။ အသက်ခုနစ် ဆယ်နားနီးနေပြီမို့ တရားနှင့်သာ ရှုမြင်သုံးသပ်ရတော့မည့်အရွယ် ရောက်နေပြီပဲလေ. .

ဒေါသမောဟဆိုတဲ့ ကိလေသာတွေကို တတ်နိုင်သလောက် ချိုးနှိမ်ထားရမှာပဲဟု စဉ်းစားပြီး. .

"ကလေးတွေက ငယ်ငယ်ကတည်းက စားအတူ သွားအတူ မို့ သံယောဇဉ်တော့ကြီးသားပဲလေ. . မောင်နှမတွေလိုပါပဲ. . ကောင် လေးက သိပ်နားလည်တတ်ပါတယ် နွယ်မာ. . စိတ်ပူစရာမရှိပါဘူး. . ကဲ နွယ်မာ ညည်းခရီးပန်းလာတယ်မဟုတ်လား အိပ်တော့. . အိပ် တော့၊ ငါလဲ ဘုရားရှိခိုးလိုက်ဦးမယ်"

မေမေကြည်က ဒေါ်နွယ်မာ၏စကားအပြောအဆိုကို မနှစ်





သက်သောကြောင့် လျင်မြန်စွာ စကားစဖြတ်ပြီး စိပ်ပုတီးကိုကိုင်ကာ ဘုရားခန်းဘက်သို့ထွက်လာလေသည်။

မကြီးစံစပယ်က တစ်နေ့လုံး စက်ချုပ်ရတာ ညောင်း၍ အိပ် ရာစောစောဝင်တတ်သည်။ ထို့နောက် နံနက်လေးနာရီအချိန်တွင်ထ ၍ အရုဏ်ဆွမ်းကပ်ရန်အတွက် ထမင်းဟင်းထချက်ပြီး အိမ်၏ ဘာဟီရများကို တစ်ခုစီလိုက်လုပ်တတ်၏။

မလေးမိုးနှင်းဆီကမူ ရုံးမှပါလာသော အလုပ်ကြွေးများကို လုပ်ကိုင်ပြီးမှ အိပ်တတ်၏။ တစ်ခါတစ်ရံ တစ်အိမ်လုံးအဝတ်များကို မီးပူထိုင်တိုက်ရင်း တီဗွီကြည့်ကာ ညဥ့်နက်မှ အိပ်ရာဝင်တတ်သည်။ တစ်ခါတစ်ရံ ဇလပ်ဖြူ၏ ကျောင်းစာများကို ဝင်ရောက်စစ်ဆေးပြီး ဇလပ်ဖြူစာကျက်နေလျှင် အနားမှာထိုင်ပြီး ဝိုင်းကြည့်ပေးတတ်၏။

ယခုလည်း ဒေါ်နွယ်မာကို မနှစ်သက်၍ အိပ်ရာထဲ စောစော ဝင်သော်လည်း အိပ်မပျော်သေးဘဲ မေမေကြည်နှင့် စကားပြောနေ သံကို နားစွင့်ရင်း မကျေမနပ်ဖြစ်နေမိသည်။

ဇလပ်ဖြူ၏ မိခင်ရင်းဆိုသော်လည်း ဇလပ်ဖြူ၏ အမူအရာ နှင့် လုံးဝဆန့်ကျင်လျက်ရှိသည်။

သနားတတ်သော. . နူးညံ့သောစိတ်ထားရှိသော ဇလပ်ဖြူ နှင့် ဒေါ်နွယ်မာတို့က ဆန့်ကျင်ဘက်. .

ဒေါ်နွယ်မာသည် ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ကြီးကြီးမုဆိုး ဖိုတစ်ယောက်ကိုယူပြီး သားသမီးခုနစ်ယောက်မွေးပြီးနောက် အဘိုး

ကြီးဆုံးသွားသောအခါ နောက်အိမ်ထောင်ထပ်ပြုရာ ကိုယ်ဝန်လေးလအချိန်တွင် အိမ်ထောင်နှင့်ကွဲသွား၏။

ထိုအခါ. . မေမေကြည်က ဝမ်းကွဲညီမတော်စပ်သော ဒေါ်နွယ်မာတို့၏ မိသားစုကို ထောက်ပံ့ကျွေးမွေးရ၏။ ဒေါ်နွယ်မာက ဝမ်းဗိုက်ထဲမှ ကလေးကို မလိုချင်၍ ဖျက်ချရန် အကြိမ်ကြိမ်ကြိုးစားသဖြင့် မေမေကြည်က ထိုကလေးအား မွေးပြီးသည်နှင့် မိမိကတာဝန်ယူမွေးပါမည်ဟု ကတိပေးပြီး ဒေါ်နွယ်မာအတွက်၊ ကလေးအတွက်များစွာ ဂရုစိုက်ပေးခဲ့၏။

ကလေးကို သုံးလသမီးအရွယ်မှာပေးပြီး ဘဲမကြီးလိုပင် ဥအုပြီး ထားသွားခဲ့သူဖြစ်၏။

မထား၍လည်း မဖြစ်ပေ။ ဒေါ်နွယ်မာမှာသားကြီး သမီးကြီးများက **အပြိုင်းအယိုင်းမို့** သားသမီးများအတွက် မုဆိုးမဘဝတစ်ခုလုပ်ဘဝနှင့် ကြမ်းတမ်းစွာ ရုန်းကန်ခဲ့ရသည်။

ဘဝကြမ်းတမ်းသလို လူကပါ ကြမ်းတမ်းသဖြင့် မေမေကြည်မှာ သမီးထွေးဇလပ်ဖြူနှင့်အတူ သားသမီးသုံးယောက်ကိုခေါ်၍ ထိုအသိုင်းအဝိုင်းထဲမှ ပြေးထွက်ခဲ့၏။

မေမေကြည်၏ ခင်ပွန်းမှာ မိုးနှင်းဆီ ဆယ်နှစ်သမီးအရွယ်၌ လူ့ဘောင်ကြီးကိုငြီးငွေ့ပြီး ရဟန်းဝတ်သွားလေသည်။

မေမေကြည်သည် ခင်ပွန်းသည်ရှာဖွေ၍ထားခဲ့သော ပစ္စည်းဥစ္စာများနှင့် ကျစ်လျစ်စွာနေထိုင်ပြီး သားသမီးများကို အုပ်ထိန်းခဲ့သည်။





အတောင်အလက်စုံလင်တော့လည်း သားသမီးများကတစ်လှည့်ပြန်၍ အကျိုးပြုတော့ မေမေကြည့်ဘဝအေးချမ်းနေခဲ့သည်။

ယခုကဲ့သို့ ဇလပ်ဖြူနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးစရာဖြစ်လာလိမ့်မည်ဟု ဘယ်လိုမှ မမျှော်လင့်မိပေ။

"ဟင်း"

တလူးလူး တလိမ့်လိမ့်နှင့် အိပ်မရနိုင်အောင် စိတ်မောလူမောဖြစ်ပြီး သက်ပြင်းရှည်ကြီးချလိုက်မိသည်။

"မေကြည် အိပ်မပျော်ဘူးလား"

"ဩော်. . မကြီးစံ၊ သမီးရော မအိပ်သေးဘူးလား"

"စောစောကတော့ မှေးခနဲပျော်လိုက်သားပဲ. . ဒါပေမဲ့ စကားများသံတွေကြားလို့ ပြန်လန့်နိုးလာတယ်"

"စကားမများပါဘူး သမီးရယ်. . နွယ်မာကဒီလိုပဲ စကားကျယ်ကျယ်ပြောတတ်တာပဲ"

စံစပယ်က သူမ၏ ရှည်လျားသော ဆံပင်ကြီးကိုဖြီးသင်ကာ ဘီးနှင့်ပတ်လိုက်ပြီး. .

"ဘာပဲဖြစ်ဖြစ် သူလာရင် အားလုံးစိတ်ရှုပ်ရတော့တာပဲ. . အဲဒီမိန်းမကြီး ခဏခဏဘာလာလုပ်ရတာလဲ မသိဘူး"

"သူ့ဝမ်းဗိုက်ထဲကလွယ်မွေးလာတဲ့ ကလေးဆိုတော့ သယောဇဉ်ရှိတာပေါ့ကွယ်"

"အစတုန်းက မရှိဘဲနဲ့. . ခုမှ လွမ်းနေလိုက်တာ"

"ဒီလိုမပြောရဘူး သမီး. . သမီးတို့မိခင်ဖြစ်လာမှ နားလည်လာမယ်. . ကဲ. . ကဲ သွားအိပ်တော့နော်၊ ညဥ့်နက်လှပြီ"

"မေကြည်လဲ အိပ်တော့လေ. . အိပ်ဆေးယူဦးမလား. . အိပ်မပျော်ရင်သောက်ဖို့လေ"

"ပျော်ပါတယ် သမီးရယ်. . တမင်တွေးနေတာပါ. . နေ့လယ်ကလဲ အိပ်ထားတာကိုး. . အမှတ်ကလေးမှတ်ရင်း အိပ်တဲ့အခါ ချက်ချင်းအိပ်ပျော်ပါတယ်၊ တမင်တွေးနေတာပါ"

"လျှောက်မတွေးပါနဲ့၊ ဆယ်နာရီကျော်နေပြီပဲ"

"သမီးလေးရော အိပ်ပြီလား"

"အင်း. . ပိုင်လေးနဲ့လျှောက်လည်ခဲ့တဲ့အကြောင်းပြောရင်က အိပ်ပျော်သွားတာလေ"

"အင်း"

မေမေကြည်က သက်ပြင်းရှည်ကြီးချကာ နှုတ်ခမ်းကို တင်းတင်းစေ့၍. .

"ငါ့သမီးလေးကို ဘယ်တော့မှ ပြန်မပေးဘူး"

❖❖





"ကျွန်မတို့ တောင်ငူက မုန့်ဟင်းခါးကို သုပ်စားပြီး ဟင်းခါးရည်ကို သတ်သတ်သောက်တာလေ. . မုန့်ဖတ်ကို ပေါက်ပေါက်နဲ့သုပ်စားတာ ဒီမှာလုပ်စားရအောင်. . တမင်ပေါက်ပေါက်ဝယ်လာတယ်. . ပြီးတော့ တိုဟူးသုပ်စားရအောင်လဲ ပဲမှုန့်ဝယ်လာတယ်"

ဒေါ်နွယ်မာက တတွတ်တွတ်ပြောပြီး ဆွဲခြင်းကို အောက်ချလိုက်၏။

နံနက်စောစော စံစပယ်နှင့်အတူ ဈေးလိုက်သွားပြီး မုန့်ဟင်းခါးရည်ချက်ရန်အထွက် ငါးခူများဝယ်လာသည်။

"စံစပယ်ရေ. . အကျီအပ်မလို့တဲ့"

"အလိုတော်. . စောစောစီးစီး ကိုယ့်အလုပ်တောင်မလုပ်ရသေးဘူး. . နေ့လယ်မှ လာလို့ပြောလိုက်"

"အို. . ဒေါ်လေးကလဲ ဈေးဦးကျိုးသွားမှာပေါ့၊ ခဏလေးပါ"

ပြောပြောဆိုဆိုနှင့် ထထွက်သွား၏။ ဒေါ်နွယ်မာက ခြင်းထဲမှ အသီးအရွက်များကို အလျင်ထုတ်နေစဉ် မေမေကြည်အနားရောက်လာပြီး. .

"ဟဲ့ ကော်ဖီသောက်ပြီးမှ အေးအေးဆေးဆေးလုပ်ပါလား နွယ်မာ"

"ရပါတယ်အစ်မ. . ငါးကိုင်ပြီး အရင်တင်ထားပြီးမှ သောက်တာပေါ့"

"နင့်ငါးတွေက အရှင်တွေလား"

"မဟုတ်ပါဘူး အကြောလှုပ်တာပါ"

အရှင်မှုလတ်သည်ဟုယူဆကာ တမင်ဝယ်လာသော ဒေါ်နွယ်မာက မေမေကြည့်အား ညာလိုက်သည်။

မေမေကြည်က ရေသေမှုစားသည်။ လတ်လတ်မလတ်လတ် ဂရုမစိုက်ပေ။ ကိုယ့်လက်နှင့် ဘယ်သတ္တဝါမှ မသေစေရသော ငါးပါ သီလလုံခြုံသူဖြစ်၏။

"သမီး နိုးပြီလား"

"ဟုတ်ကဲ့ မေကြည်. . ရွှေသွေးရော"

မိုးလင်း၍ အိပ်ရာမှနိုးသည်နှင့် ကြောင်လေးကိုရှာဖွေ ထတတ်သော ဇလပ်ဖြူအကြောင်းကို၊ တစ်အိမ်လုံးက သိပြီးသားဖြစ် သော်လည်း ဒေါ်နွယ်မာက အထူးအဆန်းဖြစ်နေ၏။

မကြီးစံပယ်၏လက်ရာ ချည်သားဂါဝန်ရှည်အဖြူခံပေါ် အ ပွင့်ပါသော အကျီလေးနှင့် ဖိုသီဖတ်သီလှနေသော သမီးငယ်အာ ကြည့်ကာ စိတ်ထဲမှာ မလိုတမာဖြစ်မိသည်။

"ငါ မွေးထားလို့ ဒီလောက်လှနေတာ. . သူ့သမီးတွေက ဒ လောက်လှတာမှမဟုတ်ဘဲ"

"ဒုန်း. . ဒုန်း. . ဒုန်း"

စိတ်တိုတိုနှင့် ငါးစိုခုတ်လိုက်ရာ အသံကျယ်သွားသဖြ ဇလပ်ဖြူ၏ အကြည့်အာရုံတို့က ဒေါ်နွယ်မာထံရောက်သွားလေသည်

ဖျပ်ဖျပ်လူးနေသော ငါးခူအရှင်ကို ဓားနှောင့်နှင့် ရိုက်ချလိုက ၏။





"အင်"

ကဗျာကယာမျက်နှာလွှဲပြီး အိမ်ရှေ့သို့ပြေးထွက်သွားသည်။

"ညလေးရေ. . မျက်နှာသစ်ရအောင်လေ"

အိပ်ရာထနောက်ကျတတ်သော မိုးနှင်းဆီက သွားပွတ်တံလေးကို လှမ်းပေးလိုက်သည်။

"မနေ့က ကောင်မလေး လျှောက်လည်ပြီးတော့ မောမောနဲ့ အိပ်သွားလိုက်တာ စာဆောင်မကျက်နိုင်ဘူး. . တုတ်တုတ်ကိုမလှုပ်ဘူး"

မိုးနှင်းဆီက ညီမငယ်အား ချစ်စနိုးစလိုက်သော်လည်း ယခင်ကလိုနွဲ့မူမူနှင့်ပြန်မပြောတော့ဘဲ တွေတွေလေးဖြစ်သွားကာ စောစောက ဓားနှောင့်နှင့်ရိုက်နေသည့် ငါးကြီး၏ ဖျပ်ဖျပ်လူးနေသောပုံသဏ္ဌာန်ကို မြင်ယောင်လျက် ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေ၏။

"ညလေး. . ဘာဖြစ်လဲ၊ နေကောင်းလား"

အရိပ်လိုကြည့်နေသော မိုးနှင်းဆီက မျက်နှာမကောင်းဖြစ်နေသည့် ညီမငယ်၏ နဖူးကို ဖွဖွလေးစမ်းသပ်ရင်း မေးလိုက်သဖြင့် ဇလပ်ဖြူက ခေါင်းယမ်းကာ. .

"ကောင်းပါအယ်. . ဟိုမှာလေ ဒေါ်လေးနွယ်က ငါးအရှင်ကြီးကို ထု. . ထု. . နေတယ်"

"ဩော်. . သူက ဒီလိုပဲ ခပ်ကြမ်းကြမ်းရမ်းရမ်းပဲလေ. . သူ့ကိုသွားကြည့်မနေနဲ့၊ မျက်နှာသစ်၊ အလကား. ."

မိုးနှင်းဆီက မေမေကြည်ဆုံးမထားသဖြင့် ဘာမျှဆက်မပြောဘဲ ဒေါ်နွယ်မာကိုအောင့်အည်းသည်းခံလိုက်၏။

ညကတည်းက မကျေမနပ်ဖြစ်နေမိသည်။ သို့သော် . . ဇလပ်ဖြူအနေခက်သော မျက်နှာလေးကိုမြင်ယောင်လျက် မဟုတ်မခံစိတ်ကိုမျိုသိပ်ပြီး ညီမငယ်စိတ်ချမ်းသာစေရန်အတွက် အစွမ်းကုန် လိုက်လျှောပေးလိုက်သည်။

"ညလေး ဘာစားမလဲ"

"မုန့်ဟင်းခါး"

"တော်ကြာ ဒေါ်လေးနွယ်ချက်လိမ့်မယ်လေ"

"ဟင့်အင်း . . အဲဒီငါးအရှင်ကြီးကို ရိုက်ချက်ထားတာ မစားချင်ပါဘူး မလေးနှင်းရယ် . . ညတို့ခိုးထွက်စားမယ်နော် . . သူမသိစေနဲ့"

"အင်း . . ဒါဆို ခဏလေး၊ မကြီးစံကို တိုးတိုးလေးပြောသွားမယ်"

စိတ်ထားနူးညံ့၍ သတ္တဝါများအပေါ်တွင် သနားညှာတာတတ်သော ဇလပ်ဖြူ၏ စိတ်ကိုသိသော အစ်မများက ဇလပ်ဖြူစိတ်ချမ်းသာမှုကိုသာ ဦးစားပေးတတ်သည်။

ဒေါ်နွယ်မာ၏ သွေးသည် အဘယ်ကြောင့် ရက်စက်မှု ကြမ်းတမ်းမှုကို မလိုလားဘဲ . .

လေးငါးဝမ်းကွဲသော မေမေကြည်၏သွေးနှင့်တူနေသနည်း။





မေမေကြည်ကသာ ခြေလေးချောင်းသားမစား၊ မြင်သားကြားသားမစားတတ်ပေ။

"ဟော . . ရွှေသွေးလာ . . လာ မီ . . မီ . . မီ မလေးနှင်းရေ ရွှေသွေးလာပြီ၊ ညလေး ထမင်းကျွေးလိုက်ဦးမယ်နော်"

အိမ်လည်လွန်သော ကြောင်ထီးလေးကို ဇလပ်ဖြူမှာ ထိန်းမား၍ မရသောကြောင့် လာသည်နှင့်ထမင်းဆာနေမှာပဲဟူသော စိတ်ဖြင့်မီးဖိုထဲဝင်လာ၏။

"ဟဲ့ . . ဟဲ့ ဒီကြောင် . . ပေါ သွားစမ်း . . ကြည့်စမ်း . . ငါ့ မာန်ဖီလို့ . . ကဲ"

"အမလေး . . သေပါပြီ"

ဒေါ်နွယ်မာက ငါးခေါင်းဆွဲသွားသော ရွှေသွေးကို မာန်မဲပြီး ငါး ခေါင်းပြန်လုမည်အပြု . . ပါးစပ်ထဲ အစာရောက်နေသော ရွှေသွေးက ပြန်၍ မာန်ဖီလိုက်သောကြောင့် ဓားနှင့်လှမ်းခုတ်လိုက်သည်ကိုမြင်၍ မျက်လုံးထဲမှာ ရဲခနဲဖြစ်သွားသည်ကိုသာတွေ့ရပြီး လန့်တကြားအော်ကာ ပျော့ခွေကျသွားတော့သည်။

"ဟဲ့ . . ဟဲ့ သမီး . . ဘာမှမဖြစ်ဘူး . . ရွှေသွေးဘာမှမဖြစ်ဘူး"

မေမေကြည်က ဆီးပွေ့လိုက်ရင်း ပျာယာခတ်လှုပ်ရှားသွား၏။

ရွှေသွေးက ငါးခေါင်းကိုချီ၍ ထွက်ပြေးသွားလေသည်။

❖❖

အမှောင်ထုထဲတွင်စမ်းတဝါးဝါးနှင့် လျှောက်လှမ်းရင်း ရွှေသွေးကို အော်ဟစ်ရှာဖွေနေမိသည်။

အဆုံးအစမရှိသော အမှောင်ဟင်းလင်းပြင်ထဲတွင် တဂေ ကျော်အော်ခေါ်ကာ ရှာဖွေနေရသောကြောင့် မောဟိုက်ပင်ပန်းလာ ကြောက်စိတ်များဝင်လာလေသည်။

“ရွှေသွေးရေ ရွှေသွေး. . နင် ဘယ်မှာလဲဟင်၊ မီ. . မီ. မိမိ. . လာ. . လာ မီမီလာ”

လည်ချောင်းများကွဲအက်ခြောက်သွေ့အောင်အထိ အေ ဟစ်နေစဉ် မှုန်ပျပျအလင်းရောင်လေးတစ်ခုကိုတွေ့သော သာအားရနှင့် ပြေး၍တိုးဝင်ကြည့်၏။

“အမယ်လေး. . ရွှေသွေး”

တွေ့ပါပြီ ရွှေသွေး။ သွေးသံရဲရဲနှင့် အသားတစ်တစ်ခုကို ၍ ရွှေသွေးကိုယ်မှာလည်း သွေးသံရဲရဲနှင့်. .

“အား”

အလန့်တကြားအော်ဟစ်သံကား. .

“ဟော. . ဟော သမီးလေး၊သတိရလာပြီ. . သမီးလေး. သမီးလေး”

“ညလေး. . ညလေး”

“ရွှေသွေး. . ရွှေ. .”

“ရှိပါတယ်သမီးရယ်. . ဘာမှမဖြစ်ဘူး”





မေမေကြီးနှင့်မကြီးစံတို့ကို မပီမသ ဝိုးတဝါးတွေ့လိုက်ရသဖြင့် အငမ်းမရမေးလိုက်၏။

“ပိုင်နဲ့မလေးနှင်း တော်ကြာကျရင် ဖမ်းလာလိမ့်မယ်. . ညလေးမယုံမှာစိုးလို့ အိမ်ပြန်ဖမ်းခိုင်းထားတယ်”

“တကယ်လား”

မျက်ဝန်းထဲမှာ သွေးသံရဲရဲနှင့် ရွှေသွေးကိုမြင်ယောင်လျက် မယုံကြည်ဟန်ဖြင့် မေးလိုက်၏။

ထို့နောက် ဇလပ်ဖြူသည် တစ်ခုံတစ်ဦးကို ရှာဖွေယုံက်စဉ်ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာပြီး မောဟိုက်လာလေသည်။

ဇလပ်ဖြူ၏စိတ်ကို သိသောစံစပယ်က ဆံစလေးများကို လက်နှင့် ဖွဖွလေးသပ်တင်ပြီး. .

“ဒေါ်လေးနွယ်ကို မကြီးစံပြန်လွှတ်လိုက်ပါပြီကွယ်. . သူကလဲ ညလေးလန့်တတ်မှန်းမသိလို့ အမှတ်တမဲ့လုပ်လိုက်တာပါ. . ဘာမှမဖြစ်ဘူးနော် ညလေး. . တော်ကြာ မလေးနှင်းနဲ့ ပိုင်လေးလာရင် ရွှေသွေးပါလာလိမ့်မယ်နော်”

မယုံရဲစွာဖြင့် မျက်လုံးလေးမှိတ်ကာ မောဟိုက်မှုအတွက် အပန်းဖြေနေသည်။

ငယ်စဉ်ကတည်းက ခုချိန်ထိ မိမိမြင်တွေ့နေရသော မေမေကြည်နှင့် မမကြီးစံစပယ်တို့သည် နူးညံ့ညင်သာစွာ လှုပ်ရှားသွားလာကြသည်။

ဈေးမှပြန်လာ၍ ဈေးခြင်းချလျှင် မိမိနှင့် မလေးနှင်းတို့က အမြဲကူလုပ်ပေးနေကျဖြစ်၏။ ငါးအရှင်ကို တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးခဲ့. .

ရွှေသွေးလာတောင်းလျှင် အော်ငေါက်ပြီး ရွှေသွေးစားတတ်သော အသားစိမ်း. . ငါးစိမ်းကို အနည်းငယ်ခုတ်ကျွေးလိုက်၏။ ဤကဲ့သို့ ခါးနှင့်မပတ်ဖူးပေ။

ကြမ်းတမ်းလှသော မိခင်၏ဝမ်းဗိုက်၌ ဇလပ်ဖြူမွေးဖွားလာသည်မှာ ယုံနိုင်ဖွယ်ရာမရှိပေ။

"ဟော. . ဟော ကြောင်ရောသမီး"

"ဆေးရုံပေါ်ခေါ်လို့မရဘူးမေကြည်. . အောက်ကနေ လှမ်းပြမယ်တဲ့. . ညလေးထလို့ရလား"

"ဟဲ့. . ခြင်းထဲထည့်ပိတ်ထားတာမရဘူးလား"

"ပိုးမွှားတွေပါမှာစိုးလို့တဲ့"

"ဒါဆို ဘယ်မှာလဲ"

မိုးနှင်းဆီက ပြတင်းပေါက်မှတစ်ဆင့် အချက်ပြလိုက်ရင်း မေကြည်မေးသမျှကိုပြန်ဖြေကာ ဇလပ်ဖြူကိုကြည့်လိုက်၏။

"ညလေး သတိရပြီမဟုတ်လား"

"ရတော့ရပြီ. . မောနေသေးတယ်"

"ထူပေးပါလား. . ကြည့်ချင်တယ်"

"အေး. . အေး ရတယ်"





စံစပယ်နှင့် မိုးနှင်းဆီက ကပျာကယာလှုပ်ရှားလိုက်၏။ ခေါင်းရင်းပြတင်းကိုဖွင့်ပြီး ညီမငယ်အား ဖေးမကာ ပြတင်းပေါက်နားအထိ တွဲထူပေး၏။

ပထမထပ်မှ ဆေးရုံဝင်းလမ်းနှင့်ကပ်လျက်နေရာတွင် ပိုင်ဦးမောင်က ရပ်စောင့်နေပြီး ကြောင်ထည့်ထားသော ဆွဲခြင်းကိုမြင်သာအောင် မြှောက်ပြလိုက်၏။

"တွေ့လားညီမလေး. . ဟိုမှာ ပိုင်လေးဆွဲခြင်းထဲထည့်ထားတယ်. . အထဲမှာ ရွှေသွေးကိုမြင်လား"

"အင်း"

အင်းဟုသာ တိုတိုတုတ်တုတ်ဖြေလိုက်ပြီး မလေးနှင်း၏ ပခုံးကိုမှီချလိုက်သည်။

လှုပ်ရှားမှုဒဏ်ကို မခံနိုင်ဘဲ မောဟိုက်ပင်ပန်းလွန်းလှသည်။

"မောလား ညလေး"

ညီအစ်မနှစ်ယောက်က ခုတင်ပေါ်မှာ ငြိ၍လှဲသိပ်လိုက်ပြီး အသက်ရှူမဝဘဲ မောဟိုက်ပင်ပန်းစွာ အံသက်ရှူနေရသည့် ညီမငယ်အားကြည့်၍ ဒေါ်နွယ်မာကို မကျေမနပ်ဖြစ်နေကြသည်။

နောင်တစ်ခါ ဒေါ်နွယ်မာလာလျှင် လက်မခံရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ရင်စို့လေးကို နည်းနည်းထောက်ထားလိုက်"

မေမေကြည့်အသံကို သဲ့သဲ့ကြားလိုက်ရ၏။

မျက်လုံးများ ပြာနေသည်အထိ အသက်ရှူရသည်မှာ ပင်ပန်းလွန်းလှသည်။

"သက်သာရဲ့လား မကြီးစံ"

ပိုင်ဦးမောင်၏ တုန်ယင်သောအသံကိုကြားရသော်လည်း မျက်လုံးဖွင့်မကြည့်နိုင်ပေ။

"အင်း ခုနက လှုပ်ရှားလိုက်လို့ မောသွားတယ်ထင်တယ်"

"တအားမောနေရင် ဆေးစက်ချလိုက်လေ"

ချဉ်တင်တင် ဖန်တန်တန်ဆေးစက်ကလေး ပါးစပ်ထဲကျလာပြီးမှ အမောသက်သာသွားပြီး ပိုင်ဦးမောင်အား လှမ်းကြည့်မိသည်။

ရွှေသွေးဘယ်ရောက်နေလဲ. . ကားထဲမှာထားထားရင် အနေကျဉ်းနေမှာပေါ့. . ဟူသော စကားကိုပြောချင်သည်။

သို့သော်. . ပြောရန်အတွက် အတော်လေးအားယူနေရ၏။

"လပ်. . စကားမပြောနဲ့၊ နင်ပြောချင်တာကို ငါသိတယ်. . ရွှေသွေးကို ပါးပါးကားနဲ့ အိမ်ပြန်ပို့လိုက်ပြီ. . အိမ်ရောက်ရင် ဘယ်မှမသွားရအောင် နင့်အခန်းထဲမှာထည့်ပြီး တံခါးပိတ်ခိုင်းထားတယ်. . ပါးပါးလုပ်ပေးလိမ့်မယ်. . ဘာမှ မပူနဲ့. . နင်သာနေကောင်းအောင်နေနော်"

ရင်ထဲမှာ ကျေးဇူးတင်သွားသည်။

မိမိမျက်လုံးအကြည့်ကို ပိုင်ဦးမောင်သိတတ်နားလည်နိုင်စွမ်းရှိသည်ပဲ။





"ဖေဖေ့ကို ထမင်းပါကျွေးခိုင်းထားတယ်. . ကျွေးပေးမယ် ...တ်ချ. . တော်ကြာ မေမေကြည်နဲ့ မလေးနှင်းပြန်မှာပဲ. . ညှေ့သည် ...င်ခိုန်ကျရင် ငါ အောက်မှာစောင့်နေမယ်နော်. . ညကျရင် နင့်အခန်း ...မြင်ရတဲ့ ခုံတန်းလေးမှာစောင့်နေမယ်နော်. . နင်အားမငယ်နဲ့နော်"

စကားများနှင့် ကတွတ်တွတ်အားပေးတတ်သော ပိုင်ဦးမောင် ...ကြည့်ကာ ရင်ထဲမှာ အားမာန်တိုးလာပြီး အားကိုးအားထားဖြင့် ...ဦးမောင်လက်ကိုဆုပ်ကိုင်လျက်. .

"ငါ နေကောင်းပြီ. . နင်ပြန်"

"အင်း ပြန်တာပေါ့"

စိတ်ကျေနပ်စေရန်ပြောလိုက်သော်လည်း ပြန်မည်မဟုတ် ...။ မနှစ်ကလည်း ဆေးရုံမှာ ဤကဲ့သို့စောင့်လျက်နေဖူးသည်။ စာကို ...ဆေးရုံအောက်ခတ်တိုင်မှာကျက်ရင်း သူမအား စောင့်ကြည့်နေခဲ့ဖူး ...။

မနှစ်ကတည်းက မေမေကြည်၏ သမီးအရင်းမဟုတ်ကြောင်း ... မေမေကြည့်နှုတ်ဖျားမှ ဖွင့်ဟပြောလာသောအခါ စိတ်ထိခိုက်လွန်း ... စားမဝင် အိပ်မပျော်နှင့် စာကျက်ချိန်များပြီး သတိလစ်သွားကာ ...ဆေးရုံ၏ နှလုံးအထူးကုဆောင်မှာ ငါးရက်ခန့်နေနေရသည်။

ခနေ့ဘက်မှာ မေမေကြည်စောင့်ပြီး ညဘက်မှာ မကြီးစံနှင့် ...လေးနှင်းတို့စောင့်ပေးကြ၏။

ပိုင်ဦးမောင်က သူမအား သုံးရက်အထိ ညရေးညတာကို

စိတ်မချမ္းသာဖြင့် ပြတင်းပေါက်နှင့် တည့်တည့်ကိုခုံတန်းလျားရှေ့
စောင့်နေခဲ့၏။

ခွာတ်မီးတိုင်အောက်တွင် စာကျက်ပြီး စောင့်နေခဲ့သ
လေပ်ဖြူလမ်းလျှောက်နိုင်မှ အိမ်ပြန်အိပ်သူပင်ဖြစ်၏။

ယခုလည်း ဒီလိုပဲစောင့်နေမှာပဲ. .

"ပိုင် နင်ပြန်ပါ. . နင်ရှိနေရင် ငါအိပ်ပျော်မှာမဟုတ်ဘူ

"အေးပါ. . ညကျရင် ပြန်မယ်. . နီးနီးလေးပါ. . မလေးန
ဘာစားချင်လဲလို့ ဝယ်ပေးဦးမှာ. . နင် နေကောင်းနေတာ ငါတွေ
တော့ စိတ်ချပါပြီ၊ ပြန်မှာပါ"

"ပြန်မှာပါ" ပြောပြီး ဒီနေ့ညမှာ သူမပြန်ဘဲ ခွာတ်တ
အောက်မှာ စောင့်နေမှာကိုမြင်ယောင်လျက် စိတ်မကောင်းဖြစ်သွား

မလေးနှင်းဆီလည်း အလုပ်ပျက်ပြီ။ မကြီးစံလည်း အလ
များပြီ။ မေမေကြည်ကလည်း စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရပြီ။

ဒီရောဂါကြီးက ဘာလို့ရှိနေရတာလဲ. .

"ကောင်မလေး ဘာတွေစဉ်းစားနေတာလဲ. . တစ်ခါတ
အိမ်မှာပျင်းလို့ အမြင်ဆန်းသစ်သွားရအောင် ဆေးရုံကိုလာလည်
ပါကွာ. . နင် စာမေးပွဲဖြေပြီးလို့ အားရှိသွားရင် နှလုံးရောဂါကို ခွဲစိ
ကုသလိုက်မယ်. . အဲဒါဆို ပျောက်သွားပြီ. . ဒီရောဂါအတွက်ကို စိ
အနှောင့်အယှက်မဖြစ်နဲ့နော်"

"ဟုတ်တယ် ညလေး. . မလေးနှင်းလဲ ရုံးအလုပ်တွေများ





ခွင့်ယူမလို့စိတ်ကူးနေတာ အတော်ပဲ. . မလေးတစ်ညလုံးအိပ်နိုင်ပြီ"

ဘာမှမစဉ်းစားချင်တော့ပေ။ မိမိအတွေး ဘယ်ကိုရောက်ပြီး
ဘာစဉ်းစားနေသလဲဆိုတာကို ပိုင်ဦးမောင်က သိနေပြီးမို့ မျက်လုံးမှိတ်
ကာ အိပ်ပျော်အောင်ကြိုးစားလိုက်၏။

ရှေ့သွေးဘာမှမဖြစ်ဖူး. . စိတ်ချရပြီး

✤✤

"ပန်းနီနီမပေးနဲ့ကွယ် မပန်ချင်ဘူး×× ချစ်ဦးသူနဲ့လွဲမှာစိုးလို့
ပန်းနီနီမပေးပါနဲ့ကွယ် ပန်ချင်ဘူး"

သီချင်းလိုလို စကားပြောလိုလိုနှင့် စက်ချုပ်ရင်း မဝင်းမေရဲ့
သီချင်းသံသဲ့သဲ့ကိုကြားလိုက်ရပြီး နှင်းဆီနီကို ကပျာကယာဖွက်လိုက်
၏။

ပေးတာမဟုတ်ပါဘူး. . ပိုင်ပေးတာမဟုတ်ဘူး. . ခိုးလာ
တာ။ ပိုင်တယုတယရေလောင်းထားတဲ့ ပန်းပွင့်လာတာတွေ့တော့
တမင်ပိုင့်ကို စချင်၍ ခိုးဆွတ်လာခြင်းဖြစ်သည်။

သို့သော်. . နှင်းဆီပန်းက အနီရောင်ဆိုတာကို လုံးဝမေ့သွား
၏။

ဒါကြောင့်လည်း ပိုင်က မပေးတာကိုး။

သူကလည်း ဘာရယ်မဟုတ်၊ ပိုင်တစ်ယောက် မိုးဦးကျက နှင်းဆီဝင်ပေါက်ကိုဝယ်ကာ တယုတယပျိုးပြီး ရေလောင်းထားခဲ့၏။ ယခုပွင့်လာတော့ နှင်းဆီနီဖြစ်နေ၍ တမင်ခူးမလာခြင်းဖြစ်သည်။

မိမိမျက်လုံးကလည်း မြင်ဖြစ်အောင်မြင်လိုက်သေးသည်။

မကြီးစံအတွက် လမ်းထိပ်က စတိုးဆိုင်မှာ ကြယ်သီးလို၍ ပြေးဝယ်ပြီး အပြန်မှာ ပိတ်ထားသော ပိုင့်အိမ်ကိုကြည့်မိသည်။ ပိုင်တို့ သားအဖက မြို့ထဲမှာ သင်တန်းရှိနေ၍ နေ့လယ်အိမ်သို့ပြန်မလာဖြစ်တော့။

နံနက်တိုင်းတွေ့နေရသော်လည်း ပိုင့်အိမ်မှာ တံခါးပိတ်ထားတာမြင်နေရလျှင် ရင်ထဲမှာ လွတ်ဟာပြီး ပိုင့်ကို သတိရနေမိတာ ဘာကြောင့်လဲ. .

မကြီးစံနှင့်မေမေကြည်လို အနားမှာ အမြဲရှိနေစေချင်သည်။

မလေး မိုးနှင်းဆီကတော့ တစ်ခါတလေ ရုံးကိစ္စနှင့် ခရီးထွက်ရတတ်သဖြင့် မမလေးနှင်းမရှိလည်း နေလို့ရသည်။ ဒီလောက်ရင်ထဲမှာဟာမနေတတ်။

မေမေကြည်ရယ်. . မကြီးစံရယ်. . ပိုင်ရယ်မရှိလျှင် မနေတတ်တော့။

ညဘက် ပိုင်ပြန်ရောက်လျှင် မိမိထံပြေးလာပြီး စာဝိုင်းကျက်ပေးနေတာတောင် ပိုင့်ကိုလွမ်းနေတာ ဘာကြောင့်လဲ. .





“ရှုပ်ပါတယ်. . ဒီပန်းနီနီကို ငါယူထားရတာ နိမိတ်မကောင်းပါဘူး. . ဘုရားခန်းသွားထားမယ်”

မိမိအိပ်ခန်းမှ ပန်းအိုးမှာ အကျအနထိုးပြီးမှ စိတ်ထဲမှာ မသိုးမသန့်ဖြစ်ပြီး ဘုရားစင်မှာ တင်ထားလိုက်သည်။

နှင်းဆီအနီရဲရဲ အငုံကြီးကြီးမို့ ပွင့်လာလျှင် ပန်းပွင့်အကြီးကြီးဖြစ်မှာပဲဟုတွေးကာ ဘုရားကိုကပ်လှူရင်းက အမှတ်မထင်ဆုတောင်းလိုက်မိသည်။

“အရှင်ဘုရား. . ဤကဲ့သို့ ပန်းကပ်လှူရခြင်းအကျိုးကြောင့် တပည့်တော်နှင့် ပိုင်ဦးမောင်တို့သည် တစ်သက်လုံး မခွဲမခွာဘဲ အတူတကွ နေရပါလို၏ အရှင်ဘုရား”

ပန်းပွင့်အဓိဋ္ဌာန်ပြုပြီး ပျော်ရွှင်စွာဖြင့် ဘုရားခန်းမှထွက်လာလိုက်၏။

စိတ်ထဲမှာ လန်းဆန်းပေါ့ပါးသွားသလိုပင်။

“ညလေး နေ့လယ်ကျရင် မုန့်ဟင်းခါးရေကျဲလေးစားမလား. . မကြီး ငါးပြုတ်လိုက်မယ်နော်”

“ရပါတယ်. . မကြီးစံက စက်ချုပ်နေရတာပဲ. . ညလေးပဲ လုပ်လိုက်ပါ့မယ်”

အပ်ထည်များဖြင့် လက်မလည်သော မကြီးစံအား ညာတာလိုက်၏။

“ညလေးစာကျက်ပါ”

“မကြီးကျောလေးဘာလေးဆန့်ဦးလေ”

"တဲ. . တဲ မကြီးလဲမလုပ်နဲ့. . ညလေးလဲမလုပ်နဲ့. . မေ
ကြည်ပဲလုပ်မယ်. . သူလုပ်ငါလုပ်နဲ့ ဟင်းအိုးက ကျက်နေလောက်ပြ
တဲ. . အငယ်လေးတ စာကျက်ရတာ ငြီးငွေ့ရင် ကြက်သွန်လာခွာ. .
မကြီးစံက ကိုယ့်ညီမကျေနပ်အောင် အိပ်ရာပေါ်မှာကျောဆန့်လိုက်. .
ဟုတ်ပြီလား"

မေမေကြည်က ရယ်မောလျက် သူတို့ညီအစ်မနှစ်ယောက်
ကြားမှာ ပြဿနာကိုဖြေရှင်းပေးလိုက်၏။

"မကြီးစံချက်ချက် ညလေးချက်ချက် မေမေကြည်ပဲချက်
ချက်. . ဝင်းမေတို့ကစားဖို့ဆိုရင် အားလုံးထောက်ခံတယ်နော်. . နီနီ"

မကြီးစံ၏ အကူစကားချုပ်သမားနှစ်ယောက်က ဝင်၍ နှော
လိုက်၏။

"ဒါကြောင့် မမဝင်းမေက ပိန်နေတာကိုး"

"စာ ခင်ဗျာ့စာ. . စာ၊ မဇလပ်ဖြူပါပဲဗျာ"

ရင်းနှီးနေသော စာပို့သမား၏အသံကြောင့် ပျော်ရွှင်စွာ
နောက်ပြောင်ရယ်မောနေရာမှ လှစ်ခနဲပျောက်သွားသော ဇလပ်ဖြူ
ကို ကြည့်၍ အမျိုးသမီးလေးဦးတို့ စိတ်ဝင်စားစွာ လှမ်းကြည့်ကြပြီး. .

"ကိုကြီးဆီကထင်တယ်"

"မဟုတ်ဘူး မကြီးစံ၊ လက်ရေးကမတူဘူး. . ဘယ်သူ့ဆီက
ပါလိမ့်"

အားလုံး၏မျက်လုံးများက စာအိတ်ပေါ်မှာကျရောက်ကာ
စိတ်ဝင်စားနေကြ၏။





"ချစ်သော ဇလပ်လေး. . တဲ့. . "

ဇလပ်ဖြူက အံ့အားသင့်စွာဖြင့် အသံထွက်ဖတ်လိုက်သည်။

"အစကတော့ နိုင်ငံခြားကို ပြန်မထွက်တော့ဘူး. . ကိုယ့်တိုင်း
ပြည်မှာပဲလုပ်ကိုင်စားမလို့ပဲ. . ဒါပေမဲ့ ဇလပ်လေးကိုတွေ့ရတော့
ကြင်နာသူက စာသင်တုန်းအရွယ်ဆိုတော့ နိုင်ငံခြားကို ပြန်ထွက်သွား
ပြီ. . ဇလပ်လေး ကိုယ့်ကိုကြောက်နေလိမ့်မယ်လို့ထင်ပါတယ်. .
စ်ဇွတ်ထိုးနဲ့ အရူးအမူးအပြုအမူတွေအားလုံးဟာ ဇလပ်ကလေး
အတွက်ပဲလို့ထင်မှတ်ပြီး ကိုယ့်ကို နားလည်ခွင့်လွှတ်ပေးပါ. . သိပ်
စ်လွန်းတဲ့ဇလပ်အတွက်ကို တုံ့ပြန်ခံစားပေးပါနော်. . ကိုယ်ပြန်လာ
င် ဇလပ်ဆီက တုံ့ပြန်ချစ်ခင်မှုကို လိုချင်ပါတယ်. . ခုကတည်းက
ိုယ့်အတွက်ခံစားနိုင်အောင်လို့ ဓာတ်ပုံထည့်ပေးလိုက်ပါတယ်. .
လပ်ရဲ့ ဓာတ်ပုံကိုလဲ သွားလေရာရာမှာ အမြဲထည့်ယူသွားတာကို
ညာခံစားပြီး စဉ်းစားပေးပါနော်. . ဇလပ်စာမေးပွဲဖြေနိုင်ပါစေတဲ့. .
င့်အင်း ဘယ်သူလဲမသိဘူး. . ဓာတ်ပုံထည့်ပေးမယ်ဆိုပြီး ပါလဲ မပါ
လား"

ဇလပ်ဖြူက စာအိတ်ကိုဖြန့်ကြည့်ကာ မျက်နှာနီနီနှင့် ရှက်
တ်ဖြင့်တုန်ယင်နေ၏။

"ဇလပ်တို့က သိပ်စန်းပွင့်တာပဲကွာ. . မြင်မြင်ချင်းချစ်ပါရ
လို့ အမည်မသိသူကတောင် ကမ်းလှမ်းတယ်. . ဒို့များကျတော့
ယ်သူမှ ကမ်းလှမ်းတဲ့သူမရှိပါလား"

"နိုင်မင်းထွန်းတဲ့ သိပ်တင်စီးတဲ့နာမည်ပဲနော်. . မကြီးစံ. . တိုလူများလား. . "

ပဟေဠိဖြစ်ကာ နာမည်ကိုရေရွတ်ပြီး ကားနှင့်လိုက်လာသူကို ပြန်၍တွေးကာ ပုံဖော်ကြည့်လိုက်ရင်း. . နှုတ်ခမ်းလေးကိုမဲ့ကာ. .

"ဟင်း. . သူ့များခံစားကြည့်ရဦးမယ်တဲ့. . တစ်သက်လုံး မ စားဘူး သွား. . အရှုးစာ"

"ဟဲ့. . မဆုတ်ပစ်ပါနဲ့၊ မလေးနှင်းဆီကိုပြရအောင်လေ"

"အလကား. . မလေးဦးနှောက်စားပြီး မျက်စိညောင်းလိ မယ်"

မကြီးစံက ဆုတ်ဖြဲရန်ပြင်လိုက်သော ဇလပ်ဖြူ၏လက်ထဲမှ ဓာကို လှမ်းယူထားလိုက်၏။

"ပိုင်ဦးမောင်ကိုပြလိုက်လေ. . သူက အမြဲစိတ်ပူနေတာပဲ. . အခု နိုင်ငံခြားရောက်နေတယ်ဆိုတော့ ပူစရာမလိုတော့ဘူးပေါ့. . အနည်းဆုံးတစ်နှစ်ပဲ. . ဒီကြားထဲမှာ ပိုင်ဦးမောင်ကို လက်ထပ်လိုက် ရင် ဘယ်လိုမှ နှောင့်ယှက်လို့မရတော့ဘူးပေါ့"

"ဟာ. . မမဝင်းကလဲ အသက်ငယ်ငယ်လေးတွေကို ဘာတွေ လျှောက်ပြောနေလဲမသိဘူး"

ဇလပ်ဖြူက ရှက်ကိုးရှက်ကန်းနှင့် မျက်နှာတစ်ခုလုံး ရဲရဲနီသွား ပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

ပိုင်ဦးမောင်နှင့် ဇလပ်ဖြူကို တစ်လမ်းလုံးက စနောက်နေ





သည်မှာ ငယ်စဉ်ကတည်းကဖြစ်သော်လည်း သူတို့နှစ်ဦးလုံးမှာ ဂရုမ စိုက်မိကြပေ။

သို့သော်. . တစ်ယောက်နှင့်တစ်ယောက်က နားလည်ငဲ့ညှာ ပြီး သူတို့နှစ်ဦးမှလွဲ၍ ဤလောကကမ္ဘာမြေပြင်တွင် နောက်ထပ်ချစ် ရမည့်သူ၊ တွယ်တာရမည့်သူမရှိတော့ဟု ယူဆထားမှုရသည်ထင့်. .

ပိုင်ဦးမောင်အဖို့ ဖခင်၏ အင်္ဂလိပ်စာသင်တန်းများကြားမှာ ပြေးလွှားနေပြီး ကိုယ်တိုင်ကလည်း ကွန်ပျူတာသင်တန်းတက်နေစဉ် မို့ မအားလပ်ခဲ့ပေ။

သို့ရာတွင် ကျောင်းမနေတော့ဘဲ အပြင်ဖြေရန် ရည်ရွယ်ထား သော ဇလပ်ဖြူ၏ ကျူရှင်ချိန်ကိုတော့ အားလပ်ပေးပြီး ဘယ်သူမှ မနှောင့်ယှက်နိုင်အောင် ကိုယ်ရံတော်လေးလုပ်ထားလိုက်၏။

ချောမောလှပ၍ ကြောက်တတ်သော ဇလပ်ဖြူကလည်း ပိုင် ဦးမောင်မပါလျှင် မသွားတတ်၊ မလာတတ်ဖြစ်နေသည်အထိ ပိုင်ဦး မောင်ကို အားကိုးသည်။

သူတို့နှစ်ဦး၏ ခိုင်မြဲသော သံယောဇဉ်ကြိုးကို ဘယ်သူတွေ က ဖြတ်တောက်လို့ရမှာလဲ။

ဇလပ်ဖြူနှုတ်ခမ်းလေးမှာ ပြုံးရိပ်တင်သွားပြီး တသိမ့်သိမ့် ခုန်နေသော ရင်ကိုခေါင်းအုံးနှင့် ဖိကပ်ထားလိုက်ရင်းက. .

"အားတော့နာပါတယ်. . နိုင်မင်းထွန်းဆိုတဲ့လူကြီးရယ်. . ရှင်က ကျွန်မကို မရမကယူပြမယ်ဆိုပေမဲ့ ကျွန်မရင်ထဲ အသည်းထဲ

က ပိုင်တစ်ယောက်ပဲရှိနေတော့ ဘယ်လိုလုပ်ယူနိုင်မလဲနော်. . ရှင့်ဘာသာရှင် အသစ်ရှာပြီး ချစ်လိုက်တော့ပေါ့. . ကျွန်မ ရှင့်ကို လုံးဝ မချစ်နိုင်ဘူး"

မျက်လုံးလေးမှေးစင်းလျက် အတွေးအာရုံထဲမှ ပိုင့်အား ပုံဖော်ကြည့်ကာ. .

"ကျွန်မ ပိုင့်ကိုသိပ်ချစ်တယ်. . ပိုင်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်ဘူးသိလား. . ပိုင့်ကိုပဲချစ်တာ. . ပိုင့်ကိုပဲလက်ထပ်မှာ. . ကျွန်မ လက်ထပ်မယ့်သူက ပိုင်ကစ်ယောက်တည်းပဲလေ"

ခေါင်းအုံးကို ရင်မှာပွေ့ထားပြီး ဆယ်ကျော်သက်ကောင့်မလေးစိတ်ကူးယဉ်ကာ ပြုံးနေလိုက်၏။ မကြီးစံစပယ်က အိပ်ခန်းဝမှ ချောင်းကြည့်ပြီး သက်ပြင်းရှည်ကြီးချကာ တိုးဖွသော ခြေသံနှင့် ပြန်ဆင်းလာလိုက်၏။

❖❖

စာရွက်ကို တင်းတင်းလေးဆုပ်ကိုင်ရင်းက မကျေမနပ်နှင့် အံကြိတ်လိုက်မိသည်။

"ဒီလူက သိပ်ဖွဲကြီးပါလား မေမေကြည်ရာ. . ရဲလဲ သိပ်ရဲတာပဲနော်"





"အဲဒါ မေမေကြည်လဲ စိုးရိမ်တယ်. . ဘာပဲဖြစ်ဖြစ်လေ. . သမီးလေးဆယ်တန်းစာမေးပွဲဖြေပြီးရင် အားမွေးပြီး နှလုံးရောဂါကို ခွဲစိတ်ကုသလိုက်မယ်. . ပြီးရင် သားနဲ့ လက်ထပ်ပေးမယ်"

"အာ. ."

ရုတ်တရက်ရှက်သွားပြီး မျက်နှာနီနီနှင့် ခေါင်းယမ်းလိုက်မိ၏။

"ဇလပ်က သိပ်ငယ်သေးတယ်. . ဆယ့်ရှစ်နှစ်ကျော်ကျော်ပဲရှိဦးမှာပဲ မေမေကြည်ရာ"

"သားက ဇလပ်ကို မချစ်ဘူးလား. . လက်မထပ်ချင်ဘူးလား"

"အာ. . အဲဒီလိုမဟုတ်ပါဘူး မေကြည်ကလဲ. . သိပ်မြတ်နိုးလွန်းလို့ ထားစရာကိုနေရာမရှိဘူး"

မေမေကြည်သက်ပြင်းသဲ့သဲ့ချလိုက်ရင်းက. .

"အင်း. . သမီးလေးက သိပ်လှတော့ သူ့အတွက်ကို မေမေကြည်စိတ်မအေးရဘူး. . သားက အနားမှာ အမြဲစောင့်ရှောက်နိုင်လို့ပဲပေါ့"

ပိုင်ဦးမောင်ရင်ထဲမှာ ပူလောင်သွား၏။ သူလည်းပဲ စိတ်မချနိုင်ပါ။

လုံခြုံမှုအတွက် သူ အမြဲစိုးရိမ်နေရသည်။ ယခုကဲ့သို့ စာရောက်လာတာမြင်တော့ ပို၍စိုးရိမ်သွား၏။

တာနောယကွာလိုပဲ အာခံတွင်းထဲမှာ ငုံထားလို့ရရင် ငုံထားချင်ပါရဲ့. .

"ဒီလူ နိုင်ငံခြားမရောက်သေးဘူး မေမေကြည်. . ဒါ မြန်မ
ပြည်ကထည့်တဲ့စာပဲ. . တံဆိပ်တုံးကိုကြည့်. . ပန်းဘဲတန်းလား. . ဗဟာ
လားမသိဘူး. . တံဆိပ်တုံးက ပျက်နေလို့ ဝိုးတဝါးပဲ. . ထွက်ခါနီး
ထင်ပါတယ်. . ဒါဆို တစ်နှစ်လောက်ကတော့ စိတ်ချလို့ရပါတယ်.
ဒီလူပေါ်လာမှ တစ်မျိုးစီစဉ်ကြတာပေါ့. . လောလောဆယ်တော
ဒီကိစ္စကိုမေ့ထားလိုက်ပါ မေကြည်ရာ. . သိပ်စိတ်မပူပါနဲ့. . ဇလ
စာမေးပွဲဖြေခါနီးမှာ စိတ်အနှောင့်အယှက်ဖြစ်နေပါ့မယ်. . ပြီး
ရာသီဥတုအေးမြတဲ့ ဇွန်လဆန်းလောက်မှာ ခွဲစိတ်ကုသတာ
နော်. . ကျွန်တော့်ရဲ့ လုပ်အားခတွေကို လုံးဝမသုံးဘဲစုထားတယ်.
ဇလပ်ခွဲစိတ်ကုသရင် ငွေရေးကြေးရေးမပူပင်ရအောင်လို့ပေါ့"

မေမေကြည်စိတ်ချမ်းသာစေရန်အတွက် စကားရှည်ရှည်
ပြီး နှစ်သိမ့်လိုက်သည်။

မေမေကြည်က ခေါင်းညိတ်လိုက်ရင်းက. .

"သူ့အစ်မနှစ်ယောက်ကလဲစုထားပေးတယ်. . သူ့အစ်
ကြီးကလဲ ငွေပို့ပေးထားတာဝဲ. . ဘာမှ ပူစရာမရှိပါဘူးသားရယ်.
သားက သမီးလေးအတွက်ကို အားကိုးအားထားရမယ့်သူပါ. . သ
လေးက သားကို သိပ်ယုံကြည်အားကိုးတာ"

မေမေကြည်က ရှုပ်ချောပြီး စကားပြောလိမ္မာသော ပိုင်
မောင်အတွက်ကို စိတ်မချဖြစ်ရ၏။

သမီးရှင် အတော်များများက၊ အဖေတစ်ခု သားတစ်ခုဖြစ်





အကျင့်စာရိတ္တကောင်းသော အေးချမ်းသော ပိုင်ဦးမောင်ကို သမက်
ဖမ်းချင်သူအများအပြားရှိကြောင်း ရိပ်မိထားသဖြင့် စိတ်မချချင်. .

သို့ရာတွင် ပိုင်ဦးမောင်စိတ်ထဲမှာ ဇလပ်ဖြူတစ်ယောက်သာ
ရှိနေကြောင်း သိထား၍ အနည်းငယ်စိတ်အေးရ၏၊

"ဇလပ်. . မပြီးသေးဘူးလားကွာ. . ကြာလိုက်တာ"

လှေကားထိပ်မှ လှမ်းအော်ကာခေါ်လိုက်၏။ ထိုအခါတွင်
ပိုင်ဦးမောင်အပေါ်တွင် အစဉ်အမြဲအနိုင်ယူဆိုးနွဲ့လျက်ရှိသော ဇလပ်
ဖြူ၏အသံစွာစွာလေးထွက်လာ၏။

"ရေချိုးနေတာပါ. . ငါးမိနစ်ထက်ပိုကြာလို့လား. . အစော
ကြီးရှိသေးတယ်"

"ဒီနေ့ စနေတနင်္ဂနွေနေ့ဆိုတော့ လူများလိမ့်မယ်လေ. .
တော်ကြာ နောက်မှာထိုင်ရလို့ မူးတယ်. . မောတယ်ဖြစ်နေဦးမယ်"

"ဟင်း. . မနေ့ကပဲ စာအုပ်တင်ထားပြီး နေရာဦးထားတာပဲ
မဟုတ်လား"

"အေး. . သူများက ဖယ်လိုက်မှာစိုးလို့"

"အဲဒါဆိုလဲ မတက်တော့ဘူးကွာ"

ဇလပ်ထံမှ စိတ်ကောက်သောလေသံကြားရသောအခါ ပိုင်ဦး
မောင်အစလွန်သွားမှန်းသိလိုက်သဖြင့် မျက်လုံးပြူးသွားပြီး မီးဖိုထဲတွင်
အလုပ်ရှုပ်နေသော မကြီးစံကိုပြေးခေါ်ပြီး. .

"မကြီးစံ. . သားလုပ်ထားလိုက်မယ်. . ဇလပ်စိတ်ကောက်

သွားလားမသိဘူး. . သွားချော့ခေါ် ပေးပါဦး. . မြန်မြန်လေးထပါ. . တော်ကြာ အချိန်မမီဘဲ နေဦးမယ်"

"ဟဲ့. . ဟဲ့. . နေပါဦးဟဲ့. . လက်ဆေးပါရစေဦး. . စတုန် တ စပြီးတော့ ငါ့ပဲ ချော့ခိုင်းနေတာပဲ. . ကိုယ့်ဘာသာကိုယ်သွားချေ ပါလား"

"မချော့တတ်လို့ပေါ့ဗျာ"

"စတော့စတတ်တယ်နော်. . ကဲ မလုပ်ပါနဲ့. . ကြက်သွန်စေ နံနေဦးမယ် ထားထားပါ"

မကြီးစံက တဗျစ်တောက်တောက်ပြောပြီး လက်ဆေးပြီး တိုင် မှာချိတ်ထားသော အဝတ်စုတ်နှင့် လက်သုတ်ပြီး အိမ်ပေါ်ထပ်သို့ သုတ်သီးသုတ်ပျာတက်သွား၏။

နူးညံ့သိမ်မွေ့သော မကြီးစံကို ဇလပ်ဖြူက အလွန်ချစ်သည် ငယ်စဉ်ကတည်းက မကြီးစံရင်ခွင်မှာ မှေးအိပ်နေကျဖြစ်၏။ တစ်ခါ တစ်ရံတွင် မေမေကြည်နှင့်အိပ်တတ်၍ မေမေကြည်အသက်ကြီးလာ တော့ မကြီးစံဆီမှာပဲ ပင်တိုင်အိပ်ကာ မေမေကြည့်အား လွတ်လပ်စွာ အိပ်စေ၏။

ထို့ကြောင့် မကြီးစံပြောစကားဆိုလျှင် မြေဝယ်မကျနာခံ၏။

"ကလေး မြန်မြန်လုပ်လေ. . ပြီးရင် အပြင်မှာဘာမှမစားလာ နဲ့နော်. . ဒီနေ့ ဆရာကြီးကိုပါခေါ်လာခဲ့ဦး"

"မကြီးစံက ဘာချက်ထားမှာလဲ"





"အုန်းထမင်းလေ"

"ပါးပါးက မအားဘူး. . ပိုင်လဲမအားဘူး. . ဆယ့်တစ်နာရီခွဲ ပြန်လာမယ်. . သူတို့နှစ်ယောက်စာကို ချိုင့်နဲ့ထည့်ပေးလိုက်ပေါ့"

ဇလပ်ဖြူက သနပ်ခါးရေကျဲလေးလိမ်းထားပြီး ဆံပင်ကိုဖြီးနေ ၏။ ဆံပင်ပါးပါးနဲ့ နွဲ့နွဲ့လေးမို့ အထူးတလည်ဖြီးစရာမလိုပေ။ ခါးထိ ရှည်သော ဆံပင်ကို ဒီအတိုင်းချထားပြီး မကြီးစံ၏လက်ရာ တရုတ် ဝိတ်အဖြူခံပေါ် ခဲရောင်အပွင့်နုတ်နုတ်လေးကို လည်ပင်းပုံဆန်းဆန်း လေးနှင့် လက်ဖောင်းအစည်းလေးချုပ်ထား၏။ ထဘီနှင့် အကျီဆင်တူ ဖြစ်၏။

ဇလပ်သည် ကျပ်၍ ပူလောင်သော အကျီများကို မဝတ်တတ် ပေ။ ခေတ်ပေါ်ထဘီကျပ်အကျီကျပ်နောက်တွဲ၊ ဘေးကွဲစကပ်များ၊ ကပ်ထဘီများကိုဝတ်၍ မရပေ။

တစ်ခါတစ်ရံတွင် ဂါဝန်ပွပွလေးများဝတ်ဆင်တတ်၏။

အလွန်ပူအိုက်တတ်၍ စိတ်ရှုပ်တတ်သော န်းကလေးမို့ ဇလပ်အကြောင်းသိသူများက ဇလပ်၏ ဝတ်စားဆင်ယင်မှုကို မကဲ့ရဲ့ ကြပေ။

"စာအုပ်တွေထည့်ပြီးပြီလား"

"ဟုတ်ကဲ့"

"ပိုင့်ကို မကြီးစံမမှာရသေးဘူး. . ညလေးသတိပေးလိုက် နော်"

"ဟုတ်"

"ဆရာ့ကိုလဲ ပြောလိုက်လို့ ဘာမှမမှာထားနဲ့လို့ အုန်းထမင်းတွေအများကြီးထည့်ပေးလိုက်မယ်. . ပြီးတော့ သွေးတိုးမှာကြောက်ရင် စားပြီးရင် သံပရာရည်သောက်ရအောင်. . သကြားရည်နဲ့ သံပရာသီးထည့်ပေးလိုက်မယ်လို့"

"ဟုတ်"

သုံးဆယ့်ငါးနှစ်ကျော်လာပြီဖြစ်သော စံစပယ်သည် တတွတ်တွတ်မှာ၍ မဆုံးတော့. .

ဇလပ်က လွယ်အိတ်လေးကိုကောက်လွယ်၍ စံစပယ်၏ ပါးဖောင်းဖောင်းလေးကို ရွတ်ခနဲအားရပါးရနမ်းလိုက်ရင်းက. .

"အပျိုကြီး. . အဘွားကြီးပေါက်စ၊ မှာလို့မပြီးတော့ဘူး. . ကဲ တစ်ယောက်တည်းပြောနေတော့ သွားပြီ"

"ဟဲ့. . ဒီကောင်မလေး"

အိမ်ပေါ်မှ ကပျာကယာပြေးဆင်းလာခဲ့၏။

အောက်ထပ်ရောက်တော့ ပိုင်ဦးမောင်ကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"တစ်ခါတည်းလောနေတာပဲ. . အဲဒီလောက်လောနေရင် နောက်လာမခေါ်နဲ့"

"နင်က နှေးလွန်းလို့ ဆယ်မိနစ်စောအော်မှ တော်ရုံကျမယ်. . ပြီးတော့ ထွက်လာတော့လဲ ဒီအတိုင်းပဲ"





"ဟင်း"

ခြေလေးဆောင့်ကာ ရှေ့မှထွက်သွား၏။

ပိုင်ဦးမောင်က ပြောင်ချော်ချော်မျက်နှာနှင့် မေမေကြည်နှင့် မကြီးစံဘက်လှည့်ကာ ခါးကိုင်း၍ အလေးပြုပြီး ဇလပ်ဖြူနောက်ပြေးလိုက်သွားတော့သည်။

မကြီးစံက သဘောကျစွာ ပြုံးရင်းက. .

"ဒီကောင်လေးက သိပ်ခင်ဖို့ကောင်းတာပဲ. , ဇလပ်အပေါ်မှာလဲ စိတ်ရှည်လက်ရှည်နဲ့ သည်းခံတတ်တာ သူတစ်ယောက်တည်းရှိတယ်"

မေမေကြည်က သက်ပြင်းတိုးတိုးချလိုက်၏။

ပိုင်က သမီးလေးကို သိပ်မြတ်နိုးတာပဲလား. . ပိုင်ပြောသလိုသာဆိုရင် သမီးလေးဘဝဟာ စိတ်ချမ်းသာစရာပဲပေါ့။

သူ့ကို အလိုလိုက်ပြီး သိပ်ကြင်နာတတ်တဲ့ ချစ်သူယောက်ျားလေးတစ်ယောက်ရှိနေခြင်းဟာ ကံကောင်းခြင်းမင်္ဂလာပဲပေါ့။

✤✤✤

## အခန်း (၃)

"မကြီးစံ. . မကြီးစံ"

"ဟဲ့. . ဟဲ့ ဘယ်လိုဖြစ်တာလဲ. . လှေကားပေါ်ကနေ ပြုတ်ကျပါဦးမယ်"

ကပျာကယာပြေးဆင်းလာသော ဇလပ်ဖြူကြောင့် စံစပယ် လန့်သွားပြီး စက်ချုပ်နေရာမှ ရုတ်တရက်ထရပ်လိုက်၏။

"ဘုရား. . ဘုရား. . စင်ပေါ်က နှင်းဆီပန်းကြီးရော"

"ဩော်. . ဒါများကွယ်. . စောစောက သက်ထားတို့လာတော့ ဓာတ်ပုံရိုက်ဖို့ခဏယူသွားတယ်"

"ဟင်. . အိမ်ပေါ်ထပ်က ပန်းကို ဘယ်လိုမြင်သွားတာလဲ"

"မကြီး ရေလဲပေးနေတုန်းမြင်သွားတော့ နေ့လယ်ကျရင် အဲဒီပန်းနဲ့ ဓာတ်ပုံရိုက်ချင်လို့ စွန့်ပေးပါဆိုလို့ စွန့်ပေးလိုက်တယ်"

"မကြီးကလဲ. . အဲဒါ ဇလပ်ပန်းလေ"





မျက်နှာလေးညှိုးငယ်သွားပြီး ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ မကြီးစံစပယ်ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ဇလပ်ဖြူနားသို့ ထလာတာ. .

"မကြီးက ပွင့်အာပြီး ကြွေခါနီးမို့ပေးလိုက်တာပါ. . ဟိုလေ သူတို့ပြန်လာရင် ပြန်တောင်းပေးမယ်နော်. . အဲဒီပန်းက ဘယ်ကရတာလဲ. . လှလို့တောင်းသွားတာပါ. . သက်ထားကလဲ ညလေးသူငယ်ချင်းတွေပဲမဟုတ်လား"

"ရပါတယ်မကြီး. . သူတို့က ဘယ်မှာသွားရိုက်ကြတာလဲ".

"မသိဘူး. . မကြီးဆီတော့ အင်္ကျီလာအပ်ထားတာ သုံးစုံတောင်မှ၊ မနက်က ပန်းလဲတာမြင်တော့ တောင်းသွားတာပါ. . မကြီးလဲ ညလေးပန်းမှန်းမသိလို့လေ. . ညလေးက ကိုယ့်အိပ်ခန်းထဲမှာပဲထားထားရောပေါ့. . အဲဒါဆို ညလေးပန်းကို သူများပေးဖြစ်မှာမဟုတ်ဘူး. . ဘုရားစင်မှာ ကပ်ထားတော့ မကြီးမသိလို့ပါ"

စံစပယ်က ဇလပ်ဖြူ၏ မျက်နှာကို အရိပ်တကြည့်ကြည့်နှင့် ချော့လိုက်၏။

ရင်ထဲမှာ လွတ်ဟာပြီး စိတ်မကောင်းဖြစ်သွားသော်လည်း မကြီးစံစပယ်စိတ်မကောင်းဖြစ်မှာစိုး၍ ကြိုးစားပြုံးလိုက်ရင်း. .

"ရပါတယ်မကြီးစံ. . ပိုင်တို့အိမ်က ပန်းပါ. . တမင် ပိုင့်ကိုချင်လို့ ခိုးခူးလာတာ. . နောက်ထပ်ပွင့်လိမ့်ဦးမယ်ထင်ပါရဲ့. . အဖူးတွေတောင်ရှိသေးတယ်"

စကားလမ်းကြောင်းပြောင်းရန်အတွက် ထိုင်ရာမှ ထပြီး စံပယ်ချုပ်လက်စစက်ခုံပေါ်မှ အကျီကိုကိုင်ကြည့်လိုက်၏။

"အရောင်လေးက လှလိုက်တာနော်. . အဆင်လဲ လှတယ်၊ အသားကိုပဲမကြိုက်တာ. . ဒါ ဘယ်သူအပ်ထားတာလဲဟင်"

"လမ်းထိပ်က ယမင်းမေတို့အပ်ထားတာလေ. . ညလေး ကြိုက်ရင် မလေးနှင်းကိုပြခိုင်းပြီး ရှာဝယ်ခိုင်းလိုက်မယ်လေ"

အကျီအဝတ်အစားဆိုလျှင် ပူဆာစရာမလိုအောင်ပင် သာ အမိသုံးယောက်က ဇလပ်ကြိုက်တတ်သော လီနင်သား၊ ချည်သား လေးများကိုလှတာတွေ့ရင် ဝယ်လာတတ်သောကြောင့် ဇလပ်ဖြူက တစ်ခါမှ ပူဆာစရာမလိုပေ။

ဇလပ်ဖြူကလည်း အဝတ်အစားနှင့်ပတ်သက်၍ မက်မော မှုမရှိတတ်ပေ။

"ရပါတယ်၊ ရှိချင်မှရှိမှာပါ. . ဒီလိုအသားတွေကို ဇလပ်မ မကြိုက်တာ. . အရောင်က တောက်နေလို့ပဲ. . ဟင် မကြီးချုပ်ထား တာ ဇလပ်ကို ချုပ်ပေးတဲ့အကျီပုံစံမျိုးပဲနော်"

"အင်းပေါ့. . ဇလပ်ဝတ်သွားရင် အားလုံးက ကြိုက်နေကြ တာပဲ. . ဒါကြောင့် ဇလပ်ဖြူဆိုတဲ့ ဆိုင်နာမည်က နာမည်ကြီးနေတာ ပေါ့"

မဝင်းမေက ဝင်ထောက်ခံလိုက်သည်။ ဇလပ်က ပြုံးပြုံးလေး လုပ်ရင်း မဝင်းမေလက်ထဲက အဆင်လေးကိုကိုင်ကြည့်လိုက်. . ချုပ်





လက်စအကျီလေးကိုကိုင်ကြည့်လိုက်နှင့် ခဏမျှအောက်မှာ နေလိုက် သည်။

"မမနီလက်ထဲက အဆင်က အဘွားကြီးအဆင်ကျနေတာပဲ"

"အဘွားကြီးကလာအပ်တာလေ. . ငါးဆယ်နားနီးနေပြီ. . ဟော့ရှော့အကျီဝတ်တုန်းပဲ. . ဒါပေမဲ့ ဇရာက စကားပြောတော့ အဘွားကြီးပဲပေါ့လေ. . ဇရာမျက်လုံးတွေကို ဖုံးထားလို့မှမရတာ ခစ်. . ခစ်. . ခစ်"

နီနီက သူ့စကားကို သူ့ဘာသာ သဘောကျပြီး ရယ်မော လိုက်၏။

ဇလပ်ဖြူယဲ့ယဲ့လေးပြုံးလိုက်၏။ ထိုစဉ် အကျီရွေးတဲ့လူ ရောက်လာသောကြောင့် မကြီးစံအလုပ်ရှုပ်သွားသည်။

အပ်လည်းအပ်. . ရွေးလည်းရွေးမို့ အစလေးကို ဖြန့်လိုက်၏။ ပန်းရောင်နှင့် ပန်းခရမ်းရောင် အရိပ်ခံလေးပေါ်မှာ နှင်းဆီပုံလေးများ ကို ခပ်ကျဲကျဲအပွင့်ဖော်ထားသည့် အဆင်မို့ ရင်ထဲမှာ ရုတ်တရက် စူးအောင့်သွား၏။

တိုက်တိုက်ဆိုင်ဆိုင်ပါလား. .

ထိုအဆင်ကို မကြည့်ဖြစ်အောင် ကြိုးစားနေလျက်က အကျီ အပ်သူက. .

"ဟိုတစ်နေ့က ဇလပ်ဖြူဝတ်သွားတဲ့ အဆင်မျိုးချုပ်ပေးပါ မမကြီး. . "

“ဘယ်လိုမျိုးလဲ”

“ခရမ်းရောင်လေးလေ. . ရင်ဘတ်မှာ အစင်းလေးလုပ်ထားတယ်”

“ဩော်. . ဩော် ဟုတ်ပြီ. . အင်း နောက်တစ်ခါဆို ညလေးအင်္ကျီတွေကို အိမ်ရှေ့မှန်ဗီရိုထဲမှာ ချိတ်ထားရမယ်. . ညလေးဝတ်တာကိုပဲကြိုက်ကြတာ. . ဒီအထည်ကလဲ ညလေးဝတ်တာမြင်လို့ လိုက်အပ်တာပဲ”

“ဒီပုံလေးလဲ လှတာပဲ. . နောက်မှ ဒီလိုပုံစံမျိုးထပ်ချုပ်မယ် ခုတော့ ဟိုပုံပဲချုပ်ပေးနော်”

မကြည့်ဘဲထားခါမှ မျက်လုံးများက နှင်းဆီပန်းအဆင်ပေါ် ရောက်သွားသဖြင့် ဟိုလိုလို ဒီလိုလိုနှင့် မေမေကြည်၏ အိပ်ခန်းထဲ ဝင်လာခဲ့သည်။

မေမေကြည်နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသဖြင့် ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်ရင်းက မေမေကြည်၏ မျက်နှာကိုငေးကြည့်မိသည်။

ညာဘက်ကို စောင်းအိပ်နေသော မေမေကြည်၏ နူးညံ့ညင်သာသော အမူအရာကိုငေးကြည့်ရင်းက သက်ပြင်းသဲ့သဲ့ချလိုက်၏။

ဘာလို့များ မေမေကြည်၏ သမီးအရင်းမဖြစ်ရတာလဲ. . တကယ်လို့များ မေမေကြည်၏ သမီးအရင်းသာဆိုလျှင် ဘယ်လောက်ပျော်လိုက်မလဲနော်. . အိုး. . ဘာပဲဖြစ်ဖြစ် မေမေကြည်နဲ့မခွဲဘူး. . ဘယ်တော့မှ မခွဲဘူး. . ဒီမှာပဲနေမယ်. .





စဉ်းစားမိသည့်အခါတိုင်း ရင်ထဲမှာ မတင်မကျနှင့် မကျေမနပ်စိတ် အလိုဆန္ဒမပြည့်ဝသည့်စိတ်များနှင့် လှုပ်ရှားနေသည်။

“ပိုင်. . ပိုင်နဲ့လဲ မခွဲဘူး. . တောက်. . အဓိဋ္ဌာန်ပြုထားတဲ့ ပန်းမှ သက်ထားတို့က ယူသွားရတယ်လို့ကွာ”

သက်ထားဆိုသည်မှာ ဇလပ်ဖြူ၏ သူငယ်ချင်းများသာဖြစ်သည်။ ပြောမနာ ဆိုမနာများမို့ သူတို့ကိုလည်း အပြစ်မတင်ရက်နိုင်။

“အခုတလော. . ငါ့အဓိဋ္ဌာန်တွေ မအောင်ပါလား”

“ဘုရား. . ဘုရား. . ဘုရား. . ပိုင်နဲ့ဝေးလို့လဲမဖြစ်ဘူး”

ထိုသို့တွေးလိုက်မိသောအခါ ပိုင်၏တန်ဖိုးမှာ ကြီးလေးလာပြီး အဖိုးဖြတ်မရအောင်ပင်ဖြစ်လာသည်။

မနှစ်က မေမေကြည်နှင့်ဝေးကွာသွားအောင် အမေရင်းတစ်ယောက်ပေါ်လာသည်။ ထိုအခါ မေမေကြည့်ကိုပို၍ တွယ်တာစိတ်ဖြစ်မိ၏။

ဒီနှစ်မှာ ပိုင်နှင့်ယှဉ်ပြိုင်မည့်သူပေါ်လာပြီး မိမိအား နှစ်သက်သူတစ်ယောက်ကြောင့် ပိုင့်ကို ပိုတွယ်တာလာကာ ပိုင်နှင့်ဝေးကွာသွားမှာ စိုးရိမ်နေမိသည်။

“ ညလေး ဘယ်ရောက်သွားလဲ”

မကြီးစံအသံကြောင့် ပက်လက်ကုလားထိုင်မှ ကပျာကယာထပြီး အိမ်ရှေ့သို့ပြန်ထွက်လာလိုက်၏။

“မေကြည့်အိပ်ခန်းထဲမှာပဲ. . မကြီးစံဘာခိုင်းမလို့လဲ”

"မခိုင်းပါဘူး. . ညလေးပျောက်သွားလို့ပါ. . မေကြည်နိုးပြီလား"

"မနိုးသေးပါဘူး"

"နိုးလာရင် တိုဟူးသုပ်စားကြရအောင်. . ညလေးဆာပြီလား"

"ဟင့်အင်း. . တစ်နာရီကျော်ကျော်ပဲရှိသေးတာပဲ. . တိုဟူးက လှီးပြီးပြီလား"

"မလှီးရသေးဘူး"

"ညလေးလှီးပေးမယ်လေ"

"အေး. . အေးလှီးထားလိုက်. . ညလေးလှီးတာလှတယ်"

"ဒါနဲ့ပဲ ညာညာခိုင်းနေတာ"

"ညလေး ပျင်းနေမှာစိုးလို့ပါ. . ဩော်. . ဒီမှာ အသစ်ကလေးသုံးရွက်ရှိတယ်. . ဘူးထဲထည့်လိုက်ဦး"

စံစပယ်က နှစ်ရာတန်အသစ်နှစ်ရွက် ငါးရာတန်အသစ်တစ်ရွက်ကိုလှမ်းပေးလိုက်၏။

ဇလပ်ဖြူလေးတွဲ့စွာလှမ်းယူပြီး သူမ၏ ဇီးကွက်ရုပ်မြေစုဘူးလေးထဲသို့ ခေါက်ကာထည့်လိုက်၏။ ဇလပ်ဖြူ၏ ဇီးကွက်ရုပ်မြေစုဘူးမှာ စင်လေးပေါ်မှာ သီးသန့်အနားယူလျက်ရှိသည်။

မကြီးစံက နေ့စဉ်ပုံမှန်ဝင်ငွေရှိ၍ ငွေစက္ကူရာတန်အသစ်ကလေးများကို အမြဲမပြတ်ထည့်ပေး၏။ မလေးနှင်းကမူ ရုံးတွင်လဲ





လှယ်ရသောအခါထည့်ပေး၏။ တစ်ခါတစ်ရံ လခထုတ်လာလျှင် အသစ်များပါလာသည့်အခါလည်း ထည့်ပေးတတ်၏။

ဇလပ်ဖြူက ဇီးကွက်အဖိုအမမြေစုဘူးလေးကို အလွန်နှစ်သက်ပြီး တယုတယကြည့်နေတတ်၏။

"ဒီစုဘူးဖောက်ပြီးရင် ဘုရားလှူမယ်. . ပြီးတော့ လမ်းထဲက ကလေးတွေကိုခေါ်ပြီး မုန့်ကျွေးမယ်. . အသက်ကြီးတဲ့ အဘိုးကြီး အဘွားကြီးတွေကို ကန်တော့မယ်. . ပြီးတော့ ဆေးရုံကဆင်းရဲတဲ့လူနာတွေကို ထောက်ပံ့မယ်"

"ဒါဖြင့်ရင် ညလေးရဲ့ စုဘူးကို ရာတန်တွေထောင်တန်တွေပဲထည့်ရမှာပေါ့နော်. . ဒါမှ ညလေးလုပ်ချင်တာတွေလုပ်လို့ရမှာပေါ့"

"ဟုတ်တာပေါ့မလေးနှင်းရာ. . ဇော်ရာအရွက်လေးတွေနဲ့ဆို မြန်မြန်ပြည့်ပြီး ဘာမှမရတော့ဘဲနေမှာပေါ့. . တစ်ရာတန်အသေးဆုံးပဲထည့်ပေးပါ"

ဇလပ်ဖြူက စုဘူးလေးကို လှူပ်ကြည့်လိုက်. . ချောင်းကြည့်လိုက်နှင့် ငွေစက္ကူအသစ်ထည့်တိုင်း ပျော်ရွှင်နေတတ်သည်။ ဒီတစ်ခါတော့ ထူးခြားစွာ ဆိတ်ငြိမ်ပြီး မီးဖိုဘက်သို့ထွက်သွား၏။

မကြီးစံ အကဲခတ်မိသည်။

ပြီးတော့ ညနေဘက်မှာ သက်ထားတို့အိမ်ဘက်လျှောက်ပြီး နှင်းဆီပန်းပြန်တောင်းကြည့်မည်ဟု အစွဲအလမ်းကြီးသော ညီမလေးအတွက် စိတ်မကောင်းဖြစ်သွားမိ၏။

❖ ❖

"မခေါ်ချင်လို့ရပေမဲ့ မတော်ချင်လို့တော့ရမှာမဟုတ်ဘူး.. ကိုယ့်က ဆွေမျိုးဆိုပြီး ယုံကြည်လိုက်တာ၊ ဘာစာချုပ်စာတမ်းမှမရှိတော့ သူ့ကိုဘာမှပြောလို့မရဘူး.. သမီးအသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးရင်တော့ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီလေ.. အင်း ခက်တာက သမီးက သူ့အမေရင်းကို မကြိုက်ဘူး"

"ဟုတ်တယ် လာမှာကိုကြောက်နေတယ်.. ညာဘက်အောက်မျက်ခမ်းတွေလှုပ်နေလို့ တဖွဖွလုပ်နေတာပဲ"

မေမေကြည်က ကွမ်းသီးပါးပါးလေးကို ဝါးရင်း အဝေးသို့ငေးကြည့်နေ၏။

စံစပယ်က အင်္ကျီတစ်ထည်ကိုလက်ချုပ်လိုက်ရင်းက သက်ပြင်းရှည်ကြီးချကာ..

"ဟိုလကလဲ တစ်ခေါက်လာလို့ ငွေပေးပြီး မြန်မြန်ပြန်လွှတ်ရတယ်.. အခုလဲ လာဦးမယ်ဆိုတော့ တစ်လမှာ လဆန်းနဲ့ လကုန်နှစ်ခါတောင်လာနေတာပဲ.. ဒီတစ်ခါ လမ်းစရိတ်လောက်ပဲပေးတော့မေကြည်"

"မဖြစ်ဘူး.. ငါ့သမီးလေးကို ပြဿနာရှာနေရင် ကလေးကစာမေးပွဲဖြေခါနီးမှ စိတ်ဆင်းရဲနေရမယ်"

ဒေါ်နွယ်မာလာမည်ဆိုတော့ မေကြည်ရော၊ စံစပယ်ပါ မျက်နှာမကောင်းဖြစ်ကာ တိုင်ပင်နေကြ၏။

အေးချမ်းမှုကိုလာ၍ လှုပ်ခတ်ပေးနေသည်။ ဒေါ်နွယ်မာလာ





ကိုင်းငွေသုံးလေးထောင်ထည့်ထည့်ပေးနေရသောကြောင့် သားအမိနှစ်ယောက်ခေါင်းချင်းဆိုင်နေ၏။

"ဘာအကြောင်းမှမရှိဘဲ ညလေးကို လွမ်းလို့တဲ့.. ညလေးကသူလာရင်ရှောင်ပြီး တစ်ရက်နှစ်ရက်ထက်တော့ ပိုမကြာစေနဲ့ပေါ့မေကြည်ရာ.. ကလေးပင်ပန်းတယ်"

"အင်း"

စကားပင် မပြောချင်တော့ဘဲတွေးနေသည်။ ညီမတော်စပ်သော နွယ်မာတို့အကြောင်းကို မေကြည်ကောင်းကောင်းသိသည်။ ငွေရှိပြီး အဆင်ပြေနေလျှင် ဆွေမျိုးကိုသတိမရပေ။ ငွေမရှိလျှင်တော့ သတိရတတ်၏။

"စိတ်မပူပါနဲ့ မေကြည်ရာ.. ဒီလမှာ သမီးတို့လမ်းထဲမှာ စုထားတဲ့မဲက သမီးအလှည့်ပဲ.. တစ်သိန်းသုံးသောင်းရမယ်လေ.. ညလေးအတွက်လက်ကောက်လေးလုပ်ပေးမလားလို့.. ညလေးကို ရွှေလုပ်ပေးရလို့ ငွေမရှိတော့ဘူးပြောရင် သူယူမှာမဟုတ်ပါဘူး"

"ထင်လို့လား"

"ဟင်.. မေကြည်ကလဲ သူ့သွေးပဲ"

"လက်ကောက်တောင် ခဏပေးလိုက်ပါဦး.. ငွေလိုလို့ပြောရင်.. ကလေးမျက်နှာနဲ့ ချွတ်ပေးနေရဦးမယ်.. နေပါစေ၊ အေးအေးနေပါ.. မသိပါစေနဲ့ သူ့သမီးတစ်ယောက်မီးဖွားဖို့ငွေလိုနေတာပေးလိုက်ပါအေ.. ကုသိုလ်ရတာပဲ"

ကုသိုလ်ကောင်းမှုအတွက်ကို ဘယ်တုန်းကမှ မတွန့်ဆုတ်ဘ
မေမေကြည်က လုပ်ကျွေးနေသော သမီးများ မပြုံပြင်စေရန် ကုသိုလ်
ဘက်ကိုဆွယ်၍ ပြောလိုက်သည်။

စံစပယ်က သက်ပြင်းသဲ့သဲ့ချရင်းက. .

"မိုးနှင်းဆီနဲ့ ဘယ်တော့ထိပ်တိုက်တွေ့မလဲမသိဘူး
မေကြည်. . အဲဒါကို ကျွန်မက စိုးရိမ်နေတာ"

ရှက်တရက်စကားသံများ တိတ်သွားပြီး ကောင်မလေးနှ
ယောက်၏ စက်ချုပ်သံသဲ့သဲ့ကိုကြားနေရသည်။

စံစပယ်၏ လက်ချောင်းများက လှုပ်ရှားနေရာမှ နှေးကွေ
သွားပြီး. .

"ဒေါ်လေးနွယ်က ပိုင်နဲ့တွဲနေတာကိုတောင် သဘောမကျ
သဘောနဲ့ပြောသေးတယ်. . ပိုင့်ကို ဆယ်တန်းပဲအောင်တာ ဘာအသုံး
ကျလို့လဲလို့ပြောတယ်လေ. . အဲဒါကို မကြိုက်တာလဲ ပါတယ်. . ပြ
တော့ သူလာရင် သိပ်နားငြီးတာပဲ. . သူ့သားသမီးတွေအကြောင်း
အဆင်မပြေတဲ့အကြောင်း သောကတွေသယ်သယ်လာတာ၊ ငယ်ငယ
ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြီး ကလေးတွေနဲ့ မနိုင်မနင်းဖြစ်နေတာ
ကျွန်မတို့မှာ တာဝန်ရှိသလိုပဲ၊ ပြောလိုက်တဲ့စကားတွေက အကြွေးရှ
အတိုင်းပဲ"

"သမီးကြီး"

မေမေကြည်၏ လေသံမှာ အနည်းငယ်မာသွား၏။ စံစပယ





လက်ချောင်းများနှင့် နှုတ်ခမ်းလှုပ်ရှားမှုများ ရုတ်တရက် ရပ်တန့်သွား
၏။

"အငယ်ကိုတောင် အကြီးက ဆုံးမရမှာ. . မီးလောင်ရာ လေ
ပင့်လုပ်တဲ့စကားတွေကို မပြောနဲ့လေ"

"ကျွန်မက ပြောပြတာပါ"

"မေကြည်က သမီးတို့ထက် အသက်အများကြီးကြီးတာပဲ
လေ. . ဒါတွေအားလုံး သိတာပဲပေါ့"

စံစပယ် ဘာမျှမပြောတော့ပေ။

နူးညံ့သိမ်မွေ့မှုနဲ့ မေတ္တာတရားထားရှိမှုကိုသာ အဓိကထား
ပြီး သူတို့မောင်နှမအား ဆုံးမတတ်သော မေကြည်က သူတစ်ပါး
အပေါ်မှာ အပြစ်မြင်တတ်တာကို မနှစ်သက်တတ်ပေ။

"ဒီစကားတွေကို သမီးငယ်လေးရှေ့မှာ မပြောပါနဲ့ စံစပယ်
ရယ်. . သမီးငယ်လေးက သိပ်အတွေးများတာပဲ. . ပြီးတော့ သူ့အမေ
အကြောင်းပြောတာ သူ့သမီးက လက်ခံမလား. . လူက လက်ခံပေ
မယ့် သွေးက လက်မခံဘူးသမီး. . နွယ်မာရဲ့ သွေးသားနဲ့ဖွဲ့စည်းထား
တဲ့ လူသားရဲ့ ခန္ဓာကိုယ်ထဲမှာ နွယ်မာသွေးတွေရှိနေတယ်ဆိုတာ မမေ့
နဲ့လေ. ."

ထိုစကားကို စံစပယ်လက်မခံချင်။ နူးညံ့သိမ်မွေ့၍ မေတ္တာ
တရားကြီးမားသော ဇလပ်ဖြူသည် မေမေကြည်နှင့်သာ တူနေ၏။

"ဒါပေမဲ့ မေမေကြည်ရယ်. . ညလေးဟာ မေမေကြည်နဲ့
သိပ်တူတာပဲနော်"

"ဖယောင်းပျော့တုန်းကပုံသွင်းထားတာပဲ. . အပြင်က ပင်တိုစရိုက်နဲ့ စိတ်နေသဘောထားက မေမေကြည်ပဲပေါ့. . ဒါပေမဲ့ နွယ်မာ့သွေးပဲလေ. . နွယ်မာက သူဖြစ်ချင်တာကို ဇွတ်ဖန်တီး တတ်တယ်. . သမီးလေးကလဲ တစ်ခါတလေ ဒီလိုပဲ. . ဒါပေမဲ့ သူဖြစ် ချင်တာကို အစ်မတွေ အစ်ကိုတွေက ဖန်တီးပေးနေတော့ သူက ဘာမှ တစ်ဇွတ်ထိုးစိတ်နဲ့ အားစိုက်စရာမှမလိုတော့တာ၊ ငြိမ်းချမ်းနေတာပေါ့"

စံစပယ်ဘာမှမပြောချင်တော့ပေ။ ဒေါ်နွယ်မာ၏ဝမ်းနှင့် လွယ်မွေးထားသော သမီးဟု စိတ်ထဲမှာ လက်မခံချင်ပေ။

"မကြီးရေ. . အကျီလာရွေးတယ်"

"ဩော်. . အင်းအင်း လာပြီ"

စံစပယ်ထသွားလိုက်၏။

အပြင်သို့ထွက်သွားသော ခြေသံသဲ့သဲ့ကို နားစွင့်ရင်းက မေမေကြည်တစ်ယောက်တည်း စဉ်းစား၍ ကျန်ခဲ့သည်။

သမီးများ၏ ရင်ထဲမှာ သူတစ်ပါးအပေါ်မှာ မလိုမုန်းထားစိတ် များ မဖြစ်စေချင်။

တကယ်တော့ နွယ်မာနောက်အိမ်ထောင်ပြုပြီး ဖေလေးငါးလ သာပေါင်းရသည်။ ကွဲသွားတော့ မေကြည့်ထံမှာ ငွေလာချေး၏။

"ကလေးခုနစ်ယောက်ပါးစပ်ကို ရှာကျွေးရအောင်လို့ အားကိုး ရှာခါမှ သူက ပစ်သွားတော့ နောက်ကလေးတစ်ယောက်ပဲ အဖတ် တင်ကျန်တော့တယ်"





"အစကတည်းက ကျွန်မဟာ မုဆိုးမ ကလေးခုနစ်ယောက် အမေပါလို့ပြောပြီး လက်ထပ်ပေါ့. . ဘာလို့ ညာယူရတာလဲ. . သိသွား တော့ စိတ်ဆိုးသွားတာပေါ့"

"အို. . ဒီလိုမှ ညာမယူရင် ကျွန်မကို ဘယ်သူကယူမှာလဲ. . ဒီကလေးခုနစ်ယောက်ဝန်ကို ဘယ်သူမှမနိုင်ဘူး"

"ဟိုဘက်ကဆွေမျိုးက နှစ်ယောက်စီခွဲပြီး တာဝန်ယူတာ ညည်းမှာ သုံးယောက်ပဲကျန်တော့တာပဲ"

"သုံးယောက်ပါးစပ်ကလဲ စားတယ်မမကြည်. . ဒီတော့ ဒီဗိုက်ထဲကတစ်ယောက်ကို အထွက်မခံတော့ဘူး"

"ဘုရားရေ"

"ဟုတ်တယ်. . နှစ်လကျော် သုံးလပဲရှိသေးတာ၊ ဘာမှမဖြစ် ဘူး. . ကျွန်မသွားဖျက်ချမယ်. . ငွေငါးရာလောက်ချေးစမ်းပါ မမ ကြည်ရယ်"

"အမလေး. . ဘုရား. . ဘုရား မလုပ်ပါနဲ့ညီမရယ်. . မွေးပြီး သူ့အဖေကို ပေးလိုက်ပါ"

"ဘယ်ရောက်သွားမှန်းလဲမသိပါဘူး. . ရှုပ်ပါတယ် မမကြည် ရယ်. . သံယောဇဉ်သိပ်မထားတာပဲကောင်းတယ်. . အရင်ယောက်ျား တုန်းက စီးပွားကောင်းလို့ များများမွေးတာ. . ဒီတစ်ယောက်ကျမတော့ ကျွန်မဘယ်လိုမှ မွေးလို့မရနိုင်တော့ဘူး"

"ဟဲ့. . မဲ့ မလုပ်ပါနဲ့ နွယ်မာရယ်. . ငါမွေးပါ့မယ်. . အဲဒီ ကလေးကို ငါ့ကိုပေးပါ၊ ငါယူပါ့မယ်အေ"

မေမေကြည်က အလန့်တကြားတားလိုက်၏။ ထိုစဉ်က နွယ်မှာအား တောင်းတောင်းပန်ပန်နှင့် လူသားတစ်ယောက်၏အသက်ကို ကယ်တင်လိုက်ရသည်။

"ဒီဗိုက်ကြီး တကားကားနဲ့ ကျွန်မက အလုပ်လုပ်ရဦးမှာလား"

"အခု ညည်း ဘာလုပ်နေတာလဲ"

"အဘိုးကြီးဖွင့်ထားပေးတဲ့ ကုန်စုံဆိုင်ကိုပြန်ဖွင့်မလားလို့. . ဒီဗိုက်ကခက်နေလို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး"

"မလုပ်ပါနဲ့အေ. . ငါလုပ်ပေးပါ့မယ်. . ငါ့ယောက်ျားကားနဲ့သယ်ပေးပါ့မယ်"

လူ့အသက်တစ်ချောင်းအတွက် ရင်းနှီးငွေနှစ်သောင်းအပြင် နွယ်မှာ့အတွက် အားဆေးနှင့် ဆေးခန်းခများကိုပင် အကုန်အကျခံကာ မွေးပေးခဲ့ရ၏။

မမွေးမီနှစ်လတည်းကပင် မေမေကြည်က ကုန်စုံဆိုင်မပျက်အောင် ထိုင်ရောင်းပေးရ၏။ မွေးပြီးသုံးလအထိဖြစ်၏။

ထိုစဉ်က သိတတ်နေပြီဖြစ်သော သားကြီးနှင့် သမီးကြီးက မငြူစူဘဲ နွယ်မာ၏ကလေးသုံးယောက်ကို ဝိုင်း၍ ထိန်းကျောင်းပေးကာ ကုန်စုံဆိုင်မှာ ဝင်ရောင်းပေးခဲ့သေးသည်။

မေမေကြည့်ခင်ပွန်းက ဘာမှမပြောခဲ့ပေ။ ကားနှင့်ပင် ဈေးအကြိုအပို့လုပ်ပေးခဲ့၏။

ကလေးသုံးလအရွယ်မှာ လက်သွဲ့ယူပြီး နို့ဘူးနှင့်ကျင့်ကာ နွားနို့ဖြင့် အသက်ဆက်ခဲ့ရ၏။





ကလေးတစ်နှစ်အရွယ်တွင် မေမေကြည့်ခင်ပွန်းအလုပ်ပြောင်းရွှေ့ရာ မြိတ်မြို့သို့လိုက်သွားသဖြင့် အဆက်အသွယ်ပြတ်ခဲ့၏။ မြိတ်မြို့တွင် ငါးနှစ်ကျော်ကျော်ကြာပြီး ရန်ကုန်သို့ပြန်ပြောင်းလာပြီး ခြောက်နှစ်ကျော်ကျော်တွင် ပင်စင်ယူပြီးနောက် သာသနာ့ဘောင်ထဲသို့ အပြီးတိုင်ဝင်သွားသဖြင့် မေမေကြည်မှာ သားသမီးများကို အုပ်ထိန်း၍ ကျန်ရစ်ခဲ့ရသည်။

ထိုကဲ့သို့ ဝေးကွာနေသောနှစ်များတွင် သမီးအား သတိပင်မရတော့။

မနှစ်ကမှ စီးပွားရေးအဆင်မပြေမှုရောက်လာပြီး နွမ်းနွမ်းနယ်နယ်နှင့် သမီးငယ်အား ပွေ့ဖက်နမ်းရှုပ်ရာ ဇလပ်ဖြူက အလန့်တကြားရုန်းကန်တော့ မခံချင်စိတ်နှင့် သမီးရင်းဟု ဖွင့်ပြောခဲ့၏။

နွယ်မာရောက်လာသည့်နှစ်မှစ၍ သူတို့၏ မိသားတစ်စုလုံး စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။

သို့ရာတွင် သမီးများ၏ စိတ်ကိုမကြမ်းတမ်းစေချင်၍ ခွင့်လွှတ်သည်းခံရန် နားချခဲ့သည်။

"အကောင်းဆုံးကတော့ သမီးလေးအိမ်ထောင်ရက်သားကျသွားရင် နွယ်မာနှောင့်ယှက်နိုင်တော့မှာမဟုတ်ပါဘူးလေ"

ထိုအတွေးနှင့်အတူ စဉ်းစားမိသောအခါ ရင်ထဲမှာ နာကြည်းစူးရှသွား၏။ သမီးလေးက သိပ်ငယ်သေးတာပဲ. . အစ်ကိုအစ်မတွေတောင် အိမ်ထောင်မပြုသေးတာ. .

ဒါဆိုရင်. . နွယ်မှာလက်ကလွတ်အောင် အမြဲလာမနှောင့်ယှက်ရအောင် ဘယ်လိုလုပ်ရမလဲ. .

အိမ်ပြောင်းပြီး ခြေရာဖျောက်ထားလိုက်ရင်. . မဖြစ်. .

ခင်ပွန်းက အခြေတကျဖြစ်အောင်ဖန်တီးပေးခဲ့သော အိမ်ကို မပစ်ခွာရက်နိုင်. .

ဘယ်လိုလုပ်ရပါ့မလဲ. .

✤ ✤

"ဖွ. . ဖွ နိမိတ်ဆိုးတွေ ဖယ်ပါစေ. . လွှဲပါစေ. . မကောင်းတာတွေ မမြင်ပါရစေနဲ့. . မကြားပါရစေနဲ့"

တစ်လမ်းလုံး ဓာဖွဖွလုပ်နေသော ဇလပ်ဖြူကိုကြည့်ကာ ပိုင်ဦးမောင်ပြုံးလိုက်၏။

"နင်ဟာလေ. . တစ်နေ့တခြား အဘွားကြီးနဲ့ ပိုပိုတူလာတယ်"

"တူတူ၊ တစ်နေ့အိုရမှာပဲ. . နာရမှာပဲ"

"ဒီလောက်လှုပ်နေမှတော့ သွေးသားကြောင့်ထင်ပါတယ်ကွာ"





"မဟုတ်ပါဘူး၊ ငါသိပါတယ်. . မနေ့ညက အောက်မျက်ခမ်းတွေ လှုပ်နေတာ နေလို့ကိုမရဘူး. . ညကျတော့ မေမေကြည်သွေးတွေ ဘက်လို့ ငါ ငိုရသေးတယ်"

"မေမေကြည်က သွေးခဏခဏတိုးတာပဲ. . ဘာလို့ငိုရတာလဲကွာ"

"ဒီတစ်ခါ တအားတိုးတာ. . မေမေကြည်ပျောက်သွားမှာသိပ်စိုးတာပဲ၊ ငါ. . ဒီမိသားစုနဲ့ မခွဲချင်ဘူး"

"ငါနဲ့ရော"

"သွားစမ်းပါ"

ရှက်ရှက်နှင့် တွန်းထုတ်လိုက်၏။

ပြီးတော့ ရှက်ပြုံးလေးပြုံးလို့။

ပိုင်ဦးမောင်ကတော့ သဘောကျစွာဖြင့် တဟားဟားအော်ရယ်လိုက်သောအခါ လမ်းသွားလမ်းလာတို့စောင်းငဲ့ကြည့်သွားသည်ကို ဇလပ်ဖြူရှက်မိသည်။

"မရယ်နဲ့. . ဒါ ရယ်စရာလား. . အဲဒါကြောင့် နင့်ကို မုန်းတာ"

"မုန်းတယ်. . ငါကတော့ ဆန့်ကျင်ဘက်ယူဆလိုက်ပြီ"

ပြောပြောဆိုဆိုနှင့် ဇလပ်ဖြူ၏မျက်နှာလေးကို ငုံ့ကြည့်ကာ ပြုံးစိစိလုပ်နေသဖြင့်. .

"နင် ဘာဖြစ်နေတာလဲ. . ဟိုမှာ သူများတွေကြည့်ကုန်ပြီ"

"ကြည့်ပါစေပေါ့. . နင်နဲ့ငါ့ကို စိတ်ကောက်တဲ့မျစ်သူတွေထင် ပြီး ပြည်းနေမှာပေါ့"

"တယ်. . ပိုင်နော် ပြောပြန်ပြီလား"

"ဘာလဲ မုန်းတယ်လို့ပြောဦးလေ"

"ပြောမယ်. . မုန်းတယ်"

"ငါက ဆန့်ကျင်ဘက်စကားပဲကြားတယ်"

"ဘယ်သူမှမပြောဘူး"

"နင့်မျက်လုံးလေးတွေနဲ့ နင့်အသည်းနှလုံးက ပြောနေတာကို ငါကြားတယ်"

"သွားစမ်း. . ညဏ်ချည်းပဲ"

ရှက်ရှက်နှင့် တွန်းလွှတ်လိုက်သောအခါ တစ်လှမ်းနှစ်လှမ်း ခန့် ရှေ့ကိုရောက်သွားပြီးမှ အပြုံးမျက်နှာကို ရပ်တန့်လျက်. .

"ဒီညနေ နင်တို့အိမ်မှာ ထမင်းမစားတော့ဘူး. . ငါ့အတွက် ထည့်မချက်နဲ့"

"ဟင်. . ဘာလို့လဲ"

"ငါ့အဖေက ညနေပိုင်း ငါးနာရီခွဲကနေ ခုနစ်နာရီခွဲအထိ ကျူရှင်တစ်ခုလက်ခံထားလိုက်ပြီ. . မြို့ထဲမှာပဲ၊ ဒီတော့မြို့ထဲမှာပဲစားပြီး အိမ်ပြန်ရောက်တော့ ရှစ်နာရီခွဲလောက်ပြီနော်"

"ဟင်း. . နင်ကလဲဟယ်"

အပြုံးမျက်နှာလေး ရုတ်တရက်ပျောက်ကွယ်သွားပြီး ညှိုးငယ် သွားလေသည်။





"ဒါဆို. . ညဘက်ကျရင် နင်မလာတော့ဘူးလား"

"လာမှာပေါ့ ဖြူဖြူလေးရာ. . နင်နဲ့အတူတူစာလာကျက်ပေး မှာပေါ့. . နင် အိမ်စာတွေလုပ်ထားလိုက်၊ ပြီးတော့ စာကျက်စရာရှိတာ ကျက်ထား. . ငါလာတော့ စစ်ပေးမယ်. . ဆယ်နာရီကျော် ဆယ့်တစ် နာရီထိပေါ့. . နင်အိပ်ပျက်မှာစိုးတယ်. . နေ့လယ်ဘက်အိပ်ထားနော်"

တစ်နေ့လုံးလှုပ်ရှားသွားလာသူက မနက်တစ်ချိန်သာ ကျောင်းတက်ပြီး အိမ်မှာ တစ်နေ့လုံး နားနားနေနေနေသူအတွက် စိုးရိမ်နေသဖြင့်. .

ဇလပ်ဖြူက မျက်လုံးလေးပေကလတ် ပေကလတ်နှင့် သူ့ အား မော့ကြည့်ကာ. .

"ပိုင် ပင်ပန်းမှာပေါ့. . နေ့တိုင်းလား"

"အင်း. . အနီးကပ်သုံးလအပြတ်လေ"

"ဒါဆို ငါ့ဆီကို တစ်ရက်ခြားမှလာပေါ့. . နင် ဇွန်ပျူတာ စင်တန်းက စာတွေလဲ ရှိတာပဲ"

"လာမှာပဲ. . နင့်ကို မတွေ့ရရင် မနေနိုင်ဘူး"

"ပိုပြီ"

ရှက်ပြုံးလေးနှင့်ပြောလိုက်သော်လည်း မျက်ရည်များဝေ့ဝဲလာ လေသည်။

ညနေအထိတောင် လွမ်းလျှပြီပဲပိုင်ရယ်. .

တစ်နေ့လုံး နင်မရှိရင် ရင်ထဲမှာ ဟာတာတာနဲ့. .

"ဘာလဲ. . နင်လွမ်းနေလား"

"အမယ်. . မလွမ်းပါဘူးနော်"

"ဒါဆို. . တစ်ရက်ခြားပဲလာမယ်"

"အင်း"

"အင်း" ဟု ပြောလိုက်သောအသံက တုန်ခါလျက်. .

"မရဘူးကွာ. . ကိုယ်တစ်နေ့မတွေ့ရရင် မနေနိုင်ဘူး"

"အံမယ်. . မနက်ပိုင်းတွေ့ရမှာပဲ"

"ဟင့်အင်း. . ညအိပ်ရာဝင်ခါနီး နင့်မျက်နှာကိုကြည့်ပြီး အိပ်လို့ရတယ်သိလား. . ကောင်မလေး. . နင့်ကို ငါ့ရင်ထဲမှာပဲထ[ည့်] ထားချင်တယ်"

"ဘာတွေပြောနေတာလဲ. . မေကြည်နဲ့တိုင်ပြောမယ်နော်. . ကလေးကိုဘာတွေပြောမှန်းမသိဘူး"

"ဘွာ. . ဘွာ. . ဘွာ မပြောနဲ့နော်. . ကြင်နာသူက စာသ[င်] တုန်း ×××၊ အတူတူနေချင်ပြီလေ ×× ကိုယ့်ရဲ့စိတ်တွေ ချွေးသိပ်ထ[ား] ရမလေ ×××"

"ဟိတ်. . အာပြဲနဲ့အော်နေလိုက်တာ၊ လူတွေရှိတယ်လေ. . မရှက်ဘူးလား"

အိမ်နားနီးလာပြီမို့ ပိုင်ဦးမောင်က ခုန်ပေါက်ပြေးလွှား[ပြီး] ခြံတံခါးကိုဖွင့်ပြီး အရင်ပြေးဝင်သွားလေသည်။

"အရှက်ကိုမရှိဘူး"





ပါးစပ်က ရှက်ရှက်နှင့်ရေရွတ်ရင်း နောက်မှနေ လွယ်အိတ်နှင့် လိုက်ရိုက်ရင်း ရင်ထဲမှာ တသိမ့်သိမ့်လေးလှိုက်ဖိုလျက်. .

"သူငယ်ချင်းပါပဲလေ"

ဒါပေမဲ့ ရင်လည်းခုန်ပါရဲ့။

✤ ✤

မိုးနှင်းဆီက ငါးရာတန်အသစ်တစ်ရွက်နှင့် တစ်ထောင်တန် တစ်ရွက်ကိုခေါက်ကာ ဇီးကွက်အစ်မနှင့်အစ်ဖို၏ခေါင်းထိပ်အပေါက် လေးထဲသို့ ထည့်လိုက်ပြီး သူ့အိတ်ကို ပခုံးပေါ်က မချသေးဘဲ အိတ်ထဲမှ အစတစ်စကို ဆွဲထုတ်လိုက်၏။

"မကြီးစံ. . ကချင်မနောအဆင်လေ. . ပန်းနုရောင်လေး လေ. . လှလို့ညလေးအတွက် ဝယ်လာတယ်. . လှလှလေးချုပ်ပေး လိုက်. . စာမေးပွဲဖြေရင် ဝတ်ရအောင်လို့"

"အေးဟယ် လှလိုက်တာ. . နုနေတာပဲ. . ညလေးကကြိုက် မှာပဲ. . ညလေးရေ"

ထူးသံမကြားရပေ။

"ညနေကြီး အိပ်ပျော်နေလား"

မကြီးစံက သံသယနှင့်ပြောလိုက်သော်လည်း တက်မကြည့်အားပေ. . စက်ချုပ်သည့်ကောင်မလေးနှစ်ယောက်ပြန်ရန်အတွက် အကျီအရေအတွက်လိုက်ချုပ်ခရှင်းပေးရဦးမည်။

မိုးနှင်းဆီက ရုံးထမင်းချိုင့်ကိုဆွဲခြင်းထဲမှထုတ်ကာ ရုံးသက်သာမှ ရလာသော ကြက်ဥနှင့်သကြားတို့ကိုထုတ်၍ သူ့နေရာနှင့်သူထားရင်း. .

"ဒီနေ့မှ ဖယ်ရီကပြန်ကောင်းသွားလို့ ကြက်ဥဝယ်လာနိုင်တာ မေကြည်. . ခါတိုင်းလို ဘတ်စ်နဲ့သာပြန်ရရင် အသက်ရှူကျပ်လို့ ကြက်ဥတွေကြေကွဲစရာဖြစ်ကုန်လိမ့်မယ်"

မိုးနှင်းဆီက ရွှတ်နောက်နောက်လေးပြောလိုက်သည်ကို မေမေကြည်ကပြုံး၍ကြည့်ရင်း. . ဟင်းချိုပူပူလေးသောက်နိုင်ရန်အတွက် ဘူးညွန့်လေးများကို သင်နေ၏။

"ညလေးရော"

"စောစောကတော့ စာကျက်နေတာပဲ"

"ကောင်မလေး ဘာလုပ်နေပါလိမ့်"

ခါတိုင်းလို အစ်မရုံးပြန်ချိန်ကို တရစ်ဝဲဝဲနှင့်စောင့်မနေသည့်အတွက် မှတ်လောက်အောင် တင်ပါးလေးကို တစ်ချက်ရိုက်လိုက်မည်ဟု တေးကာ ခြေသံဖွလျက် အိမ်ပေါ်သို့တက်လာလေ၏။

"ဟင်. . ညလေးလဲမရှိဘူး. . မေကြည်၊ ညလေးရော မကြီးစံ"





ချက်ချင်းပင် တစ်ခန်းဝင်တစ်ခန်းထွက်ရှာဖွေပြီး အိမ်ပေါ်ထပ်မှ ကပျာကယာပြေးဆင်းလာ၏။

"ဟဲ့. . ခြေဆန့် လက်ဆန့် အောက်ဆင်းချင်ဆင်းမှာပေါ့ကွယ်"

မေမေကြည်က အိမ်အောက်ဒန်းလေးဆီကိုလှမ်းကြည့်ရင်း ပြောလိုက်၏။

"ဒန်းပေါ်မှာလဲ မရှိဘူး"

သားအမိသုံးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။ မိုးနှင်းဆီက အပြစ်တင်သောလေသံနှင့်. .

"အမေတို့. . မကြီးစံတို့ကလဲ ကိုယ့်အိမ်သားတစ်ယောက်ပျောက်နေတာတောင် မသိဘူး"

ပြောပြောဆိုဆိုနှင့် အိမ်ပေါ်မှ ဆင်းသွားလေသည်။ မေမေကြည်နှင့် စံစပယ်ကလည်း ကိုယ့်အပြစ်နှင့် ကိုယ်မို့ စိတ်ပူစွာဖြင့် ဟိုဟိုဒီဒီကြည့်နေကြ၏။

"စောစောက သူ့ကြောင်ပျောက်လို့မေးသေးတယ်"

"ဩော်"

မဝင်းမေပြောလိုက်မှ သက်ပြင်းကိုယ်စီချလိုက်သည်။

ကောင်မလေးနှင့် သူတို့ရဲ့ ဘာသာဘာဝသွားလာလည်ပတ်ချင်သောကြောင်တို့ အစဉ်အမြဲပြဿနာဖြစ်နေရသည်။

"ဒါဆို ဝိုင်းရှာပေးရဦးမှာပဲ"

"ချုပ်ပါတယ်မကြီးစံရာ. . ရွှေသွေးလဲ အိမ်မလည်ရအောင် ကြောင်မလေးတစ်ကောင်ရှာပေးလိုက်"

"အံမယ်လေး. . အေးအေးနေကြပါ မမတို့ရယ်. . တစ်ကောင်တည်းသံယောဇဉ်တောင် ဒီလောက်ဖြစ်နေတာ. . တိုးပွားလာရင် ပိုဆိုးမယ်"

ကောင်မလေးနှစ်ယောက်ပြောဆိုသလိုပင် ဇလပ်ဖြူတစ်ယောက် ရွှေသွေးရှာပုံတော်ဖွင့်နေလေပြီ။

အပျိုကြီးမမနှစ်ယောက်၏ ချစ်လှစွာသော ညလေးသည် ခါတိုင်းအချိန်များ၌ ကိုယ့်အိမ်ကိုယ်နေကာ အေးအေးဆေးဆေးနှင့် အိမ်တွင်းပုန်းတတ်သော ကောင်မလေးဖြစ်သော်လည်း ရွှေသွေးပျောက်လျှင်တော့ တစ်ရပ်ကွက်လုံး အိမ်ကြိုအိမ်ကြားပါမကျန် လိုက်လံရှာတတ်၏။

အချိန်တန်လျှင် ပြန်လာမည်ဟုပြောသော်လည်း မရပေ။ တငိုငိုနှင့် လိုက်ရှာတတ်၏။

ထိုအခါ တစ်အိမ်သားလုံးမနေရတော့. . ယခုလည်း မကြီးစံသည် လုပ်ခများကို လျှင်မြန်စွာရှင်းပေးပြီး ညီအစ်မနှစ်ယောက် ညလေးနောက်သို့လိုက်ကာ မမှောင်ခင် ကြောင်ပျောက်ရှာပုံတော်ဖွင့်ရလေပြီ။

"ဟိုဘက်ရပ်ကွက်တွေကူးသွားမှာပေါ့ ညလေးရယ်. . သူ့အချိန်နဲ့သူပဲ. . ဒီတစ်လမ်းလုံးနံ့နေပြီပဲ. . လာ. . လာ အိမ်များပြန်ရောက်နေလားမသိဘူး. . ထမင်းစားချိန်ဆိုရင် ပြန်လာမှာပေါ့ကွယ်"





မိုးနှင်းဆီက ချော့ခေါ်လာလေသည်။ ဇလပ်ဖြူမှာ ငိုမဲ့မဲ့နှင့်. .

"ခုတလော. . ဘာလို့ ဒီလောက်လည်နေရတာလဲမသိပါဘူး"

"ဩော်. . သူ့ ချစ်ချစ်ကိုလိုက်ရှာတာ နေမှာပေါ့. . ညလေးလဲ ချစ်သူတွေ့ရင် အိမ်ကိုတောင်သတိရမှာဟုတ်ဘူးနော်"

"အံမယ်. . မလေးနော်. . ရွှေသွေးပျောက်လို့ စိတ်ညစ်နေရတဲ့အထဲ သူက လိုက်စနေပြန်ပြီ"

နှုတ်ခမ်းလေးစူ၍ မျက်နှာရဲရဲနှင့် စိတ်ကောက်ဟန်ပြုလိုက်သော ဇလပ်ဖြူ၏ ရင်ထဲမှာ ရှက်စနိုးစိတ်ကလေးဝင်နေပြီလားဟု မိုးနှင်းဆီ သံသယဝင်သွား၏။

သဘာဝတရားပင်ဖြစ်သော်လည်း ချစ်စရာတီတီတာတာ ညီမလေးက သူတို့အား ခွဲခွာသွားမှာစိုးရိမ်မိသည်။

ဒေါ်နွယ်မာ၏မျက်နှာကိုမြင်ယောင်လာသည့်အခါတိုင်း သူ၏ စိုးရိမ်စိတ်က ပိုကဲ၍လာလေသည်။

"မေမေကြည်ရေ. . မေမေကြည်"

"ဟဲ့. . ဘာဖြစ်လာရပြန်ပြီလဲ. . ဘာလို့ငိုရတာလဲ သမီးလေးရဲ့"

"ရွှေသွေးမှမလာသေးတာ. . ရှာလို့လဲမတွေ့တော့ဘူး ဟင့်. . ဟင့် ဒါကြောင့် အောက်မျက်ခမ်းတွေလှုပ်နေတာ"

အစွဲအလမ်းကြီးပြီး အတိတ်နိမိတ်ကောက်တတ်သော ဇလပ်

မြူထ ပြောရင်းတပင် မျက်ရည်များ တွေတွေကျလာလေသည်။

"ဩော်. . သမီးလေးကလဲ အောက်မျက်ခမ်းလှုပ်တာ စောစောကတည်းကသိရင် သမ္ဗုဒ္ဓေခုနစ်ခေါက်ရွတ်ပြီး လှုပ်တဲ့ မျက်ခမ်းကို လက်နဲ့သပ်ချလိုက်ရင် ပျောက်တာပဲ၊ ညီမလေးကလဲ"

"အေး ဟုတ်သားပဲသမီးရယ်. . သမ္ဗုဒ္ဓေရွတ်လိုက်"

မေမေကြည်နှင့် မကြီးစံတို့က ဝိုင်း၍ နှစ်သိမ့်ကာ ဘုရားစာ ရွတ်ရန်ပြောနေသည်ကို မိုးနှင်းဆီက ခေါင်းယမ်းလိုက်ရင်း. .

"မေမေကြည်တို့က အယူအဆတွေ အတိတ်နိမိတ်တွေလုပ် လွန်းလို့ ညလေးက ထစ်ခနဲဆို ဒါပဲ စိတ်ကရောက်နေတာ. . ကဲ လာ. . မှောင်နေပြီ. . အိမ်ပေါ်တက်တော့. . သူ ထမင်းစားချိန်ဆိုရင် ပြန်လာမှာပါကွယ်"

"ဒုက္ခပါပဲ. . ဟင်းအိုးထဲရောက်ခါနီးပြီထင်တယ်. . ဟင့် ဟင့် ဝိုင်းရှာပေးပါဦး"

"ဩော်. . ညလေးရယ်. . တစ်လမ်းလုံးရှာတာနဲ့နေပြီ. . ကိုယ့်လမ်းထဲတော့ ရှာလို့ရတာပေါ့. . သူများလမ်းထဲရှာလို့ ဘယ် ကောင်းမလဲ. . တော်ကြာ သူခိုးထင်ပြီး ထွက်ရိုက်နေဦးမယ်. . "

ထပ်မံ၍ စောဒကမတက်တော့ဘဲ မျက်ရည်များသာ တွေ တွင်ကျလျက်ရှိနေသည်။

"ဟော့ ဇလပ်. . ဘာလို့ငိုနေရတာလဲ"

"ဟော. . ကယ်တင်ရှင်လာပြီ"





ပိုင်ဦးမောင်ရောက်လာသည်နှင့် မိုးနှင်းဆီက ဝမ်းသာအား ရအော်လိုက်၏။ ကြောင်ပျောက်ရှာတိုင်း ပိုင်ဦးမောင်က ရှေ့ဆုံးမှနေ တွေ့အောင်ရှာပေးတတ်သည်မို့ မိုးနှင်းဆီက ဝမ်းသာအားရနှင့် ပြော လိုက်၏။

"ထုံးစံပဲပိုင်ရေ. . ရွှေသွေးပျောက်နေပြန်ပြီ"

"ဩော်. . ဒါလား. . ငါရှာပေးမှာပေါ့. . တက် တက် အိမ် ပေါ်တက်နေ. . ညဘက်မှာလိုက်ရှာလို့ ဘယ်ဖြစ်မှာလဲ"

ဇလပ်ဖြူ၏မျက်နှာလေး ဝင်းပသွားလေတော့သည်။ ရွှေသွေး ပျောက်တိုင်း လိုက်ရှာပေးနေကျ ကယ်တင်ရှင် ပိုင်ဦးမောင်ရောက်လာ လျှင် ဇလပ်အတွက် ပူပင်စရာဘာမှမလိုတော့ပေ။

ပိုင်ဦးမောင်ကား ကြောင်ပျောက်ရှာအလွန်တော်သူပင်ဖြစ် သည်။

တဖြည်းဖြည်းနှင့် မှောင်ရိပ်သန်းလာသောအခါ လမ်းမပေါ် တွင် ဆော့ကစားနေကြသော ကလေးများလည်းမရှိတော့ပေ။

ထမင်းစားကြ၊ ရေချိုးကြနှင့် အိုးသံ၊ ပန်းကန်သံ၊ စကားပြော သံ၊ ကလေးငိုသံများက ဇလပ်တို့ရပ်ကွက်လေးအား ဆူညံစွာ လှုပ်ရှား သက်ဝင်လေတော့သည်။

ဇလပ်ဖြူတို့အိမ်မှာ လမ်းသွယ်လေးဖြစ်ပြီး ပေနှစ်ဆယ် လေး ဆယ်မို့ တစ်အိမ်နှင့်တစ်အိမ် နီးကပ်လျက်ရှိသည်။ သို့ရာတွင် ထောင့် အိမ်ဖြစ်သောကြောင့် ပေအစိတ်ခန့်ကျယ်ဝန်းပြီး နှစ်ထပ်တိုက်ခံပျဉ်

ထောင်အိမ်ခို ကျယ်ကျယ်ဝန်းဝန်းရှိလှသည်။

ခြံထောင့်ပိတောက်ပင်လေးအောက်မှာ ခုံတန်းလေးထိုးထား သဖြင့် မကြာခဏ ထိုခုံတန်းလေးမှာ ဇလပ်ဖြူထိုင်ရင်း စာဖတ်ရေ တတ်၏။

အိမ်ဘေးမှ ကန်စွန်းခင်းမှာ ဆယ့်နှစ်ရာသီစိမ်းလန်းလျက်ရှိ နေသည်။ ကန်စွန်းခင်းကို ကျော်လွန်လျှင် မူလတန်းကျောင်းတစ် ကျောင်းရှိနေ၏။

ထိုကျောင်း၌ ဇလပ်ဖြူနေခဲ့ဖူးသည်။

ကျောင်းသွားကျောင်းပြန်တွင် မေမေကြည်က အပို့အကြို လုပ်ရ၏။ ဒါတွင်မက မုန့်စားလွှတ်ချိန်တွင် မေမေကြည်ကို လှမ်းမျှော် ၍ ကြည့်တတ်သလို မေမေကြည်ကလည်း အိမ်အပေါ်ထပ် ပြတင်း ပေါက်လေးကို ဖွင့်ကာ လက်လှမ်းပြတာကိုမြင်မှ ဇလပ်ဖြူလည်း စိတ် အေးလက်အေးနှင့် ကိုယ့်ကိုယ်ကို စိတ်ချကာ စာသင်လို့ရတော့သည်။

ကျောင်းဆင်းလျှင် ဆင်းချင်း အလျှင်ဆုံးပြေးထွက်ကာ မေမေကြည့်ကိုမြင်မှ အသက်ဝဝရှူနိုင်တော့သည်။

အိမ်နှင့်ဝေးကွာ၍ မနေရဲပေ။

မေမေကြည်နှင့်လည်း ခွဲ၍မနေတတ်။

မေမေကြည်အသက်ခြောက်ဆယ်ကျော်လာမှ မကြီးစံ မေမေကြည်လွတ်လွတ်လပ်လပ်အိပ်ရန် သူနှင့်လာအိပ်ဖို့ ခွဲမှပင် အိပ်သည်မှာ တစ်နှစ် နှစ်နှစ်သာရှိသေးသည်။





ထို့အပြင် ညနေဘက် မိုးနှင်းဆီပြန်လာချိန်၌ အိမ်ရှေ့မှာ ထွက်မျှော်နေပြီး အချိန်နှင့်ပြန်မလာလျှင် အဘွားကြီးတစ်ဦးကဲ့သို့ ပူပင် တတ်သေးသည်။

ယခုလည်း ရွှေသွေးအတွက် စိုးရိမ်ပူပန်လျက်ရှိနေ၏။

"မှောင်တောင်မှောင်လာပြီ. . ပိုင် ရှာလို့တွေ့ပါ့မလား. . မိုး ချုပ်လာလေ ဟင်းအိုးနားနီးလာလေပဲ"

ရွှေသွေး အန္တရာယ်ကင်းစေရန် သမ္ဗုဒ္ဓေဂါထာကိုရွတ်နေ လျက်. .

"ညလေး ကြောင်ဆိုတာ ညဘက်မှာမှ အစာရှာထွက်တာ ပဲ. . အချိန်တန်ရင် ပြန်လာမှာပေါ့ကွယ်. . လာ ထမင်းစားကြရအောင် ညလေးမစားတော့ မေမေကြည်က မစားသေးဘဲ စောင့်နေတာ"

"ဟင့်အင်း. . မစားချင်ဘူး"

"ညလေး ထမင်းမစားတော့ မေကြည်လဲ မစားဘူး. . လူ ကြီးဆိုတာ ညဥ့်နက်မှ အစာစားရင် အစာမကြေဖြစ်တတ်တယ်. . တစ်လုတ်နှစ်လုတ်တော့စားပြလိုက်. . လာ လိမ္မာတယ်ကလေး"

မိုးနှင်းဆီကချော့ခေါ်သဖြင့် မေကြည့်အတွက် ထမင်းဝင်စား လိုက်သည်။

ချစ်သော မေကြည့်အား ရောဂါမရစေချင်။

မိမိဘဝလုံခြုံစိတ်ချမှုရှိစေရန် မေမေကြည့်ကိုလည်း ရှိစေချင် သည်။ မေမေကြည့်အား ကျန်းမာ၍ အသက်ရှည်စေချင်သည်။

ထမင်းဝိုင်းမှာ တိတ်ဆိတ်လျက် တစ်ယောက်ကိုတစ်ယောက် အတဲခတ်နေကြသည်။

"ဒီနေ့ ပိုင်အစောကြီးပြန်လာတယ်. . ထမင်းစားခဲ့ရဲ့လား မသိဘူး"

"မမကြီးချန်ထားပါတယ် ညလေးရဲ့၊ စား စား ပိုင့်ကို မစောင့် ရသေးဘူး၊မဟုတ်လား. . ဘာပဲဖြစ်ဖြစ် တစ်ယောက်စာကတော့ အမြဲ ပိုပါတယ်ကွယ်"

အဘွားကြီးလေးတစ်ယောက်လို အစစတွေးပူတတ်သော ညီမအတွက် အစ်မကြီးနှစ်ယောက်မှာ ဗျာများနေရ၏။

"ဒီနေ့ အောက်မျက်ခမ်းတွေ သိပ်လှုပ်တာပဲ"

သမ္ဘုဒ္ဓေထိုင်ရှုတ်ရင်း တဖွဖွလုပ်ကာ မျှော်နေသော ဇလပ် ၏ရှေ့သို့ ကယ်တင်ရှင်လူစွမ်းကောင်းကြီး ဘွားခနဲရောက်လာ တော့သည်။

ဆာလာအိတ်ကိုထမ်းလျက်. .

"ဟော. . .တွေ့ပြီလား အာ. . ရွှေသွေးမွှန်းတော့မှာပဲ"

"ခဏလေးပါဟ. . ဒီလိုမှမလုပ်ရင် ငါ့ကို ကုတ်မှာပေါ့. . ဒီမှာတောင် သူ့ကိုဖမ်းလို့ ပြန်ကုတ်တာ ပဲ့သွားပြီ"

"ဟင်. . သွေးတောင်ထွက်နေတာပဲ. . တော်တော်ဆိုး ရွှေသွေးပဲ၊. နင့်ကို ဆေးထည့်ပေးပါ့မယ်. . ခဏနေဦး. . သူ့ကို အ ခန်းထဲပိတ်ထားရမယ်"





ဇလပ်ဖြူ၏မျက်နှာမှာ ချက်ချင်းလန်းဆန်းသွားပြီး အိတ်ကို လှမ်းယူမည်အပြု. . ပိုင်ဦးမောင်က မလွှတ်ပေးဘဲ. .

"နင့်အခန်းထဲကို ငါထည့်ပေးပါ့မယ်. . တော်ကြာ နင့်ကိုပါ ကုတ် မိနေဦးမယ်"

ဇလပ်အတွက် အစစအရာရာစိုးရိမ်ပူပန်တတ်သူများထဲတွင် ပိုင်ဦးမောင်က နည်းနည်းပိုနေသည်။

ပိုင်ဦးမောင်အိမ်ပေါ်တက်သွားစဉ် ဇလပ်က ဂွမ်းနှင့်အရက် ပျံယူလာလိုက်၏။

"ရပါတယ်ဟာ၊ ငါမှ ရေမချိုးရသေးတာ. . ရေချိုးပြီး ဆေး ထည့်မှာပေါ့"

"ဖြစ်ဖြစ်ချင်းထည့်တာပိုကောင်းတာပေါ့. . ဒါမှ ချက်ချင်း ပိုး သေမှာ"

ဇလပ်ဖြူ၏ စိုးရိမ်နေသော မျက်ဝန်းလေးက သူ့ရင်ကို ပီတိ ဖြစ်စေသည်။

"နင်က စိုးရိမ်လား"

"အင်းပေါ့. . ကြောင်တို့ ခွေးတို့ကိုက်ရင် မပေါ့ဆရဘူးလေ"

"ဒါက ကုတ်မိတာပဲ၊ ပိုးမပါဘူး"

"စကားများလိုက်တာဟာ. . နင် စပ်မှာကြောက်လို့မဟုတ် လား. . ငါ မှုတ်ပေးပါ့မယ်"

ပြောရင်း အစ်မကြီးလေသံနှင့် ပိုင်ဦးမောင်လက်ကိုဆွဲကာ

ဂွမ်းနှင့်အရက်ပြန်ဆွတ်ကာ အနာကို မငုံမရဲလေးကပ်ပေးလိုက်၏။

"အ. ."

"အမေ့"

ရုတ်တရက်တွန့်သွားသဖြင့် ပိုင်ဦးမောင်က သဘောကျကာ ပြုံးလိုက်ရင်း. .

"ကဲ. . တွန့်ဆုတ်မနေနဲ့. . ငါ့ဘာသာလုပ်ပါ့မယ်. . မသတ္တိ ခဲကြီးကလဲ"

ဘယ်သူမှ မရှိတုန်း သူ့ပါးလေးကို လှစ်ခနဲခိုးနမ်းလိုက်ချင် စိတ်ကို ထိန်းချုပ်ထားလိုက်သည်မှာ အကြိမ်ကြိမ်. .

"စပ်လားဟင် ဖူး. . မှုး. . ဖူး"

"အင်း. . စပ်တာပေါ့"

စိတ်မကောင်းသောလေသံနှင့်မေးလေ မူရာမာယာများပြ လေပင်ဖြစ်သည်။

"နင် ရေချိုးပြီးရင် ဆေးခန်းသွားမယ်လေ. . မေးခိုင်ကာကွယ် ဆေးထိုးလိုက်တာပေါ့"

"တော်ပါတော့ဟာ"

ဒီလိုတော့ ပိုင်ဦးမောင်လန့်သွား၏။

အပ်သေးသေးနှင့် အသားထဲကို ထိုးထည့်သည့်အလုပ်ကို နာတာထက် အသည်းယားတာက ပိုနေ၏။

"ဟင်း. . သတ္တိကိုမရှိဘူး"

"နင်က သိပ်စိုးရိမ်သလား"





"အင်းပေါ့"

ပြောပြီး ရှက်သွေးဖြာသွားသည်။

ပိုင်ဦးမောင်၏ ရွှန်းလက်သောအကြည့်ကို ရှက်စနိုးနှင့်ခေါင်း ငုံ့ကာ လွှဲဖယ်လိုက်စဉ်. .

"ပိုင်ရေ. . ထမင်းစားပြီးပြီလား"

"ရတယ်မကြီးစံ. . ကျွန်တော် လမ်းထိပ်က အစ်မလေးတို့ ဆိုင်မှာ စားမယ်လို့ပြောခဲ့တယ်"

"ဒီမှာချက်ထားပြီးသားပဲ. . စားသွားပါ"

ဇလပ်ဖြူက နှုတ်ခမ်းလေးချွန်ကာ ပြောလိုက်သည်နှင့် ပိုင်ဦး မောင်ခေါင်းညိတ်ပြီးသားဖြစ်သည်။

သူတို့လမ်းထိပ်မှ ထမင်းဆိုင်သည် ပိုင်ဦးမောင်အ[illegible]စားနေ ကျ ဆွေမျိုးမကင်းသောဆိုင်ဖြစ်သော်လည်း စားပွဲထိုးကောင်မလေး များနှင့် စကားပြောလျှင် ဇလပ်ဖြူမျက်နှာညိုတတ်သည်။

"နင် စားပြီးပြီလား"

ရုတ်တရက် ခေါင်းညိတ်မည်ပြုပြီးမှ ခေါင်းခါလိုက်ကာ. .

"နင်နဲ့အတူတူစားမယ်လေ"

"အေး. . ဒါဆို ငါပြန်လာခဲ့မယ်. . ရေချိုးလိုက်ဦးမယ်နော်"

အိမ်ပေါ်မှမဆင်းမီ ပါးပြင်နုလေးကို အသည်းယားစွာဖြင့် ဆွဲသွားသေးသည်။

ရင်ခုန်နွေးထွေးစွာဖြင့် ပြုံးလျက်ကျန်ရစ်ခဲ့၏။

ဒီလောက်အလိုလိုက်ပြီး သူမ၏ဆန္ဒကိုဖြည့်ဆည်းပေးတ... သော ဗိုင်ဦးမောင်သည် ဇလပ်ဖြူ၏ ကယ်တင်ရှင်အ...းကိုးအားထာ... မင်းသားလေးတစ်ပါးပါပဲ။

✤ ✤

"သမီး တိုဟူးမစားချင်ဘူး မေကြည်"

"ဒါဆို. . လမ်းမှာ မုန့်ဟင်းခါးဝယ်စားသွား. . တော်ကြာ ဆ... နေဦးမယ်"

"ဟုတ်. ."

ခါတိုင်းဆို ခုနစ်နာရီခွဲမှထွက်နေကျဖြစ်သော်လည်း ဒီတ... ခါ အိပ်ရာမှနိုးနိုးချင်း ထွက်လာလိုက်သည်။ ခြောက်နာရီခွဲသာရှိသေ... သည်။

ဒေါ်နွယ်မာမျက်နှာမကောင်းဖြစ်သွား၏။ တောင်ငူက ပဲ... စစ်စစ်နှင့် မနက်စောစော သမီးလေးကျောင်းမသွားမီစားသွား... ပင်ပင်ပန်းပန်းထကျိုပြီးခါမှ မစားချင်ဘူးဆိုတော့ မကျေမနပ်... သွား၏။

"ဟိုတစ်ခေါက်လာတုန်းက တိုဟူးသုပ်တွေကို ဝယ်စား... လို့. ."





"ဗိုက်မကောင်းလို့ပါ"

ကြောက်ရွံ့စွာဖြင့် တိုးတိုးလေးဖြေပြီး အိမ်ပေါ်မှ အမြန်ပြေး ဆ...သလာခဲ့သည်။

မြဲဝရောက်တော့ ဈေးသွားရန်ပြင်နေသော မမကြီး စံစပယ် နားကပ်ကာ. .

"ရွှေသွေးကို အစာကျွေးပြီး ညလေးအခန်းထဲထည့်ပေးပါ နော်. . ညလေးကြောက်လို့ပါ"

"အေး. . အေး. . အေး"

"ပြီးတော့ ပိုင်တို့ကျူရှင်လိုက်သွားမယ် မကြီးစံ. . ညလေးကို ပိုက်ဆံနည်းနည်းပိုယူလာခဲ့ပါ. . ပိုင်တို့အိမ်ကစောင့်နေမယ်နော်. . နို့မဟုတ်ရင် ပိုင့်ကိုတွေ့ရင် ပြောနေဦးမယ်"

"အေး. . အေး. . အေး"

ဒေါ်နွယ်မာကိုရှောင်ရှားရန်အတွက် မကြီးစံကိုတီးတိုးအစီ အစဉ်ဆွဲလိုက်သည်။

မိခင်ရင်းဖြစ်သော်လည်း ဒေါ်နွယ်မာလာလျှင် မွန်းကျပ်ပြီး စိတ်ရှုပ်ထွေးတတ်သော ဇလပ်ဖြူအား ခွင့်လွှတ်နားလည်စွာ ရှောင် ရှားခြင်းကိုလက်ခံကြသည်။

ဇလပ်ဖြူလေး စိတ်ချမ်းသာဖို့ အဓိကဖြစ်သည်။

ဒေါ်နွယ်မာက အိမ်ပေါ်မှလှမ်းကြည့်ကာ သက်ပြင်းချပြီး အိမ်ပေါ်ပြန်တက်လာသော စံစပယ်အား မကျေနပ်စွာ စွေကြည့် ရင်း. .

"မိခင်ရင်းတစ်ယောက်လာတာကို သူက မကျေနပ်ဘူးလား စံစပယ်"

"အို . . ဒေါ်လေးနွယ်ကလဲ၊ ကလေးက ကျူရှင်သွားတာပဲ စာမေးပွဲက သိပ်နီးနေပြီ . . ကလေးကို စိတ်ရှုပ်အောင်မလုပ်ပါနဲ့"

အေးအေးနေတတ်သော စံစပယ်က ပြန်၍ပြောလိုက်သည်။

စံစပယ်တို့ညီအစ်မက ဒေါ်နွယ်မာကို အမြင်မကြည်လင်ဘဲ မလိုလားသည်မှာ သိသာစွာပင်။

မေမေကြည်ကိုယ်တိုင်ကပင် ဝမ်းကွဲညီမအပေါ်မှာ စိတ်ညစ်ညူးလာလေ၏။

"မေကြည် . . ပေးစရာရှိတာ မြန်မြန်ပေးလိုက် . . ဒါမှ မြန်မြန်ပြန်ရအောင် . ."

"အင်း"

သက်ပြင်းမောကြီးချလျက် စံစပယ်ကိုစွေကြည့်လိုက်သည်။ မိုးနှင်းဆီက ဝန်ထမ်းဖြစ်၍ လကုန်မှ လစာရသလို စံစပယ်ကလည်း အပ်ထည်များမှ ဝင်ငွေကောင်းသည်။

ကိုကြီးထံမှလည်း လူကြုံမရှိ၍ ငွေမလာသေး။

သို့ရာတွင် မရှိရှိတာကို ရှာကြံ၍ ပေးရတော့မည်။

ဇလပ်ဖြူအတွက် . .

ဒီတစ်ခါတော့ မေမေကြည်ပြတ်သားရပေတော့မည်။ မနေ့က ရောက်လာကတည်းက ဇလပ်ဖြူမျက်နှာ မကြည်လင်တော့ပေ။





ပိုင်ဦးမောင်မရှိသော်လည်း နေ့လယ်ခင်းမှာ သူငယ်ချင်းထံမှာ စာအုပ်ငှားသလိုလိုနဲ့ အပြင်ထွက်သွားရာ ညနေစောင်းမှပြန်ရောက်လာလေသည်။

ပိုင်ဦးမောင် ညဘက်ရောက်လာ၍ စာပြနေသည်ကို ဒေါ်နွယ်မာက မသင်္ကာသလိုလိုနှင့် မကြာခဏချောင်းကြည့်နေတတ်၏။

ပိုင်ဦးမောင် ညဆယ့်တစ်နာရီမှာ ပြန်ထွက်သွားသောအခါ ဒေါ်နွယ်မာမအိပ်သေးဘဲ စောင့်ကြည့်ပြီး . .

"အဲဒီလောက်အထိ ညဉ့်နက်အောင်နေတာ ဘယ်သင့်တော်ပါ့မလဲ . . မကောင်းဘူး"

"ကောင်းပါတယ် . . ဇလပ်လေး စာမေးပွဲအောင်အောင်လို့ စာဝိုင်းကျက်ပေးတာပါ . . နောက်ဆို ညလုံးပေါက်ကိုနေပေးရမယ်လေ"

"အို . . ဘယ်ဖြစ်မလဲ . . မမကြည်တို့က ဘာမှမသိဘူး . . ကိုယ့်သမီးနာမည်ပျက်ကျန်နေမှာပေါ့"

ပိုင်ဦးမောင်အကြောင်း ဘာမျှထပ်မပြောတော့။ ဇလပ်ဖြူက အိပ်ရာထဲကို လျင်မြန်စွာဝင်အိပ်လိုက်၏။

ဒေါ်နွယ်မာတံခါးလိုက်ပိတ်ပြီးသောအခါ ဇလပ်ဖြူကိုရှာဖွေကြည့်ရာတွင် မတွေ့ရတော့။

မိခင်ကိုရှောင်နေတာ သိသိသာသာကြီးပဲ။

ခုသည်း တချူရှင်ဆိုပြီး အဝေးကြီးထွက်သွားပြန်ပြီ။ တစ်နေ့လုံးနေတော့မှာပဲလေ. . ညနေစောင်းမှ ဟိုကောင်ကလေးနဲ့ ပြန်လာမှာ၊ မကြေည်တို့ အဲဒီလောက်လွှတ်ထားဖို့ မသင့်တော်ပါဘူး. . နည်းနည်းတော့ပြောဦးမှ. .

"ဒေါ်လေး နွယ်. . မိုးမအားလို့ ထမင်းအိုးလာငှဲ့ပေးပါဦး"

"ဩော်. . အေး. . အေး"

အိမ်ရှေ့မှာ တမင်ရပ်လျက်နေသည်ကို တွေ့ရ၍ လှမ်းအကူအညီဟောင်းလိုက်သည်။

ရှုံးအမီ ချက်ပြုတ်နိုင်အောင်လုပ်ရဦးမည်။ စံစပယ်က ဈေးသွားလျှင် မိုးနှင်းဆီတစ်ယောက်တည်း မီးဖိုထဲမှာ အလုပ်များလျက်. .

မေမေကြည်က ခုနစ်နာရီအချိန်အထိ ဘုရားရှိခိုး ပုတီးစိပ် တရားထိုင်နှင့် အေးချမ်းသယိုနေနေသည်မို့ အကူအညီမတောင်းချင်။

"ထမင်းအိုးငှဲ့နေတုန်း ကျွန်မက ဆီသတ်လိုက်မယ်"

"အေးပါ. . ငါက သမီးလေးကျောင်းသွားတာကြည့်ချင်တာပါ"

"ဒေါ်လေးနွယ်က တစ်လတစ်ခါလာနေတာပဲ. . နောက်သုံးလလောက်မလာဘဲနေပါလား. . ကလေးစာမေးပွဲနီးလာပြီ. . ညည့်သည်သိပ်လက်မခံချင်ဘူး"

"ငါက ညည့်သည်မှမဟုတ်တာ"

"ဒါပေမဲ့ ညလေးက အပိုလူရှိရင် မနေတတ်ဘူး"





"ဟိုကောင်လေးနဲ့တော့ နေတတ်လား"

"အဲဒီကောင်လေးက ငယ်ငယ်ကတည်းက နေလာတာ ဒေါ်လေးနွယ်က မွေးထုတ်ထားပေမဲ့ သားသမီးတွေအများကြီးပဲ. . မချစ်ချင်တော့ဘူးဆိုပြီးပေးခဲ့ပြီးတော့များ အခုမှ အလွမ်းသည်နေတာ ဟိုက သားသမီးတွေရော"

မိုးနှင်းဆီက ဒိုးဒိုးဒေါက်ဒေါက်ပြောချလိုက်သောအခါ ဒေါ်နွယ်မာမျက်နှာမဲ့သွား၏။

"ဒို့ပြင် သားသမီးတွေက သူ့အိမ်ထောင်နဲ့သူဖြစ်နေတော့ ငါလက်လွှတ်ရပြီပဲ. . သူတို့အိမ်ထောင်တွေက အဆင်မပြေတော့ မနေချင်လို့ထွက်လာတာပါအေ. . မိဘဆိုတာ ကိုယ်မွေးထားကဲ့ သားသမီးကို ဘယ်ပစ်ချင်ပါ့မလဲ. . မလွှဲသာလို့သာ ပေးပစ်လိုက်ရတာပါ. . အသက်ရှူလမ်းကြောင်းချင်းဆက်သွယ်နေတာပဲ၊ သတိမရဘဲရှိပါ့မလားကွယ်"

ဒေါ်နွယ်မာ၏အပြောလေးကြောင့် မိုးနှင်းဆီရင်ထဲမှာ မတင်မကျနှင့် ရှေ့ဆက်ရန် စကားများ မဝံ့ရဲတော့ပေ။

"ရေကိုဓားနဲ့ဖြတ်လို့ရချင်ရမယ်. . သွေးသားတော်စပ်မှုကို ဘာနဲ့မှဖြတ်လို့မရဘူးလေ. . ဟိုက အစ်မတွေ အစ်ကိုတွေကလဲ သူတို့ညီမလေးကို သိပ်တွေ့ချင်နေကြတာ. . တစ်ယောက်တစ်လှည့်ဆီ အလည်လာဖို့ ပူဆာနေကြတာ"

"ဘုရားရေ. . တစ်ဆွေလုံး တစ်မျိုးလုံးပါလား"

မိုးနှင်းဆီအလန့်တကြားရေရွတ်လိုက်မိသည်။

"အမလေး မလုပ်ပါနဲ့ ဒေါ်လေးနွယ်ရယ်. . ညလေးစာမေးပွဲပြီးပါစေဦး. . စာမေးပွဲပြီးမှ တစ်မျိုးစီစဉ်ကြတာပေါ့"

"မိန်းကလေးပဲအေ. . စာမေးပွဲအတွက် ဒီလောက်တောင်စိတ်အပင်ပန်းခံနေရလား. . ယောကျ်ားတစ်ယောက်ဈောက်ယူလိုက်ပေါ့. . ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာဆို ဘာမှအပင်ပန်းခံပြီး ပညာတတ်ဖို့မလိုဘူးလေ. . ဒို့သမီးလေးက သိပ်လှတာပဲ၊ လိုချင်တဲ့သူတွေပေါ်မှ"

"ဟာ. . ဒေါ်လေးနွယ်ရယ်. . ခေတ်အောက်နေတဲ့ အတွေးအခေါ်တွေနဲ့ ညလေးကို အဲဒီလိုမပြောပါနဲ့. . ညလေးက ပညာတတ်ဖြစ်ဖို့ကို အဓိကထားတာပါ. . ဒေါ်လေးနွယ် သမီးတွေကိုသာ အဲဒီလိုပဲ ပညာမတတ်ဘဲ ယောကျ်ားပေးစားလို့ရတိုင်း ညလေးကို အဲဒီလိုဆွဲမထည့်ပါနဲ့. . ညလေးသံရင် စိတ်မကောင်းဖြစ်နေဦးမယ်"

"အို. . နွယ်မှာသွေးတော့ပါမှာပဲ. . ခုတောင်ကြည့်. . ညည်းတို့ဦးစားပေးနေတဲ့ကောင်လေးနဲ့ တတွဲတွဲပဲ. . တော်ကြာဖြစ်သွားမှာ"

"ဒေါ်လေးနွယ်. . ကလေးကို အဲဒီလိုမပြောနဲ့. . သူတို့တွေရဲ့ ရိုးသားမှုကို ကျွန်မတို့နားလည်ပြီးသားပါ. . ဖြစ်သွားလဲ ကျွန်မတို့က သဘောတူပြီးသားပဲ. . အရေးကြီးတာက မိကောင်းဖခင်သားသမီးဖြစ်ဖို့၊ မျိုးရိုးဗီဇသန့်ဖို့ပဲ အရေးကြီးတာ. . ဒါပေမဲ့ ညလေးက သူတို့ဘယ်လောက်ပဲချစ်ခင်နေပါစေ. . ဆယ်တန်းမအောင်ခင် ဘာမှ ဦး





စားဘူးလို့ပြောပြီးသားပဲ. . ပိုင့်ကိုလဲ ယုံကြည်စိတ်ချပြီးသားပဲ. . ပိုင့်အဖေက မုဆိုးဖိုပေမဲ့ ဘယ်တော့မှ မျက်နှာမများဘူး. . ခုထိ သူ့သားနဲ့ပဲနေနေတုန်းပဲ"

ဆတ်ဆတ်ထိမခံစွာဖြင့် ဘာတွယ်ပြောလိုက်ရသောကြောင့် ဒေါ်သသံအနည်းငယ်ပါသွားသည်။

မေမေကြည်အိမ်ခန်းထဲမှ ကပျာကယာထွက်လာပြီး မိုးနှင်းဆီအား လှမ်းခေါ်လိုက်၏။

"နှင်းရေ. . ရှစ်နာရီထိုးပြီလေ. . တော်ကြာ ဖယ်ရီမမီဘဲနေဦးမယ်. . မေကြည်တို့ကြည့်လုပ်လိုက်မယ်သွား. . သွား"

"ဟုတ်. . ဒီအိုးလေးကို အချဉ်ရည်ထည့်ပြီးရင် ပြီးပါပြီမေကြည့်. . ကျွန်မထည့်ခဲ့ပါမယ်. . မေကြည်ဆူအောင်ကြည့်ထားပြီးမြည်းပြီးချပေးပါ"

"အေး. . အေး အေး. . သွားတော့ သမီး"

မကြာမီ ပေါက်ကွဲတော့မှာကို မေမေကြည်က ကပျာကယာဝင်ရောက်ဖယ်ရှားလိုက်လေသည်။

ဒေါ်နွယ်မာကလည်း အိမ်ထောင်သုံးဆက်၊ ကလေးရှစ်ယောက်အမေ အင်အားကြီးမားသော မိသားစုကို ပိုင်ဆိုင်ထားသူပီပီ အရပ်ထဲမှာ ပြဿနာအဖြစ်များကာ ဒေါ်စွာကျယ်ဘွဲ့ကိုယူထားသူ. .

မိုးနှင်းဆီကလည်း သားသမီးတွေထဲမှာ မဟုတ်မခံဆတ်ဆတ်ကြဲ၊ သူ့ကိုထိလျှင် နည်းနည်းလေးမှ သည်းမခံတတ်ပေ။

"ဒီတစ်ခါ. . နွယ်မာတို့အိုးကဲ မာတင်းနေတာပဲ. . ထိုးသား ကျလို့ထင်တယ်"

"အင်း. . ဟုတ်တယ်"

စကားလမ်းစလွဲကာ လူကြီးပီပီ အေးရာအေးကြောင်းပြော လိုက်သော်လည်း ဒေါ်နွယ်မာက စိတ်မပါသလို ပြန်ဖြေကာ ငြိမ်၍ တွေးနေလိုက်၏။

အနာပေါ်ကိုကျလာသောစကားအတွက် မကျေမနပ်နှင့် အံကိုခဲလျက်. . .

✤ ✤

"ပိုင်. . ငါလေ သူလာရင် စိတ်မကြည်ဘူး. . လေးနေ တယ်. . ငါ့အာရုံတွေက သူ့နောက်မှာ ပြဿနာပါလာသလိုလို. . အန္တရာယ်တစ်ခုခုပါလာသလိုလိုပဲလို့ထင်တယ်. . သူလာရင် တို့အိမ် လေးရဲ့ ငြိမ်းချမ်းမှုက အလိုလိုပျက်သုဉ်းသွားသလိုပဲ"

ဇလပ်ဖြူ၏ ညှိုးရော်ရော်မျက်နှာလေးကိုကြည့်ကာ ရင်ထဲ မှာ သနားနေမိ၏။

သို့ရာတွင် မေမေကြည်မှာထားသော စကားကြောင့် သက် ပြင်းရှည်ကြီးချမိလိုက်သည်။





"ဘာပဲဖြစ်ဖြစ် နင့်ကို လူ့လောကကြီးရောက်အောင်မွေးထုတ် ထားတဲ့အမေရင်းရဲ့ ကျေးဇူးကိုတော့ မမေ့ရဘူးလေ. . သူက နင့်ကို ချစ်လွန်းလို့ အဝေးကြီးကနေ လာလာတွေ့နေရတာပဲ. ."

"ဒါတော့ ဒါပေါ့လေ"

မေမေကြည်က သမီးကြီးနှစ်ယောက်အား ပိတ်ပင်ထားသ ဖြင့် ဒေါ်နွယ်မာလာတိုင်း ငွေပေးလိုက်ရသည်ကို ဇလပ်ဖြူမသိခဲ့ပေ။

"နင်က ကုသိုလ်ကံသိပ်ကောင်းတာပဲ. . အမေနှစ်ယောက် တောင်ရှိတယ်. . ငါ့မှာက အမေမရှိဘူး"

"ဒါပေမဲ့. . နင့်မှာ အဖေရှိတယ်လေ. . ငါ့မှာက အဖေမရှိ ဘူး"

"ဒါများ ဖြူလေးရယ်. . ငါ့အဖေက နင့်အဖေပဲပေါ့. ."

"ဒါဆို. . ငါ့အမေနှစ်ယောက်ကလဲ နင့်အမေတွေပဲပေါ့"

"အေး. . ဟုတ်တယ်. . တို့နှစ်ယောက်က ဘဂ်လားမောင်နှမ တွေပဲ ဟုတ်သားပဲ. . နောက်တစ်ခါဆို ဒေါ်နွယ်မာကြီးကို မေမေလေး ခေါ်ရမယ်"

"ကြည့်စမ်း"

ထိုအခါမှ ရှက်ရမှန်းသိပြီး ပိုင်ဦးမောင်ကျောကို လက်သီး ဆုပ်ကလေးနှင့်ထုလိုက်၏။

ဒေါ်နွယ်မာလာလျှင် ရှောင်နေကျမှန်းသိ၍ သူတို့သားအဖ က ဇလပ်ဖြူအတွက် အမြဲကာကွယ်ပေးကာ စိတ်ပျော်ရွှင်မှုကို အမိက အလေးထားခဲ့သည်။

"ပိုင်. . နင် ဘယ်လိုပဲဖြစ်နေဖြစ်နေ . . ငါဘာပဲဖြစ်နေဖြစ် တို့နှစ်ယောက်မခွဲဘူးနော်"

"ဟင်"

ရုတ်တရက်အံ့အားသင့်သွား၏။

ဇလပ်ဖြူမျက်နှာကိုကြည့်ကာ အဖြေရှာသော်. .

အလေးအနက်ထား၍ စိုးရိမ်ကြောက်လန့်ဟန်ဖြင့် ပြော သည်ကိုတွေ့ရသဖြင့် ဇလပ်ဖြူလက်ဖျားလေးများကို ဆုပ်ကိုင် အားပေးလိုက်၏။

လက်ဖျားလေးများအေးစက်လျက်. .

"ဖြူဖြူလေး ဘာတွေတွေးပြီး စိုးရိမ်နေရတာလဲဟင်"

"မသိဘူး. . ငါ အခုတလော သိပ်ကြောက်နေတယ်. . နင် ခွဲသွားမှာရော၊ မေမေကြည်တို့နဲ့ ခွဲသွားမှာရောပေါ့"

"ဘာဆိုင်လို့ခွဲရမှာလဲ. . နင့်ကို ငါမခွဲဘူး. . ခွဲနေဖို့ အကြောင်းမရှိဘူး. . တို့နှစ်ယောက်ကြားမှာ ဘယ်သူမှ တားဆီးဟ တားလို့မှမရတာမဟုတ်လား. . အရေးကြီးတာ နင့်စိတ်ဓာတ်ခိုင်မာ ပဲလေ"

နုနယ်ဖြူစင်သော ဇလပ်အပေါ်တွင် ဖြူစင်သောစကားမျိုး ဖြင့်သာ ပြောဆိုချင်သည်။ လက်ထပ်ရန် စကားကို မဆိုရက်ပေ။

ဘယ်လိုပြောပြော ဇလပ်ဖြူက အားငယ်ကြောက်ရွံ့မှုများ လျော့၍ မသွားဘဲ ပိုင်ဦးမောင်၏လက်မောင်းကို အားကိုးတကြီး ဖက် တွယ်လျက်. .





"ငါ့ကိုခွဲမသွားနဲ့နော် ပိုင်. . ငါ အခုတလော သိပ်ကြောက် တယ်"

"ဘာကိုကြောက်နေတာလဲ"

"မသိဘူး"

"ကျွတ်. . နင် သိပ်ကိုပျော့တာပဲ. . ငါရှိနေတာပဲ ဘာမှ ကြောက်နဲ့"

အားမာန်အပြည့်နှင့်ပြောလိုက်သော ပိုင်ဦးမောင်ကို ယုံကြည် အားကိုးစွာ ငေးကြည့်ရင်းက သက်ပြင်းမောကြီးချကာ. .

"နင့်ကို ငါယုံပါတယ်ဟာ. . ငါလဲ ငါ့ကိုယ်ငါ အားမရဘူး. . င်တို့မေကြည်တို့နဲ့ဝေးရင် ငါ ဘယ်လိုနေမလဲဆိုတာ တစ်ခါတလေ တွေးကြည့်ရင်း ကြောက်လိုက်တာဟာ"

"အရူးမ. . တွေးကြည့်ရုံနဲ့ ကြောက်ရတယ်လားကွာ"

နဖူးကို လက်ညှိုးနှင့်ထိုးကာ တွန်းလိုက်ရင်း. . ချစ်စနိုးပြော လိုက်၏။

ဇလပ်ဖြူမချိုပြုံးလေးပြုံးလိုက်၏။

မည်းနက်ကော့ရွန်းသောမျက်တောင်များက မျက်လုံးဝိုင်း းထဲမှာ ပြည့်လျှံလာသော မျက်ရည်စများကို ပုတ်ခတ်၍ ဖျောက် တ်ကာ ထိန်းသိမ်းလိုက်၏။

"ဘာလဲ. . နင့်ကို နင့်အမေက ပြန်ခေါ်နေလို့လား"

စိုးရိမ်ကြီးစွာမေးလိုက်၏။

"အင်း. . ငါ့ညီအစ်ကို မောင်နှမတွေကိုပြချင်တယ်တဲ့. . သူတို့ကို အလှည့်ကျရန်ကုန်ကိုခေါ်လာရင် ပြီးတော့မှာမဟုတ်ဘူး. . ငါပဲသွားတွေ့တာကောင်းမလားလို့"

"ငါပါလိုက်မယ်. . နင့်ကို စိတ်မချဘူး"

ကောက်ကာငင်ကာပြောပြီးမှ ရှက်သွားသည်။

"မလေးနှင်းဆီက ခွင့်ယူပြီးလိုက်မယ်တဲ့"

"အေး. . ကောင်းတယ်. . မလေးက ဆတ်ဆတ်ကြဲပဲ. . နင်ရယ်. . မကြီးစံရယ်. . မေမေကြည်ရယ်က အိညှက်အိညှက်နဲ့. . ဟိုမိန်းမကြီးက နိုင်စားနေမှာ"

အပြုံးလေးများက အားယူ၍ သတ္တိမွေးနေဟန်မို့. . ပိုင်ဦးမောင်ရင်မောစွာဖြင့် လက်ဝါးနုနုလေးကို ဖမ်းကိုင်၍ ဆုပ်ကိုင်ရင်းက. .

"ဘာမှမကြောက်နဲ့. . နင့်အနားမှာ ငါအမြဲရှိနေတယ်ဆိုတာယုံ. . နင့်အတွက် ငါအားလုံးလုပ်ပေးနိုင်တယ်လို့မှတ်. . ငါ့ရဲ့မေတ္တာတွေနဲ့ နင့်ကို လုံခြုံအောင်ကာကွယ်ထားမယ်ဆိုတာ နင့်ခေါင်းထဲမှာ အမြဲရှိနေစမ်းကွာ"

"အင်း. . . နင့်ကို ယုံလဲယုံတယ်. . အားလဲကိုးတယ်. . ဒါပေမဲ့ ခုတလော နိမိတ်ဆိုးတွေက ငါ့ကိုခြောက်လှန့်နေတယ်"

"ဟာကွာ. . ဇလပ်ကလဲလုပ်ပြန်ပြီ. . အဲဒီအတိတ်တွေ နိမိတ်တွေကို အစွဲအလမ်းမထားပါနဲ့လို့ နင့်ကို ခဏခဏပြောနေတာ နားမထောင်ဘူး"





ပြောလိုက်လျှင် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် အပြစ်ကင်းစင်တဲ့ကလေးတစ်ယောက်ရဲ့ အမူအရာမျိုးနှင့် အပြစ်တင်ရက်စရာမမြင်ရပေ။

ကရုဏာ၊ ဒေါသနှင့် ရှုတ်တရက်အော်လိုက်ပြီးမှ ပြန်သနားသွားကာ. .

"ဖြူဖြူလေး စိတ်ထဲမှာ အေးချမ်းမှုရှိမှ. . ခေါင်းကြည်လင်မှာပေါ့. . ဒီနေ့ကစပြီး စာကို မှန်မှန်ကျက်. . စာမေးပွဲအောင်ရင် ကျောက်တုံးကြီးလေးပါစေ. . ဆွဲမရအောင်လေးနေပါစေဆိုတဲ့ ဆုတောင်းနဲ့ကျောက်တုံးကိုတောင် မ ကြည့်မနေပါနဲ့ဟာ. . အတန်းထဲမှာ ဘာသာစုံအမှတ်ရှစ်ဆယ်ကျော်ပြီး အောဒီရနေတာ၊ နင်မှမအောင်ရင် ဘယ်သူအောင်မလဲ. . မနှစ်က စာတွေ့ပဲ. . ပြီးတော့ စာမေးပွဲကြီးပုံစံအတိုင်းပဲ စစ်မေးတာပဲမဟုတ်လား. . နင်အောင်မှာပါဟာ. . အနည်းဆုံး ဂုဏ်ထူးလေးခုပါကိုပါရမယ်လို့ ငါပြောလိုက်ပြီ. . ငါပြောရင်လွဲခဲတယ်ဆိုတာ နင်သိတယ်နော်"

ခေါင်းလေးညိတ်ကာ ပြုံးလိုက်၏။

ပိုင်ဦးမောင် မောသွားတော့သည်။

ပါးစပ်ကသာ အားမာန်အပြည့်နှင့် အားပေးနေရသည်။ ရင်ထဲမှာတော့ ဇလပ်ဖြူအတွက် သောကမအေးနိုင်သေး။ စာမေးပွဲဖြေခါနီး ကျန်းမာရေးကောင်းမှ၊ နှလုံးရောဂါဆိုတာ အချိန်မရွေးဖောက်ပြန်နိုင်တဲ့ရောဂါမျိုးပဲ. .

✤ ✤

"သမီးလေး. . မေကြည်တို့နဲ့နေရတာ ပျော်ရဲ့လား. . "

ထူးဆန်းစွာမေးလိုက်သဖြင့် အံ့အားသင့်သွားမိသည်။

မေမေကြည်က နူးညံ့သော ဇလပ်ဖြူ၏ ဆံပင်များကို ညင်သာစွာ ခေါင်းဖြီးပေးပြီး ကျစ်ဆံမြီးလေးကျစ်ပေးနေ၏။

"ဘာလဲ. . မေမေကြည်က ဇလပ်ကို မထားချင်တော့လို့လား"

မေမေကြည်ထိုင်နေသော ကုလားထိုင်ခြေရင်းမှာ ထိုင်ရင်းက နှုတ်ခမ်းစူကာ စိတ်ကောက်သောအသံနှင့် ပြန်မေးလိုက်သဖြင့် မေမေကြည်ပြုံးလိုက်မိသည်။

ဒီလိုမေးရင် ဒီလိုဖြစ်မယ်လို့ မေမေကြည်ကြိုတင်တွက်ဆမြီးသားပဲလေ။

"မေမေ့သမီးလေးကို သိပ်ချစ်လို့မေးတာပေါ့ကွယ်"

"မေးစရာလိုသေးလို့လား. . သမီး မေမေကြည်တို့နဲ့ ဘယ်တော့မှမခွဲဘူး"

"ယောက်ျားယူရင်ရော"





"ဒီအိမ်မှာပဲနေမယ်"

"ကြည့်စမ်း. . ယောက်ျားမယူဘူးလို့မပြောဘူး. . ကောင်လေး. . "

"တွေ့နေပြီကိုး"

စက်ချုပ်နေသော မကြီးစံနှင့်ကောင်မလေးနှစ်ယောက်က င်၍ နောက်ကာ ဝိုင်းရယ်ကြ၏။

"သဘောကိုပြောပြတာပါ"

"အေးလေ. . နီးနီးလေးပဲမဟုတ်လား၊ သိပ်ပူစရာမလိုဘူး"

ဇလပ်ဖြူရှက်ပြုံးလေးသာပြုံးနေလိုက်၏။ ဘာမျှပြန်မပြောာ့ပေ။

မနေ့ညနေက ပြန်သွားသော မျက်ရည်အဝဲသားနှင့် သမီး၏ ာင်ဖယ်မှုကိုခံရသော မိခင်တစ်ဦး၏ ရင်တွင်းကို မေမေကြည်ဝင်၍ ား‌ကြည့်မိသည်။

"သမီးလေးက စိတ်ထားဖြူတယ်. . ဘယ်သူ့ကိုမှ ရန်မလုပ်တ်ဘူး. . လူတိုင်းအပေါ်မှာ ခွင့်လွှတ်တတ်တယ်ဆိုတာ မေမေည်သိပြီးသားပဲ"

ပါးစပ်မှာ ဆီးထုပ်ဝါးရင်းက မေမေကြည်၏ ယုယစွာကိုင်ယ်မှုကို ဇိမ်ယူနေ၏။

အလိုမကျစိတ်. . မခံချင်စိတ်. . မကျေနပ်စိတ်ဆိုတာ ဆယ်း‌စာမေးပွဲကျစဉ်က ဖြစ်ပေါ်ခံစားဖူးပြီး. . တစ်ဆက်တည်းမှာပင်

ယခုမှပေါ်လာသော အမေရင်းဆိုသူကြောင့် ပို၍ စိတ်အနှောင့်အယှက်ဖြစ်မိသည်။

"သမီးကြောက်တယ် မေကြည်"

"ဘာကိုကြောက်တာလဲ"

"မသိဘူး. . သူ့အသံကြီးက အဝေးကြီးကနေကြားနေရတယ်. . ကြမ်းလဲကြမ်းတယ်, . ရွှေသွေးလဲ ကြောက်တယ်. . သမီးလဲကြောက်တယ်"

"သူမွေးလာလို့ သမီးဟာ မေမေကြည်တို့ဆီရောက်လာတာကို အမြဲစဉ်းစားလေ. . သူ့ရဲ့မွေးကျေးဇူးက သိပ်ကို ကြီးမားတာပဲ. . အဲဒါကို မမေ့ရဘူးလေ"

"မမေ့ပါဘူး. . ဘုရားရှိခိုးတိုင်း မိရင်းဖရင်းပါရှိခိုးပါတယ်"

"လိမ္မာလိုက်တဲ့သမီးလေး"

"ဒါပေမဲ့. . အဲဒီဒေါ်လေးနွယ်လာရင် အန္တရာယ်အနံ့ရသလိုပဲ၊ ကြောက်လို့ သမီးရင်မဆိုင်ရဲတာပါ"

"ဩော်. . သမီးရယ်"

မေမေကြည် သက်ပြင်းရှည်ကြီးချလိုက်မိသည်။

တစ်ခါအရိုက်ခံရဖူးသော ခွေးများ၊ ကြောင်များလိုပင် အမှတ်ကြီးလှသည်။

မိုးသီးကို တစ်ခါဓားနှင့်ပစ်ဖူး၍ မိုးသီးရော သူ့သခင်မကပါ ကြောက်ရွံ့စွာ ရှောင်ဖယ်လျက်ရှိနေသည်။





မေမေကြည်ဘာပြောရမှန်းမသိဖြစ်သွားပြီး စက်ချုပ်နေသော မကြီးစံကို လှမ်းကြည့်လိုက်၏။

မကြီးစံနှာစေးနေသည်။

မသိဟန်ဆောင်ပြီး အင်္ကျီထံကို အာရုံနှစ်ပစ်လိုက်၏။ သူတို့ကိုယ်တိုင် ဒေါ်နွယ်မာကို မကြည်မလင်ဖြစ်နေတော့ ဘယ်လိုမှ ဝိုင်းပြောပေးမှာမဟုတ်တော့ပေ။

မောင်နှမများနှင့်တွေ့ရန်ကိစ္စကိုလည်း သမီးနှစ်ယောက်စလုံးက မထောက်ခံချင်ပေ။

"ဩော်. . သမီးရယ်. . သူတို့က အဆင်မပြေဘူး. . ဈေးရောင်းနေရတော့ နူးညံ့သိမ်မွေ့လို့မရဘူးလေ. . အသံတိုးနေရင် ဈေးရောင်းလို့မရဘူးပေါ့. . သမီးလေးကို အေးအေးချမ်းချမ်းနေစေချင်လို့ မေမေကြည်တို့ဆီပို့လိုက်တဲ့ စေတနာလေးကြောင့် သမီးဟာ မေမေကြည့်သမီးဖြစ်ရတာပေါ့. . မေမေကြည်က ဒုတိယအမေပါ. . သူက ပထမအမေလေ"

"သမီးသိပါတယ် မေမေကြည်ရယ်. . လူဖြစ်လာအောင်မွေးလာတဲ့ မွေးကျေးဇူးအတွက်ကို တစ်နေ့နေ့မှာ သမီးပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်"

"လိမ္မာလိုက်တာကွယ်. . နောက်တစ်ခါ အမေရင်းလာရင် ရှောင်မနေနဲ့နော် သမီးလေး. . သူ စိတ်မချမ်းသာအောင် မလုပ်ရဘူးနော်"

"ဟုတ်"

တလေးစာမေးပွဲဖြေပြီးမှလာပါဟု ပိုင်း၍ မေတ္တာရပ်ခံထား၍ သုံးလနီးပါးတော့ အေးချမ်းစွာ နေရမည်ဖြစ်ပေသည်။

လူတစ်ဖက်သားစိတ်ဆင်းရဲမှာစိုးသော ဇလပ်ဖြူသည် မေမေကြည်၏ တောင်းပန်စကားကြောင့် ဟုတ်ကဲ့ဟုပြောလိုက်သော်လည်း ဒေါ်လေးနွယ်အကြောင်းပြောလျှင် မျက်နှာက မသာမယာဖြစ်သွားသည်ကိုတော့ ရိပ်မိကြသည်။

ဘာပဲဖြစ်ဖြစ်လေ. . ကြိုးစားပြီးတော့ ချစ်ကြည့်ဦးမှ. .

ဒီကမ္ဘာလောကမှာ အမေနှစ်ယောက်ရှိတဲ့သူဟာ ကံကောင်းသူပဲဖြစ်ရမယ်လို့ ပိုင်ကပြောဖူးတဲ့ဟာပဲ။

✤✤✤





## အခန်း (၄)

စာမေးပွဲကြီးနီးလာကြောင်းကို လမ်းထိပ်မှ ပေါက်ပွင့်က သတိပေးနေပြီမို့ ဇလပ်ဖြူရင်ထဲမှာ နွမ်းလျသွားသည်။

စာမေးပွဲကို တစ်ကြိမ်ကျဖူး၍ ဖြေရမှာ အလိုလိုကြောက်ရွံ့နေမိသည်။

ဒီတစ်ခါ စာမေးပွဲဖြေလျှင် ကျန်းမာရေးက နှောင့်ယှက်မှာလား. . ဘာက နှောင့်ယှက်မှာလဲ. .

ဒီနေ့ကျူရှင်အပြန်မှာ ပိုင်ပါမလာပေ။ အစဉ်အမြဲတွဲကပ်လျက်ရှိသော ပိုင်ပါမလာ၍ ရင်ထဲမှာ လွတ်ဟာလျက်. . ခြေလှမ်းများပင် မကြွချင်အောင်လေးနေမိသည်။

ပိုင်ကား ကွန်ပျူတာစာမေးပွဲဖြေရမည်မို့ သူ့အား စိတ်ချရအောင် လမ်းထိပ်တွင်ချပေးခဲ့ပြီး စာမေးပွဲအမီ ကပျာကယာထွက်သွား၏။

သူတို့လမ်းလေးကား လုံခြုံစိတ်ချရပြီး အချင်းချင်း ကူညီ ရိုင်းပင်း၍ စည်းလုံးညီညွတ်သောလမ်းလေးပင်ဖြစ်ပေသည်။

ဒီလိုဖြစ်လာအောင်လည်း ပိုင့်အဖေဦးဆောင်၍ လူငယ်များနှင့်ရော လူကြီးများနှင့်ပါ ရောနှော၍ အချိန်အခါ နေရာအလိုက် အရောင်ပြောင်းတတ်၏။

မကြီးစံနှင့် မလေးနှင်းဆီလည်း ရုပ်ရှာ၏ သာရေး၊ နာရေးဆိုလျှင် လူရော ငွေပါ ရှေ့ဆုံးမှ ကူညီတတ်၏။

ထို့ပြင်. . ဇလပ်ဖြူကိုလည်း နူးညံ့သိမ်မွေ့၍ အေးချမ်းသောမိန်းကလေးအဖြစ် လူအများက ခင်မင်ကြ၏။

ပိုင်ဦးမောင်နှင့်လိုက်ဖက်ညီသော အတွဲဟု ယူဆကာ စနောက်လျက်ရှိကြသည်။

"ဝ. . တီ"

ရုတ်တရက် နောက်နားဆီမှ ဟွန်းသံပေး၍ လမ်းဘေးမှာကပ်၍ လျှောက်လိုက်၏။ လမ်းကျဉ်းလေးမို့ ကားလာလျှင် လမ်းဘေးကိုကပ်ရပ်မှလွတ်သည်။

"ဇလပ်လေး"

"ဟင်"

အံ့အားသင့်လွန်း၍ ငေးကြောင်ပြီးကြည့်နေမိသည်။ ပျောက်ကွယ်နေသူကို ပြန်တွေ့လိမ့်မည်မထင်။

"ကိုယ်ပေးလိုက်တဲ့စာကိုရလား"

ခေါင်းလေးငုံ့ပြီး ခြေလှမ်းမြန်မြန်လှမ်းကာ. . အိမ်ဆီသို့ရောက်အောင် အပြေးတစ်ပိုင်းလျှောက်လာသည်ကို ကားနှင့်ပြေးပြေလိုက်ရင်းက. .





"ကိုယ့်ကို စကားတစ်ခွန်းတော့ ပြန်ပြောပါလား"

ခေါင်းကို သွက်သွက်ကလေးခါယမ်းပြီး အိမ်အနီးအနားပတ်ဝန်းကျင်သို့ လှမ်းကြည့်လိုက်၏။

အသိအိမ်တစ်အိမ်ပေါ်သို့ လှမ်းတက်ရန် ကြံစည်လိုက်သည်။

"ဇလပ်. . ကိုယ် အိမ်အထိလိုက်လာမှာနော်"

"ဟင့်အင်း. . ဟင့်အင်း"

အကြောက်အကန်ငြင်းဆန်ပြီး အိမ်တစ်အိမ်ပေါ်သို့ပြေးတက်လာလေသည်။

ဘယ်သူ့အိမ်မှန်းမသိသော်လည်း တစ်လမ်းလုံးက ဇလပ်ဖြူတို့၏ရပ်ဆွေရပ်မျိုးများသာဖြစ်သည်။

"ဟဲ့. . ဟဲ့. . ဇလပ်ဘာဖြစ်လာတာလဲ"

"လူ. . လူ. . လူ"

အောင့်သက်သက်အပြုံးနှင့် ကားပေါ်မှလှမ်းကြည့်ပြီး မောင်းထွက်သွားသူကို ဒေါ်ကြီးမြင်ဖြစ်အောင်မြင်လိုက်သေးသည်။

"ရည်းစားစကားလိုက်ပြောတာပဲ. . ဒီလောက်တောင်ကြောက်ရသလား ဇလပ်ရယ်"

"မောလိုက်တာ. . ဇလပ်မှမကြိုက်တာ"

ခါတ်သိမို့ ပွင့်ပွင့်လင်းလင်းပြောလိုက်၏။ သမီးများ အိမ်ထောင်ခွဲပြီး မြေးအချို့ကို ထိုင်ထိန်းနေရသော ဒေါ်ကြီးက ပြုံးစိစိလုပ်ကာ. .

"ညည်းကို ငါသင်တန်းပေးရဦးမယ် ရော့. . မောရင် ..
သောက်ပြီး ခဏထိုင်နေလိုက်. . အပြန်မှာ ကလေးတစ်ယောက်ထ..
ပေးလိုက်မယ်လေ. . ဒီလောက်ဆို ပြန်ရောပေါ့ကွယ်"

ဒေါ်ကြီးက ရေတစ်ခွက်တိုက်ကာ ပြုံးပြုံးကြီးလုပ်၍ အန..
မှာထိုင်စေပြီး. .

"သမီးတို့အရွယ်က ငယ်သေးတယ်. . အခုမှ အသက်..
ဆယ်တောင် မပြည့်သေးဘဲ. . ရှေ့လျှောက်လူလုပ်ဖို့ အများကြီး..
သေးတယ်လေ"

မျက်လုံးလေးကလည်ကလည်နှင့် ဒေါ်ကြီး၏ရှေ့ဆက်ပြော..
စကားကို နားစွင့်နေမိသည်။

"ဆယ်တန်းကလဲ မအောင်သေးဘူး. . တကယ်လို့ ဆ..
တန်းအောင်လို့ တက္ကသိုလ်ဆက်တက်တဲ့အခါ သမီးမှာရွေးစရာလူ..
အများကြီးဖြစ်လာလိမ့်မယ်. . ကိုယ်က မိန်းကလေးပဲ. . ကိုယ့်ဘ..
တိုးတက်ဖို့အတွက် လုံခြုံအားထားရဆုံးလူကို စိတ်ကြိုက်ရွေးလို့ရ..
တယ်. . ခုပဲကြည့်လေ. . ဒီကျောင်းနဲ့အိမ် နီးနီးလေးတောင်မှ လို..
တဲ့သူက ဘွားခနဲပဲမဟုတ်လား"

ဇလပ်ဖြူယဲ့ယဲ့လေးပြုံးလိုက်သည်။

မကျေမနပ်ဖြစ်သွားသော်လည်း လူတစ်ဖက်သားကို ပြန်..
ပြောတတ်ဘဲ မျက်တောင်တဖျပ်ဖျပ်ဖြင့်သာ ပြန်ကြည့်နေသည်။

"ပိုင်ဦးမောင်က ဒေါ်ကြီးနဲ့သွေးသားတော်တာပဲ. . ဒါပေ..





မိန်းကလေးတွေဘက်ကကြည့်တာပါ. . နယ်မြေကျဉ်းကျဉ်းလေးမှာ
နီးစပ်ရာလူကို တွယ်တာပြီး ဘဝအတွက် လုံခြုံလှချည်ရဲ့ . . . ရွေး
ချယ်လိုက်ရင်အမှားတွေ့သွားမှာစိုးလို့လေ. . နောက်မှ နောင်တမရ
စေချင်ဘူး. . အခု ပိုင်ဦးမောင်နဲ့ ညည်းနဲ့ဖြစ်နေကြပြီလား"

"ဟင့်အင်း. . သူငယ်ချင်းပါပဲ. . ဘာမှမဖြစ်သေးပါဘူး. .
ဒေါ်ကြီး သမီးပြန်လိုက်ဦးမယ်. . တော်ကြာ မေမေကြည်စိတ်ပူနေဦး
မယ်"

"အင်း. . အင်း ဒေါ်ကြီးလိုက်ပို့ပေးရမလား"

"ရပါတယ်. . မရှိတော့ပါဘူး"

"နေဦး. . ဒေါ်ကြီးလဲ စံစပယ်ဆီမှာ အကျႌလိုက်ရွေးဦးမယ်
ဟဲ့. . ကလေးနှစ်ယောက် ခဏနေဦးနော်"

ဇလပ်ဖြူနားသို့ အတင်းကပ်လိုက်လာ၏။ ရှစ်နှစ်အရွယ်နှင့်
ငါးနှစ်အရွယ်ကလေးကိုထားထားခဲ့သည်။

လေးငါးအိမ်ခြားနေသဖြင့် လမ်းလျှောက်နေစဉ်တွင် တတွတ်
တွတ်ပြောလာ၏။

"ဒီခေတ်အခြေအနေမှာ ပိုက်ဆံရှိတဲ့သူဌေးတွေက မိန်းမ
အတည်တကျယူဖို့ ခဲယဉ်းသွားပြီ. . တကယ်ယူရင်လဲ တကယ်ချမ်လို့
ပဲပေါ့. . ခုကြည့်လေ. . ဘယ်သူက ကားနဲ့အချိန်ကုန်ခံပြီး လိုက်မှာ
လဲ. . သူတကယ်ချစ်လို့ပေါ့သမီးရယ်. . သူ့အကြောင်းနည်းနည်းပါး
ပါးစုံစမ်းပြီး သင့်တော်မတော်စဉ်းစားပေါ့. . အဲဒီကောင်လေးက ဘာ
လုပ်လဲသိလား"

"သဘော်သားတဲ့"

"ဘုရားရေ. . သဘော်သား ဟုတ်လား"

ဒေါ်ကြီး၏မျက်လုံးလေး တဖျပ်ဖျပ်လက်လာလျက်. .

"ကောင်းလိုက်တာကွယ်. . ဒီခေတ်က သဘော်သားဆိုရင် လက်ဖျားငွေသီးတာပဲ. . ဒေါ်ကြီးမှာ သမီးမရှိတော့လို့ လက်ကျန်ရှိသေးရင် ဒီကောင်လေးကို သမက်ဖမ်းလိုက်ပြီ. . ရုပ်ကြည့်ရတာ ရည်ရည်မွန်မွန်လေး"

ဇလပ်ဖြူဘာမျှတုံ့ပြန်၍မပြောလိုတော့ပေ။ ခြံဝင်းတံခါးကို တွန်းဖွင့်ဝင်ပြီး. .

"မကြီးစံ. . အကျီရွေးမလို့တဲ့. . ဒေါ်ကြီးပါလာတယ်"

"မပြောချင်ဘူး စံစပယ်ရေ. . ဇလပ်တို့ ရိုးပုံ အပုံများတော့ မပြောချင်ဘူး. . မမကြည်ရော. . "

အစချီနေစဉ် ဇလပ်ဖြူအိမ်ပေါ်ထပ်သို့ ပြေးတက်လာလိုက်သည်။ လွယ်အိတ်ကို စားပွဲပေါ်တင်ပြီး ပိုင်ဦးမောင်ထံမှ အလစ်ယူလာသော ပါ့စပို့ပုံသေးသေးလေးတစ်ပုံကို ထုတ်ကြည့်ကာ. .

"ပိုင်ရေ. . ဖားလေးဟာ ရွှေပင်လယ်ဘယ်လောက်ပဲ ကျယ်ကျယ်. . နွားခြေရာခွက်ကို မခွဲနိုင်ဘဲ အမြဲနားခိုပါရစေနော်"

✤❧





"မကြီးစံဘက်က ဘာအရေးကြီးလဲဗျာ. . ပိုင်လာမပို့နိုင်ဘူးဆိုရင် မကြီးစံသွားကြိုပေးပေါ့. . အညောင်းလဲပြေရအောင် လမ်းလျှောက်လိုက်ပါလား"

ပိုင်ဦးမောင်က မကျေမနပ်နှင့် မကြီးစံကို မာန်လိုက်သည်။

"မကြီးစံကို မနက်ကပဲပြောလိုက်ပါတယ်. . ပိုင်စာမေးပွဲဖြေမယ်လို့ ဇလပ်တစ်ယောက်တည်း ပြန်လာရမှာကိုလေ"

"အေးပါ ပိုင်ရယ်. . နောက်ဆိုသွားကြိုပါ့မယ်. . တစ်ခါတည်း၊ တစ်ခါပဲ၊ ပိုင်မပါရင် ပြဿနာကဖြစ်ပြီ"

ဒေါ်ကြီး၏ ပါးစပ်သတင်းကြောင့် သဘော်သားတားနှင့် လူပျိုလှည့်သည်မှာ တစ်လမ်းလုံးသိနေလေပြီ။

ပိုင်ဦးမောင်နားသို့ အလိုလိုရောက်သွားသောအခါ ဆတ်ဆတ်ထိမခံနာကျင်လျက် တရှူးရှူးနှင့် ယမ်းနေလေသည်။

ဒေါ်ကြီးဖြန့်သည့်သတင်းက ဇလပ်ဖြူကပဲ သဘော်သားကို ကြည်ဖြူသလိုလို. . သူ့အိမ်ပေါ်ခေါ်လာသလိုလိုနှင့် ချဲ့ကားပြောနေသဖြင့် ပိုင်ဦးမောင်နားသို့ ရောက်လာသော သတင်းစကားကား. .

"ဇလပ်ဖြူက တချူရှင်ကအပြန် သဘော်သားကားနဲ့ ပြန်လာတယ်တဲ့. . အဲဒီတောင်က ဇလပ်ဖြူကို တောင်းရမ်းတော့မယ်တဲ့"

ထိုသတင်းကို ပိုင်ဦးမောင်မယုံကြည်ပေ။ ရှုးရှုးရှဲရှဲနှင့် ဇလပ်ဖြူတို့အိမ်ကိုရောက်မှ ချဲ့ကားသော သတင်းမှန်းသိလိုက်ရတော့သည်။

ထိုအခါ. . ဒေါ်ကြီးကို စိတ်ဆိုးကာ မိန်းကလေးတစ်ယောက်လို နှုတ်သီးကောင်းလျှာပါးနှင့် ရန်တွေ့ချင်မိသည်။

"သားရယ်. . မေမေကြည့်တို့၊ ဇလပ်တို့ရဲ့စိတ်ကိုလဲ သားသိသားပဲ. . ငွေက ဘာအရေးကြီးသလဲ. . စိတ်ချမ်းသာမှုနဲ့ မေတ္တာတရားကိုပဲ အဓိကထားတာပါကွာ. . ငါ့သားဘာမှမပူနဲ့. . ဇလပ်ရဲ့စိတ်ကို သားသိပြီးသားမဟုတ်လား. . ကြောက်အားလန့်အားနဲ့ မောင်းကွဲကြီးအိမ်ကို တက်မိရက်သားဖြစ်သွားလို့ပါကွယ်"

ရင်ထဲမှာ အနည်းငယ်အေးသွားသော်လည်း ခါတိုင်းဇလပ်ကို အောက်ထပ်မှာမြင်နေကျမို့ မမြင်ရသဖြင့် ရင်ထဲထိတ်သွား၏။

"ဇလပ်ရော သိပ်လန့်သွားသေးလား"

"အင်း. . ဒေါ်ကြီးက ရေတိုက်လိုက်တယ်ပြောတယ်. . သူ့နားကပ်ပြီး ကားနဲ့လိုက်လာတော့ အိမ်ပေါ်တက်ပြေးလို့ သိပ်ကြာကြာမကြောက်လိုက်ရဘူးပေါ့"

"နောက်တစ်ခါ ဘယ်လောက်အရေးကြီးတဲ့ကိစ္စပဲဖြစ်ဖြစ် ဇလပ်ကို အနားမှာပဲခေါ်ထားမယ်. . အခုဟာလဲ စာမေးပွဲဖြေရလို့ပါ. . မကြီးစံကို ဘာမှ စိတ်ချပြီး လွှဲထားလို့မရဘူး"





ပိုင်ဦးမောင်က မကျေမနပ်နှင့် ခြေသံဖွဖွလေးနင်းကာ သူတို့နှစ်ဦးစာကျက်ရာအခန်းသို့တက်လာခဲ့သည်။

အခန်းထဲတွင် ဇလပ်ကိုမတွေ့၍ ရင်ထဲ စိုးထိတ်သွားသည်။

ခါတိုင်းအချိန်ထက်စောရောက်နေသဖြင့် ဇလပ်ဖြူက စာကြည့်ခန်းမှာရှိမနေခြင်းဖြစ်သည်။

အိပ်ခန်းဝမှ အသာချောင်းကြည့်လိုက်သည်။

"အင်. ."

ခုတင်ပေါ်ထိုင်ကာ စာအုပ်သေးသေးလေးထဲမှ တစ်စုံတစ်ရာကို ပြုံး၍ကြည့်နေသည်ကို တွေ့ရသဖြင့် ဇဝေဇဝါနှင့်. .

"အဟမ်း. . စာကျက်မယ်"

အသံပေးလိုက်သောအခါ ထိုစာအုပ်လေးကို ကပျာကယာဖွက်လိုက်သည်။

"ဘာလုပ်နေတာလဲ"

"ပိုင်သွားနှင့်. . ဇလပ်လာမယ်"

ခြေလှမ်းကျဲကြီးနှင့် ဇလပ်နားရောက်လာပြီး. .

"ပြစမ်း. . ဘာတွေကြည့်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး"

"ဘာမှမဟုတ်ရင် ပြ"

"ဟင့်အင်း"

မျက်လုံးဝိုင်းထဲမှာ မျက်ရည်များပြည့်လျက် တစ်စုံတစ်ရာကို ရှက်ရွံ့စွာ ကွယ်ဖွက်လိုက်သည်။

ပိုင်ဦးမောင်ရင်ထဲ စူးနစ်သွားပြီး မယုံကြည်နိုင်အောင်ဖြစ်သွား၏။

"နေ့လယ်က ဟိုသတော်သားကောင်က နင့်ကိုစာပေးသွားလို့လား"

"မပေးပါဘူး. . ကဲ ပိုင်သွား. . ဇလပ်လာခဲ့ပါမယ်"

"နင့်လက်ထဲက ဖွက်ထားတာကိုပြမှ သွားမယ်"

မေပေတေတေပုံစံနှင့် မျက်နှာကို မှုန်ကာနေလိုက်သဖြင့် ဇလပ်ဖြူမျက်နှာနီလာပြီး. .

"ပိုင်နော်. . အကျပ်မကိုင်နဲ့"

"နင်နဲ့ ငါ့ကြားမှာ ဖုံးကွယ်ထားစရာ ဘာမှမရှိဘူး"

"ဘာမှမဟုတ်ဘူးလို့ဆိုတာကို. . "

"ဒါဆို နင်ဘာလို့ ဖွက်ထားလဲ"

"မမြင်စေချင်လို့ပေါ့"

ထိုစကားကြောင့် ပိုင်ဦးမောင်မျက်နှာပျက်သွားသည်။ သူပြန်ပြင်းရှိုက်လိုက်ရင်း. .

"စာကျက်ချင်တဲ့စိတ်ရှိသေးရင်လာခဲ့. . ငါ စာကြည့်ခန်းမှာစောင့်နေမယ်. . နင်မမြင်စေချင်တာကို ငါ မကြည့်တော့ပါဘူး"

ဤကဲ့သို့ သူမမြင်အောင် ခိုးဖွက်တတ်သည့် ဇာပြုအမူမျိုးကိုတစ်ခါမျှ မမြင်ဖူး၍ အံ့ဩနေမိသည်။

နေ့လယ်က ကြားရသောသတင်းများနှင့် ပေါင်းစပ်ကာ ရင်ထဲမှာ ပူလောင်လာလေသည်။





ပြိုင်ဘက်ပေါ်လာသောအခါ ထိုပန်းလေးကို ပို၍ မြတ်နိုးတွယ်တာစိတ်ဖြစ်လာမိတော့သည်။

ထို့အပြင်. . လက်လွှတ်ဆုံးရှုံးသွားမှာလည်း စိုးရိမ်မိ၏။

ဇလပ်ဖြူရောက်လာသည်ကို မော့မကြည့်ဘဲ "သင်္ချာစာအုပ်ထုတ်" ဟုသာ လှမ်းပြောပြီး ပုံနှိပ်စာအုပ်ကို လှန်လှောနေ၏။

ဇလပ်ဖြူက သူ့ရှေ့မှာ ထိုင်လိုက်ပြီး သင်္ချာစာအုပ်ယူနေစဉ်သူ့ကို မသိမသာအကဲခတ်နေသည်ကို သတိထားလိုက်မိသည်။

"အိမ်စာပါရင်တွက်"

"တွက်ပြီးပါပြီ"

အသံတုန်တုန်နှင့် ပြန်ဖြေလိုက်သဖြင့် ဖျတ်ခနဲကြည့်လိုက်သည်။

ဘာမှမဖြစ်သလို မျက်နှာကို ှုန်ထားသော်လည်း မျက်နှာနီကာ အသံတုန်နေ၏။

"ဒါဆို စာကျက်. . ငါ သင်္ချာစစ်လိုက်ဦးမယ်"

"အားလုံးမှန်ပါတယ်. . အဖြေနဲ့တိုက်ပြီးပြီ"

"ဒါဆို မစစ်တော့ဘူး. . စာကျက်"

"ကျက်ပြီးပြီ"

"အင်္ဂလိပ်စာရော"

"ပြီးပြီ"

ပြန်ဆိုလျှင် သူက စာအုပ်ကြည့်ကာ နားထောင်ရန်သာ လိုတော့သည်။

"နှင် ဒီနေ့ စိတ်ပါမှာမဟုတ်ဘူး . . နောက်နေ့မှပဲ စာပြန်တော့ . . သွား . . နှင် စောစောအိပ်ရာဝင်ပြီး စိတ်ကူးယဉ်နေတော့ . . ငါလဲပြန်တော့မယ်"

"ဒါဆိုလဲပြီးရော"

ဇလပ်ဖြူက ထိုင်ရာမှထကာ ပြန်ထွက်သွားသောအခါ သူ့ရင်ထဲလွတ်ဟာသွားသည်။

ဇလပ်ဖြူ ဤကဲ့သို့ တစ်ခါမျှ မထွက်သွားခဲ့ဖူးပေ။ စိတ်ဆိုးစိတ်ကောက်လျှင် အပြန်အလှန် စကားနိုင်လုကာ ထုရိုက်ရင်းက စိတ်ဆိုးပြေသွား၏။

ခုလို သူကလည်း မနှင်စဖူး . . ဇလပ်ဖြူကလည်း ထွက်မသွားစဖူး . .

သို့သော် . . ဇလပ်ဖြူက တံခါးဘေးနားကပ်ကာ ပိုင်ဦးမောင်ကို ပြန်ချောင်းကြည့်လိုက်၏။

ချက်ချင်းထမပြန်သေးဘဲ ခေါင်းငိုက်စိုက်ချကာ တွေဝေငေးမောနေသော ပိုင်ဦးမောင်ကိုကြည့်ရင်းက ရင်ထဲမှာ တံသိမ့်သိမ့် လှုပ်ရှားသွား၏။

မိုင်စိတ်ဆင်းရဲနေတာကို မကြည့်ရက် . .

ချက်ချင်း အခန်းထဲပြန်ဝင်လာပြီး . .

"မပြန်သေးဘူးလား"

ဘာမှမပြောဘဲ ဇလပ်ဖြူကို စူးစိုက်ကြည့်လိုက်၏။ အလျင်က





လိုပြောင်ချော်ချော်မျက်နှာနှင့်မဟုတ်။ ဆွေးဆွေးမြည့်မြည့်လေးမို့ ဇလပ်ဖြူက ကုလားထိုင်မှာ ပြန်ထိုင်ရင်း . .

"နှင်ပြန်တော့လေ"

"မပြန်ဘူး . . နင့်ဘာသာသွားတော့"

"မသွားဘူး . . ဒီမှာထိုင်မလို့"

"သွားစမ်းပါ . . စာကျက်လို့လဲ ရမှာမဟုတ်ဘူး"

"ဘာလို့မရရမှာလဲ"

"နှင် စိတ်ကူးယဉ်နေမှာပေါ့ . . စာကို ဟန်ပြလာကျက်မနေနဲ့ သွား . ."

"နှင် နှင်စရာမလိုဘူး . . နင် စိတ်မပါလို့မနေချင်ရင် ပြန်"

"ပြန်မယ်"

ပိုင်ဦးမောင် ထရပ်လိုက်သည်။ ဇလပ်ဖြူကပါယောင်၍ ရပ်လိုက်၏။

ပိုင်ဦးမောင် သတိဝင်သွားသည်။

ဇလပ်ဖြူ၏မျက်လုံးမှာ ရှုတ်တရက် ကြေကွဲရိပ်လွှမ်းသွားသဖြင့် . .

ဇလပ်ဖြူအနားကပ်ကာ ပခုံးလေးကိုကိုင်၍ ထိုင်ခုံမှာ ပြန်ထိုင်စေပြီး . .

"နှင် ငါ့ကိုမနှင်ပါနဲ့ကွာ . . နင့်အနားမှာနေခွင့်ရှိတဲ့အချိန်မှာ အချိန်ပြည့်နေချင်တယ်"

"ပိုင်ကရော. . အရင်နှင်တာ"

မျက်ရည်အဝဲသားနှင့် ငိုသံပါဖြင့်ပြောလိုက်သဖြင့် ပိုင်ဦးမောင် ဟျာဟျာသလဲဖြစ်သွားပြီး ဇလပ်ဖြူ၏မျက်နှာလေးကို ငုံ့ကြည့်တာ. .

"ဒါ ဘာဖြစ်ရတာလဲ"

မေးလိုက်ခါမှ မျက်တောင်ကော့ကြီး လှုပ်ခတ်သွားပြီး. . မျက်ရည်တစ်ပေါက်ကျလာလေသည်။

"ဇလပ် နင်. . ငါ့အတွက် မျက်ရည်မကျရဘူး. . နင့်ကို ငါ စတာပါ နင်. . စိတ်ချမ်းသာသလိုနေ. . ငါဘာမှမပြောတော့ဘူးနော် မငိုနဲ့"

ဇလပ်ဖြူ၏လက်များကို ဆုပ်ကိုင်ရင်းက အလန့်တကြား ပြောလိုက်မိသည်။

သူအကြောက်ဆုံး ဇလပ်ဖြူ၏မျက်ရည်များကို သူမမြင်ရက်နိုင်။

"နင် ငါ့ကြောင့် မျက်ရည်ကျရင် ငါ့ကိုအပြစ်ပေးပါ ဇလပ် ရယ်. . ငါ့ကြောင့် နင်ပျော်နေတာပဲမြင်ချင်တယ်. . တော်ပြီနော်. . နင် မျက်ရည်ထပ်ကျရင် ငါ့ကိုယ်ငါ တစ်ခုခုဒဏ်ပေးမိလိမ့်မယ်"

"ပိုင်"

ပိုင်ဦးမောင်၏လက်ကိုဆွဲကာ သူ့ပါးလေးနှင့်အပ်ထားရင်းက. .





"ငါလဲ နင့်လိုပဲ. . နင့်အနားမှာနေခွင့်ရှိတဲ့အချိန်တိုင်း နေချင်တယ်သိလား. . ဒါပေမဲ့ ဒီနေ့တော့ မနေသေးဘူး. . နောက်နေ့မှ"

"နင်. . ဘယ်သွားမလို့လဲ. . ငိုနေမှာလား"

ဇလပ်ဖြူက ထရပ်ပြီး မျက်နှာနီနီနှင့် နောက်သို့ခြေလှမ်းဆုတ်ကာ သူ၏လက်တစ်ဝါးစာ စာအုပ်လေးထဲမှ ပလပ်စတစ်အကြည်လောင်းထားသော ဓာတ်ပုံနောက်ကျောကိုပြလိုက်၏။

"ငါ့အနားမှာ သူအမြဲရှိနေတယ်. . သိလား"

လှစ်ခနဲပြေးထွက်သွားတော့သည်။

"ဟာ"

ပိုင်ဦးမောင်ရင်ထဲ တင်းကျပ်မှုများကို ဖွင့်ထုတ်လိုက်၏။

ထို့နောက်. . ဇလပ်ဖြူထိုင်သွားသော ထိုင်ခုံမှာ ထိုင်ချကာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး အသက်ပြင်းပြင်းရှူလိုက်မိ၏။

ဓာတ်ပုံနောက်ကျောမှ ဓာတ်ပုံနံပါတ်ကိုမြင်ကတည်းက သူ မှတ်မိလိုက်သည်။

ဆယ်တန်းဖြေရန်ရိုက်ထားခဲ့သော ဓာတ်ပုံသာဖြစ်သည်။ နောက်ထပ်လိုအပ်သော ဓာတ်ပုံများကို ထပ်မရိုက်တော့ဘဲ ထိုနံပါတ်လေးပေးကာ ကူးကူးနေ၍ အလွတ်ရနေသည်။

ထိုနံပါတ်ပေါ်မှာရေးထားသော စာက သူ့အား လှုပ်ရှားမှုကင်းမဲ့အောင် တုပ်နှောင်လိုက်ခြင်းဖြစ်သည်။

"အချစ်ဆုံး" တဲ့. . .

✤ ✤

ဇလပ်ဖြူနောက်ကျောမှာ ပိုင်ရပ်တည်နေသရွေ့ အရာရာကို ရင်ဆိုင်ရဲပြီး မကြောက်ရွံ့တော့ပေ။

သူ့နောက်သို့လိုက်မလာသော်လည်း ကျူရှင်အသွားအပြန် စောင့်ကြည့်နေသည်ကို တွေ့ရတော့ ပိုင်ဦးမောင်၏ လက်မောင်းကို တင်းတင်းဆုပ်ကိုင်မှီတွဲရင်းက. .

"ကျွန်မမှာ ချစ်သူရှိတယ်. . ရှင် ငရဲကြီးလိမ့်မယ်"

ဟူသော မျက်လုံးများဖြင့် လှမ်းကြည့်ကာ အသိပေးလိုက်နိုင်သည်အထိ သတ္တိတွေရှိနေလေပြီ။

သိပ်တော့ကြာကြာမတွဲလိုက်ရပေ။ ဇွဲကောင်းလွန်းသော သူ့အား သုံးရက်ထက်ပိုမတွဲပြလိုက်ရ။

"ကောင်းတယ်. . မလာရဲတော့ဘူး"

"ထင်လို့လား"

"တွေ့လို့လား. . ရှိမှမရှိတာ. . သူလေသွားပြီ"

"နောက်ဆုတ်သွားတာ. . ရှေ့တိုးချင်လို့ပဲ. . ငါကတော့ သိပ်မယုံဘူး"

"ဘာလို့လဲ"





"ယောကျ်ားချင်းချင်း ရိပ်မိတာပေါ့. . လွယ်လွယ်နဲ့လက်လျှော့မှာမဟုတ်ဘူး"

"ဒါဆို ဘာလုပ်ရမှာလဲ"

"သိပ်ပြီး လွတ်လွတ်လပ်လပ်မနေနဲ့. . တော်ကြာ ကားထင်ပြေးရင် ဒုက္ခပဲ"

"နင်က ကြံကြံဖန်ဖန် စိုးရိမ်တတ်တယ်. . အဲဒီလောက်လဲ မဟုတ်ပါဘူး"

ပိုင်ဦးမောင်ဘာမျှမပြောတော့ပေ။ ထိုသူ၏ မျက်လုံးနှင့် ရင်ဆိုင်တိုးမိသည့်အခါတိုင်း မိမိအား စိန်ခေါ်နေသလိုလို. . လှောင်ပြောင်နေသလိုလို. . အသာစီးကကြည့်နေသလိုလို ခံစားရသည်။

တကယ်တော့. . မိမိက ပိုင်နိုင်နေသော်လည်း သူက မထီလေးစားဟန်အမူအရာ ဘာကြောင့်ပြရသလဲ. . တကယ်ဆိုရင် ရန်လိုတဲ့အကြည့်သာဖြစ်ရမှာပေါ့။

တွေးရင်း. . သက်ပြင်းရှည်ကြီးချလိုက်မိသည်။

ယှဉ်ပြိုင်မှုတွင်. . တရားသောယှဉ်ပြိုင်မှုဆိုလျှင် သူမစိုးရိမ်မိပေ။

ခုတော့. . လစ်ဟာသွားသောနေ့တစ်နေ့မှာ သူယူသွားမှာကို စိုးမိသည်။

"ပိုင်"

"ဟင်"

"ဘာတွေတွေးနေတာလဲ . . ငါခေါ်နေတာ ကြာလှပြီ . ."

အချင်းချင်းနားလည်ကြသော်လည်း စာမေးပွဲဖြေရန်ကိုသာ စိတ်စောနေသဖြင့် ထိုအချစ်ကို ခေတ္တမေ့ထားလိုက်ကြသည်။

ယခင်ကလို ဖြူစင်သော ဆက်ဆံမှုများနှင့် သွားလာမြပင်။

"နင့်ကို ငါ ပြန်ပို့ပြီးရင် နင့်ဘာသာနင် အိမ်ထဲမှာပဲနေနော် . . ငါပြန်လာမှ အဲ့ညောင်းပြေလမ်းထွက်လျှောက်ရင်လျှောက် . . တစ်ယောက်တည်း ဘယ်မှမသွားနဲ့"

"ခါတိုင်းလဲသွားလို့လား"

"နင် မကြီးစံခိုင်းရင် ဈေးသွားသွားဝယ်ပေးနေတာပဲ"

"စာမေးပွဲနီးလို့ မကြီးစံမခိုင်းတော့ပါဘူး"

"ဘာပဲဖြစ်ဖြစ် အမှတ်တမဲ့မနေပါနဲ့ဟာ . . နင့်ကို ငါ စိတ်မချဘူး"

မျက်လုံးလေးစွေကြည့်ရင်းက ပြုံးလိုက်သည်။

"ငါ့ကိုချည်းပဲ စိတ်မချဖြစ်မနေနဲ့ . . နင်ဘာသာနင်လဲ ဂရုစိုက်ဦး . . ငါက နေ့လယ်တစ်ရေးအိပ်ပြီး နင်လာတဲ့အချိန်မှာ စာကျက်လို့ရတယ် . . နင်က မအိပ်ရဘူး . . ပြီးတော့ ငါ့ကြောင့် အိပ်ပျက်နေတယ်"

"မဟုတ်ဘူး . . ငါ ဖေဖေ့ကိုစောင့်ရင်း တစ်ရေးရအောင် အိပ်တယ် . . ဒါ့ကြောင့် ငါခံနိုင်တာပေါ့ . . နို့မဟုတ်ရင် ဘယ်ခံနိုင်မလဲ"

"ငါ စာမေးပွဲပြီးရင် နင် ဝင့်ကျွတ်ပါပြီ"





"အဲဒီဝင့်ကြီးကျွတ်သွားမှာ သိပ်စိုးတာပဲ"

"ဟင်း . . ကြံကြံဖန်ဖန်"

"နင့်အနားမှာ အမြဲနေချင်တယ် . . နင့်ကို ငါကြည့်နေချင်တယ် . . မဖြစ်သေးပါဘူး . . စာမေးပွဲဖြေပြီးသွားရင် နင်နဲ့ငါ အတူတူနေရအောင် ကြံစည်ဦးမှပဲ"

"ဟင်း . . ကိုညဏ်ကျယ်လေး"

ရင်ထိတ်သွားသော်လည်း မသိဟန်ဆောင်ကာ ပိုင်ဦးမောင်၏ လက်ကိုဆွဲ၍ လမ်းချိုးထဲကွေ့ဝင်လာစဉ် . . ကားတစ်စီး၏ ပွတ်မောင်းသွားမှုကြောင့် ပိုင်ဦးမောင်ဘက် ယိမ်းယိုင်သွား၏။

ပိုင်ဦးမောင်က အလန့်တကြားဆွဲဖက်ရင်း . .

"ဟိုကောင့်ကားပဲ တွေ့လား . . ငါ့ကိုရိုက်ပြီး နင့်ကို ကားတင်ပြေးသွားမယ် . . ဒီနေ့ပဲလမ်းလျှောက်ရမယ် . . ကားပျက်နေလို့ နောက်နေ့တွေမှာ ဖေဖေနဲ့အတူတူ နင့်ကိုလိုက်ပို့ပေးမယ်"

ပိုင်ဦးမောင်သည် ကလေးများကို မိခင်က ဂရုစိုက်သကဲ့သို့ ဇလပ်ဖြူအား ဂရုစိုက်ကာ လမ်း၏အတွင်းဘက်မှာထား၍ သူတ ကားလမ်းဘက်မှာနေကာ တယုတယနှင့် လက်လေးဆွဲခေါ်လာခဲ့သည်။ ကားများဖြတ်သွားသည့်အခါတိုင်း အသင့်အနေအထားမှာရှိလျက် သတိထားကြည့်နေမိ၏။

ရင်ထဲမှာ စိုးရိမ်စိတ်နှင့် ပူလောင်နေသည်။

အိမ်ရှေ့အထိလိုက်ပို့ပေးပြီးမှ သူ ပြန်ထွက်သွား၏။

"မေမေကြည် . . ဇလ လာပြီနော် . . သားသွားတော့မယ်"

မြဲတံခါးကို ပိတ်ပေးပြီးမှ ပြန်ထွက်သွားသည်။

မေမေကြည်နှင့် မကြီးစံက ဆီးကြို၍စောင့်နေကြ၏။ သူတို့တလည်း တစ်စုံတစ်ခုအတွက် စိုးရိမ်နေသည်။

"ဟင်း. . ဇလပ်ဖြူက တကယ့်ကို ကျော်ကြားတဲ့ မင်းသမီးလေးလိုပဲနော်. . အစောင့်အကြပ်တွေနဲ့ လက်တွဲစောင့်ရှောက်ခံရတာပဲ"

"ဘာဖြစ်လဲ. . သူ့ကုသိုလ်ကံနဲ့သူ ဖြစ်တာပဲ"

ဇလပ်ဖြူက စက်အကူ နီနီ့အားပြုံးစိစိနှင့်ပြောပြီး လွယ်အိတ်ကလေးယမ်းကာ အိမ်ပေါ်ထပ်သို့ပြေးတက်သွားတော့သည်။

စာမေးပွဲနီးလာလေ. . အိမ်သားများနှင့် ပိုင်ဦးမောင်က ဂရုစိုက်လေမို့ ဇလပ်ဖြူအထူးပျော်ရွှင်စိတ်ချမ်းသာနေသည်။

မေမေကြည်က သမီးငယ်၏ လှပကြော့ရှင်းသော ခန္ဓာကိုယ်နောက်ပိုင်းကိုငေးကြည့်ပြီး သက်ပြင်းရှည်ကြီးချလိုက်မိသည်။

"ဗေဒင်တွက်ထားတယ်. . အလိုမတူဘဲ လက်ထပ်ထိမ်းမြားခြင်းခံရမယ်တဲ့. . ဘာပဲဖြစ်ဖြစ် စာမေးပွဲဖြေပြီးရင်တော့ လက်ထပ်ပေးလိုက်မယ်. . သမီးလေးကတော့ ကန့်ကွက်မှာပဲ. . သူက ဘွဲ့ယူပြီးမှ လက်ထပ်မယ်တဲ့"

"ဒါဆိုရင် အလိုမတူဘဲ အတင်းစီစဉ်တာဆိုတော့ ယတြာကျေသွားပြီပေါ့"

မကြီးစံက လှမ်းပြောရင်း စက်ကို တဂျုံးဂျုံးနင်းလိုက်၏။





စာမေးပွဲမှာ အေးအေးဆေးဆေးလေးဝတ်ရအောင်အတွက် တရုတ်ပိတ်အဆင်နှင့် ချည်သားအမရပူရမဃက်အအိလေးများကို အသင့်ချုပ်ပြီး ရေချထားလိုက်သည်။

"မကြီးစံရေ. . အင်္ကျီပြီးပြီလား"

"ဟော. . နယ်လီတို့ညီအစ်မလား. . လာ. . လာ. . ပြီးပြီ"

စံစပယ်က ဗီရိုထဲမှ အင်္ကျီကိုထထုတ်ပေးလိုက်သည်။ လမ်းထဲမှာ ခေတ်ဆန်သော ညီအစ်မများပင်ဖြစ်၏။ သူတို့လိုချင်သောပုံကို ပုံဆွဲပေးပြီး ချုပ်ခိုင်းထားသဖြင့် စံစပယ်အတွက် အလွန်စဉ်းစားသက်သာချုပ်ရလွယ်ကူသော အင်္ကျီများပင်ဖြစ်၏။

ရင်ဖုံး. . ရင်စေ့အင်္ကျီများပင်။ ကိုယ်မှာချုပ်ရပ်မှုရှိစေရန်အတွက် သတိထား၍ ကိုင်တွယ်ပေးရသည်။

"မကြီးစံ. . ဟိုတစ်နေ့က ဇလပ်ဝတ်သွားတဲ့ အင်္ကျီအတွက် ပုံစံလေးကလှလိုက်တာ. . ဇလပ်လိုအဆင်မျိုးလိုက်ရှာဝယ်တာ မတွေ့ဘူး. . ဘယ်ကဝယ်လာတာလဲ"

"မကြီးလဲမသိဘူး. . မလေးနှင်းဝယ်လာတာ. . နေဦး. . သူလာမှမေးကြည့်ပေးမယ်နော်"

"အင်း. . ရရင် ဘယ်လောက်ပေးရ ပေးရ ဝယ်ထားပေးပါ. . ပြီးတော့ ဇလပ်ပုံလေးအတိုင်း ချုပ်ထားပေးပါနော်"

"အင်း. . အင်း. . နှင်းဆီကို မှာလိုက်ပါ့မယ်"

စံစပယ်ကတိပေးလိုက်၏။ ဇလပ်ဖြူက လမ်းထဲမှာ ဟန်ပြ

မယ်ဖြစ်နေသည်။ ဇလပ်ဝတ်တဲ့အဆင်. . ပုံစံကအစ လိုက်ချုပ်နေကြ၏။

ဇလပ်ဖြူက ဘာမျှ ဆန်းဆန်းပြားပြားမဝတ်ပေ။ မကြီးစံချုပ်ပေးတာကိုပင် မညည်းမညူဝတ်လေ့ရှိသည်။ သို့ရာတွင် ရှုပ်ရှုပ်ထွေးထွေး အတွန့်အတက်များကိုတော့ မကြိုက်တတ်။

တစ်ခါတစ်ရံ ကလေးဆန်ဆန်ပင် စကတ်လေးနှင့်ပင် ထွက်သွားတတ်၏။ သို့ရာတွင် ခန္ဓာကိုယ်မှာ ကျပ်စည်းနေသော အဝတ်အစားများကို မနှစ်သက်တတ်ပေ။

"ဒါနဲ့. . ဇလပ်ကို သဘော်သားတစ်ယောက်က အသည်းအသန်လိုက်ကြိုက်လို့ဆို. . "

အပျိုအရွယ်လေးများပီပီ ထိုအကြောင်းကိုသာစိတ်ဝင်စားကြသည်။

ဇလပ်ဖြူက လှေကားပေါ်မှနေ နောက်ပြန်တက်လိုက်၏။

"အလကားပါကွယ်. . လွယ်မလားလို့ စမ်းကြည့်တာပါ. . ဘယ်ကလာမှန်းမှမသိတာ"

"ဟုတ်တယ်နော်. . ဇလပ်မှာ နံပါတ်ကြီးနဲ့ သူမသိဘူးလား"

"သိသိနဲ့ လိုက်နေတာပဲလေ. . ဇွတ်ပဲ"

"ဒါဆို. . တော်ရုံတန်ရုံမဟုတ်ဘူးနော်. . စဉ်းစားသင့်ပြီ မကြီးစံစက်မချုပ်ရတော့ဘူးပေါ့. . သဘော်သားဆိုတော့ တိုက်နဲ့ကားနဲ့[illegible]ရပြီလေ"





"တော်ပါတော့ နယ်လီရယ်. . စိတ်ချမ်းသာမှုနဲ့ မေတ္တာတရားက အဓိကပါပဲ. . မကြီးစံစက်ချုပ်ပြီး ထမင်းအေးလေးပဲစားရတာ ဝမ်းအေးပါတယ်ကွယ်. . ပူလောင်တဲ့ထောပတ်ကိုတော့ မစားပါရစေနဲ့ကွယ်. . ကလေးတွေစိတ်ချမ်းသာဖို့အဓိကပါပဲ"

"ဟင်း. . ဟင်း. . ထင်တယ်. . မကြီးစံတို့မိသားစုပုံစံက ရိုးရိုးအေးအေးပဲမဟုတ်လား. . အဲဒီသဘော်သားက ဘယ်မှာနေသလဲ သိဘူးနော်"

"သိပါဘူးကွယ်"

နယ်လီက ချုပ်ပြီးသားအကျႌကိုဝတ်ကြည့်ကာ ကိုယ်လုံးပေါ်မှန်ရှေ့မှာ လှည့်ဝတ်ကြည့်ပြီး စိတ်ကျေနပ်မှုရသွားသဖြင့်. .

"အိုကေပဲ. . ဘယ်လောက်လဲမကြီးစံ"

"ငါးရာပေါ့"

"ဟင်. . လေးရာပဟုတ်ဘူးလား"

"ဒီအကျႌက ဖဲကြိုးပါတယ်လေ"

"အင်း. . ဟုတ်သားပဲ၊ ရပါတယ်. . မကြီးစံ နယ်လီမှာတာကို မမေ့နဲ့နော်"

"အင်း. . အင်း မနှင်းဆီကိုမေးကြည့်ပေးပြီးရှိရင် ဝယ်ခိုင်းမယ်နော်. . မရှိရင်တော့ မဝယ်တော့ဘူး"

"ရပါတယ်. . သွားပြီနော်"

နယ်လီက အကျႌချုပ်ခကို မကြီးစံအား လှမ်းပေး၍ ထွက်သွားတော့သည်။

မကြီးစံက ထုံးစံအတိုင်း ငါးရာတန်အသစ်ကလေးဖြစ်နေ
သောကြောင့် ဇလပ်ဖြူ၏ စုဘူးထဲထည့်လိုက်၏။ နီနီနှင့် ဝေမာထ
ဖျော်နှာမဲ့တော. .

"အလကား. . ဟိုဘက်လမ်းကဆိုင်ဆိုရင် ချုပ်ခက ရိုးရိုးရှ
ရာ ဆန်းရင်တစ်ထောင်တောင်ယူတာ. . အဲဒါကို ဆစ်နေသေး
တယ်. . ပြီးတော့ စပ်စပ်စုစုကနိုင်သေးတယ်"

"အေးလေ. . သဘော်သားလိပ်စာကိုပါမေးသေးတယ်. .
သူတို့မိတ်ဆက်မလို့ထင်တယ်"

"အလကား ငွေမက်တဲ့ကလေးမတွေပဲ. . သမီးရေ. . ဇလ
ထမင်းစားမယ်လေ. . ပြီးမှ စာကျက်ကွယ်"

"ဟုတ်ကဲ့. . လာပါပြီ မေမေကြီး"

ဇလပ်အေးချမ်းချိုသာသောအသံလေးနှင့်အတူ အောက်ထ
သို့ ပြေးဆင်းလာလေသည်။

မကြီးစံက စကားပြောရပ်ကြရန် မျက်လုံးများနှင့် သတိပေ
၍ သူတို့နှစ်ယောက်တိတ်သွားကြ၏။

ဇလပ်စိတ်ထဲမှာ ဘာမှမရှိဘဲ အဖြူရောင်သက်သက်သာဖြ
နေချင်သည်။

✤ ✤





မျက်လုံးစုံမှိတ်ပြီး ညာဘက်လက်ချောင်းများက ဘယ်ဘက်
လက်ချောင်းများကို စုကိုင်၍ တတွတ်တွတ် ရေရွတ်လိုက်၏။

ပိုင်ခိုးမောင်ငေးကြည့်နေမိသည်။

ဇလပ်ဖြူ ဘာလုပ်ရမှန်းမသိသေးပေ။

ဘာပဲဖြစ်ဖြစ် ဇလပ်ဖြူဘာပဲလုပ်လုပ် သူကတော့ မျက်ခြည်
မပြတ် စောင့်ကြည့်နေရသည်မှာ သူ၏ နှလုံးသားရေးရာတာဝန်တစ်
ခုပင်ဖြစ်သည်။

"ပိုင်. . ငါ့လက်ချောင်းတစ်ခုခုကိုဆွဲစမ်းပါ"

"ဘာကိုလဲ"

ဘယ်ဘက်လက်ငါးချောင်းကို သူ့ရှေ့မှာဖြန့်ထောင်ကာ ပြော
လိုက်၏။

"ဩော်. . လက်မ၊ လက်ညှိုး၊ လက်သူကြွယ် ဒီလက်ငါး
ချောင်းထဲက လက်ချောင်းတစ်ခုခုကိုပေါ့"

"အင်း. . သဘောပေါက်ပြီ. . ကဲ. . ဒါ. . ဒါ"

လက်သည်းရှည်မထားဘဲ တုံးတိတိညှပ်ထားသော သူမ၏
လက်ချောင်းထဲမှ လက်ခလယ်ကိုဆွဲကိုင်ပြရင်းတ. .

"ဒါလေးယူပြီ"

"လက်ခလယ်လား"

"အင်း"

ရုတ်တရက် မျက်နှာလေးဝင်းလက်သွား၏။

"ဒါဆို ငါအောင်ပြီ"

စိတ်မော လူမောနှင့် ပင့်သက်ရှည်ကြီးခိုးချလိုက်သည်။ ဇလပ်ဖြူအတွက် အမိဌာန်ဆုတောင်းများက များနေလေပြီ။

စာမေးပွဲဖြေရခါနီးလေ စိတ်လှုပ်ရှားမှုဖြစ်လေမို့ ဆုတောင်းလိုက်. . အမိဌာန်လိုက်နှင့် စိတ်လှုပ်ရှားနေ၏။

"အောင်မှာပါ ဖြူလေးရာ. . နင်မှမအောင်ရင် ဘယ်သူအောင်မှာလဲ"

"အင်း. . ငါကြောက်လို့ပါဟာ. . ငါ ကျန်းမာရေးကောင်းပါတယ်. . ဒီတစ်ခါ ငါဖြေနိုင်မှာပါနော်"

"အင်းပါ. . သိပ်အိပ်ပျက်မခံဘဲ မှန်မှန်ပဲ လုပ်ရင် ကျန်းမာရေးကောင်းပြီး စာမေးပွဲဖြေနိုင်မှာပါ. . ကဲ ဝင်အိပ်တော့"

မျက်လုံးဝိုင်းလေးက နာရီလက်တံများ ရွေ့ပြောင်းရာသို့ ကြည့်လိုက်၏။

"ဟင်. . ဆယ်နာရီကျော်ပဲရှိသေးတာ"

"အိပ်လိုက်လေ. . မနက်နိုးမှ စောစောထပြီး စာကြည့်ပေါ့. . ဒီအချိန်က အိပ်ချင်ရင်အိပ်လိုက်"





"မအိပ်ချင်သေးပါဘူး"

"ကဲ. . ဒါဆို ကာတွန်းကားကြည့်မလား"

"ဟင့်အင်း. . စာပဲကျက်မယ်. . ခုနက နည်းနည်းထစ်နေတာကိုပြန်ဆိုမယ်. . နေဦး. . တစ်ခေါက်ပြန်ကျက်လိုက်ဦးမယ်"

"ပါးစပ်ကဆိုတာတော့ထစ်မှာပေါ့. . ချရေးရင် မထစ်ပါဘူး"

"ဒါဆို ချရေးကြည့်မယ်. . နင်ကြည့်ပေး"

"နင့်လက်ချောင်းလေးတွေ ညောင်းနေဦးမယ်"

"မညောင်းပါဘူး. . ရပါတယ်"

"ဒါဆိုရေး"

ပိုင်ဦးမောင်အဖို့ ဇလပ်ဖြူဘာလုပ်လုပ် လိုက်လျောမှုပေးပြီးသားဖြစ်သည်။

ဇွဲကြီးလွန်းသော ဇလပ်ဖြူက စာကိုတစ်ခေါက်ပြန်ဖတ်ကာ နာရီကြည့်ပြီး စာမေးပွဲဖြေသလိုချရေးလိုက်၏။ စာမေးပွဲအတွက် စိုးရိမ်စိတ်နှင့် ပိုင်ဦးမောင်နှင့်အတူ မေးခွန်းဟောင်းများကို အကြိမ်ကြိမ်ဖြေကြည့်၍ အမှတ်အများဆုံးရအောင် ကြိုးစားနေ၏။

ဉာဏ်ကောင်းသလို အောင်ချင်စိတ်နှင့် ကြိုးစား၍မေးခွန်းအားလုံးကို အမှားအယွင်းမရှိဖြေနိုင်သောကြောင့် ပိုင်ဦးမောင်က ကျေနပ်နေသော်လည်း ဇလပ်ဖြူကတော့ ကျေနပ်မှုမရှိသေးပေ။

ဇလပ်ဖြူအား အရိပ်တကြည့်ကြည့်နှင့် နှလုံးအားဆေးတိုက်သလို အစားအသောက်ကိုလည်း ကြည့်ကာ မပြတ်အောင် ကျွေးနေ

သော သားအစ်သုံးယောက်ကလည်း ဇလပ်ဖြူမအိပ်သေးလျှင် မအိပ်နိုင်ပေ။

"သီးစုံဓာတ်ဆားရေသောက်နော်. . ကိတ်မုန့်နဲ့စားလေ သမီး. . သမီးကြိုက်တဲ့ ရွှေကျီးကိတ်မုန့်ပါတယ်"

"ပိုင်ကတော့ နွားနို့နဲ့ ကြက်ဥသောက်နော်. . ကိတ်မုန့်လဲစား"

နှလုံးရောဂါနှင့် သိပ်မတည့်သော ကြက်ဥအနှစ်ကို မကျွေးဘဲ အကာများသာ ထုတ်ကျွေးတတ်၏။

တစ်ခါတစ်ရံ ကြက်ဥမကျွေးဘဲနှင့် တခြားမုန့်များသာ လှည့်ကျွေးတတ်သည်။

စာပြပေးသော ပိုင်ဦးမောင်ကိုလည်း အားရှိစေရန် အမျိုးမျိုးစဉ်းစား၍ ဖြူလုပ်ပေးသည်။ ပိုင်ဦးမောင်ကတော့ ဘာစားစားရသဖြင့် အိုဗာတင်း၊ နွားနို့၊ မိုင်လို အမျိုးမျိုးဖျော်ပေး၏။

ဇလပ်ဖြူကတော့ နို့မကြိုက်၊ အိုဗာတင်း၊ မိုင်လိုမကြိုက်၍ ဘာမျှမလုပ်ပေးရဘဲ သီးစုံဓာတ်ဆားနှင့် လီမွန်တီးကိုသာ တစ်ခါတစ်ရံဖျော်ပေးရသည်။

ဗန်းလေးကိုင်ကာ ရောက်လာသော မိုးနှင်းဆီကို ပိုင်ဦးမောင်က လှမ်းကြည့်လိုက်ရင်း. .

"သူ. . အားလုံးဖြေနိုင်နေတာကို အားမလိုအားမရဖြစ်နေတယ် မလေးနှင်းရေ"





"အင်း. . ဒီစာမေးပွဲကြီးလဲ မြန်မြန်ဖြေပြီးခါမှပဲပိုင်. . နို့မဟုတ်ရင် ညလေးက ရင်ဖိုနေတာနဲ့ အချိန်ကုန်နေပြီ"

မိုးနှင်းဆီက ဆေးလုံးလေးသုံးလုံးကို စတီးပန်းကန်သေးသေးလေးနှင့် ဇလပ်ဖြူ၏ရှေ့မှာ ချပေးလိုက်သည်။

"နေဦး မလေးနှင်း. . ဒီမေးခွန်းတစ်ပုဒ်ကို ပြီးအောင်ဖြေလိုက်ဦးမယ်နော်"

"အင်းပါ. . ပိုင် စား"

မိုးနှင်းဆီက ပိုင်ဦးမောင်ရှေ့သို့ နွားနို့နှင့် ကြက်ဥထိုးပေးလိုက်သည်။

မကျက်တကျက်ကိုလည်းစားသည်။ အကျက်လည်းစားသည်။ အကြော်လည်းစားသည်မို့ ဘာမျှ ချေးမများသော ပိုင်ဦးမောင်အတွက် ဝန်ကင်းလွန်း၏။

ဇလပ်ဖြူစာဖြေနေစဉ် ပိုင်ဦးမောင်က သူ့ကိုပေးထားသော မုန့်များကို အကုန်ပြောင်အောင်စားလိုက်၏။ အစားနှင့် အားဖြည့်နေရသည်။

နေ့ဘက်ဆိုလျှင် ဇလပ်ဖြူအား မြန်ပို့ပြီးသည်နှင့် သူတို့သားအဖနှစ်ယောက်သည် ကျောင်းသားများကြားမှာ ပြေးလွှားနေရ၏။

စာမေးပွဲအောင်စေချင်သော ဆရာ၏ စိတ်မျိုးကို ပိုင်ဦးမောင်ရထားသည်။ ဇလပ်ဖြူကို လေ့ကျင့်ပေးသကဲ့သို့ စာမေးပွဲအောင်ချင်၍ အိမ်မှာ ဆရာခေါ်ကာ လေ့ကျင့်မှုမပေးနိုင်သော တပည့်များအတွက် ပိုင်ဦးမောင်က လေ့ကျင့်ပေးသည်။

တစ်နာရီနီးပါးလောက် စာကျက်ပြီး စာပြန်ဆွေးနွေးနိုင်အောင် ဆယ့်လေးငါးဦးအတွက် အချိန်ပေးရသည်။

ဖခင်ကတော့ နောက်ထပ်တစ်တန်းကူးသွားသည်မို့ ပြီးမှပင် ဖခင်နောက်လိုက်ကာ နံနက်စာအတွက် စားနေကျဆိုင်မှာ ဝင်စားရ၏၊

တစ်ခါတစ်ရံတွင် ပိုင်ဦးမောင်အတွက် နံနက်စာကို ကားပေါ်မှာပင် ထိုင်စားရသည့်အခါလည်းရှိသည်။

မြို့ထဲမှ တန်းခွဲနှစ်ခုစလုံးပင် ပိုင်ဦးမောင်က ဝင်ပါ့ပေးရ၏။ နောက်တန်းခွဲကလူနည်းပြီး အိမ်မှာပင် ဝိုင်းသဖြင့် ပိုင်ဦးမောင်မပါသော်လည်း စာသင်နေသည့်ဘေးမှာပင် လေ့ကျင့်ခန်းများကို စစ်ဆေးပြီး အမှတ်ခြစ်ပေးရ၏။

အလွန်စေ့စပ်သော ဖခင်က ပိုင်ဦးမောင်စစ်ဆေးမှုနှင့်ပင် မကျေနပ်သေးဘဲ အိမ်ပြန်ရောက်လျှင် ထပ်၍ စစ်ဆေးသေးသည်၊

ပိုင်ဦးမောင် ဇလပ်ဖြူအိမ်သို့ရောက်နေစဉ် ဖခင်က လေ့ကျင့်ခန်းစာအုပ်များနှင့် လုံးထွေးကာ ကျန်ခဲ့၏။

သို့ရာတွင် အချိန်တိကျသော ဖခင်က ဆယ်နာရီဆိုလျှင် အလုပ်သိမ်းပြီး ဘုရားရှိခိုးခြင်းကို နာရီဝက်ပြုလုပ်ပြီးမှ အိပ်ရာဝင်သွား၏၊

သူ ဆယ့်တစ်နာရီရောက်ရောက် ဆယ့်နှစ်နာရီရောက်ရောက် ဖခင်မသိတော့ပြီ။





ကျောင်းဆရာကောင်းတစ်ဦးအဖို့ စာမေးပွဲနီးလာလေ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ရလေဖြစ်သည်။

ထို့အတူ ပိုင်ဦးမောင်လည်း ဂရုစိုက်ချင်သည်။

သို့ရာတွင် ဖွံ့ဖြိုးလွန်းသော ဇလပ်ဖြူကြောင့် အနားယူချင်သည့်စိတ်ကို တင်းထားရ၏။

"ပိုင်. . ပြီးပြီလေ. . ဆယ့်တစ်မိနစ်ကြာတယ်"

ဇလပ်ဖြူက ကိုယ့်စံချိန်ကို ကိုယ့်ဘာသာမှတ်ထားလိုက်၏။

ပိုင်ဦးမောင်က နွားနို့သောက်ရင်း စာဖတ်နေသည်ကို အားမလို အားမရဖြစ်နေ၏။

"မုန့်စားလေ. . ပြီးရင် ဘုရားရှိခိုးပြီး အိပ်တော့နော်"

"အင်းပါ"

ပါးစပ်က မုန့်စားနေသော်လည်း မျက်လုံးများက ပိုင်ဦးမောင်၏ စာအုပ်ထံရောက်နေ၏။

မရိုးမရွနှင့် စိတ်လှုပ်ရှားနေသည်၊

သူကတော့ ဆယ့်တစ်မိနစ်လောက်ကြာအောင် ရေးရပြီး ပိုင်ဦးမောင်ဖတ်တာတော့ ငါးမိနစ်ပင်မကြာလိုက်ပေ၊

"စာလုံးပေါင်းတစ်လုံးနှစ်လုံးမှားတာကလွဲလို့ အားလုံး မှန်ပါတယ်ခင်ဗျာ. . ဆယ်မှတ်ကို ဆရာစားရယ်စာလုံးပေါင်းရယ်အတွက် သုံးမှတ်လျှော့မယ်"

"ဟင်. . နင်ဖတ်တာမြန်လိုက်တာ. . စာအုပ်လဲမကြည့်ဘူး. . အလွတ်ရလို့လား"

"နင် သုံးခေါက်ဖတ်နေ ကျက်နေတာနဲ့ ငါက အလွတ်ရပြီ၊ ဒီအပုဒ်ကို နင် နှစ်စကတည်းက ကျက်နေတာ. . အခေါက်ငါးဆယ် မကတော့ဘူး. . ခုထိ မရသေးဘူးလား"

"ငါမေ့မှာစိုးလို့ပါ"

မျက်လုံးလေး ကလည်ကလည်နှင့် ဇလပ်ဖြူကြောင့် ပိုင်ဦး မောင်သနားသွားသည်။

ကျန်းမာရေးမကောင်းသူလေးမို့ ဉာဏ်အင်အားနည်းရှာသည်။ ကြိုးစားမှုရှိသောကြောင့်သာ စာတော်နေခြင်းဖြစ်သည်။

"ကဲပါ ဖြူဖြူလေးရယ်. . စိတ်အေးအေးထား. . အားလုံး အဆင်ပြေတယ်. . နေကောင်းအောင်အိပ်တော့နော်. . ဇယစက္ကော ရွတ်ပြီး အိပ်. . အိပ်ပျော်သွားအောင်အိပ်. . ဒါမှ စာမေးပွဲဖြေရင် ခေါင်းကြည်ပြီး ဉာဏ်ပိုထက်လာမှာ သိလား. . မကြီးစံ မနက်ဖြန်ကျရင် မြင်းခွာရွက်သုပ်စားမယ်နော်. . မြင်းခွာရွက်က ဉာဏ်ထက်တယ်"

ဇလပ်ဖြူအား ချော့ပြီး ညအိပ်ရန်စောင့်နေသော စံစပယ်ကို လှမ်း၍ပြောလိုက်၏။

"စိတ်ချ. . ဉာဏ်ရွက်နဲ့ ဉာဏ်ပွင့်ချဉ်ဖတ်လုပ်ထားတယ်. . မျက်စိကောင်းအောင်လို့ ပေါက်ပန်းဖြူရွက်ဟင်းချိုချက်ဖို့ စီစဉ်ထားတယ်. . ကဲ မိုင်ပြန်တော့နော်. . ပိုင်လေးလဲ သိပ်ပင်ပန်းနေပြီ"

ပိုင်ဦးမောင်က ထ၍ ရပ်လိုက်ပြီး ဇလပ်ဖြူထံအကြည့် ရောက်သွား၏။





ညအိပ်ချိန်လေးခွဲရမှာကိုပင် မခွဲချင်။ ဇလပ်ဖြူက ကိတ်မုန့် စားပြီး သီးစုံစာတ်ဆားရည်ကို ကဗျာကယာသောက်ချကာ ပိုင်ဦးမောင် အား အောက်ထပ်ခြံဝနားအထိလိုက်ပို့ရန် ထလိုက်၏။

ဘယ်လောက်ပဲအိပ်ချင်ပါစေ. . ပိုင်ဦးမောင်ပြန်လျှင် ခြံဝ အထိလိုက်ပို့ပြီး ကိုယ်တိုင်တံခါးပိတ်လိုက်ရမှ ကျေနပ်သည်။

မကြီးစံစပယ်က အလိုက်တသိပင် အိမ်ပေါ်ထပ်မှာ စာအုပ်များ သိမ်းဆည်း၍ ကျန်ရစ်ခဲ့သည်။ ပြီးမှ ပန်းကန်များကိုယူကာ ခပ် ဖြည်းဖြည်းအောက်ကိုဆင်းလာသည်။ ထိုအချိန်တွင် ဇလပ်ဖြူက မျက် နှာလေးရဲရဲနှင့် မကြီးစံကို မော့မကြည့်။ စကားလှမ်းမပြောဘဲ ခေါင်း လေးငုံ့မျက်နှာလေးလွှဲကာ တံခါးများကိုပိတ်နေသည်နှင့် ချိန်ကိုက်ပင် ဖြစ်၏။

မကြီးစံမှာ အပျိုကြီးဖြစ်သော်လည်း လူငယ်များ၏ချစ်ခြင်း မေတ္တာတရားကို နားလည်ပေးရမည်ဖြစ်သည်။

အလျှင်တစ်ခါ စာအုပ်မသိမ်းဘဲ ပန်းကန်များကို အလျှင် သိမ်းပြီး အချိန်စောဆင်းသွားစဉ်မှာ. .

ပိုင်ဦးမောင်က ဇလပ်ဖြူ၏ နဖူးပြင်လေးကို နှုတ်ဆက်အနမ်း လေးပေးနေသည်နှင့် တွေ့၍ အပျိုကြီးပီပီ ရင်ဖိုစွာ မျက်နှာလွှဲခဲ့ရ သည်။

ထိုနေ့မှစ၍ စာအုပ်များကို အချိန်ဆွဲသိမ်းပြီးမှ ပန်းကန်သံ ပေးကာ ဆင်းလာရသည်။

ဝိုင်ဦးမောင်ကို ယုံကြည်စိတ်ချပြီးသားဖြစ်သော်လည်း အချိန်ကြာကြာလွှတ်မထားရဲပေ။

ညရှစ်နာရီမှ ဆယ်နာရီအတွင်း သားအမိသုံးယောက်အလှည့်တကျ အပေါ်တက်၍ ရေနွေးထည့်ပေး၊ ခြင်ဆေးရွှေ့ပေး၊ စားစရာလုပ်ပေးနှင့် အမြဲအလုပ်များပြီး မကြာခဏ အပေါ်တက်ကာ ကြည့်တတ်သည်။

မေမေကြည်က ဘုရားရှိခိုးပြီး ဆယ်နာရီအိပ်ရာဝင်တတ်သည်။ မလေးနှင်းဆီနှင့် မကြီးစံတို့မှာ တီဗွီဇာတ်လမ်းကိုစောင့်ကြည့်ပြီးမှ အိပ်ရာဝင်တတ်၏။

“မကြီးစံ. . ညလေးအိပ်ချင်ပြီ”

“အေး. . အေး. . ပြီးပြီကွယ်”

ပန်းကန်များကို ဆေးကြောပြီး လက်သုတ်ကာ ကပျာကယာထွက်လာ၏။

ဘုရားရှိခိုး၊ အိပ်ဆေးအရှိန်နှင့် အိပ်ချင်မူးတူး ညီမငယ်လေးနှင့်အတူ အိပ်ရာဝင်လိုက်၏။ ခါတိုင်းအချိန်စောလျှင် ဇလပ်ဖြူပါ တီဗွီထိုင်ကြည့်တတ်သည်။

အခု. . စာမေးပွဲနားနီး၍ တီဗွီမကြည့်တော့ဘဲ စောစောအိပ်ရာဝင်တတ်၏။

အားအင်ပြည့်ဖြိုးစေရန်အတွက် အိပ်ရေးဝစေရန် အိပ်ဆေးအရှိန်ကြောင့်ဖြစ်သည်။

✤✤





“နိုင်မင်းထွန်း”

နာမည်ကို ရေရွတ်လိုက်၏။ မှတ်ပုံတင်ပြီး ပို့လိုက်သောစာဖြစ်သောကြောင့် ဇလပ်ဖြူက လက်မှတ်ထိုးယူလိုက်ရသည်။

စာအိတ်ပေါ်မှ နာမည်ကိုကြည့်ကာ စိတ်မဝင်စား၍ မကြီးစံလက်ထဲထည့်ပေးပြီး အိမ်ပေါ်ထပ်သို့တက်သွား၏။

“နိုင်မင်းထွန်းဆိုတာ ဟိုတစ်ခါစာပေးတဲ့လူပဲ. . မဟုတ်လား မကြီးစံ”

“အင်း. . သူပဲ နှောင့်ယှက်နေတာ”

“ဖတ်ကြည့်ပါလား. . ဘာရေးထားလဲသိရအောင်ပေါ့”

စံစပယ်က ဖတ်ချင်စိတ်မရှိသော်လည်း ဝင်းမာနှင့်နီနီက စိတ်အားထက်သန်နေသဖြင့် ဖွင့်ဖတ်လိုက်၏။

“ဇလပ်လေး ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ချစ်တာက ဘယ်တော့မှ ပြောင်းလဲမသွားပါဘူး. . မင်းရဲ့မျက်နှာလေးကို အမြဲတွေ့ချင်နေတယ်. . မင်းအနားမှာပဲ အမြဲနေချင်တယ်. . မင်းလေးရဲ့ အရိပ်ကလေးလိုပဲနေချင်တယ်. . နိုင်မင်းထွန်း တဲ့”

စာတိုလေးဖြစ်သော်လည်း မကြီးစံတုန်လှုပ်သွားမိသည်။

"ဒီလူက သိပ်ဖွဲ့ကောင်းတာပဲ. . ပိုင်ဦးမောင်နဲ့ ဒီလောက်တွဲနေတာတောင် လက်မလျှော့ချင်ဘူး"

"အင်းလေပယ်. . သနားစရာကောင်းနေပြီ"

"အံမယ်. . မင်းတို့ဆိုရင် ပြန်ကြိုက်မှာလား နီနီ"

"အင်းပေါ့. . ကြိုက်မှာပေါ့"

"ပိုင်ရှိရင်ကောကွယ်"

"ပိုင့်အပေါ် သစ္စာလဲ မပျက်. . သူ့အပေါ် အခင်လဲမပျက်အောင် မွေ့မသေ့တုတ်မကျိုးဘဲ ကြိုးရှည်ရှည်လှန်ထားပြီး နှစ်ယောက်ရွေးမှာပေါ့"

နီနီ၏ ပြောင်ချော်ချော်မျက်နှာနှင့် စကားများကို အပြုံးနှင့် ဥပေက္ခာပြုပြီး စာလေးယူကာ မေမေကြည့်အား လှမ်းပေးလိုက်သည်။

နီနီနှင့် မဝင်းမေတို့က တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်ကာ စကားများနေကြစဉ် မစပယ်နှင့် မေမေကြည့်တို့သည် တစ်ယောက်ကိုတစ်ယောက် မျက်လုံးများနှင့် စကားများပြောနေကြသည်။

ကောင်မလေးနှစ်ယောက်ရှေ့မှာတော့ စကားမပြောရဲပေ။ ဇလပ်ဖြူစာမေးပွဲဖြေရန် ရက်ပိုင်းမျှသာလိုတော့သည်။

ခဏကြာသော် မေမေကြည့်က ထီးလေးကိုဆွဲပြီး "ဟိုဘက်နားခဏ" ဆိုပြီး ထွက်သွား၏။

သေချာတာကတော့ ဗေဒင်ဆရာထံပြေးသွားပြီး စာမေးပွဲ





အတွက် ယတြာနှင့် အချစ်ကိစ္စအနှောင့်အယှက်အတွက် ယတြာလိုချင်၍ ဖြစ်သည်။

ပြန်လာသောအခါ စံပယ်၏ အပ်ထည်များနှင့် နီနီတို့နှစ်ယောက်ကြောင့် သားအမိနှစ်ဦးမှာ စကားမပြောဖြစ်ပေ။ ဇလပ်ဖြူကလည်း တက်လိုက်ဆင်းလိုက်. . အောက်မှာ စာကျက်လိုက်နှင့် စာမေးပွဲရက်နီးလာလေ ဂနာမငြိမ်ဖြစ်လေပင်။

ကောင်မလေးနှစ်ယောက်ပြန်သွားသောအခါ ငါးနာရီကျော်တွင် မိုးနှင်းဆီပြန်ရောက်လာကာ ဈေးဝယ်လာသဖြင့် ဝိုင်း၍ ချက်ပြုတ်ကြ၏။

ညစာစားပြီးနောက် ခုနစ်နာရီဇာတ်လမ်းတွဲကို ဇလပ်ဖြူပါထိုင်ကြည့်နေစဉ် ပိုင်ဦးမောင်ရောက်လာ၏။

သို့ရာတွင် သတင်းပြီးသည်အထိ ဇလပ်ဖြူထိုင်ကြည့်နေ၍ ပိုင်ဦးမောင်က အပေါ်ထပ်တက်ကာ ဖခင်၏ အလုပ်ကိစ္စတချို့ကို ထိုင်၍ လုပ်နေစဉ် မေမေကြည့်က ဘုရားရှိခိုးသလိုလိုနှင့် အပေါ်ထပ်တက်လာပြီး စာကိုပြလိုက်၏။

"ဒီကောင်. . အရှက်ကိုမရှိဘူး"

"သားကို ဒေါသဖြစ်ရအောင် ပြတာမဟုတ်ပါဘူး. . ဒီကောင်လေးက နောက်မဆုတ်ဘူးဆိုတာ သားသိရအောင် ပြတာပါ. . သမီးလေးနားအမြဲလိုက်ချောင်းနေမယ့်ပုံပဲ"

"ဟုတ်တယ်. . တစ်ခါတလေ ရိပ်ခနဲတွေ့လိုက်သလိုပဲ. . ဒါပေမဲ့ ဇရပ်ရိပ်မိမှာစိုး၍ မသိဟန်ဆောင်နေလိုက်တယ်"

"ဆက်ပြီး ဟန်ဆောင်လိုက်ပါဦး. . ဒါပေမဲ့ သားသတိထားရမယ်. . အလပ်မ မိုးနှင်းဆီကိုလဲ ရုံးကနေ ခွင့်ယူခိုင်းပြီး စာမေးပွဲရက်မှာ လိုက်စောင့်ခိုင်းရမယ်"

"ဖေဖေလဲ ရှိနေမှာပါ"

"မေမေကြည် ယကြောတော့လုပ်ထားမယ်. . သမီးလေးရဲ့ ကျန်းမာရေးက မွေးလကျော်ရင် ရပါပြီ. . ဧပြီလ ၃ ရက်နေ့မှာ အိမ်မှာ ဘုန်းကြီးဆွမ်းကပ်ပြီး သားနဲ့ လက်ထပ်ပေးချင်တယ်. . မေမေကြည်ဗေဒင်ဆရာနဲ့ တိုင်ပင်ပြီး ရွေးပြီးပြီ. . သူ့မွေးနေ့မှာ တစ်ခါတည်း ပြီးသွားအောင်လို့ပါ. . သား ဖေဖေကို အသိပေးထားလိုက်. . စာမေးပွဲပြီးတာနဲ့ မေမေကြည်တို့ စီစဉ်ကြရအောင်. . စာမေးပွဲပြီးရင် နေရပ်ကိုခွဲပြီး ခရီးထွက်ပေးရင် ကောင်းတယ်တဲ့. . အိပ်ရာပြောင်းပေါ့. . သားနဲ့ ရုံးမှာ လက်ထပ်ပြီး လျှောက်လည်ကြပေါ့. . မေကြည်ပါလိုက်မယ်. . ဘာလို့လဲဆိုတော့ အဲဒီကောင်လေး အနှောင့်အယှက်ဝေးအောင်လို့ပေါ့"

"ဇလပ်ခွဲစိတ်ကုသပြီးမှ လက်ထပ်ရင်ကောင်းမလား မေကြည်"

ပိုင်ဦးမောင်သည် မေမေကြည်၏ စိတ်အားထက်သန်စွာပြောနေသော စကားကို နားထောင်ရင်းက ကြည်နူးစိတ်နှင့် မျက်နှာပြုံးရွှင်သော်လည်း ဇလပ်ဖြူရောဂါအတွက် စိတ်မအေးဖြစ်သွား၏။

"ဩော်. . သားရယ်. . သားက ဇလပ်အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ မေကြည်အသိပါကွယ်. . ဒီတစ်နှစ်အတွင်းမှာ ရောဂါကုတာပဲ. . မင်းက နှမလေးလိုပဲသဘောထားပေါ့. . အဲဒီကောင်လေးလက်လျှော့အောင်လို့ လက်ထပ်ပြလိုက်တာပါကွယ်. . အမေ့သမီးလေး ကံဇာတာမှာ အလိုမတူဘဲ လက်ထပ်ရမယ့် ဇာတာကပါနေတော့. . သူ့အစီအစဉ်မဟုတ်ဘဲ မေကြည်တို့အစီအစဉ်နဲ့ သူသဘောမတူဘဲ လက်ထပ်ရင် ယကြောကြေသွားတယ်တဲ့. . လူသိရှင်ကြား လက်ထပ်ဖို့ အရေးကြီးတယ်"

"ဒါဆိုလဲ မမေမေကြည်ကောင်းသလို စီစဉ်ပါ. . ကျွန်တော်နဲ့ ဖေဖေကတော့ ဘာမှနားမလည်ဘူး"

"အေး. . အေး. . အေး အဆင်ပြေအောင်လုပ်ရမှာပေါ့ကွယ်. . အမီးဘာမှမသိစေနဲ့ပေါ့"

မေမေကြည်က စိတ်လက်ပေါ့ပါးစွာဖြင့် အပြင်ပြန်ထွက်သွားပြီး ဘုရားခန်းထဲဝင်လိုက်၏။

ဘုရားသောက်တော်ရေလဲလှယ်ပြီး ဇလပ်ဖြူတက်လာသော ခြေသံကို နားစွင့်ပြီးမှ သမီးများနှင့်တိုင်ပင်ရန်အတွက် အိမ်အောက်ဆင်းလာလိုက်၏။

မေမေကြည်က စာကိစ္စနှင့် နေ့လယ်က ဗေဒင်ဆရာထံသွားပြီး ပိုင်ဦးမောင်နှင့်လက်ထပ်ရန် စီစဉ်ထားပုံကို ပြောပြသောအခါ ခံစပယ်က ဘာမျှမပြောသော်လည်း မိုးနှင်းဆီက သဘောမတူပေ။

"ညလေးက ငယ်သေးတယ်. . ခွဲစိတ်ပြီးမှ လုပ်ပါ မေမေကြည်ရယ်. . ဗေဒင်တွေသိပ်အစွဲအလမ်းမထားပါနဲ့"

မိုးနှင်းဆီက ခါးခါးသီးသီးကန့်ကွက်လိုက်၏။ မေမေကြည်နှင့် စံစပယ်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စာကို ထုတ်ပြပြီး. .

"ဒီကောင်လေးက ပိုင်နဲ့တွဲနေမှန်းသိရက်သားနဲ့ သဲသဲမဲမဲ လိုက်နေတာ. . တော်ကြာ ကားတင်ပြေးမှာစိုးရတယ်"

"ဟာ မေမေကြည်ရာ. . အလကားစိုးရိမ်လို့၊ ဒီခေတ်ကြီးမှာ ကားတင်ပြေးတယ်ဆိုတာမရှိတော့ပါဘူး. . ပြီးတော့ ပိုင်ဦးမောင်က အနားကနေ တတွဲတွဲပါနေတာပဲ. . ဘယ်လိုလုပ်တင်ပြေးမှာလဲ. . စာမေးပွဲပြီးတာနဲ့ တစ်ပတ်နှစ်ပတ်လောက် အားမွေးပြီး ခွဲစိတ်ကုသမှုလုပ်မယ်လေ. . ပြီးမှ လေးငါးခြောက်လလောက်အနားယူပြီး နေကောင်းတာသေချာမှ စေ့စပ်ထားမယ်. . နောက် သုံးလေးလနေမှ လက်ထပ်ပါစေ. . အိမ်ထောင်ရေးဟာ ဟင်းရွက် ကန်စွန်းမှမဟုတ်တာ. . မေမေကြည်ရ၊ လောလောလောလောနဲ့ လုပ်လို့မရဘူးလေ"

မိုးနှင်းဆီက မေမေကြည်နှင့် စံစပယ်၏ အကြံဉာဏ်ကို လက်မခံသကဲ့သို့ မေမေကြည်တို့သားအမိနှစ်ယောက်ကလည်း မိုးနှင်းဆီ၏ အကြံဉာဏ်ကို လက်မခံချင်။

"မဟုတ်ဘူး. . ယတြာလဲ ချေ. . အန္တရာယ်ကလဲ ကာကွယ်ရအောင် ပိုင်ဦးမောင်ကို အယောင်ပြ လက်ထပ်ခိုင်းပြီး ညီမလေးလိုပဲ ကာကွယ်စောင့်ရှောက်မှာပါ"

"ဟာ. . မကြီးစံရယ်. . ဟင်း. . ဟင်း. . ဟင်း"





မိုးနှင်းဆီက သဘောကျစွာ ရယ်မောလိုက်၏။ စံစပယ်၏ မျက်နှာရဲရဲနီသွားသည်။

သုံးဆယ့်ငါးနှစ် အပျိုကြီးနှင့် နှစ်ဆယ့်ခုနစ်နှစ် အပျိုကြီးမဖြစ်တဖြစ်တို့၏ အယူအဆက မတူပေ။ ရုံးစာရေးလုပ်ပြီး ရဲတင်းပွင့်လင်းခေတ်မီသော မိုးနှင်းဆီ၏ ပွင့်လင်းမှုကို အိမ်ထဲမှာသာ အနေများပြီး စက်ချုပ်နေသော စံစပယ်လိုက်မမီ။

"ပိုင်ဦးမောင်က ယောကျ်ားလေ. . မကြီးစံရဲ့. . ဘာသားနဲ့ ထုထားလဲ. . အလိုမတူဘဲ မထိရက် မကိုင်ရက်နဲ့ ပန်းကလေးလို အရိပ်တကြည့်ကြည့်နေတယ်ဆိုတာ. . ရုပ်ရှင်တွေ ဗီဒီယိုတွေ ဝတ္ထုတွေထဲမှာပဲရှိတယ်. . စိတ်ကူးယဉ်တာတွေလေ. . အပြင်မှာမရှိဘူး မကြီးစံရဲ့. . ယောကျ်ားလေ. . ကျား. . ကျား၊ ခုန်အုပ်နိုင်တဲ့ ကျား"

"တော်စမ်း မိုးနှင်းဆီ"

"မကြီးစံတို့က စိတ်ကူးယဉ်လွန်းလို့ပါ. . အဲဒီကောင်လေးနဲ့ မိုးနှင်းဆီနဲ့တွေ့မယ်. . ညလေးစာမေးပွဲဖြေရင် မိုးလိုက်စောင့်ရှောက်မယ်. . ခွင့်ယူပြီးတော့လိုက်မယ်. . မေမေကြည်ပါလိုက်လေ. . တပျော်တပါးကြီးပေါ့. . ခစ် ခစ် ခစ် မကြီးစံက အိမ်စောင့်"

မိုးနှင်းဆီက ပေါ့ပေါ့လေးပြောကာ ရယ်မောလိုက်သဖြင့် စံစပယ်မှာ သက်ပြင်းသဲ့သဲ့ချရုံသာ။

ဘာမှထပ်မပြောတော့။ ပြော၍လည်း ရမည်မဟုတ်ပေ။ အတိတ်တွေ၊ နိမိတ်တွေ၊ ဗေဒင်တွေကို မိုးနှင်းဆီ အယုံအကြည် မရှိပေ။

ယုံကြည်လွန်းသော မေမေကြည်နှင့် စံစပယ်တို့ကိုပင် အား မလို အားမရနှင့် ဇလပ်ဖြူကပါ ပါနေသဖြင့် ပို၍ မကျေမနပ်ဖြစ်ကာ ညီမငယ်အား အမြင်ကျယ်အောင် ဖျတ်လတ်တက်ကြွအောင် အပြင် လောကသို့ ဆွဲထုတ်ခေါ်ယူမည်ကြံသေး။ ကျဉ်းမြောင်းသော အိမ် ထောင်ထဲသို့ ဆွဲသွင်း၍ ဘဝထက်ပိုင်းချိုးရန် ကြံစည်နေသည်ကို မိုးနှင်းဆီ နည်းနည်းမှ မကျေနပ်ပေ။

သူကိုယ်တိုင်လည်း လက်ထပ်ရန်ရည်ရွယ်ထားသော ချစ်သူ ရှိပြီးဖြစ်၏။

သို့ရာတွင် မလွတ်လပ်ဟုဆိုကာ လက်ထပ်ရန်အချိန်ဆွဲထား ပြီး ရှေ့နှစ်မှလက်ထပ်မလိုလိုနှင့် အိမ်ထောင်ပြုရန်အတွက် အတော် လေးအချိန်ယူနေသူဖြစ်သည်။

"သမီးက သိပ်ခေါင်းမာတာပဲ. . ဘာမှတိုင်ပင်လို့မရဘူး. . ဗေဒင်တွေ ယတြာတွေကို တစ်ခါတလေမယုံကြည်လို့မရဘူး. . ဖွန်း လွတ်ကျရင် ဧည့်သည်လာမယ်ဆိုတာကိုတောင် သမီးလက်ခံတယ် မဟုတ်လား. . ခု လက်တပ်ပြီးရင် ပိုင်က ဒီမှာလာနေပြီး တစ်ခန်းဆီ အိပ်မှာပါ. . ပိုင်ကိုယ်တိုင်နားလည်ပြီး လက်ခံထားတာပဲ. . သမီးမ ကန့်ကွက်ပါနဲ့. . အရေးကြီးတာက သမီးငယ်လေးအလိုမတူတဲ့လူနဲ့ မယူနိုင်အောင် ကာကွယ်ဖို့ပဲ"

တစ်ခါမှ စကားများများမပြောဖူးသော မေမေကြည်က ဝင် ပြောလိုက်သဖြင့် မိုးနှင်းဆီက ပခုံးလေးတွန့်ကာ. .





"ညလေး သဘောမပါဘဲနဲ့ စီစဉ်ရင် စိတ်ဆင်းရဲမှာပေါ့"

"ပိုင်နဲ့သူနဲ့က ချစ်သူတွေဖြစ်တော့မှာပဲလေ. . ပိုင်နဲ့စီစဉ်တာ ကို ကန့်ကွက်မလားကွယ်. . ဟိုကောင်လေးနဲ့သာ ကန့်ကွက်မှာ. . "

မိုးနှင်းဆီ ဘာမှမပြောဆိုတော့ပေ။ သို့ရာတွင် သူ့ညီမလေး ၏ ငယ်ရွယ်နုနယ်မှုအတွက်ကို နှမြောနေမိ၏။

"အင်းလေ. . နှစ်ဆယ်ပဲပြည့်ခါနီးပြီပဲ"

✤✤✤

## အခန်း (၅)

စာမေးပွဲနောက်ဆုံးနေ့၏ လွတ်လပ်ပျော်ရွှင်မှုအရသာကို အပြည့်အဝခံစားပြီး မေမေကြည်၊ မကြီးစံ၊ မလေးနှင်း၊ ပိုင်ဦးမောင်တို့ သားအဖ၏ ဖယ်မလီယာကားဟောင်းလေးထဲတွင် ကျပ်ကျပ်တည်းတည်းထိုင်ပြီး ရန်ကုန်မြို့အနှံ့လျှောက်လည်ကြ၏။

မနှစ်ကလို ဆေးရုံမှာနေပြီး မျက်ရည်ထိုင်ကျစရာမလိုဘဲ လွတ်လပ်ပျော်ရွှင်စွာ ဖြေနိုင်ခဲ့၍ ဇလပ်ဖြူ၏ ပျော်ရွှင်မှုမှာ ထိန်းချုပ်၍မရတော့ပေ။

ပါးစပ်ပင် မစေ့နိုင်အောင် စကားတွေပြောလိုက်. . ရယ်လိုက်နှင့် မြူးကြွနေ၏။ စိတ်ပေါ့ပါးနေပုံရသည်။

ဇလပ်ဖြူကိုကြည့်ကာ မေမေကြည်တို့သားအမိနှင့် ပိုင်ဦးမောင်တို့သားအဖမှာလည်း ပျော်ရွှင်နေကြသည်။





ဇလပ်ဖြူ၏ဘဝတစ်သက်တာတွင် ဤကဲ့သို့ တစ်ခါမှ မလည်ပတ်ခဲ့ဖူးပေ။

"ဟင်. . ဒီကောင်"

ရွှေတိဂုံဘုရားကုန်းပေါ်မှအဆင်း ဇလပ်ဖြူက ကစားကွင်းသွားချင်သည်ဆို၍ ကန်တော်မင်္ဂလာပန်းခြံသို့သွားရန် ဘုရားခြေရင်းစမှ ကားလမ်းအကူးတွင် သူတို့ရှေ့မှကားတစ်စီးပွတ်ဆွဲသွားသဖြင့် မျက်စိလျင်သော ပိုင်ဦးမောင်က မြင်ဖြစ်အောင်မြင်သွားပြီး ဇလပ်ဖြူ၏ လက်ကို တင်းတင်းလေးဆွဲထားလိုက်၏။

"အား. . နာလိုက်တာ. . ဘာလို့ အဲဒီ လောက်ကြီးဆွဲထားရတာလဲ"

"နိုင်မင်းထွန်း. . မင်းကို အနိုင်ယူမယ့်ကောင်နောက်ပါသွားမှာစိုးလို့" ဟု ရင်ထဲမှာ မချင့်မရဲအော်လိုက်မိသည်။ သို့ရာတွင် ပါးစပ်ကတော့ ထုတ်မပြောဘဲ ဇလပ်ဖြူနားကပ်ကာ. .

"ကားတွေနဲ့လေ. . ဖြူဖြူလေးရဲ့. . ကိုယ် စိတ်မချပါဘူးကွယ်"

ညင်သာသိမ်မွေ့သော စကားသံလေးနှင့် ချွဲချွဲလေးပြောလိုက်သည်ကို ဇလပ်ဖြူက သဘောကျစွာ ရယ်မောရင်း ဘေးဘီကို ရှက်ဝဲဝဲမျက်လုံးလေးနှင့် ဝေ့ကြည့်လျက်. .

"စာမေးပွဲတွေလဲ ပြီးပြီနော်. . ဒီလိုမကြာခဏလျှောက်လည်ရတာ သိပ်ပျော်တာပဲ. . နောက်ဆိုရင် ပိုင် ခဏခဏလိုက်ပို့ရမယ်နော်"

"မပို့ပေးပါဘူး. . ပိုက်ဆံသိပ်ကုန်တာပဲ"

"အံမယ်. . ပိုင့်ကိုအကုန်မခံခိုင်းပါဘူးနော်. . ဇလစ်လဲ စိုက်ဝါ့မယ်. . ပိုင်ကသာ လိုက်ပို့ပေးပါနော်"

"အချိန်ကုန်တယ်. . ကွန်ပျူတာတက်ရဦးမယ်"

"ဇလပ်လဲ ကွန်ပျူတာတက်မယ်"

"နင်က ဆယ်တန်းအောင်မှာလား"

"အောင်တာပေါ့. . အသာလေး"

"နင်တကယ်တက်ရင် ငါစုံစမ်းပေးမယ်"

"အင်း. . တက်မယ်"

ကလေးနှစ်ယောက်အချီအချပြောနေသည်ကို ပိုင်ဦးမောင်၏ ဖခင်က နားထောင်ပြီးလက်ကာ၍. .

"နေစမ်းပါ သားရယ်. . သမီးလေးက စာမေးပွဲရက်မှာ စာကျက်ရတာ ဘယ်လောက်ပင်ပန်းရှာသလဲ. . စာတွေနဲ့ လုံးနေရရှာတာ. . တစ်လလောက်တော့ အနားယူပါစေကွယ်"

"ဖေဖေက ဘာသိလို့လဲ. . တော်ကြာ ကောင်မလေးအပျင်းထူသွားဦးမယ်"

"အံမယ်. . လူကိုများ"

တစ်ယောက်နှင့်တစ်ယောက် စနောက်ကျီစယ်ပြီး ဇလပ်ဖြူက တီဗွီဂိမ်းကစားနေ၍ ပိုင်ဦးမောင်က မေမေကြည်နှင့် မလေးနှင်းဆီနားကပ်ကာ. .





"မေကြည်. . ခုနက ဘုရားကအဆင်းမှာ ကားပွတ်ဆွဲသွားတာမြင်လိုက်လား"

"အေးလေ. . နင်တို့နှစ်ယောက်ကံကောင်းလို့"

"အဲဒါ. . ဟိုကောင်လေ မလေးနှင်းရဲ့. . နိုင်မင်းထွန်းဆိုတဲ့ကောင်ပေါ့. . ဒီကောင်လှည့်ချောင်းနေတာတွေ့လား"

"ဘုရားရေ. . လူတွေအများကြီးတောင်မှ ဒီကောင်တော်တော် အတင့်ရဲပါလား. . ငါ့ကို ချက်ချင်းဘာလို့မပြရတာလဲ"

မိုးနှင်းဆီက ဆတ်ဆတ်ထိမခံဒေါသနှင့် ပြောလိုက်သည်။

"ဇလပ်သိသွားမှာစိုးလို့ပေါ့. . သိရင် စိတ်အနှောင့်အယှက်ဖြစ်သွားမှာလေ. . ခုကြည့်ပါလား. . ဘယ်လောက်ပျော်နေသလဲ"

မိုးနှင်းဆီသက်ပြင်းရှည်ကြီးချမိလိုက်သည်။ ဇလပ်ဖြူနှင့် ပတ်သက်၍ ပိုင်ဦးမောင်၏ မေတ္တာကိုလျှော့တွက်၍မရတော့ပေ။

စောစောက ကားဖြူလေးရိပ်ခနဲပွတ်ဆွဲသွားတာကိုမြင်၍ ကားကို လှမ်းကြည့်ရာ တစ်ယောက်တည်းမောင်းသွားသဖြင့် စိတ်ထဲမှာ ကျိန်ဆဲမိသေးသည်။

ညလေး ဇလပ်ဖြူအား နှောင့်ယှက်သူဟု မထင်မိသဖြင့် မည်သူမှ မတုံ့ပြန်လိုက်ပေ။ အကယ်၍ ထိုသူကို မိမိသိနေပါလျှင် တစ်ခုခုလုပ်မိပေလိမ့်မည်။

"အင်းလေ. . မသိလိုက်တာပဲ ခပ်ကောင်းကောင်း. . တော်ကြာ ညလေးစိတ်ညစ်သွားဦးမယ်"

"အဲဒီကောင်လေးက တစ်နေ့နှစ်ခေါက်လောက် အိမ်ရှေ့က နေ တားနဲ့ပတ်နေတာကြာပြီ. . လစ်ရင် လစ်သလိုပဲ သမီးလေးရှေ့ ထွက်ရင် ကားတင်ပြေးမလားမသိဘူးနော်. . အင်း ဒုက္ခ. . ဒုက္ခ. . "

မေမေကြည်က စိတ်ပျက်လက်ပျက် ညည်းတွားလိုက်၏။

"ဘာပဲဖြစ်ဖြစ် မိုးနှင်းဆီကန့်ကွက်ပါစေ. . တစ်ပတ်လောက် နားပြီး ရှေ့အပတ်မှာ စေ့စပ်ပွဲလုပ်မယ်. . နောက်တန်ခူးလကျော်ရင် လက်ထပ်ပေးမယ်. . လက်ထပ်ပေးပြီး ဆယ်ရက်လောက်မှာ ခွဲစိတ် ကုသမယ်. . မကုသခင် ခရီးယာယီပေးထွက်လိုက်မယ်. . နီးနီးနား နား ချောင်းသာဖြစ်ဖြစ်ပေါ့"

မေမေကြည်က သူမ၏ စီမံကိန်းကို ပိုင်ဦးမောင်ဖခင်နှင့် မိုး နှင်းဆီတို့ကြားမှာ တတွတ်တွတ် ထိုင်ပြောနေလိုက်သည်။

"မမကြည်ကောင်းသလိုသာလုပ်ပါ. . ကျွန်တော်ကတော့ ဘာမှ နားလည်တာမဟုတ်ဘူး"

မိုးနှင်းဆီမကန့်ကွက်တော့ပေ။ နှုတ်ဆိတ်၍သာ နေနေလိုက် ၏။

အရွယ်ရောက်ပြီးမိန်းကလေးကို ထိန်းချုပ်နိုင်ရန်မှာ ချစ်သူ ရင်ခွင်ကသာအလုံခြုံအစိတ်ချရဆုံးဖြစ်နေလေပြီပဲ။ မိဘမောင်နှမရင် ခွင်ဆိုတာ ခဏပဲ. . အတောင်စုံရင် ပျံချင်ကြပြီပေါ့လေ။

❖ ❖





အိမ်သို့ပြန်ရောက်သည်နှင့် ပျော်ရွှင်မှုများ လွင့်စဉ်သွား၍ အလွန်ပျော်ခဲ့သော ဇလပ်မှာ မျက်နှာညိုကာ ငိုင်သွား၏။

မဝင်းမေနှင့် နီနီတို့က အိမ်မပြန်ကြသေးဘဲ အိမ်မှာထိုင် စောင့်နေ၏။ သူတို့ပြန်ရောက်ချိန်က ညခုနစ်နာရီကျော်လေပြီ။

အိမ်ရှေ့ခန်းမှာထိုင်၍ တီဗွီကြည့်နေသော ဒေါ်နွယ်မာကိုမြင် လိုက်သောအခါ အားလုံး၏ ပျော်ရွှင်မှုများ ဆိတ်သုဉ်းသွားလေရ လောက်အောင်ပင် စိတ်မောသွားကြသည်။

ပိုင်ဦးမောင်က ခြံဝမှာပင်ချထားပြီး ပြန်သွားသောကြောင့် ဒေါ်နွယ်မာရောက်နေသည်ကို မသိလိုက်ပေ။

"သမီးလေး ဖြေနိုင်လား"

တွေ့တွေ့ချင်းပင် အလွန်ချိုသာသောမျက်နှာနှင့် ပြုံးရွှင်စွာ နှုတ်ဆက်လိုက်၏။

"ဟုတ်ကဲ့"

ဇလပ်ဖြူနှုတ်ဖျားမှ ဖြေလိုက်ပြီး မျက်ဝန်းများက အစ်မနှစ်ယောက်နှင့် မေမေကြည်အား လှမ်းကြည့်လိုက်၏။

"သမီးလေးစာမေးပွဲဖြေနိုင်အောင်လို့ မေမေက ဆုတောင်းပေးနေတာလေ. . ဒီနေ့ နောက်ဆုံးနေ့ဆိုတာသိလို့ တမင်လာစောင့်နေတာ"

ဇလပ်ဖြူဘာမျှမပြောတော့ဘဲ အိမ်ပေါ်ထပ်သို့ တက်လာလေသည်။ မေမေကြည်က စိတ်မော လူမောဖြစ်သွားဟန်ဖြင့် ကုလားထိုင်မှာ ခြေပစ်လက်ပစ်ထိုင်လိုက်ရင်း. .

"ဘာဖြစ်လာတာလဲ လေးနွယ်"

"ဘာမှမဖြစ်ပါဘူး မမကြည်. . စာမေးပွဲဖြေပြီးလို့ သမီး[illegible]ကို အလည်လာခေါ်တာပါ"

"ဩော်"

သားအမိသုံးယောက်မျက်လုံးချင်းစုံမိကြ၏။ နီနီနှင့် ဝင်းမေကပြန်ရန်မြင်လိုက်သည်။ မကြီးစံက နားလည်စွာဖြင့်. .

"အင်း. . ညီမတို့ချုပ်တာတွေ မှတ်ထားပြီး မနက် [illegible] ကျမှ စာရင်းရှင်းကြတာပေါ့. . ရော့ အခုလောလောဆယ်တော့ ငါးရာစီယူသွားကြဦးနော်"

"ဟုတ်ကဲ့ မကြီးစံ. . ဟိုမှာ တစ်ပုံစီပုံထားခဲ့ပါတယ်"

"အေး. . အေး မကြီးစံစစ်လိုက်မယ်"

ဒေါ်နွယ်မာကို စွေစောင်းကြည့်ပြီး ထွက်သွားကြ၏။ မိန်[illegible]





လေးနှစ်ယောက်မှာ တစ်ခုခုပြောချင်နေပုံရသည်။

ဒေါ်နွယ်မာကလည်း ပြန်စွေကြည့်ပြီး ရန်လိုသောမျက်လုံးများနှင့် နှုတ်ခမ်းကို မသိမသာမဲ့လိုက်၏။

မကြီးစံရင်ထိတ်သွား၏။

ဘယ်အချိန်ကတည်းကရောက်နေလဲ. . ဒီကလေးမနှစ်ယောက်က ဒေါ်နွယ်မာဆိုရင် သိပ်ကြည့်မရကြပေ။

သူတို့တွေ စကားပြောအဆင်မပြေကြဘူးလား. .

"ဒေါ်လေးနွယ် ထမင်းစားပြီးပြီလား"

"အင်း ဆာတာနဲ့ ဟိုကောင်မလေးတွေသွားဝယ်ခိုင်းလိုက်တယ်. . ဘာဟင်းမှမရှိဘူး. . ကျွန်မရောက်တော့ သူတို့က စားပြီးကြပြီလေ"

"အင်း. . သူတို့စားဖို့ချက်ထားပေးတာ၊ ညလေးက ဒီနေ့စာမေးပွဲအပြီးမှာ လျှောက်လည်ချင်တယ်ဆိုလို့ အားလုံးက လိုက်လည်ကြတာလေ"

"ဒီလိုမှန်းသိရင် နွယ်မာတို့ စောစောစီးစီးကတည်းက ရောက်အောင်လာပါရဲ့"

"ဒေါ်လေးနွယ်ရောက်လာရင်လဲ ဒီအစီအစဉ်က ဖြစ်ချင်မှဖြစ်မှာပါ. . ကဲ မေမေကြည်အနားယူလိုက်ဦးနော်. . သမီးတို့လဲ အဝတ်လဲပြီး အနားယူလိုက်ဦးမယ်"

မိုးနှင်းဆီစကားကြောင့် ဒေါ်နွယ်မာမျက်နှာညိုကာ ကျန်ရစ်ခဲ့သည်။

မကြီးစံနှင့် မေမေကြည်တို့လည်း မသိဟန်ဆောင်ကာ တီဗွီကြည့်နေသော ဒေါ်နွယ်မာကို ထားခဲ့ပြီး အဝတ်လဲရန်ထွက်လာကြ၏။

အိမ်အပေါ်ထပ်သို့ရောက်သောအခါ ဇလပ်ဖြူအဝတ်မလဲသေးဘဲ ခုတင်ပေါ်မှာလှဲရင်း တစ်စုံတစ်ခုကို စဥ်းစားနေဟန်တူသည်။

ဇလပ်ဖြူလေးသည် ဒေါ်နွယ်မာကိုမြင်ကတည်းက စိတ်အနှောင့်အယှက်ဖြစ်သွားလေသလားဟု စံစပယ်နှင့် မိုးနှင်းဆီစိုးရိမ်သွား၏။

"ညလေး. . အင်္ကျီလဲလေ. . ပြီးတော့ ခြေလက်ဆေးပြီး အိပ်ရာဝင်တော့လေ. . ထ. ."

မိုးနှင်းဆီက သွက်လက်စွာပင်ဆွဲထူလိုက်စဉ် စံစပယ်က ညဝတ်အင်္ကျီဂါဝန်ကို ထုတ်ယူပေးလိုက်၏။

"မကြီးစံ. . မလေးနှင်း. . ညလေးဒေါ်လေးနွယ်နဲ့လိုက်သွားမယ်"

"ဟင်"

ရုတ်တရက်မို့ ညီအစ်မနှစ်ယောက်စလုံး အံ့အားသင့်သွား၏။

ဇလပ်ဖြူက ချစ်စဖွယ်ပြုံးရင်းက. .

"သုံးရက်တည်းပါ. . ဇလပ်ရဲ့ မွေးရပ်မြေကို ရောက်ဖူးတယ်ရှိအောင်သွားချင်လို့ပါ"

"ဩော်. . အေး ဟုတ်တာပေါ့. . ဒါပေမဲ့ အခု လောလောဆယ်တော့ မသွားနဲ့ဦးလေ. . မလေးနှင်းလိုက်ပို့ပေးမယ်နော်. . တစ်





ပတ်ရုံးတက်ပြီး နောက်တနင်္လာနေ့နဲ့ အင်္ဂါနေ့မှာ ရှောင်တခင်ခွင့်ယူပြီး သောကြာနေ့ညနေကစပြီး ခရီးထွက်တာပေါ့နော်. . မလေးနှင်းလဲ မရောက်တာကြာလို့ သွားချင်သားပဲ. . အတော်ပဲပေါ့. . ဒေါ်လေးနွယ်ကိုပြန်လွှတ်ပြီး ဒို့ညီအစ်မနှစ်ယောက်လိုက်သွားတာပေါ့နော်"

"ဟုတ်ကဲ့. . မလေးနှင်းလိုက်မယ်ဆိုရင် ပိုကောင်းတာပေါ့. . ဇလပ်က အားငယ်နေရမှာ"

"ဘာမှအားငယ်စရာမလိုဘူး. . ဟိုမှာ ညလေး ညီအစ်ကိုမောင်နှမတွေက ညလေးကို ဝိုင်းချစ်ကြမှာပါ. . မကြီးစံတို့က လေးဝမ်းကွဲလောက်ပဲတော်တာ"

"မကြီးစံကလဲ ဆွေမျိုးအုပ်စုကို စပ်ဟပ်ပြနေပြန်ပြီ. . စာဆိုရှိတာပဲ. . ခင်ရာဆွေမျိုးတဲ့၊ ညလေးနဲ့ မလေးနှင်းတို့က မေမေကြည့်သမီးအရင်းအချာတွေပါကွယ်. . ကဲ ညလေးခြေသွားဆေးဟော့. . မလေးနှင်းတို့ အဝတ်လဲပြီးရင် ဆင်းလာခဲ့မယ်. ."

မလေးနှင်းက စကားပြောဆိုရာတွင် ပါးနပ်မှုမရှိသော မကြီးစံအား မသိမသာစွေကြည့်ကာပြောလိုက်၏။

ဇလပ်ဖြူသွက်လက်ပေါ့ပါးစွာ အောက်ထပ်သို့ ဆင်းသွားလေသည်။

မကြီးစံမျက်ရည်အဝိုင်းသားနှင့် ငေးကြည့်ရင်းက. .

"ဘုရားရေ. . ညလေးက တို့ကို ခွဲသွားချင်နေတာလား. . ခါတိုင်း ဒေါ်လေးနွယ်ရောက်တာနဲ့ မတူဘဲ မြူးကြွနေပါလား"

"ဪ. . မကြီးစံရယ်. . စာမေးပွဲပြီးခါစမို့ စိတ်ပေါ့ပြီး ကမ္ဘာ အပြင်ထိအောင် ထွက်ချင်နေတာပါ. . ညလေးက ကျွန်မတို့ကို သိပ် ချစ်ပါတယ်"

✤ ✤

ပိုင်ဦးမောင်တစ်ညလုံး ဖျားသည်။ ညအိပ်ပျက်သည့်ဒဏ်နှင့် အပြန်ညမိုးချုပ်အချိန်တွင် ရေချိုးလိုက်ပြီး အင်္ကျီချွတ်နှင့်ထိုင်ကာ အိမ် နီးချင်း သူငယ်ချင်းတစ်ဦးနှင့် စကားပြောနေမိသောကြောင့် အိပ်ရာ ဝင်ကတည်းက ချမ်းစိမ့်စိမ့်ဖြစ်နေသည်။

တစ်ရေးနိုးတွင် တစ်ဖက်ခန်းမှာ အိပ်နေသော ဖခင်ကို အတင်းနှိုး၍ ဆေးတိုက်ခိုင်းရ၏။

"ဟ. . မင်းကလဲကွာ. . တစ်သက်လုံး တစ်ခါမှ မဖျားဖူး တာ. . အခု မိန်းမယူခါနီးမှ လန့်ဖျားဖျားရလားကွ. . ဧကန္တ အပြုအစု ခံချင်လို့ထင်တယ်"

"ဖေကလဲဗျာ. . နေမကောင်းရတဲ့အထဲ"

ဖခင်က ရေပတ်တိုက်ပေးပြီး ကော်ဖီတစ်ခွက်ဖျော်ပေးကာ ဆေးတိုက်လိုက်၏။





"အင်းလေ. . နေ့မအား ညမအား. . ကိုယ်ဖိရင်ဖိပြုစုပျိုး ထောင်ပြီး ကြိုးစားပေးရတာကိုးကွ. . ဒီလောက်တော့ရှိမှာပေါ့ ကဲ. . အဖျားပျောက်မြန်အောင်လို့ မနက်ကျရင် ဆေးတစ်လုံးသွားထိုးလိုက် ကွာ. . ရှေ့အပတ်ဆိုရင် မင်းတို့ မင်္ဂလာပွဲလုပ်တော့မှာ. ."

"ဖေကလဲဗျာ. . ဇလပ်လေးမသိပါစေနဲ့ဦး"

"စောစောသိတော့ စောစောရင်ခုန်ရတာပေါ့"

"ဟာ. . ဖေကလဲ"

သားအဖနှစ်ယောက်တည်းမို့ သူငယ်ချင်းလို ရွှတ်နောက်နေ တတ်သဖြင့် ပိုင်ဦးမောင်က စောင်ကို ခေါင်းမြီးခြုံအိပ်ကာ ဖခင်စကား ကိုဖြတ်လိုက်၏။

ဖခင်က ပြုံးရွှင်ပြီး သား၏ ကျန်းမာရေးအခြေအနေကိုစောင့် ကြည့်နိုင်ရန်အတွက် စာအုပ်တစ်အုပ်နှင့် ထိုင်စောင့်နေသည်။ ချွေး ထွက်သောအခါ အင်္ကျီလဲပေးပြီးမှ သားအနားမှာ ပက်လက်ကုလား ထိုင်နှင့်ထိုင်နေသည်။

"မနက်မိုးလင်းရင် ပြုစုဖို့ ဇနီးလောင်းကို သွားခေါ်ဦးမှပဲ"

"မလုပ်ပါနဲ့ ဖေရာ. . စာမေးပွဲပြီးလို့ စိတ်အေးလက်အေး နေပါစေ"

"တော်ကြာ သူ့ကို မပြောရင် စိတ်ဆိုးနေဦးမယ်. . သူ့တုန်း က ကိုယ်ပြုစုထားရတာပဲ. . စမ်းကြည့်ရအောင်"

"လာမှာပါဖေရာ. . ဖေ နေမကောင်းတုန်းကတောင် ဆန်ပြုတ်ကလေးလာလာပို့နေရှာသားပဲ"

"အေး. . အဲဒါကြောင့် ငါက ဒီကောင်မလေးကို ချစ်တာကွ. . စိတ်ထားလေးက သိပ်ကိုနူးညံ့သိမ်မွေ့တာပဲ. . ချွေးမတော်ဖို့ကို အသင့်တော်ဆုံးပဲ. . သားရေ အချိန်ဆွဲမနေနဲ့နော်. . ဖေကတော့ မြေးတွေနဲ့ စိုစိုပြည်ပြည်နေချင်လှပြီကွ"

"ဖေကလဲဗျာ"

ပိုင်ဦးမောင်က ရှက်ရှက်နှင့်ပြောရင်း မျက်လုံးများမှေးစင်းလာလေသည်။

မကြာမီတွင် ဖခင်၏အိမ်သုံးဆေးနှစ်လုံး၏ အစွမ်းကြောင့် အိပ်ပျော်သွားလေသည်။

သူ့ဖခင်ကလည်း ပက်လက်ကုလားထိုင်မှာ အိပ်ပျော်သွားလေ၏။

အိပ်မက်ထဲတွင် ဇလပ်ဖြူနောက်သို့ သူအပြေးလိုက်နေသည်။ ချောက်ကမ်းပါးကြီးခြားထားသဖြင့် အပြေးလိုက်ဖမ်းရင်းက မောဟိုက်လာလေ၏။ လိုက်လေဝေးလေ. . ဖမ်းလို့မမိလေမို့ စိုးရိမ်တကြီးနှင့် လိုက်ဖမ်းရင်းက ဝေး၍ဝေး၍ ပျောက်ကွယ်သွားတော့သည်။

"ဇလပ်. . ဇလပ်. . ဇလပ်ဖြူ"

"သား. . သား. . နိုးပြီလား. . ဒီကောင်ကွာ. . တစ်ဇလပ်တည်း လပ်နေတာပဲ"

အိပ်ရာမှ အလူးအလဲထရင်းက အိပ်မက်ကိုပြန်စဉ်းစားရင်းက ရင်ထဲမှာ လွတ်ဟာသွားလေသည်။





အိပ်မက်ထဲမှာ ဝေးတာကိုတောင် သည်းမခံချင်ဘူးဇလပ်ရယ်။

ကိုယ့်နဖူးကိုယ်စမ်းရင်းက. .

"ဖေဖေ. . ကျွန်တော်ကိုယ်ပူကျသွားပြီနော်"

"အေး"

"ဇလပ်ဆီသွားဦးမယ်. . သူက ကျောင်းတွေပိတ်လဲ သူ့ဆီကို မနက်မိုးလင်းတာနဲ့ အရောက်လာခဲ့ရမယ်လို့ပြောတာပဲ"

"အေးပါကွာ. . မျက်နှာသစ်လိုက်. . မင်းကိုယ်ပူကျသွားပြီး ဇလပ်ဆီကိုပြေးနိုင်ဖို့က အရေးကြီးတယ်. . ပြီးတော့ အိမ်ကို ခေါ်လာခဲ့ကွာ. . ဖေဖေ့လက်ရာဟင်းနဲ့ လာစားပါဦးလို့"

"ဟုတ်ကဲ့"

ကိုယ်ပူကျသွားသဖြင့် တက်ကြွလန်းဆန်းနေ၏။ သို့ရာတွင် အိပ်မက်အကြောင်း ပြန်စဉ်းစားလျှင် ရင်ထဲမှာ လွတ်ဟာသွား၏။

အကယ်၍ ထိုအိပ်မက်အကြောင်းကို ဇလပ်အား ပြောပြလျှင် အတိတ်ကောက်ပြီး မျက်ရည်ဝိုင်းဦးမှာပဲလား. .

"တော်ပြီ. . မပြောဘဲနေတာပဲကောင်းတယ်"

"သားရေ ဟင်းခါးပူပူလေးဝယ်ထားတယ်၊ သောက်လိုက်ဦးနော်. . ဖေဖေဈေးသွားပြီး ကိုယ့်ဘာသာကိုယ်ချက်စားကြည့်ကြတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ. . ကျွန်တော် ဇလပ်ကိုခေါ်ထားမယ်"

တစ်ခါတစ်ရံ ကျောင်းပိတ်ရက်လေးများတွင် သူတို့အိမ်လေးမှာ ဇလပ်နှင့်အတူ အပျော်ထမင်းချက်စားကြဖူးသည်။ သုံးယောက်စလုံး ထမင်းဟင်းမချက်တတ်ဘဲ ရမ်းသန်းပြီး ချက်ထားသော်လည်း စားလို့အလွန်မြိန်ကြ၏။

ပိုင်ဦးမောင်သည် ဖခင်ဝယ်ထားပေးသော ကြာဆံချက်ကို တရှုးရှုးနှင့်မှုတ်သောက်ပြီး ဇလပ်ဖြူအိမ်သို့သွားရန်သာ စိတ်စောနေသည်။

ခုနစ်နာရီကျော်ပြီဖြစ်သောကြောင့် ဇလပ်ဖြူ သူ့အား မျှော်နေရှာမည်လား။

ဒီတစ်ခါတော့ သူနေမကောင်းတာကို အကြောင်းပြပြီး ဇလပ်ကို ဆေးတိုက်ခိုင်းရမည်။ ကော်ဖီဖျော်ခိုင်းရမည်။ သူ့လက်ဖဝါးနုနုလေးနှင့် ကိုယ်ပူစမ်းခိုင်းရမည်။

"ပိုင်ရေ"

"ဟာ. . မကြီးစံ၊ ကျွန်တော် ခုပဲလာတော့မလို့"

"အေး. . အဲဒါကို မကြီးစံလာပြောတာ ဇလပ်မရှိတော့ဘူး"

"ဗျာ"

"တောင်ငူကို သူ့အမေနဲ့ပါသွားပြီ"

"ဟင်"

မကြီးစံက ဈေးခြင်းလေးလက်မှာချိတ်ကာ အိမ်ပေါ်သို့တက်လာလေသည်။ ပိုင်ဦးမောင် ရုတ်တရက်စကားမပြောနိုင်ဘဲ ငေးကြောင်လျက်. .





"မေမေကြည်နဲ့လား"

"မဟုတ်ဘူး. . ဒေါ်လေးနွယ်နဲ့"

"ဟာ. . ဘာလို့ထည့်လိုက်ရတာလဲဗျာ"

"ဩော်. . သူ့အမေရင်းပဲဟာ. . မထည့်လို့ကောင်းမလား. . ပြီးတော့ သူကိုယ်တိုင်လဲ လိုလိုချင်ချင်နဲ့လိုက်သွားတာပဲကိုး"

"ဟင်. . တကယ်လား"

နားရှိ၍သာကြားရသည်။ ပိုင်ဦးမောင်မယုံချင်တော့ပေ။ သူ့လက်ကိုဆွဲဆိတ်ကြည့်သည်။

အိပ်မက်မဟုတ်ပေ။

မကြီးစံက မျက်ရည်အဝဲသားနှင့်. .

"သူတစ်ယောက်တည်းလား"

"အေး. . မလေးနှင်းက ခွင့်တင်ပြီး မနက်ဖြန်ဖြစ်ဖြစ် သန်ဘက်ခါဖြစ်ဖြစ် လိုက်သွားမှာ. . ဟိုက တစ်ခါတည်း ရထားလက်မှတ်ကိုတောင် ဝယ်လာပြီးပြီကိုးတဲ့"

ပိုင်ဦးမောင် ဘာမှပြန်မပြောတော့ပေ။ ဖြစ်နိုင်လျှင် နောက်မှ အတင်းပြေးလိုက်သွားချင်သည်။

"မေမေကြည်လဲ ငိုကျန်ရစ်ခဲ့တယ်"

"တစ်ယောက်ယောက်ကတော့ လိုက်သွားဖို့ကောင်းပါတယ်ဗျာ. . မဟုတ်ရင်လဲ ကျွန်တော့်ကိုလာခေါ်ပေါ့ဗျာ"

ပိုင်ဦးမောင်ရင်ထဲမှာ မတင်မကျလေးဖြစ်သွားသည်။

"တို့နှစ်ယောက်မှ မလိုက်နိုင်အောင် သူက လက်မှတ်တစ်စောင်တည်းဝယ်ထားတာ. . မလေးနှင်းကလဲ သူ့ခွင့်ရက်တွေများနေလို့ ဒီနေ့ ထမလိုက်သွားနိုင်တာ. . ပိုင်အားရင် နေ့လယ်မှာ ဖေကြီးနဲ့လာခဲ့ဦးနော်. . ညလေးမရှိတုန်း မင်္ဂလာကိစ္စကို စီစဉ်ရတာ ပိုလွတ်လပ်တာပေါ့. . ပြီးတော့ သူ့ကို အိပ်ရာအပြောင်းအလဲလုပ်ပေးပါလို့ ဗေဒင်ကပြောထားတာ ယတြာကြေပြီပေါ့. . ကဲ. . သွားပြီနော်"

ဘာစကားမျှမပြောနိုင်ဘဲ ငေးငိုင်၍ ကျန်ရစ်ခဲ့သည်။

အိပ်မက်ထဲကလို မဝေးကွာပါစေနဲ့ ဘုရား. .

✤✤✤





## အခန်း (၆)

အဆုံးအစမရှိသော လယ်ကွင်းကိုကြည့်ကာ လေကို အားပါးတရရှူရှိုက်လိုက်၏။ ဤကဲ့သို့ ရပ်ဝေးခရီးကို တစ်ခါမှ မသွားခဲ့ဖူးပေ။ ရုတ်တရက်တော့ လွတ်လပ်ပျော်ရွှင်သလိုလို. . ရင်ထဲမှာ တသိမ့်သိမ့်နှင့်။

နံနက် ၆ နာရီခွဲ ရန်ကုန်မှစထွက်တော့ မှုန်ဝါးဝါးနှင့် နေရောင်ခြည်နုလေး၏ နှုတ်ခွန်းဆက်သနေသော လောကကြီးကိုကြည့်ကာ ရင်ထဲမှာ အေးမြသွား၏။

အဖြူရောင်ဗျိုင်းအုပ်စုတို့ အိပ်တန်းမှထပြန်လာပြီး နွေစပါးစိမ်းစိမ်းကြားတွင် ဝဲပျံကာ အစာရှာနေကြသည်။

ဇလပ်ဖြူသည် ပြတင်းပေါက်မှနေ၍ လေတဖြူးဖြူးတိုက်နေသည်ကို မမှုသလိုနှင့် လောကကြီးကိုသာကြည့်မဝနိုင်ဘဲ ငေးကြည့်နေသည်။

"သမီး . . အေးလား . . ပြတင်းပေါက်ပိတ်လေ"

"အာ . . မပိတ်ပါနဲ့"

အလန့်တကြားပြောလိုက်မိသည်။ မွန်းကျပ်ပိတ်လှောင်မှုကို မလိုလား။

အမှတ်တမဲ့နှင့် အလန့်တကြားပြောလိုက်သောကြောင့် ဒေါ်နွယ်မာ့ကို အော်လိုက်သလိုဖြစ်သွားသည်။ ရိုးရိုးတန်းခရီးသည် ချင်းမို့ မျက်နှာချင်းဆိုင်ထိုင်ခုံမှ လင်မယားနှစ်ယောက်ကို ဒေါ်နွယ်မာ ရှက်သွား၏။

"အဲဒါကြည့် . . ခေတ်ကလေးတွေက တစ်ဇွတ်ထိုးကိုနိုင်တယ် . . အမေက အအေးမိမှာစိုးလို့ အသားခြောက်မှာစိုးလို့ ပြတင်းပေါက်ပိတ်ခိုင်းတာကို မကြိုက်ချင်ဘူးလေ"

"ဒီခေတ်ကလေးတွေက လှောင်ပိတ်နေတာကို မလိုလားဘူး"

မျက်နှာချင်းဆိုင်ထိုင်ခုံမှ ခရီးသွားလင်မယားနှစ်ဦးအနက် ယောကျ်ားကြီးက နားလည်စွာဖြင့် အလိုက်သင့်ဖြေလိုက်သည်။

စ၍ ခရီးထွက်လာကတည်းက သူတို့နှစ်ဦး၏ သားအမိတော်စပ်ပုံကို စူးစမ်းနေကြသည်။

သနပ်ခါးရေကျဲကို သွားပွတ်တံနှင့် ခြစ်ထားသည့် ရိုးသားဖြူစင်တဲ့မျက်နှာလေးနှင့် ရှပ်အင်္ကျီလက်ရှည်အညိုကွက်စိပ်ပွပွလေးနှင့် ကချင်မနေသာဆင်ရွှေအိုရောင်လေးဝတ်ထားသော မိန်းကလေးငယ်၏ နူးညံ့သိမ်မွေ့ဟန်သည် နံနက်ခင်းအလှကို ကျက်သရေတိုးပွားစေ၏။





မိခင်ဖြစ်သူကတော့ ပန်းရောင်မိတ်ကပ်ကို ရဲနေအောင်လူးပြီး မျက်ခုံးမွေးကို မည်းမည်းနက်နက်ဆွဲထား၏။ ထို့အပြင် နှုတ်ခမ်းနီရဲရဲကိုလည်း ဆိုးထားသေးသည်။

သို့ရာတွင် ပြုံးရွှင်၍ အလိုဆန္ဒပြည့်ဝသော မျက်လုံးများဖြင့် သမီးဖြစ်သူကို မကြာခဏငေးကြည့်နေသော မိခင်၏ မျက်လုံးမှာ တောက်ပြောင်လျက်ရှိလေသည်။

"သမီးလေးပျော်လား"

"ဟုတ်"

သမီးထံမှ စကားတစ်ခွန်းတိုကြားလိုက်ရသဖြင့် ကျေနပ်ပြုံးပျော်သွားပြန်သည်။

"ဟိုရောက်ရင် ပိုပျော်မယ် . . သမီးရဲ့အစ်ကိုတွေ အစ်မတွေ တူတွေ တူမတွေက သမီးကို သိပ်တွေ့ချင်နေကြတာ"

"တူ . . တူမ"

"အင်းလေ . . သမီးမှာ တူတွေ . . တူမတွေရှိနေတာမသိဘူးလား"

ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်၏။

"အင်း . . သမီးက လူပျိုကြီး . . အပျိုကြီးတွေကြားမှာ ကြီးလာရတော့ ဘယ်မှာတူ . . တူမရနိုင်မှာလဲ"

ဒေါ်နွယ်မာက စကားပြောရင်းက နိုင်ငံခြားရောက်နေသော ကိုကိုကြီးနှင့် မကြီးစံတို့ညီအစ်မကို ပုတ်ခတ်လိုက်လေသည်။

ဖလပ်ဖြူရင်ထဲမှာ ကိုကိုကြီးကို သတိရသွား၏။ အခုတလော စာလာကျဲသွားသဖြင့် စိတ်ပူပန်စွာ စာလှမ်းရေးသောအခါ ညလေး စာမေးပွဲရှိနေသောကြောင့် အနှောင့်အယှက်ဖြစ်မှာစိုး၍ စာမရေးဘဲ နေပြီး စာမေးပွဲပြီးမှ စာရေးမည်ဟု ပြောထားသဖြင့်. .

“ဒီနေ့ ကိုကြီးစာရောက်ပြီလား မသိဘူး”

စိတ်အစဉ်က ကိုကိုကြီးထံရောက်သွားပြီး ရင်ထဲမှာ နွမ်းနယ်သွားတော့သည်။

ပြီးတော့ မျက်ရည်အဝဲသားနှင့် ကျန်ရစ်ခဲ့သော မေမေကြည်နှင့် မကြီးစံ။

မလေးနှင်းကတော့ ထုံစံအတိုင်း အားမာန်အပြည့်နှင့် အစဉ်အမြဲ လှုပ်ရှားတက်ကြွလျက်ရှိနေသည်။ ဘူတာရုံသို့လိုက်ပို့ပြီး. .

“ညလေးကို သုံးရက်လွှတ်ထားမယ်. . ပြီးရင် မလေးနှင်း ကြာသပတေးနေ့လိုက်လာမယ်. . ပြီးတော့ တနင်္ဂနွေနေ့ပြန်မယ်. . ဒါဆိုရင် ဒေါ်လေးနွယ်ကျေနပ်ပြီလား”

“ရပါတယ်ကွယ်. . ထည့်ပေးလိုက်တာကိုပဲ ကျေးဇူးတင်လှပါပြီ. . သမီးလေးဆွေမျိုးတွေနဲ့တွေ့ရတာပေါ့နော်”

စိတ်ခတ်ခိုင်မာသော မလေးနှင်းသည် တတွတ်တွတ်မှာ၍ မဆုံးတော့. .

“ညလေး. . မကြီးစံဆေးထည့်ပေးလိုက်တယ်မဟုတ်လား”

“ဟုတ်”





“ဆေးကို မှန်မှန်သောက်နော်. . ကိုယ်နဲ့တည့်တာပဲစား. . မတည့်တာကိုမစားနဲ့. . သိပ်မောအောင်မဆော့နဲ့နော်”

“အမလေး မိုးနှင်းဆီရယ်. . အမေတစ်ယောက်လုံးပါတာပါဟဲ့. . ဂရုစိုက်ပါ့မယ်”

“ဩော်. . ဒေါ်လေးနွယ်က အတင်းခေါ်လို့ အမေဆိုတာကြောင့်ထည့်ပေးရတာ. . ကျွန်မညီမလေးကို ခွဲဖူးတာမဟုတ်ဘူး. . သူ့အကြောင်းသိတဲ့သူကလဲ မပါတော့ ကိုယ့်ကိုယ်ကို ဂရုစိုက်ရမှာပေါ့”

မိုးနှင်းဆီက ချက်ချင်းပြန်ပြောလိုက်သဖြင့် ဒေါ်နွယ်မာက နှုတ်ခမ်းကိုမဲ့လိုက်၏။

ရထားထွက်သောအခါ မိုးနှင်းဆီက ရထားဘေးမှလိုက်လာပြီး မှာ၍မဆုံးတော့။

“ညကျရင် ဖုန်းဆက်နော် ညလေး”

“မလေးနှင်း ကြာသပတေးနေ့ ဆက်ဆက်လာခဲ့နော်. . ညလေးအကြာကြီးမနေဘူး. . ပိုင့်ကိုလဲ ပြောလိုက်ဦး”

ငိုမဲ့မဲ့နှင့်မှာလိုက်သေးသည်။ မလေးနှင်းကိုယ်တိုင်က မျက်ရည်ဝဲနေ၏။

“သမီးလေးက မမတို့နဲ့မခွဲဘူးလို့ပါ. . နောက်တော့ နေသားကျသွားမှာပါ. . ခဏလေးပါပဲလေ”

မွေးမေမေ၏ ခဏလေးပါပဲဟူသော အားပေးမှုကြောင့်

ဇလပ်၏စိတ်များ ပြန်မတ်ထူကာ ဝမ်းနည်းစိတ်များကို ထိန်းချုပ်ရင်း အဝေးသို့ အကြည့်များပို့လွှတ်ကာ စိတ်ဝင်စားမှုတစ်ခုခုကို ဖန်တီးလိုက်၏၊

သဘာဝအလှများ. .

မြို့အပြင်ဆိုလို့ ပဲခူးဘုရားဖူးတစ်ခုတည်းသာရောက်ခဲ့ဖူးသော ဇလပ်အဖို့ အရာရာတိုင်းသည် အသစ်အဆန်းများသာဖြစ်နေလေပြီ။

"သမီးလေး. . မနက်က ထမင်းကြော်စားလာတယ်မဟုတ်လား. . မုန့်စားချင်ရင်ပြောနော်. . ဒီမှာ မုန့်တွေဝယ်ထားတယ်"

"ဟုတ်ကဲ့"

ပြီးစလွယ်တိုတိုတုတ်တုတ်ဖြေလိုက်သည်။ စိတ်လှုပ်ရှားနေသဖြင့် အိပ်ချင်ယောင်ဆောင်ကာ မကြီးစံနှင့် မလေးနှင်းတို့၏ စကားများကို ခိုးနားထောင်ရင်းက အိပ်မပျော်သောညကို ထူးခြားစွာ ခံစားမိလိုက်သည်။

"ဟိုကောင်လေး အနှောင့်အယှက်ကင်းအောင် ပိုင်နဲ့ပေးစားချင်တယ်ဆိုတာလဲ မခိုင်လုံဘူး. . အဝမှလက်ထပ်ခြင်းခံရမယ့် ကံဇာတာရှိတယ်ဆိုလို့ လက်ထပ်ပေးချင်တာလဲ မခိုင်လုံဘူး. . ချစ်သူအချင်းချင်းလက်ထပ်သင့်တဲ့အချိန်မှ လက်ထပ်တာကောင်းတယ်. . နှင်းကတော့ ညီမလေးကို နှမြောတယ်. . သိပ်ငယ်လွန်းတယ်နော်"

"တို့မျက်စိအောက်မှာပဲထားမှာပါ"





"ဘာပဲဖြစ်ဖြစ် မတူတော့ဘူးလေ. . အိမ်ထောင်ကျသွားပြီဆိုတာနဲ့ လူမှုဒုက္ခတွေကြားမှာ လှုပ်ရှားရုန်းကန်ရပြီး စီးပွားရေးအတွက် မစဉ်းစားရတောင်မှ လင်ယောကျ်ားအတွက်ကို စဉ်းစားရတော့မယ်. . အချိန်ပေးရတော့မယ်. . အို မကြီးစံရယ်. . ကျွန်မတို့ကိုယ်တိုင်တောင် အိမ်ထောင်နှရးလောကကို ကြောက်လို့ရှောင်နေသေးတာပဲနော်"

အစ်မနှစ်ယောက်၏ပြောစကားတချို့ကို နားမလည်ခဲ့သော်လည်း ပိုင်နှင့်လက်ထပ်ပေးစားချင်နေသည်ကိုတော့ ရိပ်မိသည်။

ဘယ်နေ့မှန်းမသိ။

သို့သော်. . ထိုအကြောင်းကို စဉ်းစားရင်း ရင်ဖိုနေမိ၏။ လက်ထပ်တယ်ဆိုတာ ဘယ်လိုနေလဲ။

ဘဝနှစ်ခုပေါင်းစပ်ခြင်း၊ ယောကျ်ားနဲ့ မိန်းမရာသက်ပန်အတူနေခြင်း၊ ဒီအတွက် ဘာမှထူးဆန်းပြီး အရေးတကြီးစဉ်းစားစရာရှိလဲ။

ပိုင်နှင့်အတူနေရလျှင်. .

ဘုရားရေသိပ်မစောလွန်းဘူးလား. . ဒီအတိုင်း နေ့စဉ်နေ့တိုင်း တွေ့သွားလို့ရော မဖြစ်ဘူးလား. .

ထိုလူ နိုင်မင်းထွန်းဆိုတဲ့လူက အမြဲနှောင့်ယှက်နေတာမှ မဟုတ်တာ. . အခုတောင် မတွေ့တော့ဘူးလေ. .

လူကသာ မီးရထားထိုင်ခုံမှာထိုင်နေသော်လည်း စိတ်အတွေးများက ပျံ့လွင့်လျက်. .

ပဲခူးမြို့ဝင်ပြီးမှ ကျော်လာသောအခါ ရန်ကုန်နှင့် ပို၍ ပို၍

ဝေးသွားပြီဟူသော အသိက ဝမ်းနည်းအားငယ်စိတ်ကို တွန်းပို့လိုက်လေသည်။

သို့ရာတွင် မွေးမေကိုကြောက်ရွံ့၍ ငိုချင်စိတ်ကို ထိန်းထားရင်းက ပတ်ဝန်းကျင်ကိုသာငေးမောကြည့်ရင်း နောင်တရစိတ်များကို ချိုးနှိမ်ရင်း. . ကြောက်ရွံ့အားငယ်စိတ်များကို ချိုးနှိမ်ရင်း မွေးမေအပေါ်မှာ မေမေကြည်ကဲ့သို့ ချစ်ခင်လာနိုင်ရန် ကြိုးစားကြည့်လိုက်သည်။

မရ. .

မနှစ်ကတည်းကပင် မေမေကြည်က ပြော၍ မွေးစားအမေဒေါ်လေးနွယ်က အမေရင်းဟု သိသွားသည့်အချိန်မှစ၍ ဒေါ်လေးနွယ်အပေါ် ချစ်ခင်ကြည့်လိုက်သည်။

ဘယ်လိုမှမရပေ။

အထူးသဖြင့် မိမိ၏အချစ်တော်ကြောင်လေးရွှေသွေးအပေါ်မှာ ရက်စက်စွာပြုမူပြီးကတည်းက ဘယ်လိုမှ ရင်းဆိုင်ချင်စိတ်မရှိတော့ပေ။

ယခု. . လိုက်လာသည်မှာလည်း အကယ်၍ မိမိသာမလိုက်လျှင် မွေးမေက အစဉ်အမြဲရောက်လာပြီး မရမကခေါ်နေမည်။ ပြီးတော့ အရင်းအနှီး စားဖို့လမ်းစရိတ်ကုန်ကျလို့ဆိုပြီး ထပ်မံ၍ တောင်းဦးမည်။

ပြီးတော့ မြေးများအတွက် အကျီအဟောင်း၊ ထဘီအဟောင်းတွေ အစ်မများထံမှတောင်းမည်။





ဘာပဲဖြစ်ဖြစ် မွေးမေလာလျှင် အလိုလိုစိတ်ရှုပ်ထွေးပြီး တစ်သက်လုံးနေနေကျအိမ်မှာ စိတ်ကျဉ်းကျပ်သွားသလိုလို စိတ်ရှုပ်ထွေးသလိုလိုဖြစ်ခဲ့ရသည်။

တကယ်လို့များ မိမိလိုက်သွားလျှင် မွေးမေ ခဏခဏလာစရာမလိုတော့ဘူးပေါ့. . ဟူ၍ စိတ်ကူးလေးနှင့် ထလိုက်လာခြင်းဖြစ်သည်မို့ ရန်ကုန်နှင့် ဝေးလေ ကြောက်လန့်အားငယ်လေဖြစ်လာလေသည်။

"သမီးလေး. . ရေသောက်ဦးမလား"

"ရှင်"

"ဩော်. . ဒီကလေးမလေးကလဲ ရေသောက်မလားလို့မေးနေတာကြာလှပေါ့"

"ဟင့်အင်း မသောက်ပါဘူး"

ရထားစီးရင်း ငိုက်မျဉ်းနေသော မိခင်က အိပ်ရာမှနိုးလာ၍ ရေထသောက်ရင်း မေးလိုက်ခြင်းဖြစ်သည်။

ဇလပ်ဖြူကတော့မူ ငိုက်ရန်ပင်သတိမရဘဲ စိတ်အတွေးများက ဟိုဟိုဒီဒီပြန့်နှံ့လျက် ငိုမဲ့မဲ့နှင့် ဝေးကွာသွားပြီဖြစ်သော ရန်ကုန်မြို့တော်ကြီးဆီသို့ မှန်းဆ၍ မျှော်ငေးကြည့်နေမိသည်။

"မေမေကြည်ရယ်. . သမီးမှားသွားပြီထင်တယ်. . တကယ်ဆို မေမေကြည်ကလဲ တားသင့်တယ်လေ. . မတားတောင်မှ လိုက်လာရမှာပေါ့. . ခုတော့ သမီးတစ်ယောက်တည်း. . "

မကြီးစံ. . မကြီးစံကရော ဘာလို့လိုက်မလာရတာလဲ. . တကယ်ဆို လိုက်လာပေါ့. . ညလေးမှတစ်ယောက်တည်း ခရီးမသွားဖူးတာ. .

ဘယ်လိုသတ္တိတွေရှိလာပြီး ဘာလို့တစ်ယောက်တည်းထွက်လာရပါလိမ့်. .

ဒါဟာ မွေးမေကို ယုံကြည်လို့ပဲဖြစ်ရမှာပေါ့. .

မြေသာ၍ အေးချမ်းဖွယ်ရာသက်ပြင်းလေးခိုးချပြီး မွေးမေကိုကြည့်လိုက်ရာ. .

ပါးစပ်ဟာ၍ အိပ်ပျော်လျက်ရှိနေသည်။

မောလျသော သက်ပြင်းလေးပြန်ချမိပြီး လယ်တောပတ်ဝန်းကျင်ကို ပြန်ကြည့်မိလိုက်ရာ. .

ဆက်ရက်လေးတစ်ကောင်တည်း ဝဲပျံနေသည်။

"ဝမ်းနည်းရမည်" တဲ့လား. . ။

❖ ❖





"အဲဒါ ဘာဖြစ်ရပြန်ပြီလဲ"

ရုတ်တရက် ရထားမှာငြိမ့်ညောင်းမှုမရှိရတဲ့အထဲ ရှေ့တိုးနောက်ငင်ဖြစ်ကာ ထခုန်ပေါက်မလိုဖြစ်ပြီး ကျယ်လောင်သောအသံကြီးနှင့် ထိုးရပ်သွား၏။

"ဝုန်း"

"ဘုရား. . ဘုရား. . ဘာဖြစ်ရပြန်ပြီလဲ"

ရင်ထဲထိတ်သွားပြီး ခရီးသည်များ ဆူဆူညံညံနှင့် ရထားပြတင်းပေါက်မှ ခေါင်းပြူကြည့်ကြ၏။

ဇလပ်ဖြူက နောက်လေးကိုကပ်ပေးလိုက်ရသည်။

မွေးမေနှင့် ရှေ့မှအဒေါ်ကြီးက ကုန်းကြည့်နေသောကြောင့် အနည်းငယ်တိမ်းသွားခြင်းဖြစ်သည်။

"လူကိုတိုက်မိတာလား. . ဆိတ်ကို တိုက်မိတာလားမသိဘူး"

ကြားရသည့်သတင်းစကားက မသက်သာလှသဖြင့် အလန့်တကြားနှင့် မျက်လုံးစုံမှိတ်ထားလိုက်မိသည်။

"ဩော်. . ဆိတ်ကိုတိုက်တာပါ. . ဘီးကြားထဲက ထုတ်နေကြတာပဲ"

ဘာပဲဖြစ်ဖြစ် ရင်တုန်လှိုက်မောလာလေသည်။ နာရီကိုလှမ်းကြည့်လိုက်ရာ ဆယ်နာရီကျော်နေလေပြီ။ ရထားက ဖုန်ထူထူလမ်းမတောင်း၍ တစ်စီးနှင့်တစ်စီးစောင့်နေရသောကြောင့် လိုအပ်သည်ထက် ပိုကြာသွားသည်။

ဒိုက်ဦးအဝင်မှာ အလံစချိုး၍ ဆယ့်ငါးမိနစ်ခန့်ရပ်နားလိုက်သေးသည်။ ညောင်လေးပင်အဝင်မှာလည်း ထို့အတူပင်။ မိနစ်နှစ်ဆယ်ကျော်ကြာခဲ့၏။

ခုလည်းပဲ ဖြစ်ပြန်ပြီတစ်ခါ. . ဘယ်လောက်ကြာဦးမလဲမသိဘူး။

"ဒီလိုပဲ လမ်းခရီးသွားရတာ စိတ်ရှည်ရတယ်ကွယ်. . မိုးတွင်းဆိုရင် ပိုဆိုးတယ်"

"အမယ်လေး. . တစ်ခါတလေ သုံးလေးနာရီလောက်နောက်ကျနေသေးတယ်. . မဖြစ်ဘူး. . ရှေ့ဘူတာက ဘာဘူတာလဲမသိဘူး. . ကျောက်တံခါးဆိုရင် ဈေးသည်တွေလာမှာပဲ. . နည်းနည်းဗိုက်ဖြည့်ထားရမယ်"

မွေးမေက မကြာခဏအစားအသောက်ကို ဂရုတစိုက်နှင့် တစွတ်စွတ်စားတတ်သည်မို့ ရင်ထဲပြုံးမိလိုက်၏။

ဇလပ်ဖြူကတော့ ဆာရမှန်းပင်မသိအောင် ကတုန်ကယင်ဖြစ်နေသည်။

"သမီးဆာနေဦးမယ်. . ကိတ်မုန့်တွေထည့်ပေးလိုက်တာ စားပါလား. . သမီးအစ်မလေး ညက သွားဝယ်ထားတာလေ"





"ဟင့်အင်း မစားသေးပါဘူး"

"ရေလဲမသောက်ဘူး. . ရေသောက်မလား"

"မသောက်သေးပါဘူး"

"အေး. . မစား မသောက်လို့မရဘူး သမီး. . အချိန်နဲ့ရောက်မှာမဟုတ်ဘူး. . နှစ်နာရီလောက်မှရောက်မယ်ထင်တယ်"

"ဟင်"

စိတ်ပျက်ငြီးငွေ့သွား၏။ ခရီးသွားရတာ ဒီလိုပဲလားဟု တွေးရင်း စိတ်ရှုပ်သွားသည်။

တစ်ကိုယ်လုံး ညောင်းတောင့်လာပြီး အလိုလိုစိတ်လှုပ်ရှားလွန်းသောကြောင့် နေမထိ ထိုင်မသာနှင့် ထရမလိုထိုင်ရမလို. .

"သမီးလေး တော်ကြာ သွားတော့မှာပါ. . စိတ်ရှုပ်နေပြီလား"

ခါးလေးဆန့်ကာ မွေးမေကို ဖုံးကွယ်ဟန်ဆောင်သော အိလည်လည်အပြုံးလေးပေးလိုက်၏။

ရထားပေါ်မှ လူအများစုကို ဝေ့ဝဲအကဲခတ်မိသည်။

မသွားမဖြစ်သော ခရီးကိုသွားရတာမို့ အဆင်မပြေမှုများကို အောင့်အည်းကြိတ်မှိတ်၍ ခံနေကြရသည်။

ဒီခရီးကိုမွေးမေက ငြီးငွေ့ခြင်းမရှိဘဲ တစ်လတစ်ခေါက် မှန်မှန်ရောက်လာသည်။ ကားနဲ့ဆိုလျှင် သမီးလေးပင်ပန်းမှာစိုး၍ ရထားနှင့်ပဲခေါ်သတဲ့။

ကားက ပိုပင်ပန်းလား. .

ဒါဆိုရင် ခရီးသွားခြင်းအလုပ်ကို မနှစ်သက်နိုင်တော့။

တကယ်လို့များ ဒီခရီးမှာ မေမေကြည်နှင့် မကြီးစံ၊ မလေးနှင်း ပါလာလျှင် ပြီးတော့. .

ပိုင်ပါလာလျှင် ဒီခရီးဟာ ပျော်စရာပါပဲ။

ပိုင်. . ပိုင့်ကို ဘာမှမပြောဘဲ ထွက်လာခဲ့မိတာကို ပိုင်စိတ်ဆိုးမလား။ ဒါမှမဟုတ် လိုက်များလာမလား. .

ဇလပ်ဖြူ၏အတွေးများ ပျံ့လွင့်နေသလို မွေးမေ၏စကားများကလည်း လွင့်ပျံလျက်။

"သားသမီး ခုနစ်ယောက်ရှိတာ ဒီသမီးလေးက အထွေးဆုံးပေါ့. . ပညာတတ်ဖြစ်စေချင်လို့ အစ်မဝမ်းကွဲဆီကို ခဏပေးထားရတာ. . ဒီမှာတော့ မချိဘူးလေ. . သမီးလေးက ဘက်စုံမှာပြည့်စုံနေတာပဲလေ. . အလှဆုံး အတော်ဆုံးမို့ သူ့ဓာတ်ပုံကိုထောင်ထားရင် သားရှင်တွေက ဝိုင်းဝိုင်းလည်နေတာပဲ"

အပိုစကားများနှင့် အလင်္ကာစာသားချောမွေ့စေရန် မွေးမေပြောတတ်သည်ကို ဥပေက္ခာပြုလျက် မျက်လုံးမှိတ်ကာ ပူလောင်မှုကို ကြိတ်မှိတ်သည်းခံလိုက်သည်။

"ဆိတ်ကိုတိုက်မိတာက မကြာဘူး. . ဒီရထားက အချိန်နည်းနည်းနောက်ကျသွားလို့ ဟိုဘက်အစုန်အပြန်ရထားအထွက်ကို လမ်းရှင်းပေးနေရတာ"

နားထဲမှာ ဆူနေကြသည်။ ရင်ထဲမှာ ကျဉ်းကျပ်နေမိသည်။





မှားသွားပြန်ပြီ မေမေကြည်. .

ငိုနေသလား. . မွေးစားအမေမို့ အချစ်လျော့ပြီး ပစ်ခွာသွားတယ်လို့ အတွေးနုနုနဲ့ ငိုးရိုမ်ပြီး ငိုနေမှာပဲ။

ဟိုကိုရောက်ရောက်ချင်း ဖုန်းဆက်ပါ့မယ်. . မေမေကြည် မငိုနဲ့နော်. .

မကြီးစံလည်း မငိုပါနဲ့. . တကယ့်ကိုပြန်လာမှာပါ။ မကြီးစံ မဖြစ်ဖြစ်တဲ့နည်းနဲ့ အရောက် ရောက်အောင်လာမှာပါ။ စိတ်ချနေပါ မကြီးစံရယ်။

✤ ✤

“စိတ်မချဘူးဗျာ. . မကြီးစံတို့ ဘာလို့ အဲဒီလောက်လက်လွှတ်စပယ်လုပ်လိုက်ရတာလဲဗျာ. . တကယ်ဆို မလေးနှင်းခွင့်ယူ ပြီးမှ လိုက်သွားပေါ့. . ပြီးတော့ ကျွန်တော့်ကို လာပြောကြရောပေါ့. . ကျွန်တော်က ယောကျ်ားပဲဗျာ. . ဖြစ်တဲ့နည်းနဲ့လိုက်မှာပေါ့. . ဒီမိန်းမကြီးက ဘာလို့ ဒီလောက်လောရတာလဲ”

ပိုင်ဦးမောင်ရင်ထဲ ပူလောင်မှုက အပြင်သို့ ယိုဖိတ်ကျလာ၏။

တစ်ခါမှ ဒီလောက် ဒေါသသံမထွက်ဖူးပေ။

ဖခင်က စာဖတ်နေရာမှ မျက်မှန်ပေါ်ကနေ ကျော်ကြည့်လိုက်သော မျက်လုံးများက တအံ့တဩနှင့်။

စံစပယ်က မျက်ရည်တရွှဲရွဲနှင့်။

“သူကိုယ်တိုင်က သွားမယ်ပြောလို့ပါ. . ညလေးအလိုမတူဘဲ မထည့်ပေးပါဘူး”

“ဖေလပ်က ဘာလို့ လိုက်သွားချင်ရတာလဲ”





“ရေကိုဓားနဲ့ဖြတ်လို့ရချင်ရမယ်. . သွေးသားတော်စပ်မှုကို ဘာဓားနဲ့မှ ဖြတ်တောက်ပစ်လို့မရဘူးလို့ လူကြီးတွေ ခဏခဏပြောကြတာပဲ. . ညလေးက သူ့အစ်ကိုအစ်မတွေနဲ့ တွေ့ရအောင် သဘောတူလိုက်တာပဲလေ”

“ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး. . ဟိုမိန်းမကြီးက နားပူနားဆာလုပ်နေတာကို နားအေးအောင်ထလိုက်သွားတာပဲဖြစ်ရမယ်”

“အေး. . အဲဒါဖြစ်နိုင်တယ်”

ပိုင်ဦးမောင်၏ဖခင်ကဝင်၍ ထောက်ခံလိုက်၏။ စံစပယ့်မျက်ရည်တွေ တန့်သွားအောင်အထိ စိတ်ဖြေသာကာ ရင်အေးသွားဟန်တူသည်။

“ဟုတ်တယ်. . နှင်းဆီကလဲ အဲဒီလိုပဲပြောတာ. . မကြေည်နဲ့ကျွန်မကသာ စိတ်ပူနေတာ. . အင်းလေ ဘာပဲဖြစ်ဖြစ် ဟိုကောင်လေးနဲ့လဲ ဝေးသွားတာပေါ့. . ညလေး ပျော်တယ်ဆိုရင် ချက်ချင်းပြန်မလာခိုင်းပါဘူး. . လေးငါးဆယ်ရက်လောက်နေပါစေလေ. . ”

“ဟာ. . မကြီးစံရာ ကျွန်တော်ကတော့ ကြာကြာမခွဲနိုင်ဘူး. . လိုက်သွားမှာဗျ”

သူ့စကားကြောင့် စံစပယ်ရှက်ပြုံးပြုံး၍. .

“အေး ဆယ့်တစ်နာရီ. . ဆယ့်နှစ်နာရီလောက်ဆိုရင် ရောက်ပြီတဲ့. . ညနေကျရင် ဖုန်းဆက်မယ်ပြောတာပဲ. . ပိုင် လေးနာရီလောက်လာခဲ့ပေါ့”

"သုံးနာရီလာမယ်ဗျာ. . ဇလပ်က မခွဲဖူးတော့ သိပ်လွမ်းနေမှာပဲဗျာ. . ဆေးတွေရောပါသွားရဲ့လား. . သူ သောက်တတ်ရဲ့လား"

"မလေးနှင်းကတော့ ဆေးတွေကို ပလတ်စတစ်အိတ်သေးသေးလေးတွေနဲ့ တစ်ခါသောက် တစ်ခါသောက်ခွဲပေးတာပဲ. . မောရင်ခံတွင်းထဲငုံတဲ့ဆေးကို သူ့အင်္ကျီအိတ်ကပ်ထဲကို ညကတည်းက ထည့်ပေးထားလိုက်တယ်. . ဪ. . ညလေးမှာ နှလုံးရောဂါရှိတာကို သူ့အမေမှသိရဲ့လားပဲ"

ထိုစကားကြောင့် နှစ်ယောက်စလုံး တွေဝေသွား၏။

"သားတို့က သိပ်စိတ်ပူတတ်တာကိုးကွယ့်. . သူ့အမေပဲကွယ်. . ကိုယ့်ဝမ်းနဲ့လွယ်မွေးထားတဲ့ သားသမီးကို ဂရုစိုက်မှာပါ. . သုံးလေးရက်ကို သူ့ဘာသာ သူ လွတ်လွတ်လပ်လပ်နေ. . သူ့သမီးကို သူတို့ဘာသာ လွတ်လွတ်လပ်လပ်ချစ်ပါစေ. . မင်းတို့က သိပ်သည်းပြတော့ အရင်းအချာတွေကို မချစ်တာ မင်းတို့ကြောင့်လို့ ဖြစ်သွားလိမ့်မယ်. . ဟိုကလဲ အဆွယ်အပွားတွေမပါစေချင်လို့ လက်မှတ်တစ်စောင်တည်းဝယ်တာပဲပေါ့. . သမီးလေးဆုံးဖြတ်တာ မှန်ပါတယ်ကွယ်"

ဖခင်က မနေသာ၍ ဝင်ပြောလိုက်မှ သက်ပြင်းကိုယ်စီချကာ စံစပယ်ကလည်း ဈေးခြင်းဆွဲ၍ ထွက်သွားတော့သည်။

ပိုင်ဦးမောင်တစ်ယောက်တည်း ငေးမောကာ ကျန်ရစ်ခဲ့တော့သည်။ ရင်ထဲတွင် တအုံနွေးနွေးနှင့် ဇလပ်ဖြူထွက်သွားသည့် ခရီး





အကြောင်းကို လုံးဝမသိလိုက်ရအောင် လျင်မြန်စွာဖြင့် ခေါ်ဆောင်သွားသော ဒေါ်နွယ်မာကို မကျေမနပ်ဖြစ်မိသည်။

"သောက်ဆေးတွေ သေသေချာချာထည့်ပေးရဲ့လားမသိဘူး. . မျက်နှာစိမ်းတွေကြားမှာ ဇလပ်တော့ အားငယ်နေရှာတော့မယ်. . သူက ငါမပါဘဲ သွားတတ်တာမှမဟုတ်တာ"

ငယ်စဉ်ကတည်းက ဇလပ်ဖြူဘယ်သွားသွား ပိုင်ဦးမောင်မပါလျှင် မသွားတတ်ပေ။

ဇလပ်ဖြူသွားချင်သည့်နေရာများကို ပိုင်ဦးမောင်လိုက်ပို့ပေးနေကျဖြစ်၍ ဇလပ်ဖြူတစ်ယောက်တည်း ဖဲ့သွားရသည်ကို စိတ်မချနိုင်ဖြစ်ပြီး နေမထိ ထိုင်မသာဖြစ်နေ၏။

"ကဲ. . သား. . နောက်မှ မလေးနှင်းနဲ့လိုက်ရင်လိုက်သွားလိုက်. . အခုတော့ မင်းနေကောင်းအောင် ဆေးသောက်လိုက်ဦး. . အားမွေးလိုက်ဦး"

"သားက မနက်ဖြန်တောင် လိုက်သွားချင်တာ"

"ဆန္ဒတွေသိပ်မစောနဲ့သားရယ်. . ကိုယ့်ရပ်ရွာလဲမဟုတ်ဘူး. . ပြီးတော့ သားနဲ့ဇလပ်က ဘာမှမဆိုင်သေးဘူး. . သားလိုက်သွားရင် သူ့အမေက ဆူမှာပေါ့. . ဇလပ်ကလဲ အနေခက်မှာပေါ့. . စိတ်အေးအေးထားပြီး မလေးနှင်းသွားမှလိုက်သွားပါကွာ. . အရေးကြီးတာ မင်းနေကောင်းအောင်နေဖို့ပဲ. . ညက ကိုယ်သိပ်ပူတယ်ကွ. . တော်ကြာ ပြန်ဖျားနေဦးမယ် အားမွေးထား. . အားမွေးထား. . ဒါမှ ကြင်နာသူလေးဆီကို လိုက်သွားလို့ရမှာ. . "

ဖခင်၏ ရှင်ရှင်မြူးမြူးလေးပြောလိုက်သောစကားကြောင့် သူက သူက မကြည်လင်သော အပြုံးနှင့် ပြုံးလိုက်သော်လည်း ရင်မှာ နွမ်းလျလျက်. .

တစ်နေ့လုံး နေမထိ ထိုင်မသာဖြစ်နေသည့် ဇလပ်ဖြူတို့အိမ်ကို ဖခင်အလစ်မှာ ထွက်လာ၏။

ထိုအိမ်ရောက်သောအခါ သူအစိုးရိမ်ရဆုံးသော ပြဿနာကိုကြားလိုက်ရ၏။

"မလေးနှင်းကပဲ ပစ္စည်းထည့်ပေးတာလေ. . ဆေးဘူးကို မကြီးစံက သေသေချာချာထည့်ဆိုပြီး မလေးနှင်းလက်ကိုအပ်တော့ ညလေးက အရေးကြီးတယ်ဆိုပြီး သူ့ကျောပိုးအိတ်ထဲထည့်လိုက်တယ်. . မနက်က ထုတ်သောက်တာလား ဘာလားမသိဘူး. . ကျန်ရစ်ခဲ့တယ်. . အဲဒါ ဘယ်လိုလုပ်မလဲ"

မျက်ရည်အဝဲသားနှင့် မကြီးစံက ပျာယာခတ်နေလေပြီ။

မကြီးစံ ဘာမျှ မလုပ်တတ်။

အိမ်မှုကိစ္စနှင့် စက်ချုပ်သာ ကျွမ်းကျင်သည်။ ပြင်ပက ပြဿနာဆိုလျှင် ဘာကိုမျှ မလုပ်တတ်။ မီတာရုံးမှာ မီတာသွင်းတာကိုပင် သူမလုပ်တတ်ခဲ့ပေ။

ယခုလည်း စက်ပင်ချုပ်၍ မရဘဲပူပန်ပြီး ဆေးဘူးကိုတကိုင်ကိုင်နှင့်. .

"မလေးနှင်းသိလား"





"အေး သိတာပေါ့. . မနက်က သူ သနပ်ခါးလိမ်းတော့ မြင်တာလေ. ."

"သူက ဘာပြောလဲ"

"မတတ်နိုင်ဘူး. . သွားတဲ့နေ့မှပဲ ပေးရမှာပေါ့တဲ့. . ဒီကြားထဲမှာ နေကောင်းပါတယ်မဖြစ်ပါဘူးတဲ့. . သူကတော့ ပေါ့ပေါ့ပဲ. . ဒီဆေးကို သူတိုက်တာမှမဟုတ်တာ. . မကြီးစံပဲ အတိုက်များတာ. . မောရင်သောက်တဲ့ဆေးလေ. . လျှာအောက်ထဲထည့်တဲ့ဆေးပါ ကျန်ရစ်ခဲ့တယ်. . အဲဒါ ဘယ်လိုလုပ်ရမှာလဲ"

"နေပါဦး မကြီးစံရယ်. . ကျွန်တော်ခေါင်းအေးအေးထားပြီး စဉ်းစားပါရစေ"

ပူပန်သောကကြီးမားလွန်းသော မကြီးစံထံရောက်လာခါမှ သူ၏ ပူလောင်မှုအရှိန်က တုံ့ခနဲမြင့်တက်လာလေသည်။ ရုတ်တရက် ဘယ်လိုလုပ်ရမှန်းမသိအောင် ငေးငိုင်တွေဝေသွားတော့သည်။

"တစ်မနက်လုံး သားအမိနှစ်ယောက်က ဘာမှမစားဘူး. . မေမေကြည်က ဘုရားခန်းထဲပဲဝင်နေတာပဲ"

မဝင်းမေက စက်ချုပ်ရာမှ လှမ်းပြောလိုက်သောကြောင့် ပိုင်ဦးမောင်၏အကြည့်က မကြီးစံထံရောက်သွား၏။

မိခင်တစ်ပိုင်းဖြစ်နေသော မကြီးစံနှင့် မေမေကြည်တို့၏ သောကအပူလည်း ပူလွန်းသည်။

ငယ်စဉ်ကတည်းက အတူလက်တွဲဆော့ကစားလာသော

တစားခော်လည်းဖြစ်. . ချစ်သူလည်းဖြစ်သောသူ၏ သောကအပူသည် ဖူလောင်လွန်းလှသည်။

သို့ရာတွင် မိန်းမသားများ၏ နုနယ်သော အသည်းနှလုံးကလောင်မြိုက်သော အပူကို အရင်ငြိမ်းသတ်ပေးရပေဦးမည်။

မကြီးစံနှင့် မေမေကြည်က သူ့ကို အားကိုးတတ်၏။ သူ၏ အကြံဉာဏ်ကို လက်ခံတတ်သည်။ သို့သော်. . အခုလောလောဆယ်မှာတော့ သူ့ခေါင်းထဲမှာ ဘာမှမရှိ။ ဘာအကြံဉာဏ်မှမထွက်သေး။

သေချာတာကတော့ ခေါင်းထဲမှာဆူဝေ. . ရင်ထဲမှာ အပူတွေနှင့် တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်နေလေပြီ။

"သား. . ဆေးကျန်ရစ်ခဲ့တယ်ကွယ်. . ဘယ်လိုပို့ပေးရမှန်းလဲမသိတော့ဘူး"

သူ့အသံကြား၍ ဘုရားခန်းထဲမှ မေမေကြည်ထွက်လာ၏။ စိပ်ပုတီးကို လက်မှမချတော့။

"မနက်ဖြန်မီရာကားနဲ့ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

"ကဲ. . ဘယ်မှလိုက်ပို့ဖို့မစဉ်းစားနဲ့. . မင်းလေးနေကောင်းတာမှမဟုတ်တာ. . ဖေဖေလိုက်ပို့ပေးမယ်. . အခု လောလောဆယ်တော့ ညနေဖုန်းလာမယ်ဆိုတာ စောင့်လိုက်ဦး. . မကြီးစံကော်ဖီတစ်ခွက်လောက်ဖျော်ကွာ. . ဒီကောင် ဆေးမသောက်ဘဲနဲ့ လစ်ထွက်လာတယ်"

ဖခင်က လိုက်လာပြီး ဖြေရှင်း၍မရသော ပြဿနာကို သွေးအေးစွာဖြေရှင်းပေးလိုက်၏။





"ညနေဖုန်းဆက်လာရင် နေကောင်းလားလို့မေးပြီးတော့ ဆေးနာမည်ကို မှတ်ခိုင်းလိုက်. . ညဘက်အိပ်ပျော်တဲ့ဆေးနဲ့ နှလုံးရောဂါထရင်သောက်တဲ့ဆေးကို အဓိကထားပြီး ဝယ်ခိုင်းလိုက်. . မြို့ကြီးပဲကွာ. . ဆေးတွေရှိမှာပါ. . ပြီးတော့ အဲဒီဆေးဘူးကို ကျွန်တော့်ကိုပေး. . ကျွန်တော်သွားပို့ပေးမယ်. . ကြုံတဲ့ကားနဲ့ ကြုံသလိုလိုက်သွားမယ်. . ဟိုမှာ တည်းခိုခန်းတွေပေါပါတယ်. . တပည့်တပန်းတွေလဲ ရှိပါတယ်. . နည်းနည်းရှာဖွေပြီး ချွေးမလောင်းကို စောင့်ရှောက်ခိုင်းလိုက်မယ်လေ. . မကောင်းဘူးလား မမကြည်"

"အင်း. . ဆရာလာမှပဲ အားလုံးအဆင်ပြေသွားတော့တယ်. . ကျွန်မဖြင့် နေလို့ကိုမရဘူး. . သူ့ကို ရောဂါသည်လေးမို့လားမသိဘူး. . သမီးအရင်းတွေထက်တောင် ပိုနေသေးတယ်. . မလေးနှင်းခရီးထွက်တာ တစ်ခါမှ မပူဖူးပါဘူးကွယ်"

မေမေကြည်က မျက်ရည်များကို သုတ်ရင်းက စိတ်အေးသွားသည်။

သူ့ရင်မှာတော့ မအေးနိုင်၊ ဇလပ်ဖြူကို သူမတွေ့ရမချင်း ရင်မှာ ပူလောင်နေဦးမည်ဖြစ်သည်။

✤ ✤

အတောင်ပါသော ငှက်ကလေးများ၏ လွတ်လပ်စွာ ပျံသန်းခြင်းကို အားကျစွာငေးကြည့်နေမိသည်။

တိမ်တွေ၏ ရွေ့လျားမှုကိုကြည့်ကာ တိမ်စိုင်ခဲတစ်ခုခုပေါ်မှာ ထိုင်လိုက်ခဲ့ရလျှင် ဘယ်လောက်ကောင်းမလဲ။ ရန်ကုန်ကိုပြန်ပြေးမှာပဲ။

ငှက်ကလေးဖြစ်ရင်ရော. . ကောင်းလိမ့်မယ်။ မေမေကြည်အိမ်ကို ပြန်ပြေးမှာပဲ။

အခုတော့ အမြန်ရထားသာဆိုတယ်. . မကြာခဏပက်ရပ်ကာ နှေးကွေးနေသောကြောင့် စိတ်မရှည်ချင်တော့။

မွေးမေကတော့ ဂိုက်မျဉ်းခြင်းတစ်လှည့်၊ မျက်နှာချင်းဆိုင်ထိုင်ခုံမှ လင်မယားနှစ်ဦးနှင့် စကားပြောခြင်းတစ်လှည့်နှင့် ခရီးသွားခြင်းနှင့် ရထားစက်ရပ်ခြင်းအတွက်ကို စိတ်ပူပန်မှုမရှိဘဲ ဖြစ်ရိုးဖြစ်စဉ်တစ်ခုအနေနှင့် လွတ်လပ်ပေါ့ပါးလျက်. .





“ကဲ. . ဇလပ်ဖြူတစ်ခုခုစား. . ဘာမှမစားရင် မူးလိမ့်မယ်. . ဟော့ကောင်လေး လာဦး. . လန်းသွားအောင် လက်ဖက်ရည်ပူပူလေးသောက်လိုက်. . မုန့်ပါစား. . တော်ကြာ အစာအိမ်ရောဂါရနေရင် ကျုပ်ကို ဝိုင်းအပြစ်တင်ကြလိမ့်မယ်. . မွေးစားအမေနဲ့ အစ်မတွေက သိပ်သည်းတာပဲ. . အရင်းထက်ကို အကဲပိုတယ်. . ကဲ စားထားလိုက်. . တောင်ငူအဝင်ဆို နှစ်ချက်ထိုးမှရောက်လိမ့်မယ်”

ဖြူးရောက်သောအခါ မွေးမေက ရထားဈေးသည်ထံမှ လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ်ဝယ်ကျွေးသဖြင့် ရွံရှာစွာ မစားဘဲ ကိုင်ထားမိ၏။

“ဟဲ့. . မြန်မြန်စားလေ. . ဟိုမှာ ခွက်ပြန်ပေးရမယ်. . စောင့်နေပြီ”

တစ်ခါမှ မစားမသောက်ခဲ့ဖူးသော အစားများမို့ စားရန်မဝံ့ရဲ။ ထောပတ်နှင့်မတည့်၍ မစားဖူးပေ. . လက်ဖက်ရည်ကိုလည်း ပေးမသောက်ဖူး။

မွေးမေ၏ အမိန့်ကိုကြောက်၍ မျက်စိမှိတ်ကာ လက်ဖက်ရည်ကို သောက်ချလိုက်ရင်း အဆီရွှဲရွှဲသကြားအုပ်ထားသော ပေါင်မုန့်ကို အမြန်ဝါး၍ လက်ဖက်ရည်နှင့် မျိုချလိုက်လေသည်။

ထောပတ်၏ ရှတတ. . သကြား၏ ချိုရဲရဲ. . လက်ဖက်ရည်၏ ချိုအီအီအရသာများကြောင့် ခေါင်းမူးနောက်နောက်ဖြစ်လာသည်။ အန်ချင်သလိုလိုပင်ဖြစ်နေ၏။

ထို့ကြောင့် မကြီးစံထည့်ပေးလိုက်သော မှန်ချိုသလိပ်ပျော့ လျက်ဆားခဲချဉ်ချဉ်လေး သုံးပြားကိုထုတ်ကာ အလျင်အမြန်ငုံထားလိုက်၏။

မျက်လုံးလေးအသာမှိတ်ကာ တဒိတ်ဒိတ်ခုန်နေသောရင်ကို တော့ပိုးအိတ်နှင့် ဖိကပ်ထားရင်းက သတိရသွား၏။

"ဘုရားရေ. . ဆေးပုလင်းပြန်ထည့်ဖို့ မေ့ခဲ့ပြီ"

အလန့်တကြားရင်ထဲမှာ ရေရွတ်လိုက်၏။

"အဲဒါသာကြည့်တော့. . ကလေးကို ဘယ်မှမသွားတတ်. . မလာတတ်အောင် အိမ်တွင်းပုန်းလုပ်ခိုင်းထားတာ. . ဘယ်မှမသွားတတ် မလာတတ်နဲ့ ဘာ ဗဟုသုတမှမရှိဘူး. . အတီး အတကိုဖြစ်လို့"

မွေးမေက မေမေကြည်တို့အား တဗျစ်တောက်တောက်နှင့် ပြောနေ၏။

စိတ်ထဲမှာ မခံချင်ဖြစ်သော်လည်း မပြောရဲ။

အတွေးအာရုံထဲတွင် ဖျပ်ဖျပ်လူးနေသော ငါးခူအရှင်ကို ခုတ်ရဲသတ်ရဲပြီး သူ့အနားတွင် တညောင်ညောင်နှင့် လာရှုပ်ကာ အော်နေသော ကြောင်လေးရွှေသွေးအား ဓားနှင့်လှမ်းခုတ်လိုက်သည်ကို သာမြင်ယောင်ရင်းက. . .

သံယောဇဉ်ထက် ကြောက်စိတ်က ပိုနေ၏။

ဘာမှမပြောရဲ။ ငြင်းဆန်ရန် အင်အားမရှိ။

အခုနေများ မေမေကြည်ငိုနေမလား. . မကြီးစံရော စက်ကိုပဲချုပ်ရင်းက မျက်ရည်ကျနေပြီလား။





"ငါ့သမီးလေးကို မြန်မြန်ပြန်လွှတ်ပေးပါကွယ်. ."

"ပို့ပေးပါ့မယ်မကြည်ရယ်. . ခဏလေးခေါ်သွားတာပါ"

"ဆေးကိုလဲ ဂရုစိုက်တိုက်နော်"

တဖွဖွအမှာစကားများကို ကြားယောင်ရင်းက စေ့ပိတ်ထားသော မျက်ဝန်းအစုံတို့သည် လေတိုက်တွန်း၍ စပ်ဖျဉ်းဖျဉ်းနှင့် နာကျင်နေသည့်တိုင်အောင် မေမေကြည့်ကိုမြင်ယောင်တာ. .

နုံ့သာနံ့သင်းသင်းနှင့် မေမေကြည်၏ ရင်ခွင်မှာ ချွဲနွဲ့ရင်းက အိမ်တွင်းပုန်းမိန်းကလေးတစ်ယောက်သာဖြစ်ချင်ဖြစ်ပါစေတော့ဟု စိတ်ထဲမှာ ရေရွတ်လျက်. .

"ဟဲ့. . သမီးအိပ်ချင်ရင် အမေ့ကိုမှီအိပ်လေ"

"မအိပ်ပါဘူး. . မျက်လုံးညောင်းလာလို့ မှိတ်ထားတာပါ"

"အေး. . အေး. . အေး. . မှိန်းနေလိုက်. . ရောက်ခါနီးနေပါပြီ"

ရှည်လျားလှသော ခရီးအတွက်ကို စိတ်ပျက်ငြီးငွေ့နေမှန်းသိ၍ အားပေးချင်သော်လည်း ကိုယ့်ဝမ်းကလွယ်မွေးထားပြီး စွန့်ပစ်ထားခဲ့တာကြောင့် ကြာတော့ သူစိမ်းတွေလိုဖြစ်နေသည်။

ကိုယ့်သွေးသားအရင်းအချာဖြစ်သော တောင်ငူမှ သားသမီးခြောက်ယောက်တို့သည် ရေခံမြေခံမကောင်းသော မိမိ၏ ပတ်ဝန်းကျင်မှာ ပွင့်လာသောကြောင့် မလှမပနဲ့ မွဲခြောက်ခြောက်အပင်များသာ။ ပွင့်လာသောအသီးအပွင့်များမှာလည်း ပိန်လှီလှီနှင့် အရောင်အသွေးမွဲတေလျက်. .

စွန့်ထားသောပန်းပင်လေးက ရေခံမြေခံကောင်းပြီး အရောင်အသွေးစိုပြည်လျက်. .

လှလိုက်တဲ့သမီးငယ်လေး. . ဒီလောက်လှမယ်မှန်းသိရင် အမေစွန့်မပေးပါဘူးကွယ်။

ဒီလောက်လှတဲ့သမီးမျိုး မမကြည်ကမွေးနိုင်လို့လား။ သူ့သမီးနှစ်ယောက်ကို လိုချင်သူတောင်မရှိလို့ အပျိုကြီးဖြစ်နေရတာ။

ဒီသမီးလေးသာ ကိုယ့်ရင်ခွင်ထဲမှာရှိရင် မျက်နှာပွင့်လိုက်မယ့်အမျိုး။

"ဟင်း. . မမကြည်က ရိပ်ဖမ်းသံဖမ်းပြောနေပြီပဲ. . ပိုင်ဦးမောင်ဆိုတဲ့ကောင်လေးနဲ့ ပေးစားချင်တယ်တဲ့. . နှောင့်ယှက်တဲ့သူရှိလို့တဲ့လေ. . ဖြစ်မှဖြစ်ရလေ. . သူပေးစားရင် သူ့သမက်ဖြစ်သွားပြီပဲ. . ကောင်ကလေးက နိုင်ငံခြားပြန်မှမဟုတ်တာ"

ဒေါ်နွယ်မာက သမီးငယ်လေး၏ အလှကို တစိမ့်စိမ့်ကြည့်ရင်းက လွတ်နေတဲ့ငါးက ကြီးနေပြီဖြစ်ပြီး. . မချင့်မရဲနှင့် အတွေးများက ကျဲပြန့်နေသည်။

မျက်လုံးကို မှေးစင်းကာ တောင်ငူအိမ်ရောက်လျှင် ဆီးကြိုနေမည့် မိသားစုနှင့်မြေးများအား မှန်းဆလျက်။

ဒီတစ်ခါ သမီးလေးမျက်နှာနှင့် မမကြည်ပေးလိုက်တာသုံးသောင်းတောင်မှ. . အတော်ပဲ. . မြေးတွေကို ရှင်ပြုပေးရမယ်. . ဒီငွေက မဖြစ်စလောက်လေးပဲ. . ဇလပ်ဖြူထံမှရမည့်ငွေက အများကြီး. . အများကြီး။





"ဟင်း"

သက်ပြင်းရှည်ကြီးချကာ မြုံးလိုက်ရင်း ပတ်ဝန်းကျင်ကိုကြည့်မိလိုက်၏။

"ဟဲ့. . ဟဲ့ တင်းငုတ်ပင်တောင်ရောက်နေပြီ. . ဟဲ့ သမီးထစမ်း. . တော်ကြာ မန္တလေးအထိပါသွားဦးမယ်"

အလန့်တကြား နှိုးလိုက်သဖြင့် အိပ်ငိုက်နေသော ဇလပ်ဖြူမှာ ပြူးတူးပြဲတဲဖြစ်သွား၏။

"ရောက်ပြီလား"

"ရောက်ပြီ. . ရထားက သုံးမိနစ်တည်းရပ်တာ မြန်မြန်ဆင်းရမယ်"

ဒေါ်နွယ်မာက အလန့်တကြားနှင့် ပျာယာခတ်နေသည့်ပုံစံမို့ ဇလပ်ဖြူရင်တထိတ်ထိတ်နှင့် မျက်လုံးပြူးနေအောင် စိုးရိမ်သွား၏။

ရှေ့မှ အမျိုးသမီးစုံတွဲကလည်း ပြင်ဆင်နေကြပြီ။ ရထားတွဲတစ်ခုလုံးသည် တောင်ငူဆင်းမည့်သူများဖြစ်၍ အားလုံးလှုပ်လှုပ်ရွရွနှင့်. .

"အဲ. . အဲဒီလိုပါသွားတတ်လား"

"ကြုံကြုံဖန်ဖန် မပါသွားပါဘူးကွယ်. . ခရီးမသွားဖူးတဲ့ကလေးကို အလန့်တကြားဖြစ်အောင်မလုပ်ပါနဲ့"

ရှေ့မှ အမျိုးသားကြီးက ပြုံး၍အားပေးလိုက်၏။

"သူက သိပ်နွေးတာလေ. . သွက်သွက်လက်လက်မရှိဘူး"

မျက်လုံးပြူးလေးနှင့် ဘူတာအဝင် ဥသြဆွဲနေသည်ကို အလန့်တကြားကြည့်နေမိသည်။ အချို့က ရထားပေါက်နားအထိ အထုပ်များကိုဆွဲထုတ်ကြသည်။

"တဲလာ. . သမီး"

မွေးမေက ဇလပ်ကို ဘာပစ္စည်းမှ အသယ်မခံ။ သူ့အိတ်ကို တစ်ဖက်ဆွဲ ဇလပ်အိတ်ကိုလွယ်ပြီး ယိုင်ထိုးယိုင်ထိုးသွားနေ၏။

ဇလပ်ဖြူက ခုံတန်းများကိုကိုင်ကာ တလှုပ်လှုပ်ရထားပေါ်မှာမသွားတတ် မလာတတ်။ ဒူးများ တဆတ်ဆတ်တုန်နေသလို ရင်ထဲမှာဟာတာတာနှင့် ကတုန်ကယင်ဖြစ်နေ၏။

မကြီးစံစိုးရိမ်မှာစိုး၍ ညက အိပ်ပျော်ချင်ဟန်ဆောင်ခဲ့သဖြင့် အိပ်ပျက်ထားသည့်ဒဏ်က မူးနောက်နောက်ဖြစ်နေသည်။

"ချက်ချင်းလိုက်လာမိတာမှားသွားတာပဲ. . အို. . သွားရမယ့်အတူတူ ချက်ချင်းသွားလိုက်တာ အကောင်းဆုံးပဲလေ"

ကိုယ့်ကိုယ်ကို အားပေးရင်းက ဘူတာဝင်လာသောအခါ အဆင်ပြေစွာ ဆင်းလာခဲ့နိုင်သည်။

ပလက်ဖောင်းနှင့် ခြေအစုံတို့ထိတွေ့သွားမှပင် စိတ်ချလက်ချဖြစ်သွား၏။

"လာ. . သမီး"

ဒေါ်နွယ်မာ၏လေသံက ကက်ကြွရွှင်လန်းနေ၏။ လှပသော သမီးလေး၏ လက်ကိုပိုင်နိုင်စွာတွဲခေါ်လာနိုင်ခဲ့လေပြီ။





"ဆိုက်ကား. . တေဇာခင်ဦးကို"

တစ်ခါမှမစီးဖူးသော ဆိုက်ကားကို အလန့်တကြားငေးကြည့်မိသည်။

"ဟဲ့. . သမီးတက်လေ. . နောက်ကထိုင်. . ရော့ သမီးအိတ်ကိုပွေ့ထားလိုက်"

နောက်ကထိုင်ဆိုသဖြင့် ဆိုက်ကားမစီးဖူးသူအဖို့ ကျန်ခဲ့မှာစိုးသောကြောင့် ကပျာကယာတက်ထိုင်လိုက်ရာ. .

"အမေ့"

ဆိုက်ကားဖင်ထောင်ကာ လျှောသွား၏။

မျက်လုံးများ ပြာဝေသွားသည်။

"ဟဲ့. . ဟဲ့ သမီးရယ်. . ရှေ့ကလူထိုင်ပြီးမှ နောက်က တက်ရတယ်လေ. . ဒီကောင်မလေးဘာမှမသိဘူး"

ပတ်ဝန်းကျင်မှလူများက အထူးအဆန်းဝိုင်း၍ကြည့်ကြသည်။

ကြောက်စိတ်. . ရှက်စိတ်ကြောင့် ခေါင်းလေးငုံ့လျှိုးကာ ပါလာသည်။ ဘူတာကုန်းအဆင်းလေးတွင် ဆိုက်ကားက အရှိန်နှင့် ပြေးဆင်းသဖြင့် အသည်းအေးစွာ မျက်လုံးမှိတ်ထားလိုက်သည်။

တလှုပ်လှုပ်နှင့် ဆိုက်ကားပေါ်မှ မကျအောင် ကိုင်ထားရင်းက ချွေးများစီးကျနေသည်ကို မသုတ်အား။ ဆိုက်ကားအိမ်တန်းလေးကိုသာ မိမိရရဆုပ်ကိုင်ထား၏။

သစ်တင်သောကုန်တင်ကားကြီးများဘေးမှ ပွတ်မောင်းသွား

သည်ကို အသည်းတအေးအေးနှင့်. .

ပိုဆိုးတာက နောက်မှမြင်းလှည်းတစ်စီးကပ်လိုက်လာသည်။ မြင်း၏ခေါင်းက ဇလပ်ဖြူတို့ဆိုက်ကားနားကပ်၍ ကပ်၍လာသော အခါ အထိတ်တလန့်နှင့်. .

"လုပ်ပါဦး. . မြင်းလှည်းတိုက်တော့မယ်"

"ဟဲ့. . ဟဲ့ ဘယ်ကလာတိုက်ရမှာလဲ. . သမီးက အလကား နေရင်း ကြောက်လန့်နေတာပဲကွယ်. . ဟင်း. . ဟင်း"

ဇလပ်ဖြူ၏အော်သံကြောင့် မွေးမေနှင့်မြင်းလှည်းနောက်မှ ခရီးသည်များက လှောင်ပြောင်ရယ်မောကြ၏။

ဇလပ်ဖြူ၏ကိုယ်လေး ကျုံ့ဝင်သွားပြီး သေးငယ်လွန်း၍ ပျောက်ချင်သည်အထိ ကျဉ်းမြောင်းသွားတော့သည်။

ဇလပ်ဖြူအား လူထူးလူဆန်းလို ဝိုင်း၍ကြည့်နေကြမည်ကို သိသော်လည်း ကြောက်လွန်း၍ မျက်စိကို စုံမှိတ်ထားရင်းက ဘုရား တနေမိသည်။

"ဟော. . ဟိုရှေ့မှာ ကားတစ်စီးတိုက်ထားတယ်ထင်တယ် ဘာတွေများဖြစ်ကုန်ပြီလဲ"

"အေး. . ဟုတ်ပါရဲ့. . လူတွေပြောသွားကြတယ်. . မြန်မြန် နင်းကြည့်စမ်း"

စပ်စုတတ်သော ဆိုက်ကားဆရာနှင့် မွေးမေသည် ကား မှောက်သောနေရာသို့ သွားကြည့်ရန်သာ အားသန်နေသဖြင့် ချိုင့်ခွက် များကို ရှောင်မနေနိုင်တော့ဘဲ ဆောင့်ကျသွားသဖြင့် ဇလပ်ဖြူ၏ တစ်





ကိုယ်လုံးမြောက်တက်သွားလေသည်။

"ဘုရား. . ဘုရား. . ကလီစာတွေတော့ ပြုတ်ထွက်တော့မယ် ထင်တယ်"

လူတွေအုံခဲနေသောနေရာကို ဆိုက်ကားဘဲလ်သံတညံညံနှင့် အပြေးရောက်သွား၏။

"ဟွဲ့. . ဆိုက်ကားနဲ့ ကားနဲ့တိုက်သွားတာပဲ. . ဟယ်. . သေ ပြီလားမသိဘူး"

ရင်ထဲမှ ဒိန်းကနဲမြည်ဟည်းသွား၏။ ဆိုက်ကားပေါ်မှ လွင့်ကျသွားမတတ် ကြောက်ရွံ့တုန်လှုပ်သွားမိသည်။

မကြည့်ရဲ၍ မျက်လုံးစုံမှိတ်ထား၏။

နားထဲတွင် ဆိုက်ကားဘဲလ်သံ. . ကားဟွန်းသံ. . လူများ၏ ဝေဖန်သံများဖြင့် ကျွက်ကျွက်ညံပြီး အဝီစိငရဲပွက်နေသည်ဟု ဇလပ်ဖြူ ထင်မိ၏။

"ဟယ်. . သွေးတွေအများကြီးပဲ. . သေများသေသွားသ လားမသိပါဘူး"

"ဆိုက်ကားကတော့ မွမွကြေသွားတာပဲ. . တာ ဆိုက်ကား ဆရာနဲ့ ခရီးသည်မိန်းမပဲ. . ခုပဲတိုက်သွားတာထင်တယ်"

"ကားသမားက ကွေ့ရှောင်လိုက်ကာ လမ်းဘေးက ဓာတ်တိုင် နဲ့ ဝင်တိုက်ပြီး နောက်ကကားက တိုက်သွားတာ"

"တိုက်ပြီးပြေးသွားပြီ. . တော်တော်ယုတ်မာတဲ့လူတွေပဲ. ."

ဟိုင်းဝေးဆိုတော့ ဘယ်ကားမှန်းမသိလိုက်ဘူး. . လမ်းဆုံဆိုတော့ ရှုပ်နေတာပဲ”

တစ်ယောက်တစ်ပေါက်သံများကြားနေရသော်လည်း ဇလပ်ဖြူမျက်လုံး ဖွင့်မကြည့်ရဲပေ။ အသံကြားရုံနှင့် မောဟိုက်ရင်တုန်နေ၏။

ဘဝတစ်သက်တာတွင် ပထမဦးဆုံးခရီး၏ ကြန့်ကြာမှုနှင့် အမင်္ဂလာသတင်းများကြောင့် ကြောက်ရွံ့ခါးသီးသွားမိသည်။

နောင် ဘယ်တော့မှ ခရီးမသွားတော့ပါ။

ဆိုက်ကားဆရာက အရှိန်လေးနှင့်လှိမ့်၍ နင်းနေ၏။ ဒီနေရာမှ အမြန်ဆုံးဖြတ်ကျော်သွားပါစေဟု ရင်ထဲမှာ ဆုတောင်းနေမိသည်။

“ဆိုက်ကားနောက်မှာ အိပ်ပျော်နေတာလား”

ကောင်ကလေးများ၏ ရွှတ်နောက်သံကြောင့် ကပျာကယာမျက်လုံးဖွင့်ကြည့်ရာ လူအုပ်ကြီးကိုကျော်သဖြင့် အနိဋ္ဌာရုံမြင်ကွင်းမှ ကျော်လွန်သွားလေပြီလား။

သို့သော်. . ချက်ချင်းပင် လူအုပ်ကြီးမှာ ရှဲခနဲဖြစ်သွားပြီး သွေးသံရဲရဲနှင့် မိန်းမတစ်ဦးကိုပွေ့ချီပြီး ကားပေါ်တင်နေသည့်မြင်ကွင်းက ဘွားခနဲပေါ်လာလေသည်။

“ဘုရား. . ဘုရား. . တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မမြင်ဖူးတဲ့ မြင်ကွင်းပါလား. . သွေးတွေ သွေးတွေနဲ့ သူသေမှာပဲ. . သေမှာလား. .”

✤ ✤





“ဘယ်လိုဖြစ်တာပါလိမ့်. .”

ဆိုက်ကားပေါ်မှ ဆင်းဆင်းချင်း အိမ်ထဲမှ ဗုံတီးသလို စုပြုံဝိုင်းအုံကာ ကလေးတွေအရွယ်စုံတို့ ပြေးထွက်လာ၏။

အပျိုပေါက် လူပျိုပေါက်မှစ၍ လေးဖက်သွားကလေးအထိ ရှစ်ယောက်ခန့်သော ကလေးများက ဇလပ်ဖြူ၏လက်ကိုဖမ်းဆွဲ၊ ထဘီကိုလှမ်းဆွဲနှင့် ဝိုင်းအုံခဲနေကြသည်မှာ. .

ဆိုက်ကားပေါ်ကပင် အဆင်းရခက်နေ၏။

“ဟေ့. . ငါ့မြေးတို့ရေ မင်းတို့လေးငလေးငယ်လေးပါလာပြီဟေ့”

မွေးမေ၏ ကျယ်လောင်စူးရှသော အသံကြောင့် ကလေးများပြေးထွက်လာကြခြင်းဖြစ်သည်။

“ဟယ်. . တို့ရဲ့ ဒေါ်လေးငယ်က ဒို့ထက်တောင် အသက်ငယ်သေးတယ်နော်”

“ချောလိုက်တာ. . ဓာတ်ပုံထဲမှာထက် လှတယ်နော်”

“အသားလေးက နူးညံ့လိုက်တာ”

“မျက်လုံးလေးက လှလိုက်တာ”

မွေးမေ၏အိမ်သည် ဇေယျာခင်ဦးဟူသော ရပ်ကွက်တစ်ခုကို

ကျော်ကာ တေဇာခင်ဦးထံသို့ သွားရ၏။ အတော်လေးလှမ်းကာ လူနေအိမ်ထူထပ်သောရပ်ကွက်ဟောင်းကြီးထဲသို့ ဝင်လာခြင်းဖြစ်သည်။

တစ်ထပ်ပျဉ်ထောင်သွပ်မိုးမိုးထား၏။ သွပ်မိုးဟူသော ဂုဏ်သာရှိတော့သည်။ အိမ်အကာပျဉ်များက ဆွေးကာ ပြုတ်ကျနေသည်ကို သစ်သားပိုများဖြင့် စပ်ဟပ်၍ ရိုက်နှက်ထားခြင်းဖြစ်သည်။

အဖာအထေးများက ဘုရားစူးပျဉ်ထောင်အိမ်ဟုပြောရပေမည်။

နောက်ဖေးဘက်က ပျဉ်ကလည်း ပြိုကျလုလုကို အုတ်နီခဲများဆင့်၍ ခံထား၏။ အိမ်မကြီးဘေးမှာ အဆွယ်အပွားအိမ်လေးများကလည်း သုံးလုံးခန့်ရှိနေ၏။

“သူတို့အားလုံးက အမေ့မြေးတွေချည်းပဲလေ. . သမီးလေးရဲ့တူတွေ တူမတွေပဲပေါ့. . ဒါက အမေ့သားသမီးတွေ. . သမက်တွေချွေးမတွေလေ. . ”

ခရီးရောက်မဆိုက် မိတ်ဆက်ပေးနေပြန်သည်။ နာမည်တွေအတွဲတွေ၊ ကလေးတွေကို တစ်ယောက်ခြင်းမိတ်ဆက်လျက်. .

ဇလပ်ဖြူခေါင်းထဲဆူနေသည်။ ဘာဆိုဘာမှမကြားချင်. . မကြည့်ချင်မျက်လုံးလေးမှိတ်ကာ အနားယူ၍ လှဲအိပ်လိုက်ချင်တော့သည်။

“ဟဲ့. . ငါ ညက ဖုန်းဆက်ထားတယ်မဟုတ်လား. . အားလုံးစီစဉ်ပြီးပြီလား”

“စီစဉ်ပြီးပါပြီ အမေရဲ့. . ညီမလေးအတွက် ဒံပေါက်ဝယ်





ထားတယ်. . ဟဲ့ ကလေးတွေ အနားကဖယ်ကြစမ်း. . ဒီမှာ ခရီးပန်းလာတာကို နားချင်ရောပေါ့. . လာ ညီမလေး ဒံပေါက်စားကြရအောင်”

ရုတ်တရက်လန့်သွား၏။ ဒံပေါက်မစားရသည်မှာ နှစ်နှစ်ကျော်နေပြီဖြစ်၍ မဝံ့မရဲဖြစ်သွား၏။

ဆာလောင်မောဟိုက်နေပြီဖြစ်သောကြောင့် ဘာမှငြင်းမနေချင်တော့။ ငြင်းလျှင်လည်း ဘာမှစားစရာရှိတော့မည်မဟုတ်ပေ။

“ဟဲ့ ကလေးတွေ ဘေးဖယ်ကြစမ်း”

ကလေးတွေကို ယင်ကောင်မောင်းနေရသလိုမောင်းနေသော်လည်း နောက်မဆုတ်ဘဲ အနားမှာသာ ရစ်ဝဲနေ၏။

ကလေးများထံမှ ချွေးနံ့နေနံ့တို့နှင့် ချဉ်စုတ်နံ့တူးနေသည်မို့အော့အန်ချင်လာသည်။ ငါးဖွန်းအပြင် ပိုစားလို့မရတော့။

“တော်ပြီ. . တော်ပြီ. . ခြေလက်ဆေးတော့မယ်”

မွန်းကျပ်အော်ဂလီဆန်လာသဖြင့် ကပျာကယာထလိုက်သည်။

သွပ်ရှိန်၏ပူလောင်မှု၊ အိမ်၏ကျဉ်းကျပ်မှု၊ လူနံ့၊ ကလေးချွေးနံ့တို့ကို မခံချင်တော့ပေ။ အစဉ်အမြဲသန့်ပြန့်မှုနှင့် မွှေးနံ့များကိုသာနှစ်သက်တတ်သော ဇလပ်ဖြူအတွက် လမ်းခရီး၏ ကြန့်ကြာမှုကို စိတ်ညစ်တာထက်ပို၍ စိတ်ညစ်သွားလေပြီ။

“ရေချိုးချင်တယ်”

“အေး ဟုတ်တယ်. . ခဏနေ ရေချိုးရမယ်. . အခု. . နေပူထဲကလာလို့ မချိုးနဲ့ဦးနော်. . ရော့. . အအေးသောက်လိုက်ဦး. . ပန်ကာဖွင့်ပေးစမ်းဟေ့. . ညီမလေးက ချွေးတွေထွက်နေတာ အိုက်တာပေါ့”

“ညီမလေး ထိုင်ဦး. . ခဏထိုင်ဦး”

“ရေမိုးချိုးပြီးမှ အေးအေးချမ်းချမ်းလေးဖြစ်သွားမှာ. . ညီမလေးက ဘုံဘိုင်ရေနဲ့ချိုးနေကျဆိုတော့ ချိုးတတ်မှာမဟုတ်ဘူး. . အစ်ကိုကြီးကို ခပ်ခိုင်းရမယ်”

“နေဦး. . တွင်းရေ အေးအေးလေးချိုးရအောင် ချိုးခါနီးမှ ခပ်ခိုင်းမယ်”

တစ်ယောက်တစ်ပေါက်နှင့် ဆူညံပွက်လောရိုက်နေသော မောင်နှမများနှင့် သူ၏ကလေးများကြားမှ ဝေးရာသို့ပြေးပြီး သစ်ပင်တစ်ပင်အောက်မှာ သွားထိုင်နေချင်စိတ်ဖြစ်လာမိသည်။

သို့ရာတွင် အလွန်ဆော့သော ကလေးများကပင် မဆော့နိုင်တော့ဘဲ အထူးအဆန်းသတ္တဝါတစ်ကောင်လိုပင် ဝိုင်း၍ ကြည့်နေကြ၏၊

ဆွေမျိုးအများစုကြားတွင် မလူးသာ မလွန့်သာထွက်ပေါက်မရှိအောင်ပင် ပိတ်ဆို့နေလေပြီ။

“ကဲပါ. . ငါ့သမီးလေး သိပ်ပင်ပန်းနေပြီ. . ရေသွားချိုးတော့ဟဲ့. . ကလေးတွေ ဖယ်ကြစမ်း. . နင်တို့အဒေါ်ငယ်လေးက ဒီမှာ ကြာ





ကြာနေဦးမှာ. . ဘယ်မှထွက်မပြေးပါဘူး. . သွား. . သွားဆော့ကြတော့”

“မေမေကြီး မုန့်ဖိုးပေးလေ”

“ဩော်. . အေး ဟုတ်သားပဲဟဲ့. . ငါ့ပိုက်ဆံအိတ် ဘယ်နားရောက်သွားပြီလဲ”

မွေးမေက မြေးများကို ပိုက်ဆံပေးရန် ရှာဖွေနေစဉ် ကလေးများကို မုန့်ဖိုးပေးတတ်သော မေမေကြည့်ကို သတိရပြီး အိတ်ထဲမှာရှိတဲ့ ပိုက်ဆံကိုထုတ်ကာ. .

“ဘယ်နှယောက်လဲ”

“ရှစ်ယောက်”

“ရော့. . တစ်ထောင်. . ပိုတာက အကြီးဆုံးနှစ်ယောက်ယူလိုက်. . သွားကြတော့. .”

အနားမှနေ နှင်ထုတ်လိုက်မိသည်။

ဘယ်သူ့ကိုမှ အားနာမနေနိုင်တော့ပေ။ အသက်ဝဝရှူပြီး သန့်ရှင်းသောလေ၏ ရနံ့ကိုသာ ရချင်နေသည်။

ဒီကလေးတွေ အများကြီးနဲ့ ဘယ်လိုလုပ် ညအိပ်ရမှာလဲ. .

တွေးကြည့်မိလိုက်သောအခါ မွန်းကျပ်ပိတ်လှောင်သွားသလိုပင် ခံစားလိုက်ရ၏။

ရေချိုးရန် အိပ်ခန်းတွင်းဝင်လာသောအခါ ပို၍ မွန်းတုပ်သွား၏။

မွေးမေအိပ်ခန်းတဲ့. . ခုတင်ကျဉ်းကျဉ်း၊ အိပ်ခန်းကျဉ်းကျဉ်းတွင် သနပ်ခါးစက်များဖြင့် ရှုပ်ပွနေသော မှန်တင်ခုံအဟောင်းနှင့်

အဝတ်တန်းပေါ်မှာ အဝတ်များ ဗရပွ. . ရှုပ်ထွေးပြီး ထဘီများ ကလေးအကျီများနှင့် ရှုပ်ထွေးညစ်ပတ်နေသည်။

"သမီး. . အဆင့်အတန်းဆိုတာ ဂုဏ်တို့ ငွေတို့ကိုပြောတာ မဟုတ်ဘူး. . လူရဲ့သန့်ရှင်းမှု အထူးသဖြင့် အနားယူအိပ်စက်တဲ့အခန်းဟာ သန့်ရှင်းသပ်ရပ်ဖို့ အရေးကြီးတယ်. . တွေ့တဲ့နေရာထိုးအိပ်ပြီး သန့်ရှင်းမှုမရှိတာက အဆင့်မီတဲ့လူတန်းစားမဟုတ်ဘူး. . စိတ်ဓာတ်ရော အဆင့်အတန်းရော အောက်နိမ့်တဲ့လူမျိုးပဲ"

မေမေကြည်၏စကားကို ပြန်လည်ကြားယောင်ကာ မလေးနှင်းလာကြိုမည့်အချိန်ကို ဘယ်လိုဖြတ်သန်းရမှန်းမသိနိုင်အောင် ဖြစ်သွား၏။

ဇလပ်ဖြူတွေးထင်ထားသော မွေးမေအိမ်သည် ခနိမိုးဝါးထရံကာနှင့် ပစ္စည်းမဲ့အေးချမ်းသောနေရာလေး. . သန့်ရှင်းသပ်ရပ်သော မြေသလင်းပြောင်ပြောင်လေးနှင့် အေးမြသော သစ်ပင်ရိပ်ကောင်းသည့် မြို့နယ်ရဲ့အိမ်လေးတစ်ခု. .

ယခုကဲ့သို့ လူထူထပ်သော လူနေစိပ်သော ညစ်ပတ်ကျဉ်းကျပ်သော လေပိတ်သောနေရာကို ဘယ်လိုမှ မမျှော်မှန်းထားမိ။

နောင်တတွေရပြီးရင်း ရလျက်. .

စိတ်ပျက်ခြင်း၊ အားငယ်ခြင်းများနှင့် ရင်မှာပူလောင်မောဟိုက်မှုများက ထုထည်ကြီးမားလွန်းလှစွာဖြင့်. .

✤ ✤





မြေကြီးနှင့်ခြေထောက်ထိမှ ထိပါရဲ့လား. .

ရေချိုးသွားသည့်နေရာကား သုံးအိမ်ကျော်က ရေတွင်းမှာ သူများအိမ်မှာသွားချိုးရသည်။

ရေကို တဝကြီးချိုးလိုက်ချင်သည့်စိတ်တို့ ပျောက်ကွယ်သွားလေပြီ။

ရေချိုးသွားရန်အတွက် လူတွေတစ်ပြုံကြီးလိုက်လာသည်၊ ထဘီယူပေးသူ. . ရေခွက်ကိုင်သူ. . ဆပ်ပြာခွက်ကိုင်သူ၊ မျက်နှာသုတ်ပဝါကိုင်သူနှင့် ရှုပ်ထွေးနေ၏။

"အစ်ကိုကြီး ရေခပ်ပေးမယ်"

အစ်ကိုရင်းဆိုပေမဲ့ အခုမှတွေ့ရ၍ ချိုးရတာမဝံ့မရဲနှင့်ပြီးတော့ ရန်ကုန်မှာလို ရေချိုးခန်းနှင့် မဟုတ်သည့်အပြင် ဟာလာဟင်းလင်း လူမြင်ကွင်းမှာချိုးရ၏၊ ရေတွင်းကြီးဘေးမှ ကျောက်စည်လေးတွင်ချိုးရသည်၊ အစ်ကိုကြီးက ရေငင်ပေး၏။

ကျွမ်းကျင်စွာ ရေခပ်ပေးနေသော်လည်း ဇလပ်ဖြူရင်ထဲ အသည်းအေးနေ၏။

ရေတွင်းထဲရေပုံးကျသံက လှိုက်သံပါနေသည်။

အေးမြသောရေကြောင့် စိတ်ထဲမှာလန်းဆန်းသွားသလိုပင် ကြာကြာလေးစိမ်ချိုးလိုက်မိသည်။

အကယ်၍ မေမေကြည်နှင့် မကြီးစံနှင့်သာဆိုလျှင် ညနေဘက်ကို ရေချိုးခိုင်းမည်မဟုတ်ပေ။ မနက်ရေချိုးခါနီး ကိုယ်စမ်းသည့်သူနှင့် ရေအေးအေးတိုက်သည့်သူနှင့် ရေကိုစိမ်မချိုးရန် သတိပေးနေတတ်သည်။

"အသားလေးက ဖြူတာလဲမဟုတ်ဘူး. . ဝါသလိုပဲ. . စိမ်းနေသလိုပဲ"

"တို့ အဘွားမွေးတာမှဟုတ်ရဲ့လား"

"ပိန်တော့ပိန်တယ်"

"အဘွားမွေးတာမှဟုတ်ရဲ့လားပဲ. . သူက ထူးပြီး လှနေတယ်နော်. . "

အစ်မများနှင့် တူမများက ဝိုင်းကြည့်ကာ ဝေဖန်နေကြသည်။ အိမ်နီးချင်းများကလည်း ထွက်ကြည့်ကြသည်ကို အပြန်ကျမှ သတိထားမိသည်။

"သတို့သမီးလေးလာပြီ"

"ချောလိုက်တာ. . ပြင်ရင်သိပ်လှမှာပဲ"

ခြေလှမ်းများတန့်သွားသလိုပင် တစ်စုံတစ်ယောက်က ဘယ်လိုပြောလိုက်တာလဲ. . မသဲမကွဲနှင့်. .





အိမ်ရောက်တော့ သနပ်ခါးအေးအေးလေးကို အားပါးတရလူးချင်တာ ကျောက်ပျဉ်ရှာမရ။

"မိတ်ကပ်လူးလေ"

"ဟင့်အင်း. . သနပ်ခါးပဲလူးချင်တယ်"

"မိတ်ကပ်လူးပါ"

"ကျွန်မ မလူးပါဘူး. . ရှိလဲမရှိဘူး"

"တို့ဆီမှာ အာချီရှိတာပေါ့"

"ဟင့်အင်း. . မလူးချင်ပါဘူး. . သနပ်ခါးပဲလူးပါရစေ"

အစ်မကြီးဆိုသူကို ဆန့်ကျင်ပြောလိုက်ရသည်။ သို့ရာတွင် သူက အလျှော့မပေးဘဲ မိတ်ကပ်ဘူးကို ထုတ်လာ၏။

"ကျွန်မမလိမ်းချင်ဘူး"

ခေါင်းမူးနေသည်မို့ ပို၍မူးနောက်စေမည့်အလုပ်ကို ရဲရဲဝံ့ဝံ့ဆန့်ကျင်လိုက်၏။

"အမေ. . အမေ့သမီးက မိတ်ကပ်မလူးဘူးတဲ့"

"အေး. . ဟုတ်တယ်. . သူက တစ်ခါမှ မလူးဖူးဘူး. . အခုတော့ ပါးပါးလေးလူးလိုက်ပါ. . ဧည့်သည်လာမှာမို့ပါကွယ်"

"ကျွန်မ မျက်နှာပူစပ်ပူလောင်ကြီးဖြစ်နေတာကို မကြိုက်ဘူး. . ဘယ်ဧည့်ဂည်လာလာ ဘယ်နေရာကိုသွားသွား. . ကျွန်မ တစ်ခါမှ မလူးဖူးပါဘူး"

အနံ့ပြင်းပြီး စေးထိုင်းထိုင်းပူလောင်လောင်မိတ်ကပ်အတွက်

ကို မွေးမေ့အား ဆန့်ကျင်ပြောလိုက်သောအခါ ရပ်တန့်သွားကြပြီး လိမ်းချင်သည့်သနပ်ခါးကို အစ်မငယ်နှင့်တူမကြီးက သွေးပေးကြ၏။

"အေးလေ. . သနပ်ခါးပါးပါးလူးပြီး ပေါင်ဒါလေးရိုက်လိုက်ပေါ့. ."

ဒါကိုတော့ ဆန့်ကျင်၍ မဖြစ်တော့ပေ။

သနပ်ခါးကို ထူထူလည်း မလိမ်းတတ်၍ပါးပါးလူးပြီး လက်ညှိုးလေးနှင့် ပါးကွက်ကလေးကို တစ်ဖက်တစ်ချက်ဆွဲလိုက်သေးသည်။

ပြီးတော့ ညစ်ပတ်နေသော သွားပွတ်တံကို မခြစ်တော့ဘဲ ဒီတိုင်းထားလိုက်၏။

"အင်္ကျီက ညီမလေးအင်္ကျီတွေက ပိတ်အင်္ကျီတွေချည်းပါလား"

"အဲဒါ. . စံစပယ်ရဲ့လက်ရာတွေလေ. . ဈေးပေါပေါနဲ့ ပုံမကျပန်းမကျပွပွကြီးတွေချုပ်ပေးတာ. . ကလေးက သိပ်ပုံပျက်နေတယ်. . ကဲ သမီးလေး. . ဒီတစ်ခါတော့ မေမေ့ကို မဆန့်ကျင်နဲ့နော်. . သမီးအတွက် စိတ်ကူးယဉ်ပြီး ချုပ်ထားတာ အမေ့ချွေးနဲ့စာကိုအသိအမှတ်ပြုတဲ့အနေနဲ့ ဒါလေးကိုဝတ်လိုက်ပါကွယ်"

မွေးမေထုတ်ပြသော အင်္ကျီကိုကြည့်လိုက်ရာ အသက်ရှူရပ်တန့်သွားသလိုပင်။

ပိုးလား. . ဖဲလားမသိ. . ပိတောက်ခြောက်ရောင်တစ်စုံ။

"ဘုရား"





အလန့်တကြား အော်လိုက်မိသည်။

"နောက်နေ့မှ ဝတ်ပါရစေ. . ဒီနေ့တော့ ကျွန်မပါလာတဲ့ အဝတ်ပဲဝတ်ချင်တယ်"

တောင်းပန်လိုက်မိသည်။

မကြီးစံချုပ်ပေးသော အဝတ်အစားများကို ပုတ်ခတ်ပြောဆို၍ ရင်ထဲမှာ မျက်တက်တက်။

"မရဘူး ဇလပ်ဖြူ. . ညည်းကို ငါက မွေးထားရတာ. . ညည်းက ငါ့စကားနားထောင်ရမယ်. . နောက်နေ့တွေမှာ မဝတ်ချင်နေ. . ဒီနေ့တော့ ဝတ်ရမယ်. . ဧည့်သည်လာမယ်. . ညည်းအစ်မတွေရော အားလုံးဝတ်ကြ စားကြမှာ"

မျက်နှာတင်းတင်းနှင့် ပြတ်သားမာကျောသော အမိန့်ကြောင့် ဇလပ်ဖြူထပ်မံ၍ စောဒကမတက်ရဲတော့။

စိတ်ကျဉ်းကျပ်လွန်းသဖြင့် ရေချိုးပြီး ချွေးများပျံထွက်လာသည်။

"ဒါ. . ဒီလောက်ကျပ်နေတာ ကျွန်မ ဘယ်လိုလုပ်ဝတ်ရမှာလဲ. . အသက်ရှူကျပ်လို့ သေတော့မယ်"

ဆောင့်ဆောင့်အောင့်အောင့်နှင့် အစ်မတစ်ယောက်တို ဂျီကျလိုက်မိသည်။

"ညီမလေးက ကိုယ်လုံးလှပြီးသားပဲ. . ကျပ်မှလှတာပေါ့ ညီမလေးရယ်"

"ဟင့်အင်း. . ကျွန်မမှာ အသက်ရှူမဝတဲ့ ရောဂါရှိတယ်. . မဝတ်ချင်ဘူး"

"ခဏလေးပါ ညီမလေးရယ်. . နာရီဝက်လောက်ပဲဝတ်နော်. . တော်ကြာ အမေလာရင် ဆူနေလိမ့်မယ်. . ဧည့်သည်ပြန်သွားပြီးတာနဲ့ ချက်ချင်းချွတ်လိုက်. . မမယပ်ခတ်ပေးပါ့မယ်. . အိမ်ရှေ့မှာ ပန်ကာလဲ ဖွင့်ပေးပါ့မယ်"

အစ်မငယ်က အစွမ်းကုန်ပြုံးရွှင်ချိုသာဟန်ပြနေတော့သည်။

နည်းနည်းထူးခြားနေသည်။ တမင်ဟန်လုပ်၍ မိမိအပေါ်မှာ ယုယအလိုလိုက်နေကာ သူတို့ဘာလိုချင်လို့လဲ. . မေမေကြည့်ဆီက ဘာတွေတောင်းဆိုမလို့လဲ။

သံသယအတွေးနှင့် ရင်ထဲမှာ စိုးထိတ်လျက်. .

သူတို့ချုပ်ပေးထားသော အပေါ်ကျပ်အောက်ကျပ်အင်္ကျီနှင့် စကတ်ကို မသက်သာစွာ ဝတ်ရင်းက မျက်ရည်များ စီးကျလာသည်။

စကတ်က ဘေးနှစ်ဖက်ခွဲထားပြီး ဖဲပွင့်လေးများက အကွဲထိပ်မှာ တပ်ဆင်လျက်. .

အင်္ကျီနှင့် ထဘီကို နောက်မှဇစ်ဆွဲရာ တစ်ကိုယ်လုံး ကျပ်ညပ်ကာ အသက်ရှူမဝတော့ပေ။

အင်္ကျီကလည်း ဇာတွေက အပေါ်ကနေထပ်လို့။

"ဒါတွေ. . တစ်နေ့လုံးဝတ်နေရရင် ကျွန်မ အသက်ရှူကျပ်ပြီးသေမှာပဲ"





"အိုး. . ဒီကောင်မလေး မင်္ဂလာရှိရမယ့်အချိန်မှာ အမင်္ဂလာစကားကိုပြောရလား"

စောစောက ချိုသာလျက်ရှိသော အစ်မငယ်က မျက်နှာတစ်ပြင်လုံး မည်းသွားပြီး ပုပ်သွား၏။

လမ်းပင် မလျှောက်တတ်တော့။

အစ်မကြီးက လည်ပင်းမှာ ဘာတွေလာဆွဲပေးသလဲမသိ. .

"ဟင်. . နားလဲမဖောက်ပါလား"

"မေမေကြည်က နာမှာစိုးလို့ မဖောက်ပေးဘူး"

ဘယ်သူ့ကိုမှအမြင်မကြည်ချင်တော့။ သူတို့ဖြစ်စေချင်သည်ကို အရုပ်တစ်ရုပ်လို ဝိုင်း၍ ဆင်ပေးနေကြ၏။

"ဟော. . မျက်ရည်ကကျလာတော့ သနပ်ခါးတ ပျက်ရပြန်ပြီ. . ပေါင်ဒါဖို့ပေးမယ်. . မော့ ဘာလို့မျက်ရည်ကျရတာလဲကွယ်. . ညီမလေးကို ပြန်ပို့ပေးမှာပါ"

စူးရှပြင်းထန်သော အနံ့ပါသည့် ဘာပေါင်ဒါအမျိုးအစားမှန်းမသိသော ပေါင်ဒါကို ရိုက်ပေးလိုက်၏။

မွန်းကျပ်ရှုပ်ထွေးလွန်း၍ အနားမှာ လူတစ်ယောက်မှမနေနိုင်အောင် အော်ထုတ်ပစ်ချင်လာသည်။ ခုထိ ကျောဆန့်ကာ မအိပ်ရသေး။

မေမေကြည့်အိမ်က အိပ်ရာဖြူဖြူသန့်သန့်လေးကို လွမ်းလိုက်တာ. .

အခု. . ဘယ်မှာအိပ်ရမှန်းမသိ။ အိပ်ချင်လိုက်တာ။

ကျနေပူပူ၊ အိမ်ခန်းကျဉ်းကျဉ်း၊ လူများများနှင့် မွန်းကျပ်ပိတ်လှောင်ခြင်းဒဏ်မှ ဘယ်လိုအလွတ်ရုန်းထွက်ရပါ့။ ဒီကြားထဲ အကျီထဘီကျပ်ကျပ်ကောက်ညှင်းထုပ်ပုံစံနှင့်. .

ဘုရားရေ. . ဘယ်လိုဖြစ်နေရတာလဲ. . မောလိုက်တာ. . ဆေးဆေးပါမလာဘူး. . ရင်တွေကျပ်လာပြီ. . အသက်ရှူကလဲ မဝဘူး. .

"ကျွန်မ. . ကျွန်မ သောက်ဆေးတွေကျန်ခဲ့တယ်. . မေမေကြည်ဆီ ဖုန်းဆက်ပြီး မေးပေးပါ. . ဒီမှာ ဆေးဝယ်ပေးပါ. . ကျွန်မ မောလာတယ်. ."

အနားမှ အစ်မတစ်ယောက်ကို တိုးလျှိုးတောင်းပန်လိုက်စဉ်. .

"လာပြီ. . လာပြီ"

ကလေးများ၏ အော်ဟစ်ဆူညံသံကြားမှာ သူ့အသံက ပျောက်ကွယ်သွားလေပြီ။

"ခဏလေး. . လာပြီ. . ညီမလေး. . ပြီးမှ ဒေါ်ကြီးကြည်ဆီ ဖုန်းဆက်ပေးမယ်နော်. . ညှော်သည်ကို ခဏလေးထွက်တွေ့လိုက်. . ခဏလေးပါ. ."

အစ်မတစ်ယောက်က တစ်ခါမှမဆိုးဖူးသော နှုတ်ခမ်းနီကို လာဆိုးပေးသည်။

ဘာကိုမှ ငြင်းဆန်နိုင်ရန် အင်အားမရှိတော့။ နှုတ်ခမ်းများက ပူထူနေသည်။ ခေါင်းတွေလေးနေ၏။ ခြေလက်က မသယ်ချင်တော့။





အစ်မနှစ်ယောက်က တစ်ဖက်တစ်ချက်တွဲကာ ခေါ်လာကြ၏။

ဘယ်လိုလုပ် အိမ်ရှေ့ရောက်လာသလဲမသိ။ လူကြီးတွေ အစ်ကိုအစ်မတွေမဟုတ်သော မျက်နှာစိမ်းတွေကို ရုတ်တရက် တွေ့လိုက်ရသည်။ သို့ရာတွင် အားလုံးကမှုန်ဝါးဝါးနှင့်. .

"ချွေးတွေရွှဲလို့. . ပန်ကာဖွင့်လေ ပန်ကာ"

ဘယ်သူ့ကိုမှ မကြည့်ဘဲ တုန်ယင်လေးလံသော ခြေအစုံက "ထိုင်" ဆိုသည့် နေရာမှာ ထိုင်ချလိုက်သည်။

"သမီးလေး. . သူ့ကိုကြည့်စမ်း. . မြင်ဖူးလားလို့"

မွေးမေ၏ ချိုသာသော အပြုံးစကားကြောင့် ခေါင်းကို မော့ကာ ကြည့်လိုက်မိသည်။

"ဟင်"

ကမ္ဘာမြေပြင်တို့လည်ကာ ဇောက်ထိုးကျဆင်းသွားလေပြီလား။ သူ. . သူ ရန်ကုန်မှာ မိမိနောက်သို့ ဇွတ်လိုက်နေသူ။ စာ ခဏခဏပေးသူ. . လိုချင်တာကို မရရအောင်ယူမည်ဆိုသောသူ. . နိုင်မင်းထွန်း။

အံ့အားသင့်စွာဖြင့် သူ့အား မျက်လုံးပြူးနှင့်ငေးကြည့်နေစဉ် မျက်နှာတစ်ခုလုံးပူထူကာ ခေါင်းတွေတရိပ်ရိပ်မူးဝေလာလေ၏။

မေမေကြည်၏စကားသံများကို မကြားတစ်ချက် ကြားတစ်ချက်နှင့်. .

"ဒီသူငယ်က သမီးကို ရန်ကုန်မှာတွေ့ပြီး နှစ်သက်လာတယ်ဆို. . သူ့မိဘတွေက အမေတို့လမ်းထဲမှာနေတာ. . သမီးလေးဓာတ်ပုံကို ချိတ်ထားတာတွေ့ပြီး အမေ့ဆီမှာလာတောင်းတာဖဲ. . သမီးနဲ့သိတယ်တဲ့. . သမီးလေးက သူမြတ်နိုးတာကိုသိလို့ ဆယ်တန်းဖြေပြီးမှ လာတောင်းပါဆိုလို့ အမေ့ဆီကို အများကြီးတင်တောင်းထားတာ. . သမီးလေးစာမေးပွဲဖြေနေရတာ ပင်ပန်းပါတယ်လေ. . အေးအေးဆေးဆေးနဲ့ သက်သက်သာသာလေးနေရအောင် မေမေက စီစဉ်ပေးတာပါ. . မမကြည်ကလဲ သဘောတူမှာပါ"

"ဟင့်အင်း. . ဟင့်အင်း"

တစ်ကိုယ်လုံး ကျဉ်တက်လာပြီး ခေါင်းတစ်ခုလုံး ကိုက်ခဲနာကြင်လာသဖြင့် ခေါင်းကို လက်နှင့်ဖိထားရင်းက. .

"မလုပ်. . မလုပ်ပါနဲ့ မယူ ဘူး. . ပိုင်ရှိတယ်. . ပိုင်. . ပိုင်. . မေမေကြည်ရေ. . မေမေကြည် မေကြည်. . "

နောက်ဆုံး မေမေကြည်ဟူသောခေါ်သံအဆုံးတွင် ဘယ်ဘက်ရင်မှာ စူးအောင့်သွားပြီး အမှောင်ထုလွှမ်းကာ ရပ်တည်နိုင်စွမ်းမရှိဘဲ လဲပြိုသွားတော့သည်။

"ဟဲ့. . လုပ်ပါဦး ညီမလေး"

"သမီး. . သမီးလေး ဘယ်လိုဖြစ်တာလဲ"

နားထဲမှာ ဆူညံအော်ဟစ်သံများ သဲ့သဲ့ကြားလိုက်ရသည်ကို ဥပေက္ခာပြု၍ ကျောခိုင်းကာ မေမေကြည်၏အိမ်လေးဆီသို့ အပြေးထွက်လာမိ၏။





အိပ်ရာဖွေးသန့်သန့်လေးမှာ အားပါးတရအိပ်ပစ်လိုက်မယ်. . မေမေကြည်၏ နံ့သာနံ့မွှေးမွှေးအေးအေးရင်ခွင်ထဲမှာ တိုးဝင်ပြီး. .

"မေကြည်နဲ့ ဘယ်တော့မှ မခွဲတော့ဘူးနော်"

လို့. . ချွဲနွဲ့လိုက်တော့မယ်။

✤✤

"ဟဲ့. . သမီးလေး. . သမီးလေး"

မေမေကြည်အိပ်နေရာမှ ရုတ်တရက်ထကာ အိပ်ခန်းဝသို့ လှမ်းကြည့်လိုက်၏။

စံစပယ်နှင့် ပိုင်ဦးအောင်ပြေးဝင်လာသည်။

"မေမေကြည်. . မေမေကြည် ဘာဖြစ်တာလဲ"

"ငါ့သမီးလေး ပြန်လာပြီလေ"

"မဟုတ်ပါဘူး မေမေကြည်. . အိပ်မက်မက်နေတာပါ"

မေမေကြည်ငိုင်သွား၏။ တစ်ညလုံး တစ်နေ့လုံး မအိပ်ဘဲနှင့် ခုမှ မှေးခနဲအိပ်ပျော်သွားသည်။

မိမိထံကို သမီးလေးပြေးလာသည်ကိုတွေ့ရ၏။ အိပ်မက် မဟုတ်. . တကယ်မြင်နေတာ။

"စံစပယ်. . ဘယ်နှနာရီရှိပြီလဲ"

"ငါးနာရီထိုးပြီးပြီ မေမေကြည်"

"ငါ့သမီးလေးဆီက ဖုန်းလာခါနီးပြီ"

"လာတော့မှာပါ"





စံစပယ်နှင့် ပိုင်ဦးမောင်က တစ်ဖက်ဆီတွဲကာ မေမေကြည် အား အိမ်ရှေ့တယ်လီဖုန်းနားမှာထိုင်စေသည်။ မေမေကြည်က ပုတီး ကို မလွှတ်ဘဲ ဇလပ်ဖြူအတွက် ရှင်အရဟံပုတီးသက်စေ့စိပ်နေ၏။

ရင်ထဲမှာ လေးလံလျက်. .

"ဖုန်းလာပြီလား မကြီးစံ"

မိုးနှင်းဆီက ရုံးမှစောစောထွက်လာဟန်တူသည်။ ခါတိုင်း ထက် စောစောရောက်လာ၏။

"မလာသေးဘူး"

"အင်း. . လာလာ မလာလာ. . ကျွန်မတော့ မစောင့်နိုင် ဘူး. . မနက်ဖြန် မနက်ရထားလက်မှတ်ကို ကြိုတင်ဘုတ်ကင်လုပ် လိုက်ပြီ. . ကျွန်မတို့ရုံးက ဂျူတီလက်မှတ်တွေရနိုင်တယ်လေ. . ပိုင်ဦး မောင်အတွက်ပါပေါ့"

"အေး. . ကောင်းလိုက်တာ. . အမေ့သမီးလေးအတွက် ရင် လေးနေတာကွယ်"

"မေမေကြည်ကလဲ. . ကျွန်မလိုက်သွားမှာပါ"

မိုးနှင်းဆီက ပြောပြောဆိုဆိုနှင့် စလင်းဘက်ထဲမှ နှစ်ရာတန် နှင့် ငါးရာတန်အသစ်ကို ထုတ်၍ ဇီးကွက်အဖိုစုဘူးထဲသို့ နှစ်ရာတန် ထိုးထည့်ပြီး ပြန်တင်လိုက်၏။

ထို့နောက် ဇီးကွက်အမစုဘူးထဲသို့ ငါးရာတန်ကို ခေါက်ထည့် ပြီး စင်လေးပေါ် လှမ်းတင်ကာ. .

"ညလေးမပျော်ရင် ချက်ချင်းခေါ်လာခဲ့မယ်နော် မေကြည်. . ဟဲ့. . "

"ခွမ်း"

"ဟယ်"

စုဗူးမှာ စင်ပေါ်မရောက်ဘဲ အောက်သို့ပြုတ်ကျကာ ကွဲသွားတော့သည်။

ရုတ်တရက်မို့ အားလုံးငေးကြောင်သွား၏။

"မိုးနှင်းဆီကလဲကွယ်. . သေသေချာချာတင်မှပေါ့. . ဖွ . . ဟဲ့. . လွဲပါစေ ဖယ်ပါစေ. . သမီးငယ်လေး ကျန်းမာပါစေ. . စိတ်ချမ်းသာပါစေ. . ပူပန်ကြောင့်ကြကင်းပါစေ. . မောင်နှမမိသားစုများနဲ့ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ. . "

မေမေကြည်က အလန့်တကြားနှင့် နှုတ်မှ ဖွဖွလုပ်ကာ ဆုတောင်းမေတ္တာပို့လိုက်သည်။

အယူမကောက်တတ်သော မိုးနှင်းဆီကိုယ်တိုင် မျ[illegible] မကောင်းဖြစ်ကာ မြေစုဘူးကွဲများကို ကောက်သိမ်းရင်းက ညီမငယ်အတွက် ဆုတောင်းလိုက်မိသည်။

"ညလေး ကျန်းမာပါစေ. . စိတ်ချမ်းသာပါစေ. . ဘေးကင်းပါစေ"

ပိုင်ဦးမောင်နှင့် မကြီးစံစပယ်ကိုယ်တိုင်ကလည်း စုဘူးထဲမှ စက္ကူအသစ်ခေါက်များကို ဝိုင်းကောက်ရင်း ကျွတ်ကျွတ်အိတ်ထဲထည့်





ကာ လက်များကတုန်ယင်လျက်. .

"ဒီထဲက ငွေတွေအားလုံးယူသွားလိုက် ပိုင်ရေ. . ဘုရားတွေရှိတယ်. . လှူလိုက်. . ပြီးတော့ ကလေးတွေကို မုန့်ဝယ်ကျွေးမယ်ဆိုတဲ့ မိန်းကလေး. . များများလှူ များများကျွေးပါစေစမ်း"

ဒီတစ်ခါတော့ မကြီးစံက အားတင်း၍ ငြိမ်ဆင်းကာ မျက်နှာမကောင်းဖြစ်သွားကြသော အိမ်သားများအတွက် အားပေးနှစ်သိမ့်လိုက်၏။

"ညလေးဘာမှမဖြစ်ပါဘူး. . အသက်ရှည်နိုင်ပါတယ်. . ခွဲစိတ်ကုသခံရပြီးရင် ပျောက်သွားမှာပါ"

"ညောင်. . ညောင်. . ညောင်"

ထိုစဉ် ရွှေသွေးက အိမ်ပေါ်မှဆင်းလာကာ တညောင်ညောင်နှင့်အော်ဟစ်ပြီး သူ့သခင်အားမြေးကြိုလိုက်သလို အိမ်ပေါက်ဝမှနေ အော်ဟစ်ပြေးဆင်းသွားသည်ကို လေးယောက်သား ပါးစပ်အဟောင်းသားနှင့်ငေးကြည့်နေကြ၏။

ထိုစဉ်. .

"ကလင်. . ကလင်. . ကလင်"

ဖုန်းအိုလေး၏ ထမြည်သံကြောင့်အားလုံးက ဖုန်းဆီကို မျက်စိရောက်သွားကြပြီး ရုတ်တရက်ကြောင်ငေးကာ ဘယ်သူမှ မကိုင်ရဲကြသေးပေ။

တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်ကာ ဘာစကားမှ မပြောရဲကြသေး။

"ကလင်. . ကလင်. . ကလင်. . "

တယ်လီဖုန်းမြည်သံလေးက ထပ်မံထွက်ပေါ်လာ၏။

နောက်ဆုံး မိုးနှင်းဆီက လှုပ်ရှားလိုက်ပြီး စကားပြောခွက်တလေးကို မယူလိုက်စဉ်မှာပင်. .

အိမ်ဝတွင် လူရိပ်တစ်ခုဖြတ်သွားသည်ကိုတွေ့ရပြီး အိပ်ပေါ်တက်သွားသလိုလို. . ရွှေသွေးက ခုန်ပေါက်ကာ နောက်မှပြေးလိုက်သွားလေတော့သည်။ အပေါ်ထပ်ရှိ ဇလပ်ဖြူ၏အိပ်ခန်းဘက်မှာ ခြေသံဖွဖွလေးကြားလိုက်ရသလိုလို. . .

မြသန္တာ

မိမိအတ္တအတွက် တစ်ပါးသူ နှလုံးသားကို
နှင်းခြေမှုမျိုး မဖြစ်ကြပါစေနှင့်။

သိန်းမင်းစာပေ